PDF Creator - nyeyadhamma@gmail.com

အောင်ဝင်း စိတ်ပညာ

မြန်မာပြန်

အပြုစိတ်ထား အောင်မြင်ထင်ရှား

108312

SUCCESS THROUGH A POSITIVE MENTAL ATTITUDE

by

NAPOLEON HILL

Myanmar Online Ebook Library

အောင်ဝင်း(စိတ်ပညာ)မြန်မာပြန်

အပြုစိတ်ထား
အောင်မြင်ထင်ရှား

SUCCESS THROUGH A POSITIVE MENTAL ATTITUDE

by

NAPOLEON HILL AND
W. CLEMENT STONE

ဖြန့်ချိရေး

ခြင်္သေ့မှုင်း စာအုပ်တိုက်

အမှတ် ၂၄၉၊ ၃၂ လမ်း၊ ကုန်းဈေးပေါ်တန်း၊ မန္တလေးမြို့။

ပထမအကြိမ်၊ ၁၉၈၇ ခုနှစ်၊ မတ်လ၊ အုပ်ရေ ၃၂၀၀
ဒုတိယအကြိမ်၊ ၁၉၉၁ ခုနှစ်၊ ဇွန်လ၊ အုပ်ရေ ၁၀၀၀

ဘလောက်

ထွန်းဆိုင်

အဖုံးရိုက်

လုပ်အား

တန်ဖိုး

၄၀–ကျပ်

စာအုပ်ချုပ်

ကေရိ

စာမူခွင့်ပြုချက် ၈/၉၁(၁)၊ မျက်နှာဖုံးခွင့်ပြုချက် ၁၁/၉၁(၁)

ဦးရွှေသွန်းအောင် (၀၂၀၇) လုပ်အား ပုံနှိပ်တိုက်၊
အမှတ် ၅၊ လမ်း ၁၀၀၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့က ရိုက်နှိပ်၍
ဦးစံဝင်း (၀၁၅၇၇)၊ ခြင်္သေ့မင်းစာပေ၊
အမှတ် ၂၄၉။ ၃၂ လမ်း၊ ကုန်းပေါ်တန်း၊၊
မန္တလေးမြို့က ထုတ်ဝေသည်။

"ငါ့ ဆန္ဒ"

စာပေဂန်ထမ်း
ဖြစ်စတမ်းဟု
ကြိုးပမ်းသမျှ
ငါမြိုစုသည့်
လူမှုရေးရာ
လောကီစာသည်
ဖတ်ပါသူအား
ကြီးထွားအကျိုး
မတိုးရှိစေ
ဆိပ်ရေမသင့်
မတင့်စာပေ
မဖြစ်လေအောင်
ငါ ကြိုဆောင်သည်
အမှောင်ခွင်း၌
အလင်းဆောင်နိုင်စေသော
ဆောင်စေသောဝ်....

အောင်ဝင်း (စိတ်ပညာ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အောင်ဝင်း(စိတ်ပညာ)၏ အမှာစကားနှင့် ယုံကြည်ချက်များ	၇
၂။	လူ့ဘဝမှလွန်စွာကြွယ်ဝတိုးတက်ရှိလာသူ၏ ကိုယ်တွေ့ဝန်ခံရေးသားချက်	၁၄
၃။	ဒေလကျူအေလီမင့်စကုန်းရေးသားသော နိဒါန်း	၂
	အခန်း ၁	
၄။	အရေးပါ အရောက်ဆုံး သက်ရှိပုဂ္ဂိုလ်နှင့် တွေ့ဆုံပါ	[illegible]
	အခန်း ၂	
၅။	သင်၏ကမ္ဘာလောကကို သင် ပြုပြင်ပြောင်းလဲ နိုင်ပါသည်	၈
	အခန်း ၃	
၆။	သင်၏ ကြံစည်စဉ်းစားခြင်းကို ပင့်ကူအိမ်အမျှင်များ ဖုံးကွယ်နေခြင်း ရှင်းလင်းဖယ်ရှားပါ	၁၃
	အခန်း ၄	
၇။	သင်၏ စိတ်တန်ခိုးများကို မေ့နေ့ာက် ရှာဖွေ သုတေသန ပြုရန်တွင် သင့်မှာ သတ္တိ ရှိပါ၏လော	၁၉
	အခန်း ၅	
၈။	ထို့အပြင် တစ်စုံ တစ်ခု ထပ်တိုး လိုက်ပါဦး	၂၄
၉။	နိဂုံးနှင့် အမှာ	၃၀

အောင်ဝင်း (စိတ်ပညာ)၏
အမှာစကားနှင့် ယုံကြည်ချက်များ

စာရေးသူ ကျွန်တော်နှင့် ယခုစာကို ဖတ်နေသူအပြင် အားလုံးနီးပါး လူအများတို့သည်—

၁။ အောင်မြင်လို၏။
၂။ ပျော်ရွှင်လို၏။
၃။ ကျန်းမာလို၏။
၄။ ချမ်းသာလို၏။
၅။ အောင်မြင် ထင်ရှား လူသိများသော ဂုဏ်သရေရှိ မဟာ လူသား များ၏ ဘဝကိုလည်း ရယူ လိုကြ သေး၏ဟု ကျွန်တော် ဆိုပါမည်။ မေတ္တာထား၍ လေးစား အပ်သော စာဖတ် မိတ်ဆွေများ ခင်ဗျား—

ယခု ကျွန်တော်၏ အထက်ပါစကား ယုံကြည် ယူဆချက်များကို လက်ခံကြပါမည်လား။

အကယ်၍ အကြောင်းကြောင်းကြောင့် လက်မခံနိုင်ခဲ့သော် ဤမြန်မာပြန် စာအုပ်ကို ဆက်၍ဖက်ရန် မလိုပါဟု ကျွန်တော် ပြောချင်ပါသည်။

သို့သော် အကာယ်၍ ငြင်းဆိုစရာ မရှိပါ၊ လက်ခံပါ၏ဟု ဖြေဆိုနိုင်ပါလျှင်ကား ဤစာအုပ်ပါ စာသားများကို အဆုံးအထိ စိတ် အား ထက် သန် စွာ ဆက်လက်၍သာ ဖတ်ရှုပါခင်များဟု ကျွန်တော် အလေးအနက် ထားကာ တိုက်တွန်းလိုပါသည်။ ဤသို့တိုက်တွန်းရင်း ကျွန်တော်ဤစာကို အားတက်သရော စိတ်ထားနှင့် ရေးသားနေပါသည်။

အဘယ့်ကြောင့်အားတက်သရောစိတ်ထား ဖြစ်ပွားနေရပါသနည်း

ကျွန်တော် အနည်းငယ်မျှ အကျယ်ချဲ့ကာ ဖြေဆိုရပါစေ။ သို့မှသာလျှင် စာဖတ်သူ၏ အမြင်တွင် ထင်ထင် ရှားရှား အဓိပ္ပာယ် ပေါ်လွင်သွားမည် ဖြစ်သောကြောင့် ပါတည်း။

မြန်မာဘာသာသို့ ကျွန်တော် ပြန်ဆိုတော့မည့် ထိုစာအုပ်၏ အမည်ကို တိုက်ရိုက် ဘာသာ ပြန်ဆိုလျှင် "အပြုံ စိတ်ထားဖြင့် အောင်မြင်ခြင်း" ဟု ဆိုရပါမည်။ သို့သော် ကျွန်တော်က ကဗျာဆန်စေချင်သဖြင့် "အပြုံစိတ်ထား အောင်မြင် ထင်ရှား" ဟု အမည်ပေးလိုက်ပါသည်။

ဤနေရာတွင် အောင်မြင်ခြင်း ဆိုသည်မှာ အမျိုး အမည်တွေ ဘယ်လောက်များ ပါသလဲဟု ကျွန်တော် ဆင်ခြင်ကြည့်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် ပေါ်လွင်လာသည့် အောင်မြင်ခြင်း ဆိုသည့် စကား၏ အမျိုးအမည် တွေမှာ တသီကြီး များလှချေ၏ တကား....ပြောမဆုံးပေါင် တော သုံးထောင်ဟုပင် ဆိုရန် ရှိ၏။ အမျိုးမျိုး အထွေထွေ အောင်မြင်မှုရရှိရန် လိုနေသည် များကတော့—

၁။ အားကစားအရာမှာ အောင်မြင်လိုခြင်း။
၂။ စီးပွားရေးမှာအောင်မြင်လိုခြင်း။
၃။ စာပေ အရေးအသားမှာ အောင်မြင်လိုခြင်း။
၄။ နိုင်ငံရေး ဆောင်ရွက်ရာမှာ အောင်မြင်လိုခြင်း။
၅။ အဟော အပြောမှာ အောင်မြင် လိုခြင်း။
၆။ အဆိုတော်အဖြစ် အောင်မြင်လိုခြင်း။
၇။ ရုပ်ရှင် ဇာတ်လိုက် အဖြစ် အောင်မြင်လိုခြင်း။
၈။ စစ်သည်တော် အကျော်အမော် အဖြစ် အောင်မြင် လိုခြင်း။
၉။ သိုင်းအတတ်မှာ တစ်ဖက်ကမ်းခပ် အောင်မြင် လိုခြင်း။
၁၀။ အင်ဂျင်နီယာအဖြစ်မှာ အောင်မြင် လိုခြင်း။
၁၁။ တီထွင်ထုတ်လုပ်သူ အဖြစ်မှာ အောင်မြင်လိုခြင်း။

သမ်းပြကြယ်
မြန်မာစာကြည့်တိုက်

၁၂။ ဆေးဝါးကုသရေးမှာ အောင်မြင်လိုခြင်း။

၁၃။ ချစ်မှုရေးရာမှာ အောင်မြင်လိုခြင်း။

စသည်တို့ ဖြစ်နိုင်ပေသည်။

ဤတွင် ဂစ်ဆင့်တက်၍ စဉ်းစားကာ မေးခွန်း ထုတ်လိုက်ပြန်သော်—

အောင်မြင်ခြင်း အမျိုးမျိုးကို သို့မဟုတ် အောင်မြင်မှု တစ်ခုကို မည်သည့်အရာက လုပ်ဆောင်၍ ပေးနိုင်ပါသနည်း။

အထက်ပါမေးခွန်းကို ကျွန်တော် ယခု ဘာသာပြန် ဆိုမည့် စာအုပ်က စိတ်ချအားရစွာ ဖြေဆိုပါလိမ့်မည်။

ခပ်တိုတိုသာ ဖြေဆိုပါဟု ဆိုခဲ့သော် အောင်မြင်မှု ဟူဟူသမျှကို အရယူ၍ ပေးနိုင်သော အဓိကအရာမှာ Self motivation = ဆဲလ်ဖ်မိုတီဗေးရှင်းခေါ် မိမိကိုယ်မိမိစိတ်အားတက်ကြွ ထက်သန် သန်စွမ်းနိုင်ရန် ချမှတ်လျက် ဆောင်ရွက်နိုင်စေရန် ဖြစ်ပေါ်လာသော အစွမ်းသတ္တိထူး ဖြစ်ပါသည်ဟု ကျွန်တော် ပြောလိုပါသည်။

ထိုသတ္တိထူး ဖြစ်ပေါ်လာစေရန် ယခု မြန်မာပြန် စာအုပ်က နည်းပေးလမ်းညွှန်မှု တာဝန်ကို ယူပါလိမ့်မည်ဟု ပြောသော်ပါရစေ။

ကျွန်တော်၏ ကိုယ်တွေ့ကို ပြောရလျှင် Success through a positive mental attitude စာအုပ်ကိုဖတ်ရှုရင်းပင်ဆဲလ်ဖ်

တီဗေးရှင်း = Self-motivation မိမိကိုယ်မိမိ စိတ်အား တက်ကြွ ထက်သန် သန္နိဋ္ဌာန်ချမှတ်လျက် ဆောင်ရွက်နိုင်စေရန်အစွမ်းသတ္တိထူးတွေ မိမိစိတ်မှာ ဖြစ်ပေါ်၍ လာပေသည်။ ထိုသတ္တိထူးသည် အောက်ပါ ကောင်းမြတ်သော အရည်အချင်း များကို တစ်ပြိုင်နက် တစ်မုဟုတ်ချင်းပင် ဖြစ်ပွား၍ လာစေ ပါသည်။

ဇင်းတို့မှာ....

(၁) အားတက်သရေ စိတ် = enthusiasm
(၂) အလုပ်လုပ်နိုင်သောအင်အား = energy
(၃) ရဲရင့်စိတ်ထား = courage
(၄) မျှော်လင့်ချက် = hope
(၅) ယုံကြည်မှု = faith
(၆) အပြုစိတ် = positive mind
(၇) ငြိမ်းချမ်းစိတ် = peace of mind
(၈) မိမိကိုယ်မိမိ အားထားမှု = self reliance
(၉) အကောင်းမြင်ဝါဒ = optimism

(၁၀) ကိုယ်တိုင် အားထုတ်ကာ မသိုင်းမတွ စတင်အလုပ် လုပ်ခြင်း– personal Initiative ဟူ၍ အချက် ဆယ်ခု ရှိပါသည်။

ယခုအခါ အထက်ပါ ကျွန်တော်၏ ပထမဆုံး မေးခွန်းကို ကျွန်တော် ဖြေဆိုရန် အဆင်သင့်ပင် ဖြစ်၍လာပါပြီ။ ကျွန်တော် မေးခဲ့သော မေးခွန်းမှာ အဘယ့်ကြောင့် အားတက်သရော စိတ်ထား ဖြစ်ပွားရပါသည် ဟူ၍ ဖြစ်၏။

အဖြေမှာ = success through a positive mental attitude အပြုစိတ်ထားအောင်မြင်ထင်ရှားစာအုပ်ကိုဖတ်ရသောအခါ စာအုပ်ပါ စာသားများက ကျွန်တော်၏ အပြု စိတ်ထားအား နှိုးဆွနိုးကြားလာစေခြင်းကြောင့် ဖြစ်ပါသည်။

ထို အားတက်သရော စိတ်သည် အထက်၌ ဖော်ပြခဲ့သော အချက်ပေါင်း (၁၀)ခုအနက် အားတက်သရောစိတ် ဖြစ်ပေါ် လာသောအခါ ကျန်အချက် (၉) ခုတို့လည်း ဆက်တိုက်ပင် ဖြစ်ပေါ်၍ လာစေပါသည်။

အားတက်သရော စိတ်နေ စိတ်ထားသည် ဆွဲအား တွန်းအား = force ဖြစ်ပါသည်။ ထို ဆွဲအား တွန်းအားသည်မည်မျှ အထိ ကြီးမားပါ ဘိသနည်း။

အသိပညာရှင်များက ဤသို့ဆိုပါသည်။ အားတက် သရော စိတ်ထားသည် measureless forces of the sprit = ဝိညာဉ် စိတ်၏ အတိုင်းအတာမဲ့ ဆွဲအားတွန်းအားကို ဖြစ်ပွား လာစေနိုင်သည်။

တိုဆွဲအား တွန်းအားကို အပြုစိတ်ထားဖြင့် အသုံးပြုသွားသောအခါတွင်—

(၁) ပိမိရည်မှန်းသော ပန်းတိုင်သို့ ရောက်ရှိစေနိုင်သည်။
(၂) မိမိကျန်းမာမှုကို ဂရုပြုကာ ပထမ ဘန်း ကောင်းမွန်လာစေနိုင်သည်။
(၃) စိတ်၏ ပျော်ရွှင်ခြင်းကို လက်ငင်း ရရှိစေ နိုင်သည်။
(၄) လူမှု ဆက်ဆံရေးတွင် အောင်မြင်စေ နိုင်သည်။
(၅) အောင်မြင် ထင်ရှားသည့် မဟာလူသားဘဝကို ရရှိစေ နိုင်သည်။

သို့ဖြစ်လေရာ အပြုစိတ်ထား အောင်မြင်ထင်ရှား မြန်မာပြန်ကို ဖတ်ရှုသော အခါ ဖြစ်ပေါ် လာမည့် ဝိညာဉ်စိတ်၏ အတွင်းအတာမဲ့ ဆွဲအား တွန်းအားကို စာဖတ်သူ များသည် မိမိတို့ လိုအပ်သလို ရယူအသုံးပြု နိုင်ကြပါစေသတည်းဟု ယခုကျွန်တော် ဆုမွန်ကောင်း တောင်းပါသည်။

ဆဲ့လ်ဖ်မိုတီဗေးရှင်းဖြင့် အောင်မြင်ခြင်းသို့—

အောင်ဝင်း (စိတ်ပညာ)
မြန်မာပြန်ဆိုသူ

မိတ်ဆွေ . . .

PDF စာအုပ်များကို ရှာနေပါသလား ?
Online ပေါ်တွင် PDF အဖြစ် မရှိသေးသော
စာအုပ်များကို PDF ပြုလုပ်ပြီး

Myanmar Online Ebook Library တွင်

အဆက်မပြတ် တင်ပေးနေပါသည်၊
member ဝင်ရန် ဖိတ်ခေါ်ပါတယ်။

လူ့သုညဘဝမှ
လွန်စွာ ကြွယ်ဝ တိုးတက်၍ လာသူ
အော့ဂ်မန်ဒီနို၏
ကိုယ်တွေ့ ဝန်ခံရေးသားချက်

ဒိန်းမတ်လူမျိုး ဒဿနိကဗေဒ ပညာရှင်နှင့် ဘာသာရေးဆရာများ စဉ်းစား လေ့လာ လိုက်စားသူ နာမည်ကျော် ဆိုရန်ကီယာကိဂတ်သည် တစ်ကြိမ်သောအခါက ဤသို့ရေးသားခဲ့၏။

သင်သည် စာအုပ်တစ်အုပ်ကို ဖတ်သောအခါ ထိုစာအုပ်က သင့်အားပြန်၍ ဖတ်ခဲ့လျှင် ထိုအချက်သည် ထိုစာအုပ်၏ကောင်းခြင်း အင်္ဂါလက္ခဏာ တစ်ခုဖြစ်သည်။

ယခု သင်၏ လက်ထဲတွင် ကိုင်၍ ထားသော စာအုပ်သည် ထိုစာအုပ်မျိုး ဖြစ်သည်။

ဤစာအုပ်သည် ကိုယ်ထူးကိုယ်ချွန် ဖြစ်စေရန် ရေးသား အကြံ ပေးကြသည့် တက်ကျမ်း စာအုပ်များ နယ်ပယ်တွင် အတောက်ပြောင်ဆုံး ထူးထူးချွန်ချွန် အကောင်းမွန်ဆုံး စာအုပ် ဖြစ်သည်။

သင်၏ ပြဿနာရပ် များကို စာနာ ထောက်ထားသော အနေ နှင့် သင်၏ပညာရှိ မိတ်ဟောင်း မိတ်ဆွေ ရင်းကြီး တစ်ဦးက ဖြေရှင်းနိုင်ရေး အကြံပေးသကဲ့သို့ ပြုလုပ်ပေးနိုင် သော ရှားပါးလှသည့် အရည်အချင်း သည်လည်း ဤစာအုပ် မှာ ပါရှိသည်။

သို့သော်လည်း ကျွန်ုပ်က သင့်အား သတိပေးစကား ပြော ကြားထားရပေမည်။

"အပြုံစိတ်ထား အောင်မြင်ထင်ရှား" စာအုပ်အာ မနန့်င့် ပော့ သင့်အတွက် မည်သို့မျှ အကျိုး ထွက်မအောင် လုပ်ဆောင် ၍ ပေးနိုင်လိမ့်မည် မဟုတ်ပေ။

သို့သော် အကယ်၍ သင်သည် သင်၏ ဘဝကို ပိုမို၍ ကောင်း မွန်သော ဘက်သို့ ရောက်ရှိရန် ပြောင်းလဲလိုစိတ် အမှန်တကယ် ရှိခဲ့လျှင် ထိုသို့ ပိုမို ကောင်းမွန်သော ဘက်သို့ ရောက်ရှိစေရေး အတွက် အချိန်မီ အဖိုးအခကိုပေးရန် လိုလားစိတ် ထားရှိခဲ့လျှင်

ထို့အပြင် သင်၏ဘဝပန်းတိုင်သို့ ရောက်ရှိရေးအတွက် ကြံစည်ခြင်းနှင့် အားထုတ်ခြင်း ရှိခဲ့လျှင် နောက်ဆုံးအနေနှင့် ထိုစာအုပ်၏ ရေးသားချက်များကို ဖတ်ရသောအခါ သင့်ကိုယ်သင် သည် စာအုပ်ဟာ ရယ်စရာတစ်မျိုးပဲဟု သဘောမထား မပြောကြားခဲ့လျှင် ယခု သင်ကိုင်ထားသော သင့်လက်ထဲရှိ စာအုပ်သည် ပင်လယ် ကမ်းခြေရှိ ကျောက်တုံး ကလေးများ အတွင်းမှ ကောက်ယူ ရရှိသည့် စိန်တုံးတစ်တုံးပင်ဖြစ်သည်၊

ပိုမို ကောင်းမွန်သော ရှေ့ရေး အနာဂတ် ဆီသို့ သွားရာ လမ်းကြောင်းလည်း ဖြစ်သည်။

အခြားသော ဥပမာတစ်ခုကို ဆိုရသော် သင်၏ရှေ့ရေး ဘဝကို လုံးဝဥဿုံ အကုန်လုံး ပြောင်းလဲလျက် အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ရန်အတွက် ရေးဆွဲထားသော တန်ဖိုးရှိသည့် ဗိသုကာ၏ ပုံစံပြစာရွက် blueprint လည်း ဖြစ်သည်။

ကျွန်ုပ်၏ ယခု ပြောပြချက် များမှာ ကိုယ်တွေ့ ဖြစ်ရပ်မှန်များကို မူတည်၍ ပြောခြင်းသာ ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာ အချိန် အခါ တုန်းက ကျွန်ုပ် ကိုယ်တိုင်၏ မိုက်မဲမှုများနှင့် မှားယွင်းမှု အပြစ်များကြောင့် ကျွန်ုပ် အတွက် တန်ဖိုးရှိလှသည့် အရာခပ်သိမ်း အားလုံး ဆုံးရှုံး ခဲ့ရသည်။ ကျွန်ုပ်၏ မိသားစု၊ ကျွန်ုပ်၏အိမ်၊ ကျွန်ုပ်၏ အလုပ် အားလုံး ပြုတ်ပြုတ်ပြုန်း ဆုံးရှုံးခဲ့ရသည်။

ထိုအခါ ကျွန်ုပ်မှာ သုံးစွဲစရာငွေ ဗလာနတ္တိနီးပါး ဘဝမှာ ညွှန်ကြား လမ်းပြပေးမည့် အရာလည်း မရှိ ဖြစ်ရဘိ၏။

ထိုအခြေအနေသို့ ဆိုက်ရောက်လေရာ ကြံရာမရသဖြင့် ကျွန်ုပ်သည် ခြေဦးတည့်ရာသို့ စတင် လျှောက်သွားမိပါတော့သည်။

ဤသို့ လျှောက်သွားရင်း ဘယ်လို အခြေအနေမှာ ငါ ဘယ်ကိုရောက်ရှိနေသနည်းဟု မိမိကိုယ် မိမိရှာဖွေကြည့်မိသည်။ ထို့အပြင် ကျွန်ုပ်၏ စိတ်ဒုက္ခ ကိုယ်ဒုက္ခများ၏ ပတ်ပတ်လည်တွင် ငါဘယ်လိုလုပ်ပြီး သက်သာရာ သက်သာကြောင်းများ ရရှိနိုင်ပါမည်နည်း ဆို သော မေးခွန်း၏ အဖြေကိုလည်း ရှာဖွေမိပါတော့သည်။

သို့နှင့် ကျွန်ုပ်သည် ပြည်သူ့ စာကြည့်တိုက်များတွင် ဝင်ရောက် ခိုလှုံကာ အချိန် ကြာမြင့်စွာ စာဖတ် နေမိသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှာ အခမဲ့ဖြစ်ပြီး နွေးနွေး ထွေးထွေးလည်း ရှိသောကြောင့် ဖြစ်ပါသည်။

အလုပ်ကလည်း မရှိလေရာ ကျွန်ုပ်သည် ပလေတိုမှ စပြီး ဒေါက်တာ ပီးလ်အထိ အချို့သော စာရေး ဆရာကြီးများ ရေးသားသည့် စာအုပ်များကို ဖတ်ရှု မိပါတော့သည်။ ဤသို့ ဖတ်ရှုရင်း ငါဘယ်နေရာမှာ မည်ကဲ့သို့သော အမှားအယွင်းများကို ပြုလုပ်မိသနည်း ဆိုသော အချက်နှင့် ကျန်ရှိနေသေးသော မိမိဘစ်သက်တာ အချိန်မှာ ငါ၏ ဘဝကို ငါဘယ်သို့သော နည်းအားဖြင့် ကယ်တင်နိုင်ပါမည်နည်းဆိုသော မေးခွန်း

များ၏ အဖြေကို ကျွန်ုပ် ဖတ်သော စာအုပ်များ အတွင်းမှ စာသားများမှာ ကျွန်ုပ် ရှာဖွေပါသည်။

နောက်ဆုံးတွင် ကျွန်ုပ်သည် မိမိ ရှာဖွေနေသည့် လိုချင်သော အဖြေကို ဒဗလျူကလီးမင့်စတုန်းနှင့် နပိုလီယန်ဟီးလ်တို့ ပူးတွဲ ရေးသားသည့် Success through a positivo mental attitude—အပြု စိတ်ထား အောင်မြင် ထင်ရှား စာအုပ်မှာ တွေ့ရှိ ဖတ်ရှုမိပါတော့သည်။ ထို စာအုပ်မှာ တွေ့ရှိရသည့် လွယ်ကူရှင်းလင်းသော လိုက်နာစရာ နည်းနာနိဿရည်းများကို တစ်ဆယ့်ငါးနှစ်ကျော် အချိန်ကြာသည်အထိ ကျွန်ုပ် လိုက်နာ ကျင့်သုံးခဲ့ပါသည်။

ထို နည်းကောင်း လမ်းမှန်များကို ကျင့်သုံး လိုက်နာခြင်း အားဖြင့် ကျွန်ုပ်မှာ ကျွန်ုပ်နှင့် ထိုက်တန်သည်၏ ဟိုမှာဘက်သို့ အများကြီး အစွန်းထွက် ရောက်ရှိသည်အထိ ကြွယ်ဝတိုးတက် ခြင်းနှင့် ပျော်ရွှင်ခြင်း အကျိုးကျေးဇူး များကို ရရှိခဲ့ပါသည်။ အိမ်ခြေ ယာခြေ မရှိ အထီးကျန် တစ်ကိုယ်ရေ တစ်ကာယ ဘဝ နှင့် ခြေသလုံးအိမ်တိုင်သမား ခြေဦးတည့်ရာသို့ လျှောက်သွား နေရသူ ကျွန်ုပ်သည် တစ်ပဲ့နိမ့် မရှိရာမှ နောက်ဆုံးတွင် ကော် ပိုရေးရှင်းနှစ်ခု၏ ဥက္ကဋ္ဌနှင့် ကမ္ဘာ့ပေါ်မှာ ထိုမဂ္ဂဇင်းမျိုးတွင် အဆင့် အမြင့်ဆုံးဖြစ်သော Success unlimited —အောင်မြင် ခြင်း အကန့်အသတ်မရှိ မဂ္ဂဇင်း၏ အမှုဆောင် အယ်ဒီတာ ဖြစ်ရှိ၍ လာပါသည်။

ကျွန်ုပ်သည် စာအုပ် ခြောက်အုပ်ကိုလည်း ရေးသားနိုင်ခဲ့သည်။ ကမ္ဘာတွင် ပေါ်လွင်ထင်ရှားဆုံးသော အရောင်းသမား စာအုပ်သည် ထိုခြောက်အုပ်တွင် ပါဝင်သည်။ ထိုစာအုပ်သည် အရောင်းသမားများအတွက် အမြဲတမ်း အရောင်းရ အများဆုံး စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို ဘာသာခြား တစ်ဆယ့်လေးမျိုးဖြင့် ဘာသာပြန်ဆိုပြီးလည်း ဖြစ်သည်။ အုပ်ရေပေါင်း သုံးသန်းကျော်မျှ ရောင်းချပြီးလည်း ဖြစ်သည်။

စတုန်းနှင့် ဟီးလ်တို့၏ အပြောင်မြောက်ဆုံး စာအုပ်တွင် ဖော်ပြပါရှိသည့် အောင်မြင်အောင် နေထိုင် ကျင့်သုံးနည်းများကို ကျွန်ုပ် တွေ့ရှိသည့်အတိုင်း နေ့စဉ်လိုက်နာ ကျင့်သုံးမှု မပြုခဲ့ပါလျှင် ကျွန်ုပ်သည် ဆိုခဲ့ပြီး တိုးတက် အောင်မြင်မှုများကို ရရှိမည်မဟုတ်ပါ။

လူ့သုည ဘဝမှ အစပြုခဲ့ရသော ကျွန်ုပ်သည် ဆိုခဲ့ပြီး အထိ တိုးတက် ဖြစ်ထွန်း၍ လာခဲ့သော် အခြေအနေကောင်းတော့ ယခုအထိ ရှိနေပြီးဖြစ်သူ သင်သည် မည်မျှအထိ တိုးတက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဆိုသည် များကို သင်ကိုယ်တိုင် ချင့်ချိန် စဉ်းစား၍သာ ကြည့်မြင်ပါတော့။

ပိုမို ကောင်းမွန်သော ဘက်သို့ ကူးပြောင်းရန် သင်အမှန်တကယ် လိုလားသော စိတ်ထား ရှိပါသလား။ အကယ်၍ သင်လိုလားခဲ့သော အပြုစိတ်ထား အောင်မြင်ထင်ရှား စာအုပ်သည် သင့်အတွက် ကံအကောင်းဆုံးကို ဖြစ်ခဲ့မည့် အရာပါတည်း။ ထိုစာအုပ်ကို ဖတ်ပါ၊ မှတ်ပါ၊ လေ့လာ ကြံဆပါ။

တစ်ဖန် ထပ်၍ဖတ်ပါ။ ထို့နောက် စာအုပ်ပါ အကြံပေးချက်များကို လိုက်နာ လုပ်ဆောင်ပါ။

လိုက်နာ လုပ်ဆောင်စရာ များမှာ အားလုံးပင် အလွန်လွယ်ကူမှု ရှိပါသည်။ သန္နိဋ္ဌာန် ချမှတ်၍သာ လိုက်နာ လုပ်ဆောင်မည်ဆိုပါလျှင် အမှန်ပင် လွယ်ကူရှင်းလင်းမှု ရှိပါသည်။

ထိုအခါ အံ့သြဖွယ်ရာ များသည် သင့်အား စတင်ဖြစ်ရှိ၍လာမည် ဖြစ်ပါသည်။ ဤသို့ဖြစ်ရှိလာမည် ဆိုသည်ကို ကျွန်ုပ်သိပါသည်။

အော့မန်ဒီနို

PDF Creator - nyeyadhamma@gmail.com

ဒဗလျူကလီးမင့်စတုန်း ရေးသော
နိဒါန်း

ဤစာအုပ် အပါအဝင် မိမိကိုယ် မိမိ ကိုယ်ထူး ကိုယ်ချွန် ပြုလုပ်ချင်လာအောင် ရေးသား ကြသည့် တက်ကျမ်းစာအုပ် တစ်အုပ်စီ တစ်အုပ်စီ၏ တန်ဖိုးကို ဆုံးဖြတ်ပါလျှင် ထိုစာအုပ်က မိမိအား စိတ်အားတက်ကြွ ထက်သန်ပြီး မိမိလိုလားချက်များ ရရှိအောင် သင့်တင့် မှန်ကန်စွာနှင့် လိုလားအပ်စွာ ဆောင်ရွက်ရန် မည်မျှအထိ တိုက်တွန်း လှုံ့ဆော်၍ ပေးနိုင်ဘိသနည်း၊ ဤသို့ တိုက်တွန်း လှုံ့ဆော်ပေးနိုင်သည့် ထိုစာအုပ်၏ အစွမ်းအားကြောင့် စာဖတ်သူ သင့်အား အကျိုးထူးများ ဘယ်ရွေ့ ဘယ်မျှ ဖြစ်ရှိလာသနည်း ဆိုသော အချက်ကို မှတ်ပြီး ဆုံးဖြတ်သင့်ပေသည်။

ဤသို့သော နည်းအားဖြင့် ဆုံးဖြတ်ကြသောအခါ အပြုစိတ်ထား အောင်မြင် ထင်ရှား စာအုပ်သည် ဤရာစုနှစ်ပိုင်း အတွင်းတွင် အပြောင်မြောက်ဆုံးနှင့် အအောင်မြင်ဆုံး စာအုပ် တစ်အုပ် အနေနှင့် တက်ကျမ်းစာအုပ်များ၏ လောကတွင် ပေါ်လွင် ထင်ရှား ကျော်ကြားမှု ရှိနေပေသည်။

ထိုစာအုပ်သည် မရေမတွက်နိုင်သော ယောကျ်ား, မိန်းမ များအပြင် ဆယ်ကျော်သက်ရွယ် များအား ကိုယ်၏ကျွန်းမှာ

PDF Creator - nyeyadhamma@gmail.com

ခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်မှုများကို ရရှိအောင် ဆောင်ရွက်ရန် ကိုယ်ရော စိတ်ပါ အားတက်သရော ဖြစ်စေခဲ့ပါသည်။

ထို့အပြင် ထိုသူတို့အား ဘုရားသခင်၏ ဥပဒေသများကို မချိုးမဖောက်ဘဲ၊ မိမိတို့ လူသား အချင်းချင်း၏ အခွင့်အရေးများကို မထိပါးစေဘဲ ပျော်ရွှင်မှုကို ရှာဖွေရန် ကြွယ်ဝ ချမ်းသာခြင်းနှင့် မိမိတို့ရည်မှန်းရာ အဆင့်မြင့် ပန်းတိုင်သို့ ရောက်ရှိရန် စိတ်ထားများကိုလည်း တက်ကြွ ထက်သန် လာစေပါသည်။

တစ်စုံတစ်ခုသော ထူးခြားပြောင်း အံ့သြဖွယ်ရာသည် အကယ်၍ သင့်မှာ ပြင်ဆင်ပြီးသား ရှိနေပါလျှင် သင့်မှာ ဖြစ်ပေါ်၍ လာပေတော့မည်။

ဤတွင် သင့်ကိုယ်သင် အရန်သင့် ပြင်ဆင်ပြီးသား ဖြစ်စေရန် အင်ဒရူးကာနယ်ဂျီ (သံမဏိဘုရင်) ၏ အဆိုအမိန့်ကို ရှင်းလင်းစွာ နားလည်ပါလော့။ အင်ဒရူးကာနယ်ဂျီက ဤသို့ ဆို၏၊ "အားလုံးသော အောင်မြင်မှု များနှင့် အားလုံးသော လုပ်ဆောင်မှုဖြင့် အမှယူ ထားသော ကြွယ်ဝမှု အစုစုတို့သည် စိတ်ကူးတွေးခေါ်မှု တစ်ခုမှာ အစပြုခြင်း ရှိခဲ့သည်"

ဤ အကြောင်းအရာနှင့်ပတ်သက်၍ ရှေ့သို့မဆက်မီမှာ ဤစာအုပ်ကို ကျွန်ုပ်နှင့်အတူ ပူးတွဲရေးသားသူ ဒေါက်တာ နပိုလီယန်ဟီးလ်၏ နောက်ကြောင်းကို ကျွန်ုပ် ပြန်ပြောင်း ပြောပြ လိုပေသည်။

စိတ်ကူး တွေးခေါ်ကာ ကြွယ်ဝပါ

နပိုလီယန်ဟီးလ် ရေးသော Think and grow rich— စိတ်ကူးတွေးခေါ်ကာ ကြွယ်ဝပါ စာအုပ်သည် ဤ နှစ်ဆယ် ရာစုနှစ်အတွင်းမှာ ရေးသားကြသည့် တက်ကျမ်းစာအုပ်များ အနက် ကမ္ဘာအရပ်ရပ်ရှိ လူမျိုးပေါင်းစုံ တို့အား ကြွယ်ဝခြင်း နှင့် အောက်မြင်ခြင်းကို ရယူရန် အားတက်သရော ဖြစ်စေသည့် စေ့ဆော် စိတ်ထားကို ပွားများစေခြင်းမှာ အခြားသော စာအုပ်များထက် လူဦးရေ ပို၍ များပါသည်။

နပိုလီယန်ဟီးလ်သည် သင်တုံးများဖြင့် ကာရံဆောက်လုပ် ထားသော အိမ်ခန်း ကျဉ်းကျဉ်း ကလေးမှာ ဆင်းဆင်းရဲရဲ မွေးဖွားခဲ့သည်။

နပိုလီယန်ဟီးလ်မှာ ငယ်ရွယ်စဉ်မှစ၍ သူ့မိခင်ရင်း သေ ဆုံးပြီးနောက် မိထွေးနှင့် နေထိုင်ကြီးပြင်းခဲ့ရသည်။ မိထွေးက သူ့အား လွန်စွာ ချစ်ခင်ကြင်နာမှု ရှိပါသည်။

စိတ်ရှည် တည်ငြိမ်မှုရှိသော မိထွေးသည် နပိုလီယန်ဟီးလ် အား အဆင့်မြင့်မြင့် အောင်မြင်လိုစိတ် ရှိလာအောင် လှုံ့ ဆော်၍ပေးခဲ့သည်။ နပိုလီယန်ဟီးလ်မှာ မိထွေး၏ ချီးမြှောက် မှုနှင့် အားပေးမှုများအားဖြင့် သူ့တွင် အောင်မြင် ထင်ရှား လိုသော စေ့ဆော်စိတ် များကို ဖြစ်ပွား ပေါ်ပေါက်စေခဲ့ သည်။

အများက ပြဿနာ ကောင်ကလေးဟု အခေါ် ခံနေရသူ နပိုလီယန်ဟီးလ်အား အကျင့်စာရိတ္တ ကောင်းပြီး စိတ်အား

တက်ကြွထက်သန်လာစေသော စေ့ဆော် စိတ်ထား ဖြစ်ရှိရန် ပြုလုပ်၍ပေးသူမှာ သူ၏ စိတ်ရှည်သော မိထွေးပင်ဖြစ်သည်။ ထို့ကြောင့် နပိုလီယန်ဟီးလ် သည် အလုပ်ကို အားတက်သရော ကြိုးစား လုပ်ကိုင် လိုသော စိတ်ထားနှင့် ပညာကို အားထုတ် ရှာမှီးချင်သော ဆန္ဒများ အပြင် အောင်မြင်ထင်ရှားသူ ဖြစ်လာစေရန် စတင် ကြိုးစားလေတော့သည်။

သို့နှင့် နပိုလီယန်ဟီးလ်သည် ၁၉၀၈ ခုနှစ်၊ ကောလိပ်ကျောင်းသားဘဝ၌ မဂ္ဂဇင်း တိုက်တစ်တိုက်တွင် အချိန်ပိုင်းနှင့် အလုပ်လုပ်နေစဉ် သံမဏိဘုရင် အမည်ရ၊ ဖိလိုဆိုဖာ ခေါ် တွေးခေါ် ပညာရှင်နှင့် ရက်ရက်ရောရော ပေးဝေလှူဒါန်းသူ အင်ဒရူး ကာနယ်ဂျီအား တွေ့ဆုံမိသည်။

အင်ဒရူး ကာနယ်ဂျီသည် လူငယ် နပိုလီယန်ဟီးလ်အား များစွာ သဘောကျသွားလေရာ သူ့အိမ်သို့ လာရောက်ရန် ဖိတ်ကြားသည်။

အင်ဒရူးကာနယ်ဂျီနှင့် နပိုလီယန်ဟီးလ် တို့သည် သုံးရက်ကြာမျှ ဖိလိုဆိုဖီ–သဘာဝတ္တဓမ္မနှင့် နိယာမ အကြောင်းတရားများကို ဆွေးနွေးကြသည်။

ဤသို့ ဆွေးနွေးရာ၌ အင်ဒရူးကာနယ်ဂျီက သဘာဝတ္တဓမ္မ၏ အကြောင်းနှင့် အကျိုးတရား များကို လူတိုင်းနှင့် သူ၏ အိမ်သူ အိမ်သားများအပြင် မိမိလုပ်ငန်းဆောင်တာ၊ သို့မဟုတ် မည်သည့်လူသား၏ လုပ်ဆောင်ချက်များမှာ မဆို မည်သို့မည်ပုံ နေ့စဉ် ကျင့်သုံးနိုင်ပုံ များကို လူငယ် နပိုလီယန်ဟီးလ် အား ညွှန်ကြားပြောပြသည်။

အင်ဒရူးကာနယ်ဂျီသည် လူ့သဘောသဘာဝကို နားလည်သိမြင်သူဖြစ်သည်။ စိတ်ဓာတ်အင်အား လှုပ်ရှားကြီးမားမှုနှင့် ဆင်ခြင်တုံတရား ညီမျှသူ၊ စိတ်ပါဝင်စားမှု ကြီးမား ထက်မြက်သည်နှင့်အမျှ အလုပ် လုပ်ရန် အင်အားမြင့်မားပြီး စွဲမြဲမှုရှိသောသူကိုလည်း သူ သိမြင် နားလည်နိုင်စွမ်းရှိသည်။ နပိုလီယန်ဟီးလ်သည် ထိုကဲ့သို့သော လူတန်းစား ဖြစ်သည်ကို သူ သိမြင်သည်။

သို့ဖြစ်ရာ အင်ဒရူးကာနယ်ဂျီသည် နပိုလီယန်ဟီးလ်အား စိတ်အားတက်ကြွထက်သန်လျက် စေ့ဆော်စိတ် ဖြစ်ပွားအောင် လှုံ့ဆော်၍ပေးရန် သင့်လျော်သည်ဟု သူ ဆုံးဖြတ်ကာ စိန်ခေါ်လိုက်လေသည်။

"ငါလို နိုင်ငံခြားသား တစ်ဦးဟာ ဤ အမေရိကန်နိုင်ငံကြီးသို့ လာရောက်ခြေချပြီး အလုပ်ကြီး အကိုင်ကြီးကို လုပ်ကိုင်နိုင်ကာ ကြွယ်ဝချမ်းသာ၍ လာသကဲ့သို့ အခြားသော သူများသည်လည်း အောင်မြင်မှုကို ရရှိနိုင်ပါမည်လော" ဟု မေးခွန်း ထုတ်လိုက်သည်။ (အင်ဒရူးကာနယ်ဂျီသည် စကော့တလန်နိုင်ငံမှ အမေရိကန်သို့ လာရောက်ကာ ကြွယ်ဝခဲ့သူ ဖြစ်သည်။ ။ မြန်မာပြန်ဆိုသူ)

အင်ဒရူးကာနယ်ဂျီသည် နပိုလီယန်ဟီးလ်၏ အဖြေကို မစောင့်ဆိုင်းတော့ဘဲ စကားဆက်၏။

"ကိုင်း....အခု မင်းကို ကျွန်ုပ် စိန်ခေါ်မယ်၊ အမေရိကန် အောင်မြင်မှု ဖီလိုဆိုဖီ တွေးခေါ် မြော်မြင်ရေးတရားကို မင်းရဲ့ သက်တမ်းမှ နှစ်ပေါင်းနှစ်ဆယ်ကြာမျှ ရယူပြီး လေ့လာ သုံး

သပ် ဆင်ခြင်ခြင်း အားဖြင့် စာအုပ်များ ရေးနိုင်ဖို့ အလုပ်ကို ပေးလျှင် မင်း လက်ခံနိုင်ပါမည်လား”

“ရှစ်–yes–လက်ခံပါမည်” ဆိုသော အဖြေမှာ အလျင် အမြန် ပြန်၍ လာလေသည်။

အင်ဒရူးကာနယ်ဂျီ၏ စိတ်ထဲမှာ စွဲမြဲစွာ ယုံကြည်မှုရှိသော အတွေးအခေါ် အယူအဆ တစ်ခုရှိခဲ့သည်။ ထိုအယူအဆမှာ ဤသို့ဖြစ်၏။

“ဘဝ တစ်သက်တာမှာ ရရှိ ပိုင်ဆိုင်ရန် တန်ဖိုး ရှိသော မည်သည့် အရာဝတ္ထုကို မဆို ရရှိရန် အလုပ် လုပ်ခြင်းသည် တန်ဖိုးရှိသည်”

အင်ဒရူး ကာနယ်ဂျီသည် လူငယ် နပိုလီယန်ဟီးလ် အား သူရေးရမည့် ကြွယ်ဝ ချမ်းသာစေသော အကြောင်းတရား များနှင့် ပတ်သက်သည့် အချက်အလက် များကို ဆွေးနွေးဖို့ သူ့ကိုယ်ပိုင် အချိန်ကို ပေးလိုသော ဆန္ဒရှိသည်။ ထို့အပြင် ကြွယ်ဝချမ်းသာ အောင်မြင်ထင်ရှားသူ အမေရိကန်ပုဂ္ဂိုလ်ကြီး များနှင့် တွေ့ဆုံ ဆွေးနွေး နိုင်ရန်လည်း မိတ်ဆက် စာများ ရေးပေးမည် ဖြစ်သည်။ သို့ဖြစ်ရာ နပိုလီယန်ဟီးလ် အား ထို ပုဂ္ဂိုလ်ကြီးများထံ သွားရောက် တွေ့ဆုံရန် လိုအပ်သော ခရီးစရိတ်ကို ပေးမည် ဖြစ်သည်။ သို့သော် နပိုလီယန်ဟီးလ် သည် နှစ်ပေါင်း ၂၀အတွင်းမှာ မိမိနေထိုင် စားသောက် စရိတ်ကို မိမိကိုယ်တိုင် အလုပ် လုပ်ကိုင် လျက်သာ စိုက်ထုတ် သုံးစွဲသွားရမည် ဖြစ်သည်။ ထို အချက်ကို ယခုကပင် တင် ကြို၍ ရှင်းရှင်းလင်းလင်း နားလည် သိရှိ ထားရလေသည်။

သို့နှင့် ယခုအချိန်မှစ၍ ရှေ့သို့ နှစ်ပေါင်း ၂၀ကြာ အတွင်း တွင် နပိုလီယန်ဟီးလ်သည် အောင်မြင်ထင်ရှား ကျော်ကြားသူ အမေရိကန်ပုဂ္ဂိုလ်ကြီး ၅၀၀ ကျော်နှင့် တွေ့ဆုံဆွေးနွေး နိုင်လေ သည်။

အင်ဒရူး ကာနယ်ဂျီအပြင် သူတွေ့ဆုံဆွေးနွေးခွင့်ရသူ ပုဂ္ဂိုလ် ကြီးများ၏ နည်းနာ နိသာရည်းများကို လိုက်နာ ကျင့်သုံးခြင်း အားဖြင့်နပိုလီယန်ဟီးလ်သည် နှစ်ပေါင်း ၂၀ကြာ ကာလအချိန် အတွင်းဝယ် သူ့ စားဝတ်နေရေးကို သူကိုယ်တိုင် ပြုလုပ်နိုင်ခဲ့ သည်။

နပိုလီယန်ဟီးလ် သည် ၁၉၂၈ ခုနှစ်သို့ ရောက်သောအခါ The law of success "ကြွယ်ဝခြင်း၏ ဥပဒေသ"အမည်ရှိ အုပ် ရှစ်တွဲ စာမူကို အပြီးသတ် ရေးသား နိုင်ခဲ့ပေသည်။ ထိုစာအုပ် သည် ထောင်ပေါင်း များစွာ သော စာဖတ်သူ များ အား ကြွယ်ဝချမ်းသာလျက် ထင်ပေါ်ကျော်ကြား အောင်မြင် ခြင်း များ ရရှိရန် စိတ်အား တက်ကြွထက်သန်လာစေသည့် စေ့ဆော် စိတ်ထား များကို ဖြစ်ပွား ပေါ်ပေါက် လာ စေ ခဲ့ ပေ သည်။

ထို့နောက်နပိုလီယန်ဟီးလ်သည် အနောက်ဗာဂျီနီယာနယ်မှ အထက်လွှတ်တော် အမတ် ဂျင်းနင်းရန်ဒေါ်၏ ထောက်ခံချက် ဖြင့် အမေရိကန်နိုင်ငံ၏ သမ္မတနှစ်ဦး ဝုဒ်ရိုးဝီလ်ဆင်နှင့် ဖရင် ကလင်ဒီရုစဘဲ့၏ အကြံပေးပုဂ္ဂိုလ် အဖြစ် ဆောင်ရွက် ရ လေ သည်။ အမေရိကန်၏ သမိုင်းကြောင်း တစ်လျှောက်တွင် သူ၏ ဩဇာညောင်းသည့် သမ္မတ နှစ်ဦးအား အကြံပေးချက် များ

ကြောင့် တစ်မျိုးတစ်ဖုံ ဖြစ်ပေါ် ပြောင်းလဲမှုများ ပါရှိခဲ့သည်။

အင်ဂျင်ရှားကာနယ်ဂျီ နှင့် တွေ့ဆုံပြီးနောက် နှစ်ပေါင်း ၂၀မျှ အတိအကျ အချိန်ကုန်လွန်လာသောအခါတွင်.... "အောင်မြင်ခြင်း၏ ဥပဒေသ" စာအုပ်ကို ထုတ်ဝေ ဖြန့်ချိ ခဲ့သည်။

နောက်ခုနစ်နှစ် ကြာသောအခါ သမ္မတ ဖရင်ကလင်ရူစဗဲ့၏ အကြံပေးပုဂ္ဂိုလ်အဖြစ် သူ ဆောင်ရွက် နေစဉ်တွင် Think and grow rich "စိတ်ကူးတွေးခေါ်ကာကြွယ်ဝပါ" စာအုပ် အတွက် စာမူကို သူ စတင်၍ ရေးသားသည်။ ထို စာအုပ် ကို ၁၉၃၇ခုနှစ်မှာ ထုတ်ဝေ ဖြန့်ချိခဲ့သည်။ ထိုစာအုပ်ကို လူပေါင်း သန်းချီမျှ ဖတ်ရှု လေ့လာ ကြသည်။

အမြတ်ထွက်သော တွေ့ရှိချက်

၁၉၃၇ ခုနှစ်တွင် "စိတ်ကူး တွေးခေါ်ကာ ကြွယ်ဝပါ" စာအုပ်ကို မောရစ်ပစ်ကာ်က ကျွန်ုပ်အား ပေးသည်။ သူသည် လူသိများသော ကုန်ရောင်း ဌာနကြီးကို ကြီးကြပ် ကွပ်ကဲ သူ၊ အကြံပေးသူနှင့် ကုန်ရောင်းပညာ ဟောပြောဆရာ ဖြစ်သည်။ ထိုစာအုပ်တွင် ပါရှိသော ရေးသားချက် များမှာ ကျွန်ုပ်၏ အတွေးအခေါ်များနှင့် ထပ်တူထပ်မျှ တိုက်ဆိုင်မှု ရှိရပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုစာအုပ်ကို အမေရိကန် တစ်နိုင်ငံလုံးရှိ ကျွန်ုပ်၏ အရောင်းကိုယ်စားလှယ် အသီးသီးတို့ကို ပို့ပေးခဲ့သည်။ (ထိုအချိန်က ကျွန်ုပ်မှာ စုစည်း ထား သော ရေစစ္စရီကုမ္ပဏီကို ပိုင်ဆိုင်သူ ဖြစ်ပါသည်။ ထိုကုမ္ပဏီသည် စိတ်

ထိခိုက်မှု အာမခံလုပ်ငန်းကိုချည်းသာ အထူးတလည် လုပ်ကိုင်ဆောင်ရွက်ပါသည်။

ထိုစာအုပ်ကို တွေ့ရှိရခြင်းမှာ ကျွန်ုပ်အတွက် အမြတ်ထွက်ပါသည်။ ထိုစာအုပ်သည် ကျွန်ုပ်အတွက် အလုပ် လုပ်ဆောင်နိုင်သည့် တန်ဆာပလာ = working tool တစ်ခုပင် ဖြစ် သည်။ ထိုစာအုပ်သည် ကျွန်ုပ်၏ ကိုယ်စားလှယ်များအား မိမိကိုယ်မိမိ စိတ်အားတက်ကြွ ထက်သန်လျက် သူတို့ကိုယ် သူတို့ ကြွယ်ဝချမ်းသာပြီး အမြတ်ထွက်စေသည့် စေ့ဆော်စိတ်ထားကို ဖြစ်ပွားစေပေသည်။

ဤတွင်.... ပြောခဲ့ပြီး အင်ဒရူးကာနယ်ဂျီနှင့် အောင်မြင်ခြင်း၏ ဥပဒေသ၊ စိတ်ကူး တွေးခေါ်ကာ ကြွယ်ဝပါစာအုပ်များအပြင် အပြုံစိတ်ထား အောင်မြင် ထင်ရှား စာအုပ်နှင့် ဘယ်လိုများ ပတ်သက်ဆက်စပ်မှုရှိပါသနည်းဟု စာဖတ်သူက မေးနိုင်ပေသည်။ ကျွန်ုပ်၏ အဖြေကား ဤသို့ ဖြစ်ပါ၏။ "အကယ်၍သာ အင်ဒရူးကာနယ်ဂျီသည် နပိုလီယန်ဟီးလ်နှင့် တွေ့ဆုံပြီး သူ၏ ဖိလိုဆိုဖီများကို မပြောပြသဖြင့် နပိုလီယန်ဟီးလ်က ဆိုခဲ့ပြီး စာအုပ်များကို မရေးသားသည့် အတွက် ကျွန်ုပ် မဖတ်ရှုခဲ့ရသော် ကျွန်ုပ်သည် ယခု သင် ဖတ်နေသော 'အပြုံစိတ်ထား အောင်မြင်ထင်ရှား' စာမူကို ရေးသားနိုင်မည် မဟုတ်ပေ။

နပိုလီယန်ဟီးလ် ရေးသည့် စိတ်ကူးတွေးခေါ်ကာ ကြွယ်ဝပါနှင့် အောင်မြင်ခြင်း၏ ဥပဒေသ စာအုပ်များတွင် အင်ဒရူးကာနယ်ဂျီ၏ အခြေခံ အယူအဆ အတွေး အခေါ် နှင့်

အတွေ့အကြုံများ ပါရှိသည်။ ထို့အပြင် ထိုစာအုပ်များကို ဖတ်ရှုရပြီးနောက် ကြွယ်ဝချမ်းသာ၍ လာသူများ၏ ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိများလည်း ပါရှိသည်။

ယခု ကျွန်ုပ်နှင့် နပိုလီယန်ဟီးလ် ပူးတွဲ ရေးသားသည့် အပြုစိတ်ထား အောင်မြင်ထင်ရှား စာအုပ်တွင်လည်း အင်ဒရူး ကာနယ်ဂျီ၏ ဖီလိုဆိုဖီမှ ထုတ်နုတ်ရယူသည့် အနှစ်သာရများ ပါရှိပါသည်။

ထိုမျှ မကသေးပါ။ အခြား ပိုမိုသော အချက်များလည်း ယခု သင် ဖတ်ရှုနေသော စာအုပ်တွင် ပါဝင်ပါသေးသည်။ ထိုအချက်မှာ သိရှိရသမျှသော စက်ယန္တရားများအနက် အကြီးမြင့်ဆုံးဖြစ်သည့် စက်ယန္တရားကို သင် မည်သို့ မည်ပုံ အသုံးချနိုင်သည် ဆိုသော အချက်များကို အတိအကျ ဖော်ပြထားခြင်းပင် ဖြစ်သည်။

ထိုစက်ယန္တရားမှာ လွန်စွာအံ့သြဖွယ်ရာ ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင်သာ ထိုအရာကို ဖန်ဆင်း လုပ်ဆောင်နိုင်သည်။

(ဘုရားသခင် ဆိုသော စာလုံး၏ နေရာတွင် သဘာဝတရားဆိုသော စာလုံးများကို အစားထိုး ထည့်သွင်းလိုပါက ထည့်သွင်းနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သဘာဝတရားဖြစ်သည်ဆိုသော စကား ရှိသောကြောင့်ပါတည်း။ ။ မြန်မာပြန်ဆိုသူ)

ထို စက်ယန္တရားသည် လူသား ကွန်ပျူတာဟု ခေါ်ဆိုရမည့် သင်၏ ဦးနှောက်နှင့် သင်၏ အာရုံကြောများ အစု

အခင်းပင့် ဖြစ်သည်။ ထိုအရာမှာ ယခု ကျွန်ုပ်တို့ သုံးစွဲနေကြသော စက်ကွန်ပျူတာကို တီထွင်ထုတ်လုပ်နိုင်သော ဒီဇိုင်းပုံစံသည် ထွက်ပေါ်၍ လာရလေသည်။

အပြုစိတ်ထား အောင်မြင်ထင်ရှား စာအုပ်သည် သင်၏ အတွင်းစိတ် = subconscious mind မှ ထုတ်ယူရရှိသည့်တန်ခိုးအင်အားကို မည်သို့မည်ပုံ အသုံးချနိုင်သည် ဆိုသော အချက်များကိုလည်း ညွှန်ကြားမည် ဖြစ်ပေသည်။

အပြုစိတ်ထား အောင်မြင်ထင်ရှား စာအုပ်သည် သင့်အား သင်၏ အတွင်းစိတ်မှ ထွက်ပေါ်လာသော တန်ခိုးအင်အားများကို မည်သို့မည်ပုံ ပြုလုပ် သုံးစွဲရမည်ဆိုသော အကြောင်းအရာများကို ညွှန်ပြပေးမည် ဖြစ်သည်။

ယခု သင့်အား မေးခွန်းနှစ်ခုကို မေးရပေမည်။ (၁)သင်၏ စွဲလမ်း တမ်းတစိတ်များ၊ သင်၏ လှုပ်ရှားမှုများနှင့် သင်၏ စိတ်တွင် အလိုအလျောက်ပင် ထင်မြင် လာသော အင်စတင့် = instinct ခေါ် ပကတိစိတ်နှင့် အာရုံများ၊ အလေ့အထများ၊ ခံစားချက်များ၊ စိတ်သဘောထားနှင့် တွေ့မြင်ကြံဆလေ့ရှိသော စိတ်ကူးများကို မိမိအား အကျိုးမဲ့များရန် တည်ဆောက်သော အပြုစိတ်ထားဖြင့် အသုံးပြုခြင်း၊ ဟိုဘက်သည်ဘက် အစွန်းမထွက်စေရန် ပြုလုပ်ခြင်း၊ ထိန်းချုပ်ကွပ်ကဲခြင်း၊ သို့မဟုတ် အဆင်ပြေပြေ သဟဇာတ ဖြစ်အောင် ကြံဆောင်ခြင်း အတတ်ပညာ လုပ်ဆောင်စရာများကို သင်တတ်သိပါရဲ့လား။

(၂) အခက်အခဲ အတားအဆီး အတိုက်အခံများ ရှိနေလင့်ကစား ထိုအရာများကို ပမာနမထားဘဲ သင်၏ အဲဆင့်မြင့်ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိရေး အတတ်ပညာများကိုလည်း သင် သင်ကြား တတ်မြောက်ပြီးသား ဖြစ်ပါသလား။

အကယ်၍ သင်၏ အဖြေသည် နိုး = မတတ်သေးပါဟု ဆိုခဲ့သော် သင် ယခုကိုင်ထားသော စာအုပ် 'အပြုစိတ်ထား အောင်မြင်ထင်ရှား'ကို သင် ဖတ်ရှုဆင်ခြင်လျက် စာအုပ်မှာ ဖော်ပြထားသော လိုက်နာစရာများအား လိုက်နာကျင့်သုံးပါလျှင် သင်သည် အထက်ပါ အချက်များအတွက် သင် သိမြင်နားလည်စရာများကို သင် တ၀ သိပြီး လာပေလိမ့်မည်။

လွန်ခဲ့သော ၁၆ နှစ်အတွင်းတွင် အပြုစိတ်ထား အောင်မြင်ထင်ရှားစာအုပ် ဂျပ်ထူဖုံး အုပ်ရေပေါင်း လေးသိန်း နှစ်သောင်းမျှ ထုတ်ဝေရောင်းချခဲ့ရပြီး ဖြစ်ပေသည်။ ထိုစာအုပ်, ဖတ်ရှုကြသူများသည် အံ့ဩဖွယ်ရာ သူတို့ဘဝတွင် အောင်မြင်စွာ ကောင်းမွန်သောဘက်သို့ ပြောင်းလဲ ရောက်ရှိကြသည်။ သူတို့ဘ၀၏ ပြဿနာများကိုလည်း ရဲရဲရင့်ရင့် ရင်ဆိုင် ဖြေရှင်းနိုင်ကြသည့်အပြင် သူတို့၏ လိုအင်ဆန္ဒများအား အကောင်အထည် အဖြစ်သို့ ရောက်ရှိအောင် လုပ် ဆောင် နိုင် ကြ သည်။

ထို့နောက် ဤစာအုပ်ကို လူအများ ဖတ်ရှုနိုင်ရန် အိတ်ဆောင်အရွယ် စက္ကူဖုံးများဖြင့် ဈေးနှုန်း သက်သာအောင်

ထုတ်ခဝေ ဖြန့်ချိရန် စိမံလာသည်ဟု ကြားသိရသောအခါမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ကျွန်ုပ်နှင့် နပိုလီယန်ဟီးလ်တို့၏ အဓိက ရည်မှန်းချက်ပန်းတိုင်မှာ လူသား အများထုကြီးကို မလိုလားအပ်သော ကြံစည် တွေးဆချက်များ၊ အကျင့်ဆိုးများ၊ မဟုတ်မတရား လုပ်ရှား ဆောင်ရွက်ချက်များ၏ ကျေးကျွန်များ အဖြစ်မှ လွတ်မြောက်စေကာ သူတို့အား စိတ်အားတက်ကြွ ထက်သန်သန္နိဋ္ဌာန် ချမှတ်လျက် ဆောင်ရွက်နိုင်စွမ်းကို ဖြစ်စေသော စေ့ဆော် စိတ်ထားမျိုး ဖြစ်ပွားစေပြီးလျှင် သူတို့ လိုလားသည့် အရာများကို ဘုရားသခင်၏ ဥပဒေသများနှင့် လူသား အချင်းချင်းတို့၏ ရယူပိုင်ဆိုင်ခွင့်များကို မချိုးမဖောက်ဘဲ ရယူပြည့်စုံပြီး အောင်မြင်ပျော်ရွှင်မှုများကို ပိုင်ဆိုင်ရရှိစေရန် ဖြစ်ပါသည်။

လမ်းပြကြယ်
မြန်မာစာကြည့်တိုက်

မှာထူးညွှန်ကြားချက်

ဤစာအုပ်ကို သင်ဖတ်သောအခါ ဤစာအုပ်ကို ရေးသူ ကျမ်းပြုဆရာများအား သင်၏ ရင်းနှီးသော မိတ်ဆွေများ အဖြစ် သဘောထားပြီးလျှင် ဤစာအုပ်ကို သင့်အတွက်(သင် တစ်ဦးတည်းအတွက်) ရေးသားထားသည်ဟု ယုံကြည်ကာ ဖတ်ပါလေ။

၃-ဒုတိယအကြိမ်

သင်နှင့်ပတ်သက် စပ်ဆက်မှုရှိသော သင် ကြိုက်နှစ်သက်သည့် ကိုးကားချက်များ၊ စာကြောင်းများ၊ စကားလုံးများကို တွေ့ရှိရလျှင် အောက်မှ မျဉ်းသားပါ။

မိမိကိုယ်မိမိ စိတ်အား တက်ကြွ ထက်သန် သန္နိဋ္ဌာန်ချမှတ်လုပ်ဆောင်နိုင်စွမ်းကို ဖြစ်ပွားစေသည့် စေ့ဆော် စိတ်ထား အကြောင်းအရာများ ပါရှိသော ဝါကျများကို မှတ်မိအောင် အရကျက်ပါ။

ဤစာအုပ်သည် သင့်ကိုယ်သင် စေ့ဆော်စိတ်ထား–ဆဲလ်ဖ် မိုတီဗေးရှင်း ဖြစ်ပွားစေရန်အတွက် ရေးသားထုတ်ဝေသည့် စာအုပ်ဖြစ်သည်ဆိုခြင်းကို သင်၏ စိတ်ထဲမှာ အမြဲ ဘဲစေ စွဲမြဲစွာ သိရှိနေပါစေ။

ဤစာအုပ်သည် သင့်အား ကြိုးစားလုပ်ဆောင်ချင်သော စိတ်ထားများ ဖြစ်ပွားလာစေသော စေ့ဆော်စိတ်ထား ပေါက်ပွားလာစေရန် အကြံပေးစကားများ ပြောကြားမည် ဖြစ်သည်။

ဤစာအုပ်၏ အခန်းတစ်ခုစီ ပြီးဆုံးတိုင်း မိမိကိုယ် မိမိ မေးရန် မေးခွန်းများပါရှိသည်။ ထိုမေးခွန်းများကို သင်၏ တွေးတောစဉ်းစားကြံဆချိန်များနှင့် လုပ်ငန်း အစီအစဉ်များ ချမှတ်သည့် အချိန်များ အတွင်းမှာ ကြိုးစားကာ ဖြေကြားပါလေ။

ဒဗလျူ ကလီးမင့်စတုန်း

(ဤစာအုပ်ကို နပိုလီယန်ဟီးလ်နှင့် ပူးတွဲရေးသားသူ)

အခန်း ၁

အရေးပါအရာအရောက်ဆုံး သက်ရှိပုဂ္ဂိုလ်နှင့် တွေ့ဆုံပါ

MEET THE MOST IMPORTANT LIVING PERSON

အရေးပါ အရာအရောက်ဆုံး သက်ရှိပုဂ္ဂိုလ်နှင့် တွေ့ဆုံပါ။
ထိုပုဂ္ဂိုလ်ကို ဤစာအုပ်၏ တစ်နေရာမှာ သင်တွေ့ဆုံရပါလိမ့်မည်။ ရုတ်တရက် တအံ့တဩ "ဩော်....အရေးပါအရာအရောက်ဆုံး ပုဂ္ဂိုလ်ဆိုသည်တား သူပါကား" ဟု သင့်စိတ်ထဲမှာအသိအမှတ်ပြုကာ တွေ့ရမည် ဖြစ်ပါသည်။ ထိုအခါ သင်၏ဘဝ တစ်သက်တာတစ်လျှောက်လုံး တစ်မူခြားကာပြောင်းလဲသွားစေပေလိမ့်မည်။

ထိုအခါ ထိုပုဂ္ဂိုလ်၏လျှို့ဝှက်ချက်ကို သင်သိမြင်တွေ့ရှိရပေလိမ့်မည်။

ထိုပုဂ္ဂိုလ်သည် သင်၏မျက်စိဖြင့် မမြင်ရသည့် အဆောင်လက်ဖွဲ့တစ်ခုကို ဆောင်ထားသူ ဖြစ်သည်ကိုလည်း သင်နားလည် တွေ့ရှိရမည် ဖြစ်သည်။ ထိုအဆောင်လက်ဖွဲ့မှာ မျက်နှာနှစ်ဖက်ရှိလေရာ တစ်ခုသောမျက်နှာပြင်ပေါ်တွင် P M A စာလုံး သုံးခု ပါရှိလျက် အခြားတစ်ဖက်သော မျက်နှာပြင်ပေါ်ဝယ် N M A စာလုံး သုံးခု ရေးထွင်းထားသည်။

မျက်စိဖြင့်ကြည့်၍ မမြင်ရသည့် ထိုအဆောင်လက်ဖွဲ့မှာ နှစ်မျိုး နှစ်စားသော တန်ခိုးအင်အားများ ပါရှိသည်။

တစ်ခုသော တန်ခိုးအင်အားသည် ကြွယ်ဝချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ကျန်းမာခြင်းများကိုဆွဲယူနိုင်စွမ်းရှိသည်၊ အခြား တစ်ခုသော တန်ခိုးအင်အားမှာ ဆိုခဲ့ပြီး ကြွယ်ဝချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း နှင့် ကျန်းမာခြင်း များကို လက်မခံဘဲ ပယ်လှန်နိုင်စွမ်းရှိလေသည်။ ထို့အပြင် သင့်ဘဝအတွက် တန်ဖိုးထွက်သည့် အားလုံးသော နှစ်လိုဖွယ်ရာ ဟူဟူသမျှကို တန်ခိုးအင်အားက လုယူ ဖျက်ဆီးမည်လည်း ဖြစ်သည်။

ထိုတန်ခိုးအင်အား နှစ်မျိုး နှစ်စားအနက် ပထမဖြစ်သော P M A ၏ တန်ခိုးအင်အားသည် လူအချို့အား လူ့အဆင့်၏ မြင့်မားသော နေရာထိပ်ဆုံးသို့တက်ရောက်စေနိုင်လျက် ထိုနေရာမှာ ရပ်တည် နေနိုင်စွမ်းကို ဖြစ်စေလေသည်။

ဒုတိယဖြစ်သော N M A ၏ တန်ခိုးအင်အားသည် အခြားသော လူသားများအား လူ့လောက အဆင့်အတန်း၏ အောက်

ခြေမှာသာ သူတို့သက်တမ်းတစ်လျှောက်လုံး ကုန်ဆုံးသည်အထိ တည်ရှိ နေစေလေသည်။ ထို N M A ၏ တန်ခိုးသည် အခြားသော လူသားများအား သူတို့ရောက်ရှိနေသော ထိပ်ဆုံးသော နေရာမှ အောက်ခြေဘက် နေရာသို့ဆွဲချလေသည်။

သို့ပြီး N M A တန်ခိုး အင်အားသည် မည်မျှ တာသွားအောင် လုပ်ဆောင်၍ ပေးနိုင်ကြောင်း အောက်ပါအက်စ်ဘီဖူးလား၏ ဖြစ်ရပ်မှန်ဇာတ်လမ်းက စာဖတ်သူအား သဘောပေါက်လာအောင် ပုံစံအဖြစ် ပုံဖော်၍ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့ ဆင်းရဲ မွဲတေရခြင်းသည် ဂေါ့ GOD (ဘုရားသခင်) ကြောင့် မဟုတ်

အက်စ်ဘီဖူးလား သည် နိဂရိုးလူမျိုးလယ်စားရင်းငှား မိဘများမှ မွေးဖွားသည့် သားသမီး ခုနစ်ယောက်တို့တွင် တစ်ဦးအဖြစ် ပါဝင်သူ ဖြစ်သည်။ သူသည် ငါးနှစ်သားအရွယ်၌ပင် အလုပ်စတင်၍ လုပ်ကိုင်ရသည်။ အသက်ကိုးနှစ်ရှိလာသောအခါ မြည်းများကို ထိန်းကျောင်းရသည်။ ကလေးငယ် ဤသို့ အလုပ်လုပ်ရခြင်းသည် သူတို့အတွက်မူကား မထူးဆန်းပါ။ နိဂရိုးလယ်စားရင်းငှားတို့၏ ကလေးငယ်များ အားလုံး လောက်ပင် ဤသို့ချည်းသာ အလုပ် လုပ်ကြရမြဲပင် ဖြစ်ပါသည်။

သူတို့မိသားစုများသည် သူတို့ဆင်းရဲနွမ်းပါးရခြင်းကို သူတို့အတွက် ဝေပုံကျဝေစုတစ်ခုဟု သဘောထားလျက် လက်ခံထားကြသည်။ ထို့ထက် အခြေအနေ ကောင်းမွန်ခြင်းများ ရရှိရန်ကို တောင်းဆိုမှု မပြုကြချေ။

လူငယ်ကလေး ဖူးလားမှာ သူ၏ သူငယ်ချင်းများနှင့် မတူ တစ်မူထူးခြားမှုတစ်မျိုးရှိသည်။ သူ့မှာထူးခြားသည့်မိခင်ရှိခြင်းပင် ဖြစ်သည်။

သူ၏ မိခင်သည် သူမ၏ ကလေးငယ်များ လက်လှုပ်ရှားကာ အလုပ် လုပ်ပါမှသာ ပါးစပ်လှုပ်ကာ အစာစားရသည့်မသေရုံ စားကာ အသက်ရှင်နေရသော ဘဝကိုလက်ခံရန်ငြင်းပယ်သည်။ အခြားသော နီဂရိုးမိသားစုများ မသေရုံစားကာအသက်ရှင်နေရသည်များကိုမူတား သူ့မိခင် သိမြင်ပါသည်။

အလျှံပယ် ပေါကြွယ်ဝလျက် ပျော်ရွှင်မှုအဖုံဖုံ ရှိနေသော ဤကမ္ဘာ၏ အလယ်တွင် သူတို့ နီဂရိုးမိသားစုများမှာ အစစ အရာရာတွင် ချို့တဲ့စွာဖြင့် အသက်မွေး နေရခြင်းသည် အမှန် တရားဖြစ် ရှိရေးအတွက် တစ်နေရာရာတွင်တော့ ချွတ်ယွင်းချက် ရှိနေပြီဟု ဖူးလား၏မိခင် သိမြင်သည်။

မိခင်သည် သူမ၏သား ဖူးလားအား သူမ ၏ စိတ်ကူးအိပ်မက် များကို ပြောပြလေ့ ရှိသည်။

"ဖူးလား၊ ငါတို့တစ်တွေဟာ ဆင်းဆင်းရဲရဲ ဖြစ်မနေ စေ သင့်ဘူး၊ ငါတို့ ဆင်းရဲရခြင်းဟာ ဂေါ့ဒ် (ဘုရားသခင်) ရဲ့

အလိုတော်အတိုင်း ဖြစ်ရတာပဲရယ်လို့ မင်းပြောပြမှာကိုလဲ ငါ မကြားပါရစေနဲ့၊ ငါတို့ ဆင်းရဲရတာဟာ ဘုရားသခင်ကြောင့် မဟုတ်ပါဘူး။

"ငါတို့ ဆင်းဆင်းရဲရဲ ဖြစ်ရတာဟာ ဖခင် ဖြစ်သူက ချမ်းသာကြွယ်ဝလိုတဲ့စိတ်ထားမှာ သူ့မှာ ဘယ်တော့မှ ကြီးမား ထက်သန်မလာခြင်းကြောင့်ဘဲ၊ ငါတို့ မိသားစုထဲမှ တစ်ဦး တစ်ယောက်မျှလဲ့ အခု အခြေအနေထက်ပိုပြီး ချမ်းသာ တိုးတက်လိုစိတ် မရှိလို့ဘဲ"

"ငါတို့အထဲမှာ တစ်ဦးတစ်ယောက်မျှ ကြွယ်ဝချမ်းသာ လိုစိတ် မကြီးမားဘူး"ဆိုသော မိခင်၏ စကားမှာ ဖူးလား၏ စိတ်တွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်ဘည်ရှိနေလေတော့သည်။ ဤတွင် ဖူးလားအား ထိုစကားလုံးများက တစ်မူထူးခြားစွာ အပြောင်းအလဲကို ဖြစ်ပွားစေလေတော့သည်။

ထိုအခါ သူ့တွင် ကြွယ်ဝချမ်းသာလိုသော စိတ်ထားများ စတင် ဖြစ်ပွားလာလေသည်။ ဖူးလားသည် သူအလိုရှိသော အရာ ကြွယ်ဝချမ်းသာမှု၏ အပေါ်မှာသာ သူ၏စိတ်ကို ထားရှိ ပြီးလျှင် သူမလိုလားသော ဆင်းရဲနွမ်းပါးမှုကို သူ့စိယ်တွင်းသို့ အဝင်မခံဘဲ ပိတ်ဆို့တားဆီး၍ထားသည်။

သို့ဖြစ်လေရာ သူ့နှလုံးသား အတွင်းမှာ ညှိုးညှိုးတောက် သည့် ကြွယ်ဝချမ်းသာလိုစိတ်များမှာ တဖွားဖွား ဖြစ်ပေါ်၍ လာတော့သည်။

ဤတွင် ဖူးလားသည် အမြန်ဆုံး ငွေရရှိစေနိုင်သည့် အကြောင်းမှာ တစ်စုံတစ်ခုသော ပစ္စည်းကို ရောင်းချရန် ဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။ ရောင်းချရန် ကုန်ပစ္စည်းအတွက် ဆပ်ပြာကို သူ ရွေးချယ်သည်။

တစ်ဆယ့်နှစ်နှစ်ပတ်လုံး သူသည် တစ်အိမ်ပြီး တစ်အိမ် အိမ်ပေါက်စေ့ ဝင်ထွက်ကာ ဆပ်ပြာရောင်းသော အလုပ်ကို လုပ်သည်။

ဤအချိန်တွင် သူ့အား ဆပ်ပြာ ထုတ်ပေးသည့် ဆပ်ပြာစက် ကုမ္ပဏီကို လေလံဘင်ရောင်းချလိမ့်မည်ဟု ကြားသိရသည်။ ထိုဆပ်ပြာကုမ္ပဏီ၏ တန်ဖိုးမှာ ဒေါ်လာ တစ်သိန်းငါးသောင်း ဖြစ်သည်။

၁၂ နှစ်ကြာကာလအတွင်း ဆပ်ပြာရောင်း၍ သူ စုဆောင်းထားသည့် သူပိုင်ငွေ သူ့တွင် ဒေါ်လာ နှစ်သောင်း ငါးထောင် ရှိသည်။ ဆပ်ပြာကုမ္ပဏီကို ဝယ်ယူရန်အတွက် သဘောတူချက်မှာ သူ့တွင် ရှိနေသော ဒေါ်လာ နှစ်သောင်း ငါးထောင်ကို ဝင်ငွေအဖြစ် ပေးသွင်းထားမည်။ ကျန်ဒေါ်လာ တစ်သိန်း နှစ်သောင်း ငါးထောင်ကို ဆယ်ရက်အတွင်း ပေးသွင်းရမည် နိုင်ခဲ့သော် ပေးသွင်းထားပြီးငွေ ဒေါ်လာ နှစ်သောင်း ဖြစ်သည်။ အကယ်၍ ထိုဆယ်ရက်အတွင်း ကျန်ငွေကိုမပေးသွင်း ငါးထောင်ကို သူ အဆုံးခံရမည် ဖြစ်သည်ဟု အန်ထရိုက် စာချုပ်တွင် သက်မှတ်ရေးထိုး၍ ထားရသည်။

တစ်ဆယ့် နှစ်နှစ်ကြာ ကာလအတွင်း သူ ဆပ်ပြာရောင်းစဉ်တွင် ကုန်သည်များ၏ လေးစားခြင်းနှင့် ချစ်ကြည်ရေးများကို သူ ရရှိ၍ထားသည်။ ယခု သူသည် ထိုသူများထံသို့ သွားသည်။ ရင်းနှီးသောသူများထံမှ ငွေများ ရရှိသည်၊ ငွေချေးသော ဌာနများမှလည်း ငွေများ ချေးယူ ရရှိသည်။ ထို့အပြင် ငွေကြေး အရင်း အနှီး မြှုပ်နှံလိုသူများထံမှလည်း ငွေများ ရရှိသည်။

ဆယ်ရက် ပြည့်ရန် တစ်ရက်အလို ညနေ ပိုင်းတွင် သူ့လက်ဝယ်၌ ဒေါ်လာပေါင်း တစ်သိန်း၊ တစ်သောင်း၊ ငါးထောင် ရှိနေပြီဖြစ်သည်။ လိုငွေမှာ ဒေါ်လာ တစ်သောင်း ဖြစ်သည်။

အလင်းရောင်ကို ရှာဖွေခြင်း

"ကျွန်တော် သိရသမျှ ငွေရရှိနိုင်သော နေရာ ဌာနများလဲ ကုန်နေပြီ"ဟု ဖူး လား က နောင် ကာ လ ကျ မှ ကျွန်ုပ်တို့အား ပြောပြ၏။ သူက ဤသို့ ဆက်လက် ပြောပြ၏။

"ညပိုင်းအချိန်သို့ ရောက်လာသောအခါ မှောင်မည်းနေသော အခန်းထဲမှာ ကျွန်တော် ဒူးထောက်လျက် ဘုရားရှိခိုးလေတော့သည်။ ဘုရား သခင် အား ဒေါ်လာ တစ်သောင်း ကျွန်တော့်အား ပေးနိုင်မည့် ပုဂ္ဂိုလ် တစ်ဦးထံသို့ လမ်းညွှန်ခေါ်ဆောင် သွားပါမည့် အကြောင်း ရှိခိုး ဆုတောင်း

လိုက်သည်။ ထိုအခါ ကျွန်တော့်ကိုယ် ကျွန်တော် ၆၁ လမ်း တစ်လျှောက် ကားမောင်း သွားပါ၊ အလင်းရောင် တစ်ခု အလုပ်ခန်းအတွင်း ပထမဆုံး မတွေ့မချင်း ကားကိုဆက် မောင်းသွားပါ ဟု ပြောမိသည်။ ထို အလင်းရောင် သည် ကျွန်တော် တောင်းဆိုသည့်အဖြေ ဖြစ်စေမှန်း ဟုဖုးသခင်အား ကျွန်တော် ပြောကြားလိုက်ပါသည်”

ညအချိန် ဆယ့်တစ်နာရီရှိနေပေပြီ။ ဖူးလားသည် ချီကာဂို မြို့ ၆၁ လမ်း တစ်လျှောက် ကားကို မောင်းနှင် သွားသည်။

နောက်ဆုံးတွင် ရင်ကွက်အချို့ကို ကျော်လွန်၍ ခရီးရောက် သွားသောအခါ ကန်ထရိုက်တာ တစ်ဦး၏ အလုပ်ခန်း တွင်းရှိ လင်းနေသော အလင်းရောင် တစ်ခုကို သူ မြင်တွေ့ရသည်။

သူသည် ထိုအခန်းတွင်းသို့ ဝင်ရောက်သွားသည်။ ထိုအခန်း တွင်း၌ ညဉ့်နက်သည်အထိ အလုပ် လုပ်နေရသဖြင့် ပင်ပန်း နေသော လူတစ်ဦး ထိုင်နေသည်ကို သူ တွေ့ရသည်။ ထိုသူ အား ဖူးလားက အနည်းငယ်မျှသာ သိကျွမ်းမှုရှိသည်။

ဤတွင် ဖူးလားသည် သူ့ကိုယ်သူ ရဲရင့်ရန် လိုသည်ဟု နားလည်လိုက်သည်။

ဖူးလားသည် ထိုသူအား တိုက်ရိုက်ပင် ဤသို့ စကား ဆို လိုက်သည်။

“ခင်ဗျား ဒေါ်လာ တစ်ထောင် လိုချင်သလား”

ထိုမေးခွန်းကို ကန်ထရိုက်တာက ဤသို့စကားပြန် ပေးသည်။

“ရှဲစ်၊ လိုချင်တာပေါ့”

“ဒီလိုဆိုလျှင် အခုခင်ဗျား ဒေါ်လာ တစ်သောင်းတန် ချက်လက်မှတ် တစ်စောင် ရေးပါ၊ ထိုငွေကို ကျွန်တော် ပြန်ပေးသော အခါမှာ အမြတ်ငွေ ဒေါ်လာ တစ်ထောင် အပို ပေးပါမယ်”

ဖူးလားက ကန်ထရိုက်တာအား သူ့ကို ငွေချေးလိုက်သူများ၏ အမည်များကို အတိအကျ ပြောပြသည့် အပြင် သူ ဆပ်ပြာစက် ကုမ္ပဏီကို ဝယ်မည့် အကြောင်းစုံ ကိုပါ ပြောပြလိုက်သည်။

ဖူးလား၏ အောင်မြင်ခြင်း လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့ ရှာဖွေကြစို့

ထိုည ကန်ထရိုက်တာ၏ အလုပ်ခန်းမှ မထွက်ခွာမီမှာ ဖူးလား၏ အိတ်ထောင်အတွင်း၌ ဒေါ်လာ တစ်သောင်းတန် ချက်လက်မှတ်တစ်စောင်ရှိနေလေပြီ။

ထိုမှ နောက်ဆက်တွဲ ဖြစ်ရပ်များမှာ ဖူးလားသည် သူ ဝယ်ယူသော ကုမ္ပဏီမှ အမြတ်ငွေ များကိုသာ ရရှိသည် မဟုတ်သေး။ သူသည် အလှပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီနှင့် သတင်းစာတိုက် တစ်ခုတွင် အစု ရှယ်ယာများ ပါဝင်ခြင်းအားဖြင့် အမြတ်ငွေများကို ရရှိသည်။

သူ၏ အောင်မြင့်မှုလျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ကျွန်ုပ်တို့က သူ့အား စူးစမ်းမေးမြန်းသောအခါ သူက လွန်ခလပြီး နှစ်ပေါင်း များစွာက သူ့မိခင် ပြောကြားသည့် စကားကို ပြန်လည် ပြောပြခြင်းအားဖြင့် ကျွန်ုပ်တို့၏ မေးခွန်းကို ဖြေကြားသည်။

"ငါတို့ ဆင်းရဲရတာဟာ ဘုရားသခင်ကြောင့် မဟုတ်ပါဘူး၊ ငါတို့ဆင်းရဲရတာဟာ ဖခင်ဖြစ်သူက ချမ်းသာ ကြွယ်ဝလိုတဲ့ စိတ်ထား သူ့မှာ ဘယ်တော့မှ ကြီးမားထက်သန် မလာခြင်းကြောင့်ပါဘဲ၊ ငါတို့ မိသားစုထဲမှ တစ်ဦး တစ်ယောက်မျှလဲ အခု အခြေအနေ ထက်ပိုပြီး ချမ်းသာ တိုးတက် လိုစိတ် မရှိလို့ပါဘဲ"

သူက ဤသို့ ဆက်လက် ပြောပြသေး၏။

"ကျွန်တော် ဘာကိုအလိုရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်။ သို့သော်လဲ ထိုအရာကို ရရှိအောင် ကျွန်တော်ဘယ်လို ဆောင်ရွက်ရမယ် ဆိုတာကို ကျွန်တော်မသိပါဘူး၊ သည်တော့ ကျွန်တော် သမ္မာကျမ်းစာအုပ်နဲ့ စိတ်ဓာတ် ကွန့်မြူးတက်ကြွစေတဲ့ ကျမ်းစာအုပ်များကို ဖတ်ပါတယ်။

"ကျွန်တော် ရည်မှန်း တမ်းတ ထားသော အရာများ ရရှိစေနိုင်သည့် အသိဉာဏ် ပညာများကိုလည်း ပေးသနားတော် မူပါဟု ဘုရားသခင်အား ကျွန်တော်ရှိခိုးပြီး တောင်းခံပါတယ်။

"ကျွန်တော့်ရဲ့ ညီးညီးတောက်ဆန္ဒကို ဒြပ် ပြောင်း ကာ အကောင်အထည်အဖြစ်သို့ ရောက်ရှိစေရေးအတွက် အရေးပါသော အပိုင်းမှာ ပါဝင်ကြတဲ့ ကျမ်းစာအုပ် တစ်အုပ်ကတော့ (၁)သမ္မာကျမ်းစာ၊ (၂)စိတ်ကူး တွေးခေါ်ကာ ကြွယ်ဝပါ၊ (၃)ရှေးဟောင်း ပညာရှိများ၏ လျှို့ဝှက်ချက် ဖြစ်ပါတယ်။

"ကျွန်တော့်အား စိတ်ဓာတ် ကွန်မြူး တက်ကြွမှုကို ရရှိစေတဲ့ စာအုပ်ကတော့ သမ္မာကျမ်းစာပါပဲ"

အက်စ်ဘီ ဖူးလားသည် မျက်စိဖြင့် မမြင်ရသော မျက်နှာ နှစ်ဖက် ပါရှိသည့် အဆောင်လက်ဖွဲ့ကို သူနှင့်အတူ ယူဆောင်ထားသည်။ ထိုလက်ဖွဲ့၏ တစ်ဖက်သော မျက်နှာတွင် PMA စာလုံးနှင့် အခြားတစ်ဖက်သော မျက်နှာတွင် NMA စာလုံး ပါရှိရာ သူသည် PMA စာလုံးပါသော မျက်နှာကို အထက်သို့ လှန်ထား၍ ကိုင်ဆောင်သည်။ ဤသို့ PMA စာလုံးကို အထက်သို့လှန်၍ ကိုင်တွယ် ခြင်းကြောင့် ဖူးလားမှာ သူလိုလားသည့် အရာတို့သည် တအံ့တသြပင် ဖြစ်ပွားခဲ့လေသည်။

သူ၏ ယခင်က စိတ်ကူး အိပ်မက် မျှသာ ဖြစ်ခဲ့ရသော အရာတို့သည် ယခုအခါတွင် တကယ်စစ်မှန်သော ရုပ်ဝတ္ထုများ အဖြစ်သို့ ရောက်ရှိ ဖြစ်ပေါ်၍ လာရလေသည်။

ယခုအခါ အထက်ပါ ဇာတ်လမ်းမှ အရေး ပါသော အကြောင်း အရာများကို သတိထား၍ ကြည့်ရှု ဆင်ခြင်သောအခါ အောက်ပါ အချက်များကို တွေ့ရှိရသည်။

ပထမအချက်မှာ ဖူးလားဘာဝ၏ အခြေ အခြေ အနေမှာ ကျွန်ုပ်တို့ အားလုံးလောက်ထက် နိမ့်ကျ ဆိုးရွား ခဲ့သည်။ သူသည် ထိုအခြေအနေမှ တိုးတက်ရန် အစပြုခဲ့ရသည်။ သို့သော် သူသည် ရောက်ရှိလိုသော ပန်းတိုင်ကို မြင့်မားစွာ ထားရှိခဲ့သည်။ ထိုပန်းတိုင်ဆီသို့ သူ ဦးတည်ချီတက်ခဲ့သည်။

ပန်းတိုင်ဟု ဆိုရာ၌ လူတစ်ဦးစီအတွက်ပန်းတိုင် အမျိုးမျိုး အစားအစား ကွဲပြား ခြားနားမှု ရှိနိုင်ပေသည်။

ယခုအချိန်၌ ကျွန်ုပ်တို့ နေထိုင်ရာ တိုင်းပြည်တွင် မိမိတို့ ကြိုက်နှစ်သက်ရာ ပန်း တိုင် ကို ရွေး ချယ် ပိုင် ခွင့် ရှိနေပေသည်။

သင်သည် ဤသို့ ပိုင်ဆိုင်ခွင့် ရှိပါသည်။ "ဤပန်းတိုင်ကား င ါရွေးချယ်သော ပန်းတိုင်ဖြစ်သည်။ ငါ ဤနေရာတွင် ဤ အလုပ်အကိုင်မှာ အအောင်မြင်လိုဆုံး စိတ်ဆန္ဒ ငါ့မှာရှိသည်"

သင်ရည်မှန်းသောပန်းတိုင်အတွက် လုပ်ဆောင်ခြင်း များ သည် ဘုရားသခင် ချမှတ်ထားသည့် နိယာမဥပဒေသများကို ကျူးလွန် ဖောက်ဖျက်ခြင်း မရှိခဲ့လျှင်၊ သို့မဟုတ် လူ့အဖွဲ့ အစည်းအတွက် ကျင့်သုံးရမည့် ဥပဒေသများကို ချိုးဖောက် ဖျက်ဆီးမှု မပြုပါလျှင် သင်သည် သင်ရည်မှန်းသည့်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိလိမ့်မည်။

မိမိရည်မှန်းထားသော ပန်းတိုင်သို့ ရောက်ရှိရန် မှန်ကန်စွာ ကြိုးစားအားထုတ်ကြသူများသည် အောင်မြင်မှုကို လက်ဆုပ် လက်ကိုင် ပိုင်ဆိုင်လျက် ရှိနေကြပေသည်။

မည်သည့်အရာကို ရရှိရန် ကြိုးစားရမည်ဟု အမျိုးအမည် သတ်မှတ်ရန်မှာ သင်၏ အခွင့်အရေးဖြစ်ရာ သင့်နှင့်သာ သက်ဆိုင်မှု ရှိပေသည်။

လူတိုင်းလူတိုင်း အက်စ်ဘီဖူးလားကဲ့သို့ ပြုလုပ်ရမည် မဟုတ်ပေ။ လူတိုင်းသည် အနုပညာရှင် ပန်းချီဆရာဖြစ်ရန် ကြိုးစားရမည်ဟု မပြောနိုင်ပါ။

များစွာသော လူသားတို့အတွက် ဘဝ၏ ကြွယ်ဝခြင်းဆိုသည်မှာ အမျိုးမျိုးအထွေထွေ ကွဲပြားခြားနားမှု ရှိပေသည်။ တစ်နေ့ပြီး တစ်နေ့ ပျော်ရွှင်ခြင်းနှင့် ချစ်ချင်းမေတ္တာ ပါသည့် ဘဝကို ရရှိအောင် ကျင်လည်စွာ စွမ်းဆောင်နိုင်ခြင်းသည် အောင်မြင်ခြင်းဟု ဆိုရသော်လည်း အခြားများစွာသော ဘဝ၏ အောင်မြင်ကြွယ်ဝမှု အမျိုးအမည်မှာ များစွာပင် ရှိနေပါသည်။

ရွေးချယ်ရန်ကား သင်၏တာဝန်သာ ဖြစ်ပေသည်။

အောင်မြင်ခြင်း ဆိုသည်မှာ ဖူးလားကဲ့သို့ ကြွယ်ဝမှု ဖြစ်ခြင်း၊ သို့မဟုတ် ဓာတုဗေဒဘာသာရပ်တွင် ဓာတ်သစ်တစ်ခု ရှာဖွေတွေ့ရှိခြင်း၊ သို့မဟုတ် ဂီတပညာရပ်တွင် သံစဉ်တစ်ခု တီထွင်နိုင်ခြင်း၊ နှင်းဆီပန်းပင် စိုက်ပျိုးနည်း အသစ် တစ်ခု ထူးခြားစွာ ဖော်ထုတ်နိုင်ခြင်း၊ သို့မဟုတ် ကလေးငယ်မွေးမြူ စောင့်ရှောက်ခြင်း အတတ်ပညာမှာ ထူးချွန်ပြောင်မြောက်ခြင်း စသည် စသည်များ ဖြစ်သည်။

မျက်စိဖြင့် မမြင်ရသော အဆောင်လက်ဖွဲ့ကို ကိုင်ဆောင်လျက် သင်ကြိုးစား အားထုတ်သောအခါ PMA စာလုံးများပါရှိသော မျက်နှာကို အထက်သို့ လှန်ထားလျက် PMA စာလုံးများနှင့် သင်ကြိုးစားလုပ်ကိုင်ပါလျှင် အောင်မြင်မှုကို သင်မုချရရှိနိုင်မည် ဖြစ်သည်။

NMA စာလုံးများ ပါသော မျက်နှာကို အထက်သို့ လှန်ထားလျက် NMA နှင့် သင်လုပ်ဆောင်ပါလျှင် သင်သည် အောင်မြင် ကြွယ်ဝချမ်းသာမှုကို လက်မခံဘဲ ပယ်လှန်ခြင်းကို ဖြစ်စေလိမ့်မည်သာတည်း။

ကံမကောင်းအကြောင်းမလှခြင်း ဒုက္ခတိုင်းတွင် ညီမျှသော၊ သို့မဟုတ် ထိုဒုက္ခထက် ကြီးမားသော အကျိုးကျေးဇူးဖြစ်စေမည့် မျိုးစေ့ပါရှိခြင်း

"သို့သော်လဲ ကျွန်တော့်မှာ ကိုယ်အင်္ဂါတစ်ခုခုချွတ်ယွင်း၍ နေခဲ့သော် စိတ်နေစိတ်ထားကို ပြုပြင်ပေးခြင်းအားဖြင့် ထိုအကြောင်းတရားက မည်သို့ အကူအညီပေးနိုင်မည်နည်း"ဟု သင်က မေးနိုင်ပါသည်။

ဤမေးခွန်းအတွက် မွေးဖွားလာစဉ်ကပင် လက် နှင့် ခြေထောက် မပြည့်စုံဘဲ မသန်မစွမ်းဖြစ်ခဲ့သူ တွမ်ဒမ်ဇေဆး၏ ဖြစ်ရပ်

မှန်ဇာတ်လမ်းကလေးက အဖြေပေးနိုင်ကောင်း ပေးနိုင်ပါပေပေလိမ့်မည်။

တွမ်သည် ညာဘက်ခြေထောက် အောက်ပိုင်း ပြတ်ပြီး ညာဘက်လက်ငုတ်တိုနှင့် မွေးဖွားလာခဲ့သူ ဖြစ်သည်။

သူသည် ကလေးငယ်ဘဝတွင် အခြားသော ကလေးများနည်းတူ ကစားခုန်စား ပြုလုပ်လိုစိတ် ရှိသည်။ သူ၏ ဘောလုံးကစားလိုစိတ်မှာလည်း အလွန်ပြင်းထန်သည်။ သူ၏ ဆန္ဒပြင်းထန်မှုကြောင့် မိဘများက သူ့အတွက် ခြေတုတစ်ခု ပြုလုပ်၍ပေးရသည်။ ထိုခြေတုမှာ သစ်သားဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။ ထိုသစ်သားခြေတုကို ဘောလုံးကန်ရှူးဖိနပ် တပ်ဆင်၍ ပေးထားသည်။

တွမ်သည် ထိုခြေတုဖြင့် ဘောလုံးကန်ခြင်းအလေ့အကျင့်ကို တစ်နေ့ပြီးတစ်နေ့ ဆက်လက်ပြုလုပ်သည်။ ဘောလုံးကို အဝေးဆုံးသို့ ပို၍ပို၍ရောက်ရှိအောင် ကြိုးစားအားထုတ်၍ ကန်ခြင်းအကျင့်ကို ဆက်လက်လေ့ကျင့်သည်။

ဤသို့ ဇွဲကောင်းကောင်းနှင့် လေ့ကျင့်ခြင်းအားဖြင့် သူ၏ဘောလုံး အဝေးကန်နိုင်ခြင်းမှာ ကောင်းစွာတိုးတက်၍ လာလေရာ နယူးအော်လင်းစိန့် ဘောလုံးအသင်းက သူ့အားဘောလုံးအသင်းတွင် ပါဝင်ရန် ငှားရမ်းလေတော့သည်။

စိန့်ဘောလုံးအသင်းနှင့် ဒီထရိုယော့လိုင်းယင်း ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဘောပွဲကြည့်ပရိသတ် ၆၆၉၁၀ တို့၏ဆူညံစွာ သြဘာပေးသံများ ထွက်ပေါ်လာအောင် တွမ်သည် ဘောလုံးကွင်းအလယ်တွင်း ၆၃ ကိုက်အကွာအဝေးအထိ ပွဲပြီးရန် ၂ စက္ကန့် အလိုမှာ သူ၏ခြေထောက် အကူဖြင့် ဘောလုံးကို ကန်လိုက်လေသည်။ ဤတွင် တွမ်၏ ဘောလုံးသင်းသည် အောင်ပန်းကို လှလှကြီး ဆွတ်ခူးသွားနိုင်လေတော့သည်။

ဒီထရိုယော့ ဘောလုံးအသင်းနည်းပြဆရာက ဤသို့ပြော၏။

"အံ့ဖွယ်သူရဲ ထူးကဲတဲ့ တန်ခိုးက ကျွန်တော်တို့ကို အနိုင်ယူသွားတာပါပဲ"

ဒီထရိုယော့ဘက်မှ ဘောလုံးသမားတစ်ဦးကမူ "ဒီ ဘောလုံးကို တွမ်ကန်တာ မဟုတ်ပါဘူး၊ ဘုရားသခင် ကန်ခြင်းပါပဲ" ဟု ဆိုလေသည်။

တွမ်သည် P M A ကို-စွဲကိုင်ကာ ဘုရားရှိခိုး ဆုတောင်းလျက် ဘောလုံးကန်ခြင်း အလေ့အကျင့်ကို ပြုလုပ်ခဲ့သည်။

"ဒီ ဇာတ်လမ်း က လေး က တော့ စိတ်ဝင် စားစရာပါပဲ။ သို့သော် တွမ်ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းနှင့် စာဖတ်သူ ကျွန်တော် ဘယ်လို ပတ်သက် စပ်ဆိုင်မှု ရှိပါသနည်း" ဟု မေးနိုင်ပါသည်။

"ကျွန်ုပ်တို့၏ အဖြေကတော့....

"စကြဝဠာဆိုင်ရာ ဖြစ်မြဲနိယာမ ဥပဒေသများကို နားလည် အသိအမှတ်ပြုခြင်း၊ ဆင်ခြင် သုံးသပ်လျက် ဆက်စပ်မှုများကို ကျေကျေညက်ညက် သဘောပေါက်ခြင်းနှင့် သုံးစွဲခြင်း အကျင့်ကို သင် မပြုလုပ်သဖြင့် သင့်တွင် ထိုဘာသာရပ်မှာ တိုးတက်မှု မရသေးသော ကာလပတ်လုံး ကျွန်ုပ်တို့ရဲ့ ဖြေဆို ပြောပြစရာ စကားလုံးကတော့ များစွာ နည်းလွန်းပါတယ်"

တွမ်၏ ဇာတ်လမ်းမှ သင် သိမြင် မှတ်သား နားလည် ထားစရာ လိုက်နာ ကျင့်သုံးစရာများကိုတော့ သင်၏ ခန္ဓာ ကိုယ်မှာ ချွတ်ယွင်းမှုများ ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ လူကြီးဖြစ်စေ၊ ကလေးငယ်များပင် ဖြစ်စေ အောက်ပါ စကြ ဝဠာ နိယာမနှင့် ဥပဒေသများကို ဖတ်ရှု နားလည် ဆင်ခြင် သုံးသပ်ခြင်းအားဖြင့် ရရှိနိုင်ပေလိမ့်မည်။

(၁) အဆင့်မြင့်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိရန် ညီးညီးတောက် ဆန္ဒပြင်းပြသူများထံသို့ ကြီးကျယ် မြင့်မြတ် ခြင်းသည် ရောက်ရှိ၍ လာသည်။

(၂) P M A နှင့် အမြဲတစေ ကျင့်ကြံ ကြိုးကုတ် အားထုတ် သူသည် အောင်မြင် ထမြောက်မှုကို ရရှိ၍ ထိုအောင်မြင်မှုကို ဆုပ်ကိုင်၍ ထားနိုင်သည်။

(၃) လူသားတို့ လုပ်ရှား လုပ်ဆောင်ရသည့် အလုပ်ကိစ္စ ဟူ ဟူသမျှတိုင်းတွင် ကျွမ်းကျင်သော အောင်မြင်သူ ဖြစ်ရန် လို အပ်သော အရာမှာ အလေ့အကျင့်....အလေ့အကျင့်.... အလေ့အကျင့်....။

(၄) လိုလားအပ်သော ပန်းတိုင်ကို အလေးအချာ သင်ရွေးချယ် တည်ဆောက်မိသောအခါမှာ အားထုတ်ရခြင်းသည် ပျော်စရာဖြစ်၍ လာသည်။

(၅) မိမိကိုယ် မိမိ စေ့ဆော်စိတ်ကို ဖြစ်ပွားစေကာ အောင်မြင်လိုသူများ တွေ့ရှိရသည့် ဒုက္ခတိုင်းတွင် ထိုဒုက္ခနှင့် ညီမျှသော၊ သို့မဟုတ် ထို ဒုက္ခရပ်ထက် ကြီးမားသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေနိုင်သည့် မျိုးစေ့ပါရှိသည်။

(၆) လူသားတို့၏ အကြီးမားဆုံးသော တန်ခိုး အင်အားသည် ထိုသူတို့ ဘုရားရှိခိုး ဆုတောင်းခြင်း၏ တန်ခိုးအတွင်းမှာ တည်ရှိသည်။

အထက်ဖော်ပြပါ စကြဝဠာ၏ နိယာမ ဥပဒေသများကို နားလည် သိတတ်လျက် အသုံးပြုနိုင်ရန်အတွက် သင်၏ မမြင်ရသော အဆောင်လက်ဖွဲ့၌ P M A ပါရှိသော မျက်နှာကို အထက်သို့သာ လှန်ထား သုံးစွဲပါလော့။

ကဗျာဆရာ ဟင်လေသည် အောက်ပါ အဓိပ္ပာယ် ရှိသည့် လင်္ကာကို ရေးစပ်ခဲ့သည်။

"ငါသည် ငါ့ကံကြမ္မာ၏ ဆရာသခင်ဖြစ်သည်။ ငါသည် ငါ့ဝိညာဉ်၏ မာလိန်မှူးဖြစ်သည်။"

သူက ကျွန်ုပ်တို့အား ဤသို့ နားလည်အောင် ပြောကြားနိုင်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကံကြမ္မာ၏ ဆရာသခင်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် ပထမ အနေနှင့် ကျွန်ုပ်တို့ စိတ်နေစိတ်ထား၏ ဆရာသခင် ဖြစ်သောကြောင့် ပါတည်း။ ကျွန်ုပ်တို့၏ စိတ်ထားများသည် ကျွန်ုပ်တို့၏ရှေ့တွင် ဖြစ်လတ္တံ့သော အကြောင်း ခြင်းရာများကို ပုံဖေလာင်း၍ ပေးသည်။ ဤအချက်သည် စကြဝဠာ၏ ဥပဒေသ ဖြစ်သည်။

ကဗျာဆရာသည် ကျွန်ုပ်တို့အား ပိုမို၍ နားလည်မှုရှိနေရန် အထူး အလေးအနက်ထား ကာ ဤသို့ ပြောပြနိုင်ပါသေးသည်။ ကျွန်ုပ်တို့၏ စိတ်နေ စိတ်ထားများသည် အဖျက် စိတ်နေ စိတ်ထား ဖြစ်စေ၊ အပြု စိတ်နေ စိတ်ထား ဖြစ်စေ ထို စကြဝဠာ၏ ဥပဒေသအရ စီရင်သည့်အတိုင်းသာ ခံကြရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ကြံစည်စဉ်းစားခြင်းနှင့် စိတ်နေစိတ်ထား ဖြစ်ရှိခြင်း အတိုင်း ရုပ်ဝတ္ထုများ အဖြစ်၊ သို့မဟုတ် အကောင် အထည်များ အဖြစ်သို့ ရောက်ရှိစေမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် Thought Poverty – ဆင်းရဲ နွမ်းပါး စိတ် ရှိသူတို့၏ စိတ်ကို ဘာသာပြန်ဆိုသောအခါ ထိုသူ ထား ရှိသည့် ဆင်းရဲ နွမ်းပါးစိတ် အတိုင်း ထိုသူ ဆင်းရဲနွမ်းပါး ရသကဲ့သို့ thoughts of riches – ချမ်းသာ ကြွယ်ဝစိတ် ထား ရှိ လျှင်လည်း ချမ်း သာ ကြွယ် ဝ ခြင်းကို ဖြစ်စေ လေသည်။

ကျွန်ုပ်တို့၏ စိတ်နေ စိတ်ထားက မိမိကိုယ်ကိုမိမိ ကြီးမား မြင့်မြတ်စွာ ရှိစေပြီး အခြားသူများ အပေါ်မှာ ရက်ရောမှု၊ ကြင်နာမှုများ ရှိခဲ့လျှင် ထို စိတ်နေ စိတ်ထားက ကြီးမား မြင့်မြတ်မှု၊ ရက်ရောမှုနှင့် သနားကြင်နာမှုအတွက် ရရှိခံစား ရမည့် အကျိုး ကျေးဇူး၏ အောင်မြင်မှု များကို ဆွဲယူထား မည့် ဖြစ်သည်။

စစ်မှန်စွာ ကြီးမြင့်သူ

ဆက်လက်၍ ဟင်နရီဂျေ ကိုင်ဇာ၏ အကြောင်း များကို ဆင်ခြင်စဉ်းစား ကြည့်ကြဦးစို့။ သူသည် စစ်မှန်စွာအောင်မြင် မှုကို ရရှိသူဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သူသည် သူ့ ကိုယ်သူ ကြီးမြင့်သူဟူသော စိတ်ထားကို ထားရှိသောကြောင့် ဖြစ်သည်။

ဂျေ ဟင်နရီကိုင်ဇာ နာမည်ပါသော ကုမ္ပဏီများ၏ စုစု ပေါင်း ပိုင်ဆိုင်သော ငွေတန်ဖိုးမှာ ဒေါ်လာ တစ်ဘီလီယံ ကျော်သည်။ အဘယ့်ကြောင့် ဤမျှအထိ ကြွယ်ဝ ချမ်းသာ ရသနည်းဆိုသော်...သူသည် အခြားသူများ အပေါ်တွင် ရက်ရောမှုနှင့် ကြင်နာသနား စိတ်ထား ရှိသော ကြောင့်ပင် ဖြစ်သည်။

သူသည် စကား မပြောနိုင်သူ များအား စကား ပြောစေ နိုင်သည်၊ မသွမ်း၊ မသန် ရှိနေသူများအား လူ့ လောကတွင်

အသုံးဝင်သူများ ဖြစ်လာစေသည်။ ရာပေါင်း ထောင်ပေါင်း များစွာသော လူမမာများအား အဖိုးအခ နည်းပါးစွာဖြင့် ဆေးကုသခွင့် ရရှိအောင် ဆေးရုံများကို တည်ဆောက်၍ ပေးသည်။ အားလုံးသော ထိုအခြင်းအရာများ ထွက်ပေါ်လာရခြင်းမှာ သူ့မိခင်က သူ၏စိတ်ဓာတ် အတွင်းသို့ ဖြောင့်မတ် မှန်ကန်သော PMA စိတ်ကူး စိတ်သန်းများ ဖြစ်ပွားစေသည့် မျိုးစေ့ကို ထည့်သွင်း စိုက်ပျိုး၍ ပေးလိုက်သော ကြောင့် ဖြစ်သည်။

ဟင်နရီကိုင်ဇာ၏ မိခင် မေရီကိုင်ဇာသည် တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်ကို သူ့သားအား ပေးအပ်ခဲ့သည်။ သူမသည် သားဖြစ်သူအား လူ့ဘဝတွင် အကြီးမားဆုံး တန်ဖိုးရှိသည့် အချက်ကို သိရှိနားလည်ပြီး လက်တွေ့ လုပ်ဆောင်ရန်ကိုသည်း သင်ကြား၍ ပေးသည်။

(၁) **တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်။** ။မေရီကိုင်ဇာသည် သူမ၏ အလုပ်အတွက် တစ်နေ့တာ တာဝန်ကို ထမ်းဆောင်ပြီးသည့် နောက်မှာ ကံမကောင်း အကြောင်းမလှသူများအား ကူညီရန်အတွက် နာရီအတော်ကြာမျှ စေတနာ့ဝန်ထမ်း သူနာပြု လုပ်ငန်းကို လုပ်ဆောင်သည်။

သူမ၏သားအား ခဏခဏ ဤစကားကို ပြောပြလေ့ ရှိသည်။ "ဟင်နရီ အလုပ် မလုပ်ဘဲနှင့် ဘယ်တော့မှ ဘာ မအောင်မြင်မှုကိုမျှ မရနိုင်ဘူး၊ အကယ်၍ မင်းအတွက် အမေ

ဘာတစ်ခုမျှ မထားရစ်နိုင်ခဲ့သော်လဲ အလုပ်လုပ်ရန် သေတမ်းစာ the will to work ကိုတော့ ထားရစ်ခဲ့မယ်၊ တန်ဖိုးဖြတ်၍ မဖြစ်နိုင်အောင် တန်ဖိုးကြီးမားသည့် လက်ဆောင် တစ်ခုကိုလဲ အမေ မင်းအတွက် ထားရစ်ခဲ့ဦးမယ်၊ အဲဒါကတော့ အလုပ်လုပ်ခြင်း၏ ဝမ်းမြောက် ရွှင်လန်းမှု — the joy of work ဖြစ်တယ်"

(၂) ကျွန်တော့်ဘဝမှာ တန်ဖိုးအကြီးမားဆုံးအရာ။ ။ "ထိုအရာကား ကျွန်ုပ်၏ မိခင်ပင် ဖြစ်ပါသည်" ဟု ဟင်နရီ ဂျေကိုင်ဇာက ပြောပြသည်။

သူက ဤသို့ ဆက်လက်၍ ပြောပြသေး၏။

"ကျွန်တော်၏ အမေက မိမိတို့ဘဝမှာ တန်ဖိုးအကြီးမားဆုံး ရှိသည့် အရာအချို့၏ အကြောင်းကို ပြောပြပါတယ်၊ ထိုအရာများ အနက် လူသားများ အပေါ်မှာ မေတ္တာထားခြင်းနှင့် လူသားများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးခြင်းများ ပါဝင်ပါတယ်၊ လူ့ဘဝမှာ လူသားများကို မေတ္တာထား၍ သူတို့အကျိုးအတွက် အမှုထမ်းရွက်ပေးခြင်းသည် လူ့ဘဝမှာ အဖိုးအထိုက်တန်ဆုံး ဖြစ်တယ်ဆိုတာ ကိုလဲကျွန်တော့်အား အမေက ပြောပြလေ့ရှိသည်။

ဟင်နရီဂျေ ကိုင်ဇာသည် PMA ၏ တန်ခိုး အင်အားကြီးမားကြောင်းကို သိရှိနားလည်သူဖြစ်သည်။ ထိုတန်ခိုးသည် သူ့အတွက် သော်လည်းကောင်း၊ သူ့တိုင်းပြည်အတွက် သော်လည်းကောင်း မည်သို့မည်ပုံ အကျိုးထွက်အောင် လုပ်ဆောင်

ပေးနိုင်သည် ဆိုခြင်းကိုလည်းကောင်း သိရှိနားလည်ထားသူ ဖြစ်ပေသည်။

သူသည် NMA ၏ အဖျက်အင်အားကိုလည်း နားလည်ထားသည်။

ဒုတိယကမ္ဘာစစ် အတွင်းက သူသည် သင်္ဘော စင်းရေ ၁၅၀ ကို အလျင်အမြန်တည်ဆောက်၍ပေးခဲ့ရာ ကမ္ဘာအား တုန်လှုပ်ချောက်ချားမှုကို ဖြစ်စေခဲ့သည်။

"ကျွန်ုပ်တို့ ၁၀ ရက်လျှင် လစ်ဘာတီ သင်္ဘောတစ်စင်းကျ ပြီးအောင် တည်ဆောက်နိုင်တယ်"ဟု ဟင်နရီဂျေကိုင်ဇာက ပြောပြရာ ကျွမ်းကျင်မှုရှိသူ ပါရဂူများက "ဒါ မဖြစ်နိုင်ပါဘူး" ဟု ငြင်းဆိုခဲ့သည်။

သို့သော် ကိုင်ဇာသည် ၁၀ ရက်လျှင် သင်္ဘောတစ်စင်းစီ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယုံကြည်မှု ရှိသူများ၏ အပြုံစိတ်ထားကို ပျက်ပြားသွား အောင်ပြုလုပ်၍ မရနိုင်ပေ။

ယုံကြည်မှု ရှိသူများသည် အဖျက်လုပ်ငန်းကို ပယ်လှန်ပစ် နိုင်ကြသည်။ ထိုသူတို့သည် အပြုံစိတ်ထားပါသော အဆောင် လက်ဖွဲ့၏မျက်နှာကို အထက်သို့လှန်၍ ကိုင်ဆောင်ထားသူများ ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ဆိုခဲ့ပြီးအဆောင်လက်ဖွဲ့ကို

ကိုင်ဆောင်ရာ၌ အဘယ်ကြောင့်သတိရှိရမည်ဆိုသည်ကို သိနားလည် နိုင်ကြပေသည်။

အဆောင်လက်ဖွဲ့၏ PMA မျက်နှာဘက်သည် သင့်အား ကောင်းကျိုးချမ်းသာ အဖြာဖြာကို ပေးအပ်နိုင်သည်။ သင်၏ အခက်အခဲ များကိုလည်း ကျော်လွှား သွားစေနိုင်သည်။ ထို့အပြင် သင်၏ စွမ်းအင်ကိုလည်း တုတ်ဖော်၍ ပေးနိုင်ပေသေးသည်။

PMA မျက်နှာကို အထက်သို့လှန်၍ ကိုင်ဆောင်သူသည် သူ၏ ယုဉ်ပြိုင်ဘက်များအား ကျော်လွှားပြီး ရှေ့သို့ တိုးတွက်လျက် ပန်းတိုင်အထိ အရောက်သွားနိုင်စေသည်။ ထိုသူသည် ဂျောင်နရီကိုင်ဇာကဲ့သို့ပင် မဖြစ်နိုင်ပါဆိုခြင်းကို အစစ်အမှန်ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သို့ရာတွင် NMA စာလုံးများ တွင်းထားသော မျက်နှာတွင်လည်း အင်အားများ ရှိပါသည်။ ထို အင်အားသည် ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းကို ဆွဲယူမည့်အစား စိတ်လျှော့အားငယ်ခြင်းနှင့် ရှုံးနိမ့်ခြင်းများကို ဆွဲယူမည် ဖြစ်သည်။

အခြားသော တန်ခိုးအင်အားများနည်းတူပင် မေ့ပြစ်ပြီး အဆောင်လက်ဖွဲ့သည် အကယ်၍ ထိုလက်ဖွဲ့ကို ကျွန်ုပ်တို့သည် ကောင်းမွန် မှန်ကန်စွာ မသုံးစွဲတတ်ပါလျှင်.... ကြောက်စရာ ဘေးအန္တရာယ်ကိုပင် ဖြစ်စေလေသည်။

NMA ၏ အင်အားက
မည်သို့ကောင်းကျိုးကို လက်မခံပုံ

NMA ၏ အင်အားက မည်သို့ကောင်းကျိုးကို လက်မခံပယ်လှန်ပုံအတွက် စိတ်ဝင်စားစရာ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု ရှိပါသည်။

အမေရိကန် တောင်ပိုင်းနယ်တွင် ထိုဇာတ်လမ်း ဖြစ်ပွားခဲ့သည်။ တောင်ပိုင်းနယ်၌ အိမ်များတွင် အနွေးဓာတ်ရစေရန် ထင်းမီးကို အသုံးပြုကြသောအချိန်က ဖြစ်ပါသည်။ ထိုနယ်တွင် အောင်မြင်မှု မရသည့် ထင်းခုတ်သမား တစ်ဦးရှိသည်။ သူသည် ၂ နှစ်တာမျှ အချိန်ကြာသည့်တိုင်အောင် အိမ်များသို့ ထင်းများကို ပေးသွင်းခဲ့သည်။

ထင်းခုတ်သမားသည် ထင်း၏ အလုံးကို လက်မထက် လုံးပတ်မကြီးရ ဆိုသည်ကို သိသည်။ သို့မှသာ မီးဖိုတွင်းသို့ ထင်းချောင်းကို သွတ်သွင်း၍ အလွယ်တကူရမည် ဖြစ်သည်။

တစ်ကြိမ်သောအခါတွင် ဖောက်သည်ဟောင်း တစ်ဦးက သူ့ထံမှ ထင်းတစ်စီး ပို့ပေးရန် မှာကြားသည်။ အိမ်ရှင် အိမ်ပြင်သို့ သွားနေဆဲတွင် ထင်းခုတ်သမားသည် မှာကြားသော အရွယ်ထက်ကြီးသည့် ထင်းတုံးအကြီးများကို ထိုအိမ်သို့ ပို့ပေးလိုက်သည်။

အိမ်ရှင်သည် သူ့အိမ်သို့ ပြန်ရောက်လာသောအခါ အရွယ်ကြီးမားနေသော ထင်းတုံးများကို တွေ့ရသဖြင့် ထင်းခုတ်သမားအား ဖုန်းဆက်၍ ထင်းတုံးအကြီးများကို အရွယ်အငယ်စားများနှင့် လဲပြီးပေးပါ၊ သို့မဟုတ် ထင်းတုံးအကြီးများကို ခွဲစိတ်ပေးရန် ပြောသည်။ သို့သော် ထင်းခုတ်သမားက လဲ၍လည်းမပေးနိုင်၊ ခွဲစိတ်၍လည်း မပေးနိုင်ဟု ပြောသည်။ ခွဲစိတ်ရခြင်းသည် ပို့ပေးထားသော ထင်းများထက် တန်ဖိုးက ပိုပြီးများသည်ဟုလည်း သူက ပြောသေးသည်။

ဤတွင် အိမ်ရှင်သည် သူ့ရှပ်အင်္ကျီကို လက်ပင့်တင်ပြီး ထင်းများကို ခွဲစိတ်ရလေတော့သည်။ အနည်းငယ်မျှ အချိန်ကြာ၍ အလုပ်ထက်ဝက်ခန့် ပြီးစီးသွားသောအခါ အိမ်ရှင်သည် ထင်းတုံးတစ်ခု၏ ဖုထစ်နေသောနေရာကို ပိတ်ဆို့ထားသော အပေါက်တစ်ခုကိုတွေ့မြင်ရသဖြင့် ထင်းတုံးကိုကောက်၍ ကိုင်ကိုက်ရာ သာမန်ထက် ပေါ့နေသည်ကို တွေ့ရသည်။

အပေါက်ပိတ်ဆို့ထားသောနေရာမှာ အခေါင်းဖြစ်နေဟန်ရှိသည်။ သူသည် ပုဆိန်ဖြင့် ထိုနေရာကို ခွဲလိုက်သောအခါ မည်းနေသော သံဘူးတစ်ခု ထွက်လာရာ ဘူးကို ဖွင့်ကြည့်သော အခါ ဒေါ်လာကစ်ရာတန်နှင့် ငါးဆယ်တန် ငွေစက္ကူများကို တွေ့ရသည်။ ငွေစက္ကူများကို ဖြည်းဖြည်းချင်းရေတွက်ကြည့်ရာ ဒေါ်လာ ၂၂၅၀ နီးရှိသည်ကို တွေ့ရသည်။

အိမ်ရှင်သည် တယ်လီဖုန်းဆက်၍ ထင်းရောင်းသူအား ထို ထင်းများကို မည်သည့်နေရာမှ ခုတ်ယူရရှိခဲ့သနည်းဟု မေးကြည့်သည်။ သူ၏ရည်ရွယ်ချက်မှာ တွေ့ရှိရသော ငွေများကို ပိုင်ရှင် အမှန်သို့ ပြန်ပေးနိုင်ရန် ဖြစ်သည်။ အိမ်ရှင်သည် PMA ကို ကိုင်ဆောင်ထားသူ ဖြစ်သည်။

သို့သော်ထင်းရောင်းသူက "ဒါ ကျွန်ုပ်အလုပ်ပါ၊ ခင်ဗျား အလုပ် မဟုတ်ပါဟု ပြောသည့်အပြင် မိမိ လျှို့ဝှက်ချက်ကို သူ တစ်ပါးအား ပြောလျှင် မိမိအား ခဏခဏ အလိမ်ခံရမှာပဲ" ဟု ပြောပြီး တယ်လီဖုန်း စကားပြောခွက် အောက်သို့ ချလိုက်လေသည်။ သူ့မှာ NMA စိတ်ထားသာ ရှိသည်။

အိမ်ရှင်သည် ထင်းခုတ်ခဲ့သော နေရာကိုသိရှိရန် ကြိုးစားသော်လည်း မည်သို့မျှမရတော့ပေ။ ငွေရှင်များကိုလည်း မသိနိုင်တော့ပေ။

ဤအဖြစ်အပျက်ကလေးမှာ ရယ်စရာတော့ မဟုတ်ပါ။ မဆီမဆိုင် စကားလည်း မဟုတ်ပေ။ အိမ်ရှင်သည် PMA သမားဖြစ်ရာ ငွေကိုရသည်။ ထင်းရောင်းသူသည် NMA သမားဖြစ်ရာ ငွေကို ရရန် ရှိလျက်နှင့် မရတော့ပေ။

လူ့ဘဝတွင် လူတိုင်းလောက် အတွက် ကံကောင်းရန် အကြောင်းတရားများ မကြာခဏ ပေါ်ပေါက်၍ လာ

တတ်ရာ PMA သမားသည် ကောင်းကျိုးချမ်းသာကို အလွယ်တကူ ရရှိတတ်သည့်အပြင် ဆိုးကျိုးများကိုလည်း အလိုအလျောက်ပင် ကာကွယ်ပြီးသား ဖြစ်သွားတတ်ပေသည်။

NMA သမားသည် သူ့ထံသို့ ရောက်နေသော ကောင်းကျိုး ချမ်းသာများကိုပင် ဖယ်ရှားဆန့်ကျင်၍ ပစ်ပယ်တတ်လေသည်။

အေအာလန်၏ ကိုယ်တွေ့

အမေရိကန်နိုင်ငံ၌ စုပေါင်း အာမခံ ကုမ္ပဏီ တစ်ခုတွင် အာမခံစာချုပ် ရောင်းသူများအဖွဲ့ဝင် အေအာလန် အမည်ရှိ ပုဂ္ဂိုလ် တစ်ဦး ရှိရာ သူသည် ကုမ္ပဏီ၏ စာချုပ်အရောင်း အကောင်းဆုံးသူ တစ်ဦး ဖြစ်လိုခဲ့သော ဆန္ဒ ရှိသည်။ သူသည် တက်ကျမ်းများမှလည်းကောင်း၊ မဂ္ဂဇင်းများမှလည်း ကောင်း PMA ၏ တန်ခိုးအား အကြောင်းကို ဖတ်၍ သိရှိထားရာ ထို PMA ကို လက်တွေ့ ကျင့်သုံးရန် ကြိုးစားနေသူ ဖြစ်သည်။

သူသည် success unlimited = အောင်မြင်ခြင်း အကန့်အသတ် မရှိမဂ္ဂဇင်း၌ ဖော်ပြပါရှိသော "မအောင်မြင်မှုမှ စိတ်ဓာတ်အင်အား တက်ကြွကွန့်မြူးစေခြင်း" ခေါင်းစီးပါ အယ်ဒီတာ၏ ခေါင်းကြီးပိုင်းကို ဖတ်ရှုထားသူသည်း ဖြစ်ပေသည်။

အချိန်များများ မကြာလှပါ။ သူ ဖတ်ရှု ထားသော အကြောင်းအချက်များကို စမ်းသပ်ရန် ကိစ္စနှင့် သူ တွေ့ကြုံ၍ လာသည်။ သူသည် ကံမကောင်း အကြောင်းမလှမှုနှင့် တွေ့ကြုံခဲ့ရသည်။

တွေ့ကြုံရပုံမှာ ဤသို့ဖြစ်၏။

မအောင်မြင်မှုမှ
စိတ်ဓာတ်အင်အား တက်ကြွ ကွန့်မြူးစေခြင်းသို့

ဆောင်းတွင်းအချိန် တစ်နေ့သော အေးချမ်းလှသည့် နံနက်ခင်းတွင် အေအလန်သည် ဝစ္စကွန်ဆင်နယ်၌ စတိုးဆိုင်များသို့ လာရောက်ပြီး အာမခံ စာချုပ်များကို ရောင်းချသည်။ စိတ်ပါလက်ပါ မရှိလှဘဲ အေးစက်စက်နှင့်သော ဆိုင်ရှင်များအား အာမခံ စာချုပ်များကို ရောင်းချလေရာ သူ့မှာ စာချုပ် တစ်စောင်ကိုမျှ ရောင်းချခဲ့ရခြင်း မရှိပေ။

ဤတွင် သူသည် ဓမ္မတာအတိုင်း စိတ်မကျေမနပ် ဖြစ်ရသည်။ ကာစ်နည်းဆိုရသော် သူ့မှာ ကံမကောင်း အကြောင်းမလှခြင်းနှင့် တွေ့ကြုံရခြင်းပင် ဖြစ်သည်။

သို့ရာတွင် P M A စိတ်ထားအကြောင်း နားလည်နေသူ ဖြစ်သည့်အတိုင်း အေအလန်သည် မအောင်မြင်မှုမှ စိတ်ဓာတ်

အင်အား တက်ကြွ ကွန့်မြူးစေခြင်း ဖြစ်အောင် သူ၏ စိတ်နေ စိတ်ထားကို ပြောင်းလွဲပေးလိုက်သည်။

အဘယ့်ကြောင့် သူ ဤသို့ စိတ်ထား ပြောင်းလဲသွားနိုင်ရသနည်း ဆိုသော် အထက်၌ ဖော်ပြခဲ့ပြီးအတိုင်း "အောင်မြင်ခြင်း အကန့်အသတ် မရှိ" မဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းကို ဖတ်ရှုဆင်ခြင်ထားသောကြောင့် ဖြစ်သည်။ သူသည် ထိုမဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းကို မှတ်မိ သတိရနေသည်။ သူ သည် အယ်ဒီတာ၏ ညွှန်းဆိုချက်အတိုင်း လိုက်နာခြင်း ဖြစ်သည်။

နောက်တစ်နေ့ အာမခံရုံးမှ အပြင်သို့ ထွက်၍ အာမခံ စာချုပ်များ ရောင်းချရန် မသွားမီတွင် အေးအေးလန်သည် သူ၏ လုပ်ဖော် ကိုင်ဖက်များအား လွန်ခဲ့သောနေ့က သူ၏ ကံမကောင်း အကြောင်းမလှခဲ့ပုံများကို ပြောသည်။

တစ် ဆက် တည်းပင် သူက ဤသို့ ဆက်လက် ပြောပြ သေးသည်။

"ဒါပေမယ့် အခု မင်းတို့ စောင့်ကြည့်ကြပါ၊ မနေ့က ငါ သွားရောက် တွေ့ဆုံခဲ့ရပြီးသူများထံကိုပဲ ဒီနေ့ ဆက်သွား ပြီး အာမခံ စာချုပ်ကို ရောင်းမယ်၊ ငါ ရောင်း ရ သမျှ စာချုပ်ရဲ့ ငွေတန်ဖိုးဟာ မင်းတို့ အားလုံး စုပေါင်း ရောင်းရ သမျှ ငွေထက် ပိုပြီး များရမယ်"

အေအာလန်သည် ထူးထူးခြားခြား သူ ပြောထားခဲ့သလို ပြုလုပ်သည်။ သူသည် P M A ကို ကိုင်စွဲလျက် ယမန်နေ့က သူ တွေ့ဆုံပြီးသား ဆိုင်ရှင်များ အားလုံးထံသို့ သွားရောက်ပြီး အာမခံ စာချုပ်များကို ရောင်းချသည်။

သူသည် ထိခိုက်နာကျင်မှု အာမခံ စာချုပ်အသစ် ၆၆ စောင်ကို ရောင်းချခဲ့ရသည်။

ဤအဖြစ်သည် ထူးခြားသော အောင်မြင်မှု တစ်ရပ် ဖြစ်သည်။ ဤအဖြစ်ကို ကျွန်ုပ်တို့ ဆင်ခြင် စဉ်းစားကြည့်လျှင် ဤသို့ တွေ့ရမည် ဖြစ်သည်။

အေအာလန်သည် ကံမကောင်း အကြောင်းမလှခြင်းကြောင့် လေဟူးဟူး တိုက်ခတ်နေသည့် ဆောင်းတွင်း နံနက်ခင်း အချိန်မှာ ရှစ်နာရီကြာမျှ လျှောက်သွားကာ စတိုးဆိုင်များ အတွင်း ဝင်ရောက်ပြီး အေးတိအေးစက်နှင့် အာမခံစာချုပ်များကို ရောင်းချခဲ့ရာ လုံးဝ မအောင်မြင် ဖြစ်ခဲ့ရသည်။ သို့ရာတွင် အေအာလန်သည် ဝမ်းနည်း အားလျော့ မနေဘဲ သူ၏ စိတ်နေ စိတ်ထားကို ပြန်လည် ပြုပြင်နိုင်စွမ်း ရှိသည်။ သူ မကျေမနပ်ဖြစ်မည်မှာ ဓမ္မတာပင် ဖြစ်သည်။ သို့သော် သူသည် မကျေမနပ် ဖြစ်နေခြင်း အဖျက် စိတ်ထားမျိုးကို စိတ်ဓာတ် အင်အား တက်ကြွ ကွန့်မြူးခြင်း ဖြစ်စေရန် သူ၏ စိတ်ကို ပြောင်းလဲ၍ ပေးနိုင်ခဲ့သည်။ — He was able to convert the negative kind of dissatisfaction into inspirational dissatisfaction.

၅ ဒုတိယအကြိမ်

သို့ဖြစ်လေရာ အေအလန်သည် ယနေ့ မအောင်မြင်သူ အဖြစ်မှ နောက်တစ်နေ့တွင် အောင်မြင်သူ ဘဝကို ရရှိနိုင်လေသည်။

ထို့ကြောင့် သူသည် ကုမ္ပဏီ၏ စာချုပ် အရောင်း အကောင်းဆုံး လူအဖြစ်ကို ရရှိသည်။ မကြာမီ အချိန်အတွင်း မှာပင် သူသည် ကုမ္ပဏီ၏ စာချုပ် အရောင်း ဌာနတွင် မန်နေဂျာ အဆင့်သို့ တိုးမြှင့် ရောက်ရှိသွားလေသည်။

အချိန်နာရီ တစ်သိန်း

အသက် ၂၅ နှစ်ရှိသူသည် သူ၏ အသက် ၆၅ နှစ်၌ အလုပ်မှ အငြိမ်းစား ယူခဲ့သော် သူ့တွင် အလုပ် လုပ်ရန် အချိန် နာရီပေါင်း တစ်သိန်း ရှိပေသည်။ သင်သည် ထိုနာရီပေါင်း တစ်သိန်း အနက်မှ ကြီးမားသော အင်အားပါရှိသည့် P M A ဖြင့် အသက်ဝင် လှုပ်ရှားကာ နာရီပေါင်း မည်မျှကြာအောင် အလုပ်ကို လုပ်ဆောင်ပါသနည်း။

လူပေါင်း မည်မျှများများ ထိုအလုပ်ချိန် နာရီတစ်သိန်း အနက်မှ စူးရှ ထက်မြက်လှသည့် N M A ၏ လက်သီးထိုး နှစ်ချက်ကြောင့် ဘေးသို့ လွင့်ထွက်သွားကာ ဘဝ၏ အချိန်ကာလများကို ကုန်ဆုံးနေရပါသနည်း။

ဤတွင် သူသည် N M A ကို အသုံးမပြုမိစေဘဲ P M A ကိုသာ အသုံးပြုရန် မည်သို့ လုပ်ပါမည်နည်း။

အချို့သော လူသားများသည် P M A ၏တန်ခိုးအင်အား ကို သူတို့၏ ပကတိစိတ်ထား အရပင် (instinctively) အသုံးပြု နေဟန်ရှိသည် ကိုတွေ့ရှိနိုင်သည်။ဥပမာ ဖိုဒ်ကားများကို တီထွင် ဖန်တီးသူ ဟင်နရီဖို့ဒ်သည် ထို သို့ခဲ့ပြီး ပုဂ္ဂိုလ် များတွင် တစ်ဦး အပါအဝင် ဖြစ်သည်။

အခြားသော ပုဂ္ဂိုလ်များမှာ P M A ၏ တန်ခိုးအင်အား များကို သုံးစွဲသွားတတ်ရန်သင်ကြားယူကြရလေသည်။

အေအလန်မှာမူ သူဖတ်ရှုရသောစိတ်ဓာတ်အင်အားတက်ကြွ ကွန့်မြူးစေသည့် မဂ္ဂဇင်းများနှင့် စာအုပ်များကို ဖတ်ရှုဆင်ခြင် လျက် ကောင်းကျိုးဆက်စပ်မှုများ စဉ်းစားသုံးသပ်ကာ ဖတ်ရှုရ ပြီး အချက်များကို ကျေကျေညက်ညက် မှတ်မိ နားလည်ခြင်း အားဖြင့် P M A ၏ တန်ခိုးအင်အား အကြောင်းများကိုသင် ယူ ခဲ့ရလေသည်။

သင်ယခုဖတ်နေသော "အပြုစိတ်ထား အောင်မြင်ထင်ရှား" စာအုပ်သည် ဆိုခဲ့ပြီးစာအုပ်မျိုး ဖြစ်သည်။

သင် သည်လည်း P M A စိတ်ဓာတ် တိုးတက်ဖွံ့ဖြိုးရန် သင်ယူနိုင်ပါသည်

လူအချို့တို့သည် P M A စိတ်ဓာတ်ကို အချိန်အနည်းငယ် ကြာမျှ ကျင့်သုံးကြပါ၏။ သို့ရာတွင် သူတို့သည်သူတို့၏လိုလားမှု

နှင့်ဆန့်ကျင်ဘက် ဖြစ်လာသောအခါ သူတို့၏စိတ်မှာ faith = ခေါ် ယုံကြည်မှု ကင်းလွတ် လာကြသည်။

သူတို့သည် P M A စိတ်ဓာတ် ထားရှိရန် အစတွင် အမှန် အတိုင်း လိုက်နာကြပါ၏။ သို့ရာတွင် သူတို့ ထံမှောက် သို့ အကြောင်းကြောင်းကြောင့် ကံမကောင်း အကြောင်း မလှမှု အချို့ရောက်ရှိလာသောအခါ ကြောက်ရွံ့စိတ် ဖြစ်ပေါ်လျက် သူတို့ ကိုင်ဆောင်ထားသည့် လက်ဖွဲ၏ အမှားဘက် မျက်နှာကို လှန်၍ ကိုင်ဆောင်မိကြလေတော့သည်။

စိတ်ဓာတ်အင်အားနှင့် အမြဲတစေ ကြိုးစားနေသူများသည်သာ အောင်မြင်မှုကို ရယူထိန်းသိမ်း ထားနိုင်ကြသည်ဆိုသော အမှန်တရားကို သိရှိနားလည်ရန်တွင် သူတို့ ပျက်ကွက် ကြသည်။ သူတို့သည် နာမည်ကျော် ပြိုင်မြင်း ဂျွန်ပီဂရီးယားနှင့် တူသည်။ ဂျွန်ပီဂရီးယား ပြိုင်မြင်းသည် အမျိုးကောင်း ဖြစ်လျက် ပြိုင်ပွဲများမှာ အနိုင်ရရှိရေးအတွက် မျှော်လင့်ချက် များစွာ ရှိသည်။

ဤသို့ရှေ့ရေးအလားအလာကောင်းသည့်အလျောက် မြင်း စောင့်ထား၍ ကောင်းစွာချော့မော့ကျွေးမွေးပြီး နေရာကောင်း မြင်းဇောင်းမှာ မွေးမြူသည်။ လေ့ကျင့်ပေးသူ မြင်းထိန်းနှင့် ကောင်းစွာ အလေ့အကျင့် ယူစေသည်။

သို့ဖြစ်ရာ အမြဲတမ်းပြိုင်ပွဲမှာ အနိုင်ရနေသည့် မင်းအိုဝါး မြင်းကို အနိုင်ယူမည့်မြင်းမှာ ဤဂျွန်ပီဂရီးယားသာ ရှိသည်ဟု ယူဆ ထားကြသည်။

သင်၏စိတ်နေစိတ်ထားတွင်
ငါရှုံးနိမ့်ခဲ့ရပြီဟု အစွဲ မဝင်ပါစေနှင့်

၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် အက္ကိမာတ်မြင်းပြိုင်ပွဲ၌ ထို မြင်းနှစ်ကောင် ယှဉ်ပြိုင်ကြရလေသည်။ ထိုနေ့သည် မြင်းပြိုင်ပွဲ မှတ်တမ်းတွင် ထူးခြားသော နေ့တစ်နေ့ဖြစ်သည်။

မြင်းပွဲလာ အားလုံးသော ပရိသတ်များ၏ မျက်လုံးများ သည် ထိုမြင်းနှစ်ကောင် ပြိုင်ပွဲစတင်၍ လွှတ်မည့် ဂိတ်နေရာမှာသာ စူးစိုက်စွာ ကြည့်နေကြသည်။

မြင်းနှစ်ကောင် ယှဉ်ပြိုင်၍ပြေးကြလေပြီ။ တစ်ကောင်နှင့် တစ်ကောင် ညီညီညာညာ သူမသာကိုယ်မသာ ထွက်ခွာ၍ပြေး နေကြသည်။

ပြိုင်ပွဲခရီး၏ လေးပုံတစ်ပုံ တာဝေးအရောက်အထိ မြင်းနှစ် ကောင်၏ ဦးခေါင်းများမှာပြိုင်တူဖြစ်နေဆဲပင်။ ခရီးတစ်ဝက် မှာလည်း ထိုအတိုင်းပင်။ ခရီး၏လေးပုံသုံးပုံမှာပင် မြင်းနှစ် မှာ သူမသာ ကိုယ်မသာ ယှဉ်လျက်သားရှိနေပါသည်။

ထို့နောက် ပန်းတိုင်ဘက်သို့ ခရီးနီးလာသောအခါ ဂျွန်ပီဂရီးယားသည် ပွဲကြည့်လူထုအား မတ်မတ်ထလိုက်စေလေတော့သည်။ တဖြည်းဖြည်းနှင့် ဂျွန်ပီဂရီးယား၏လည်ပင်းက ရှေ့သို့ အနည်းငယ်မျှ ပိုထွက်လာသည်။

ဤတွင် ထိုအချိန်သည် မင်းအိုဝါးကို စီးသည့် ဂျော်ကီအတွက် သေရေးရှင်ရေးအချိန်ပင် ဖြစ်လာလေသည်။ မင်းအိုဝါးကိုစီးသည့် ဂျော်ကီသည် သန္နိဋ္ဌာန်ချလိုက်သည်။ ဂျော်ကီသည် နာမည်ကျော် မင်းအိုဝါး၏ နောက်ပိုင်းဘက်သို့ ကြာပွတ်ဖြင့် နာနာကလေး ရိုက်ခတ်လိုက်သည်။

မင်းအိုဝါးသည် ဂျော်ကီက သူ့အမြီးအား မီးစနှင့်ထိုးလိုက်သကဲ့သို့ တုံ့ပြန်ခဲ့လေတော့သည်။ မင်းအိုဝါးသည် ကျည်ဆန်ကို လွှတ်လိုက်သကဲ့သို့ ဂျွန်ပီဂရီးယား၏ ရှေ့သို့ တစ်ဟုန်ထိုး ထွက်ပြေးလေတော့ရာ ပြိုင်ဘက်ဖြစ်သည့် ဂျွန်ပီဂရီးယား မြင်းမှာ ရပ်နေသကဲ့သို့ပင် ထင်မှတ်ရတော့၏။

ပြိုင်ပွဲ ပန်းဝင်သောအခါ မင်းအိုဝါးသည် ဂျွန်ပီဂရီးယားထက် ခုနစ်လျားပို၍ ရှေ့သို့ရောက်နေလေသည်။

ဤမြင်းပြိုင်ပွဲကို ကြည့်မြင်ရာ၌ ကျွန်ုပ်တို့၏ ရှုထောင့်အမြင်မှာ အရေးရှုံးနိမ့်သွားရသည့် ဂျွန်ပီဂရီးယားအား မည်မျှ အထိ နောက်တွင် ဆက်လက်ပြီး ရှုံးနိမ့်ရမှု၏ ဒဏ်ချက်ကို ခံစားရသည့် အကြောင်းပင် ဖြစ်သည်။

PDF Creator - nyeyadhamma@gmail.com

ဂျွန်ပီဂရီးယားမှာ မြင့်မားသော စိတ်ခွတ်အင်အား ရှိခဲ့သည်။ အောင်နိုင်ခြင်း ဆိုသည်မှာ သူ၏ စိတ်နေ စိတ်ထား ဖြစ်သည်။ သို့ရာတွင် ဆိုခဲ့ပြီးပြိုင်ပွဲတွင် သူ၏ ရှုံးနိမ့်ရမှုအတွေ့ အကြုံသည် သူ့အား အသစ်တစ်ဖန် ပြန်လည်၍ စိတ်ခွတ် အင်အား တက်ကြွမှုကို မဖြစ်စေနိုင်တော့ပေ။

ထို့နောက် အားလုံးသော ပြိုင်ပွဲများတွင် ဂျွန်ပီဂရီးယား သည် ချည့်နဲ့လျက် စိတ်ဓါတ်ပါ ဖြစ်ကာ မည်သည့်အခါမျှ အနိုင်မရတော့ပေ။

လူသားများသည် ပြိုင်ပွဲဝင် မြင်းများ မဟုတ်ကြပါ။

သို့ရာတွင် လူသားများသည် ၁၉၂၀ ပြည့်နှစ် ၁၉၃၀ခုနှစ် များအတွင်း အဖြစ်အပျက်များကို ပြန်လည်၍ သတိရစေရန် အထက် ပါမြင်းပြိုင်ပွဲကို ဖော်ပြရခြင်း ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးသည့် ၁၉၂၀ ပြည့်နှစ်ကာလ အတွင်းတွင် လူသားတို့၏ စိတ်ဓာတ်မှာ အောင်မြင်ခြင်း စိတ်နေစိတ်ထား ကြီးထွားခဲ့သည်။ သူတို့စီးပွားရေးလုပ်ငန်းများမှာ ကောင်းစွာ အောင်မြင်ခဲ့ကြသည်။ ထိုနောက် ၁၉၃၀ ပြည့်နှစ် စီးပွားရေး ခေတ်ဆိုးကြီး = depression နှင့် ကြုံ ကြ ရ သော အ ခါ သူတို့၏ အတွေ့အကြုံအရ သူတို့တွင် ရှုံးနိမ့်မှု စိတ်ထားများ ဝင်လာလေတော့သည်။ သူတို့၏ မူလ စိတ်နေစိတ်ထားမှာ ပျက်ပြားကုန်ကြရလေသည်။

PDF Creator - nyeyadhamma@gmail.com

သူတို့၏ စိတ်နေစိတ်ထားမှာ အပြုစိတ်ထားမှ အပျက်စိတ်ထား = from positive to negative သို့ ပြောင်းလဲရောက်ရှိလာကြရလေတော့သည်။

သူတို့၏ ဘဝဆောင်လက်ဖွဲ့မှာလည်း ပြောင်းပြန် လန်ပြီး NMA မျက်နှာ ပေါ်လာလေသည်။

သူတို့သည် ကြိုးစားအားထုတ်မှုကို ရပ်ဆိုင်းလိုက်ကြသည်။ သူတို့သည် ဂျွန်ပီဂရီးယားနှင့် တူညီလာကြပေသည်။ သူတို့သည် ရှုံးနိမ့်ခဲ့ရခြင်း အတွေ့အကြုံတိုင်းသာ ရပ်တည်နေကြရလေသည်။

အချို့သော သူများသည် PMA ကို ကောင်းစွာ အချိန်ရှိသရွေ့ကာလပတ်လုံး သုံးစွဲကြဟန် ရှိသည်။ အချို့တို့မှာ ခဏပန်း အချိန်အတွင်းမှသာ သုံးစွဲရန် အစပြုပြီး မကြာမီမှာ စွန့်လွှတ်သွားကြလည်း။

သို့ရာတွင် အခြားများစွာသောလူသားထုကြီးမှာ ကျွန်ုပ်တို့အား အလွန်ကြီးမားသော တန်ခိုးအင်အားကို ဖြစ်ပွားရရှိစေနိုင်သည့် PMA ကို ဘယ်တော့မှ စတင်သုံးစွဲမှု မပြုကြချေ။

ကျွန်ုပ်တို့အတွက်ကား မည်သို့နည်း။

အခြား အခြားသော နေရာများမှာ ကျွမ်းကျင်မှု ရှိအောင် သင်ကြားလေ့ကျင့်ရယူသည့် နည်းတူ PMA အတတ်ပညာကိုသည်၊ ကျွမ်းကျွမ်း ကျင်ကျင် သုံးစွဲတတ်အောင် သင်ယူခြင်း ပြုနိုင်ပါသလော။

အမြေမှာ ကျွန်ုပ်တို့၏ ကျယ်ပြန့်သော အတွေ့အကြုံအရ ပြောရလျှင် အတိအကျပင် သင်ယူနိုင်ပါ၏ဟူ၍ ဖြစ်ပါသည်။

ဤစာအုပ်သည် ဤဘာသာရပ်ကို P M A အတတ် ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ယူရေးစာအုပ် ဖြစ်ပါသည်။

ရှေ့သို့ ဆက်၍ ဖတ်ရမည့်အခန်းများတွင် ကျွန်ုပ်တို့သည် ထိုဘာသာရပ်ကို မည်သို့မည်ပုံ သင်ယူ တတ်မြောက်နိုင်သည့် အကြောင်းများကို ဖော်ပြ ရေးသားမည် ဖြစ်ပါသည်။

ထိုဘာသာရပ်ကို တတ်မြောက်အောင် အားထုတ်သင်ကြားခြင်းသည် တန်ဖိုးရှိပါသည်။ အဘယ့်ကြောင့် ဆိုသော် အားလုံးသော အောင်မြင်မှု ဟူသမျှတွင် P M A သည် မပါလျှင် မပြီးသော ဆေးဖက်ဝင် ပစ္စည်း ဖြစ်သောကြောင့် ပါတည်း။

အရေးပါ အရာအရောက်ဆုံး သက်ရှိလူသားအား တွေ့ဆုံပါ

P M A ကို သင်ကိုယ်တိုင် အသိအမှတ်ပြု နားလည်သော နေ့သည် အရေးပါ အရာ အရောက်ဆုံး သက်ရှိ လူသားအား သင် တွေ့ဆုံမိသော နေ့ပင် ဖြစ်သည်။

၁ သူ...မည်သူနည်း။

အရေးပါအရာ အရောက်ဆုံး သက်ရှိ လူသားဆိုသည်ကား (သင်နှင့် သင့်ဘဝအတွက် ပတ်သက် စပ်ဆိုင်သည့်) သင်ပင် ဖြစ်တော့သည်။

ယခုပင် သင့်ကိုယ်ကို သင် ကြည့်မြင်ပါ။

သင်သည် မျက်စိဖြင့် မမြင်ရသည့် တစ်ဖက်သော မျက်နှာ၌ P M A စာလုံးများ၊ အခြား မျက်နှာတစ်ဖက်၌ N M A စာလုံးများ ရေးထွင်းထားသည့် အဆောင်လက်ဖွဲ့ကို ကိုင်ဆောင်ထားသူ မဟုတ်ပါသလော။

ထို အဆောင်လက်ဖွဲ့၊ ထိုအင်အား ဆိုသည်၏ အတိအကျ အရာဝတ္ထုကား အဘယ်အရာ ဖြစ်ပါသနည်း။

အဆောင်လက်ဖွဲ့ ဆိုသည်မှာ သင်၏စိတ်ဖြစ်သည်။ P M A ဆိုသည်မှာ **Positive mental attitude** = အပြု စိတ်နေစိတ်ထားဖြစ်သည်။

အပြုစိတ်ထား ဆိုသည်မှာ မှန်ကန်သော စိတ်နေစိတ်ထား = **right mental attitude** ဖြစ်သည်။

မှန်ကန်သော စိတ်နေစိတ်ထား ဆိုသည်ကား အဘယ် အရာပါနည်း။

မှန်ကန်သော စိတ်နေစိတ်ထား ဆိုသည်မှာ အောက်ပါ ကားလုံးများ၏ အဓိပ္ပာယ်ပါသည့် စိတ်နေ စိတ်ထားကို ပေါင်းစပ်ထားခြင်းဖြစ်သည်၊

၁။ faith = ဖိတ်သ်ခေါ်ယုံကြည်မှု၊
၂။ integrity = ရိုးသား ဖြောင့်မတ်ခြင်း၊
၃။ hope = မျှော်လင့်ချက်၊
၄။ optimism = အကောင်းမြင် ဝါဒ၊
၅။ courage = ရဲရင့်စိတ်၊
၆။ initiative = မိမိကိုယ် မိမိ ကိုးစား လျက် စတင် ဦးဆောင် လုပ်ကိုင်ခြင်း၊
၇။ generosity = ရက်ရောမှု၊
၈။ tolerance = စိတ်ရှည် သည်းခံခြင်း၊
၉။ tact = လူမှု ဆက်ဆံရေးတွင် တစ်ဖက်သားအား မထိပါးစေဘဲ စည်းရုံး ပြောဆို ပြုမူမှု တတ်ကျွမ်းခြင်း၊
၁၀။ kindlyness = ကြင်နာမှု၊
၁၁။ good commonsense = ကောင်းမွန်သောအမှန်တရားနှင့် ဆုံးဖြတ်နိုင်သော ဉာဏ်ပညာ။

N M A ဆိုသည်မှာ negative mental attitude = အဖျက်စိတ်နေစိတ်ထားဖြစ်သည်။ ထိုစိတ်နေ စိတ်ထားသည်

အပြု စိတ်ထားနှင့် မတူ၊ ကျောချင်းကပ် ဆန့်ကျင် ကွာခြားမှု အနေအထားမှာ ရှိသည်။

အောင်မြင် ထမြောက်မှုကို ရရှိ ပိုင်ဆိုင် ထားကြသည့် လူသားများအား နှစ်ပေါင်းများစွာ ကြာအောင် ကြည့်ရှု လေ့လာသုတေသန ပြုလုပ်ခဲ့ခြင်းအားဖြင့် ဤ "အပြုစိတ်ထား အောင်မြင်ထင်ရှား" စာအုပ်ကို ရေးသားပြုစုသည့် ကျမ်းပြု ပုဂ္ဂိုလ်များသည် အဘယ့်ကြောင့် ထိုသူများ အောင်မြင်မှု ရရှိ ရသနည်း ဆိုသည်ကို အပြီးသတ်အနေနှင့် အောက်ပါအတိုင်း အဆုံးအဖြတ် ပေးကြပါသည်။

အပြု စိတ်နေစိတ်ထားသည် လွယ်ကူသည့် လျှို့ဝှက်ချက် တစ်ခုဖြစ်ပြီး အောင်မြင်နေသော ထို ပုဂ္ဂိုလ်များသည် ထို လျှို့ဝှက်ချက်ကို ခွဲဝေ ပိုင်ဆိုင်နေကြသူများ ဖြစ်သည်။

P M A သည် အက်စ်ဘီဖူးလားအား သူ၏ ဆင်းရဲနွမ်းပါးမှု ချွတ်ယွင်းချက်ကို ကျော်လွှားနိုင်ပြီး အောင်မြင်မှုကို ရရှိရန် ကူညီခဲ့သည်။

P M A သည် တွမ်ဒမ်ထေးအား သူ့ကိုယ်သူ စေ့ဆော် စိတ်ကို ဖြစ်စေကာ ဘောလုံးကစားရာမှာ အဝေးဆုံး ကန်နိုင်သော အောင်မြင်မှုကို ရရှိစေသည်။

P M A သည် ဟင်နရီ ဂျေ ကိုင်ဇာအား ၁၀ ရက်လျှင် သင်္ဘော တစ်စင်း ပြီးစီးအောင် တည်ဆောက် ပေးစေနိုင်ခဲ့သည်။

PMA သည် ဝေ့ဝေ့အသန်အား အာမခံစာချုပ် အရောင်း အကောင်းဆုံး အရောင်သမား ဖြစ်စေပြီး ရာထူး တိုးကာ မန်နေဂျာဘဝသို့ ရောက်စေသည်။

မျက်စိဖြင့် မမြင်ရသော အဆောင်လက်ဖွဲ့ကို သင့်အတွက် ကောင်းကျိုး ထွက်၍ အောင်မြင်မှုများ ရရှိအောင် သင် လုပ်ဆောင်တတ်ပါသလား။

သင် လုပ်ဆောင်နိုင်ကောင်း လုပ်ဆောင် နိုင်ပါလိမ့်မည်။ သို့မဟုတ် သင် မလုပ်ဆောင်နိုင်သူ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

အကယ်၍ သင် မလုပ်ဆောင် တတ်ပါလျှင် ဤစာအုပ်ကို ဆက်လက်ဖတ်ရှုခြင်းအားဖြင့် PMA ၏ တန်ခိုးအင်အား ထုတ်ယူ သုံးစွဲနည်းများကို တတ်သိ နားလည်ကာ ကျွမ်းကျင်သော အသုံးပြုတတ်သူ ဖြစ်လာနိုင်ပေလိမ့်မည်။

အပြုစိတ်နေစိတ်ထား ဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို လည်းကောင်း၊ ထိုစိတ်နေ စိတ်ထားကို တိုးတက် ကြီးမား အောင် မည်သို့ လုပ်ဆောင်ရမည် ဆိုသည်ကို လည်းကောင်း၊ မည်သို့လက်တွေ့ကျကျ အသုံးချရမည် ဆိုသည်ကိုလည်းကောင်း ဤစာအုပ် တစ်အုပ်လုံးတွင် ရှင်းလင်း ဖော်ပြ ထားပါသည်။

အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် ကျင့်စဉ်အံချက်ပေါင်း (၁၇) ခု ရှိနေလေရာ PMA သည် မပါလျှင်မပြီး အထူး လိုအပ်ချက်တစ်ခု ဖြစ်ပေသည်။

လမ်းပြကြယ်
မြန်မာစာကြည့်တိုက်

PMA ကို အခြားသော ကျင့်စဉ်(၁၆)ခုအနက် တစ်ခုခုနှင့် ဖြစ်စေ၊ အများစုနှင့် ဖြစ်စေ ရောနှော ပေါင်းစပ် သုံးစွဲသွားတတ်ရမည် ဖြစ်ပေသည်။

အောင်မြင်စေမှု အကြောင်းအချက် (၁၇)ခုနှင့် PMA ကို ရောနှော ပေါင်းစပ်လျက် ကျင့်သုံးသွားသော အခါ ရရှိမည့် ကောင်းကျိုးများမှာ....

၁။ အောင်မြင်ခြင်း၊
၂။ ကျန်းမာခြင်း၊
၃။ ပျော်ရွှင်ခြင်း၊
၄။ ကြွယ်ဝခြင်း၊ (သို့မဟုတ်)
၅။ သင်၏ဘဝတွင် သင်၏အတိအကျ အဓိက လိုလားတောင့်တ ရည်မှန်းချက်များဖြစ်သည်။

ထိုအချက်များကို သင် ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်။

သို့ရာတွင် သင် အောက်ဖော်ပြပါ အချက်နှစ်ခုကို အမြဲတမ်း ရှောင်ကြဉ်ရပေလိမ့်မည်။ ဤနှစ်ချက်ကိုအမြဲရှောင်ကြဉ်နေနိုင်မှသာလျှင် သင်၏ လိုအင်ဆန္ဒ ပြည့်ဝလာမည် ဖြစ်ပေသည်။ ၎င်းတို့မှာ....

၁။ အနန္တ ဉာဏ်ပညာရှင် (သဘာဝ တရား၊ သို့မဟုတ် ဂေါ့ဒ်ဘုရားသခင်) က ချမှတ်ထားသည့် ဥပဒေသ များကို ချိုးဖောက်မှု မပြုပါနှင့်။

Don't violate the laws of infinite intelligence

၂။ လူသားအချင်းချင်းတို့၏ ရပိုင်ခွင့် စည်းမျဉ်း များကို ကျူးလွန်ချိုးဖောက်မှု မပြုပါနှင့်။

ထိုကျူးလွန် ချိုးဖောက်ခြင်းများသည် NMA ၏ တန်ခိုး အင်အားကို အသုံးပြုရာသို့ ကျရောက်သည့် အတွက် မိမိ ကောင်းကျိုး ချမ်းသာများအား ဆီးတားပိတ်ပင် ပယ်လှန် ခြင်းပင် ဖြစ်ပေသည်။

အခန်း(၂)ကို ဆက်၍ဖတ်ပါ။

အပြု စိတ်နေစိတ်ထား ဖြစ်အောင် လုပ်ဆောင် နည်းများ အား အခန်း(၂)ကို သင် ဆက်၍ ဖတ်သောအခါ တွေ့ရှိရ ပါလိမ့်မည်။

ထိုလုပ်ဆောင်နည်းများကို သင် နိုင်နိုင် နင်းနင်း နားလည် သဘောပေါက်အောင် ဖတ်ရှုသုံးသပ် ဆင်ခြင်ကြည့်ပါ။ နား လည်မှု ရရှိသည့်အတိုင်း လိုက်နာကျင့်သုံးပါ၊ ထိုအခါ သင် လိုလားတမ်းတထားသော အရာတိုင်းကို ရရှိစေရန် အလို့ငှာ သင် သွားရမည့် လမ်းမကြီးပေါ်သို့ သင် ရောက်ရှိနေလိမ့်မည် ဖြစ်ပါသတည်း။

လမ်းညွှန်ချက် (၁)

အောက်ပါအချက်များ နားလည်မှုဖြင့် အသုံးပြုကာ သင် ရောက်လိုရာသို့ ပဲ့ထိန်းပေးပါ

၁။ အရေးပါ အရောရောက်ဆုံးသက်ရှိပုဂ္ဂိုလ်သားကို သင်တွေ့ဆုံပါ။ ထိုသူကား သင်ပင်ဖြစ်တော့သည်။

သင်၏ အောင်မြင်မှု၊ ကျန်းမာမှု၊ ပျော်ရွှင်မှု၊ ကြွယ်ဝမှုများ ရရှိရန်သည် မျက်စိဖြင့် မမြင်ရသော သင်၏ အဆောင်လက်ဖွဲ့အား သင်မည်သို့မည်ပုံသုံးစွဲသွားသည် ဆိုသော အပေါ်မှာ တည်သည်။

သင် ထိုလက်ဖွဲ့ကိုမည်သို့သုံးစွဲပါမည်နည်း။ ရွေးချယ်ရန်မှာ သင်၏တာဝန်သာ ဖြစ်သည်။

၂။ သင်၏စိတ်သည် မျက်စိဖြင့်မမြင်ရသည့် အဆောင်လက်ဖွဲ့ ဖြစ်သည်။

PMA – အပြုစိတ်နေ စိတ်ထား စာလုံးများမှာ ထိုလက်ဖွဲ့၏ မျက်နှာ တစ်ဖက်ပေါ်တွင် ရေးထွင်းထား၍ အခြားမျက်နှာတစ်ဖက်ပေါ်တွင် NMA အဖျက်စိတ်နေ စိတ်ထား စာလုံးများ ရေးထွင်းထားသည်။

ထိုစာလုံး နှစ်မျိုးစလုံးသည် ကြီးမားသော တန်ခိုးအင်အားများ ဖြစ်သည်။

PMA–အပြုစိတ်နေ စိတ်ထား ဆိုသည်မှာ အခါခပ်သိမ်း မှန်ကန်သော စိတ်ထားများဖြစ်သည်။ ထိုစိတ်နေစိတ်ထားတွင် ကောင်းမွန် လှပသော အခြင်း အရာ များကို ဆွဲယူ နိုင်သော စွမ်းအား ရှိသည်။ NMA အဖျက် စိတ်နေ စိတ်ထား သည် ထိုအရာများကိုလက်မခံ ပယ်လှန်သည်။

ထိုအဖျက်စိတ်နေစိတ်ထားသည် သင်၏ လက်ရှိဘဝအတွက် လိုအပ်သော ကောင်းခြင်း မင်္ဂလာ အဖြာဖြာကို လုယူ ဖျက်ဆီးသည်။

မိမိ ကိုယ်တိုင်အတွက် မေးခွန်း

မှန်ကန်သော စိတ်နေစိတ်ထား ကြီးထွားစေရန်ငါမည်သို့ မည်ပုံ ကြံဆောင် ပြုမူနိုင်ပါသနည်း။ တိကျ ရှင်းလင်းသော အဖြေ ဖြစ်ပါစေ။

၁။ သင့်မှာ အောင်မြင်မှု မရရှိသည့်အတွက် ဂေါ့ဒ်ဘုရား သခင်ကို အပြစ် မတင်ပါနှင့်။ အက်စ်ဘီ ဖူးလားကဲ့သို့ အောင်မြင်မှု ရရှိစေရန်အတွက် သင်သည် အောင်မြင် လိုသည့် ညီးညီးတောက် ပြင်းပြသည့် ဆန္ဒကို တိုးတက်အောင် ပြုလုပ်နိုင်သည်။ မည်သို့ ပြုလုပ်ရမည်နည်း။ သင်၏စိတ်ကို သင်လိုချင်သော အရာများ အပေါ်မှာ

သာ ထားပါ။ ... င်မလိုချင်သော အရာများ အပေါ်
မှာ စိတ်ကူးထင်မြင်ခြင်းများ မထားပါနှင့်။

ဘယ်လိုပြုလုပ်မှာလဲ

၄။ အက်စ်တီဖူးလားကဲ့သို့ သမ္မာကျမ်းစာကို ဖတ်ပါ။ ပြီး
တော့ စိတ်ဓာတ် အင်အား တက်ကြွ ကွန့်မြူးကို ဖြစ်
ပွားစေသည့် တက်ကျမ်းစာအုပ်များကို ညီးညီးလောက်
ဆန္ဒ ဖြစ်ပေါ်လာစေရန် ဖတ်ပါ။

ဘုရားသခင်၏ လမ်းညွှန်မှုကို ရရှိရန် ဘုရားသခင်
ထံမှာ ဆုမွန်ကောင်း တောင်းယူပါ။ အလင်းရောင်ကို
ရှာယူပါ။

၅။ ကံမကောင်း အကြောင်းမလှသည့် ဒုက္ခရပ် တိုင်းတွင်
PMA–အပြု စိတ်နေ စိတ်ထား ရှိသူများ အတွက် ထို
ဒုက္ခရပ်နှင့် ညီမျှသော၊ သို့မဟုတ် ထိုဒုက္ခရပ် ပမာဏ
ထက် ကြီးမားသော အကျိုး ကျေးဇူး ဖြစ်ထွန်း ရေ
မျိုးစေ့ပါရှိသည်။

တစ်ခါတစ်ရံတွင် ကံမကောင်း အကြောင်းမလှသည့်သော
ဒုက္ခဟု ထင်မြင်ရသော အရာသည် ရုပ်ဖျက်ထား လာရောက်

တက်ပြီး ထိုအရာသည် ကောင်းကျိုး မင်္ဂလာကို ဖြစ်စေသည့် အခွင့်အလမ်းကောင်း အဖြစ် အသွင်ပြောင်း သွားတတ်သည်။ တွမ်ဒမ်ဒအားသည် မသန်စွမ်းသူ အာနေနှင့် ထိုအချက်ကို တွေ့မြင်ခဲ့သည်။

၆။ တန်ဖိုးဖြတ်၍ မရသော လက်ဆောင်ကောင်းကို လက်ခံပါ။ "အလှူပလှုပ်ခြင်းမှရရှိသော ပျော်ရွှင်မှု"ထိုစကားလုံးများသည် တန်ဖိုး မဖြတ်နိုင်သော လက်ဆောင်ကောင်းဖြစ်သည်။

မိမိဘဝတွင် တန်ဖိုးအကြီးမြင့်ဆုံးဖြစ်သည့် အရာကို လက်တွေ့ကျင့်သုံး၍ ယူပါ။ ထိုအရာမှာ "လူသားများအပေါ်မှာ မေတ္တာ ထား၍ သူတို့ အတွက် အကျိုးဆောင်မှုပြုခြင်း" ပင် ဖြစ်ပါသည်။

၇။ အောင်ခြင်းမင်္ဂလာ အမြာမြာကို လက်မခံဘဲ ပယ်လှန်တတ်သော အပျက်စိတ်နေစိတ်ထား၏ တန်ခိုးအင်အားကို မည်သည့်အခါမျှ အထင်သေးသဖြင့် လျော့တွက်ခြင်းအမှု မပြုပါနှင့်။

ထိုစိတ်နေစိတ်ထားသည်သင့်အား အကျိုးရှိစေမည့် ကောင်း ဟောက်မစေခြင်းကို တားဆီး ကာကွယ် ပိတ်ပင်၍ ထားမည်ဖြစ်သည်။

မိမိကိုယ် မိမိ မေးရန် မေးခွန်း

သည်က ကောင်းထောက်မခြင်းများကို မိမိဆီသို့ ဆွဲယူသည်။ ငါသည် အပြုစိတ်နေစိတ်ထား ကြီးမား တိုးတက်အောင် မည်သို့ ပြုလုပ်ဆောင်ရွက် ရပါမည်နည်း။

၁။ သင်က မကောင်းအကြောင်းမလှသဖြင့်စိတ်မကျေမနပ်ဖြစ်ခြင်းများကို အပြုစိတ်နေစိတ်ထားဖြင့် "စိတ်ခွတ်အင်အား ထက်ကြွကွန့်မြူးစေသည့် မကျေမနပ်ခြင်း" အဖြစ်သို့ ပြောင်းလဲ၍ ယူနိုင်သည်။

သင်၏ စိတ်နေစိတ်ထားကို ပြန်လည်ပြင်ဆင်လျက် ယနေ့ မအောင် မမြင် ဖြစ်ခြင်းကို နောက် တစ်နေ့မှာ အောင်မြင်ခြင်းအဖြစ်သို့ ပြောင်းလဲ ရယူနိုင်သည်။

၉။ အပြုစိတ်နေစိတ်ထား အားဖြင့်မဖြစ်နိုင်ဆိုသည်ကို ဖြစ်နိုင်သော အရာအဖြစ်သို့ပြောင်းလဲရယူပါလော့။ ဟင်နရီဖို့ဒ်သည် သူ၏အင်ဂျင်နီယာများအား မဖြစ်နိုင်ပါဆိုသော ဗီအိတ် V 8 အင်ဂျင်ကို မဖြစ် ဖြစ်အောင် ဆက်ပြီးသာ ကြိုးစားလုပ်ဆောင်ပါ "Keep working"ဟု ပြောဆိုသကဲ့သို့ သင့်ကိုယ်သင် ပြောပေးပါ။

ဟင်နရီဖို့ဒ်သည် သူ၏ အင်ဂျင်နီယာ များအား ဖို့ဒ် ကားအင်ဂျင်ကိုပလပ်ရှစ်လုံးတပ်သည့်ဗီအိတ်ဖြစ်

အောင် လုပ်ဆောင်ခိုင်းရာ အင်ဂျင်နီယာများက မဖြစ်နိုင်ပါဟု ထပ်ကာထပ်ကာ မပြောသော်လည်း မဖြစ်ဖြစ်အောင် ဆက်ပြီးကြိုးစားလုပ်ဆောင်ပါဟု အပြုစိတ်နေစိတ်ထားနှင့် တိုက်တွန်းပြောကြားခဲ့ရာ အချိန်အတန်ကြာပြီးသော် ဗီအိတ် အင်ဂျင် မော်တော်ကားသည် ထင်ရှားစွာ ဖြစ်ပေါ်ခဲ့ရလေသည်။

မိမိကိုယ်မိမိ မေးသောမေးခွန်း

သင်ရည်မှန်းထားသော ပန်းတိုင် သင်၏ရှေ့မှောက်သို့ ရောက်ရှိရေးအတွက် သင့်မှာ မြင့်မားသောရည်မှန်းချက် ထားရှိရန်နှင့် နေ့စဉ် ကြိုးစား အားထုတ်ရန် သတ္တိရှိပါသလား။

(၁) သင်၏ စိတ်နေစိတ်ထားမှာ "ငါ မအောင်မမြင် ဖြစ်ခဲ့ဖူးပြီ၊ နောက်တွင်လည်း အောင်မြင်မှာမဟုတ်" ဆိုသော အစွဲအလမ်းများကို မဖြစ်ပွားပါစေနှင့်။ သင် အောင်မြင်မှု ရရှိသည်။ ထို့နောက်က မကောင်း အကြောင်းမလှဖြစ်ကာ ဆုံးရှုံးခြင်း ရှုံးနိမ့်ခြင်းများ ဖြစ်ပေါ်လာခဲ့သော် မိမိကိုယ် မိမိစိတ်အား တက်ကြွစေသော စေ့ဆော်စိတ်ထားဖြစ်ပွားစေသည့် အကြောင်းမှန်စာပိုဒ်ကို ရွတ်ဆိုကာ နားလည်ဆင်ခြင်မှုဖြင့် အားတက်ပါ။

ထိုဂါပိုဒ်ကား ဤသို့ဖြစ်၏။ "အောင်မြင်မှု အရယူထားနိုင်ကြသူများ ဆိုသည်မှာ" အပြုံစိတ်နေစိတ်ထားနှင့် အခြေအနေ မည်သို့ရှိနေပေစေ ဆက်လက်အားထုတ်ကြိုးစားသူများ ဖြစ်သည်။ ထိုသူများသည်သာ အောင်မြင်မှုကို ဆုပ်ကိုင်၍ထားနိုင်ကြမြဲ ဖြစ်သည်။

ဤနည်းလမ်းသည်ကား မိမိဘဝ ကြွေမွပျက်စီးခြင်းများအား ရှောင်ရှားသွားရန်ပင် ဖြစ်သည်။

အခန်း ၂

သင်၏ကမ္ဘာလောကကို သင်ပြုပြင်ပြောင်းလဲနိုင်ပါသည်

YOU CAN CHANGE YOUR WORLD

PMA ဆိုသည်မှာ အပြုစိတ်နေစိတ်ထား ဖြစ်ကြောင်းကို ကျွန်ုပ်တို့ ယခု သိရှိရပေပြီ။

ထို့အပြင် အပြုစိတ်နေစိတ်ထားသည် အောင်မြင်မှု အချက် (၁၇) ခုတွင် တစ်ခုအဖြစ် ပါဝင်ကြောင်းကိုလည်း သိရပေပြီ။

အောင်မြင်စေမှု အချက်(၁၇)အနက် ကျန်(၁၆)ခုနှင့် အပြုစိတ်နေစိတ်ထားကို ပေါင်းစပ်လျက် သင် ရွေးချယ်ထားသည့် အလုပ်အကိုင်၊ သို့မဟုတ် သင် ဖြေရှင်းရန် ရှိနေသော သင်၏ပြဿနာရပ်များအတွက် သင် စတင်ကြိုးပမ်းလုပ်ဆောင်

နေပြီဆိုလျှင် သင်သည် အောင်မြင်ရာလမ်းပေါ်သို့ တက်ရောက်လျှောက်သွားနေပြီ ဖြစ်သည်။ သင် အလိုရှိသောအရာကို ရရှိနိုင်ရန် ဦးတည်နေပြီ ဖြစ်သည်။

မိမိတို့ဘဝတွင် တန်ဖိုးရှိသော မည်သည့်အရာကို ဖြစ်စေ အောင်မြင်စွာ ဆွတ်ခူးနိုင်ရေးအတွက် သင် မလုပ်မနေ လုပ်ဆောင်ရမည့် တာဝန်မှာ အပြုစိတ်နေစိတ်ထားကို သင် လက်ကိုင်ထားရမည်သာ ဖြစ်ပါသည်။

အဖျက်စိတ်နေ စိတ်ထားကို ဖော်ပြခဲ့ပြီး အောင်မြင်စေမှုအချက် (၁၇) ခုနှင့် ပေါင်းစပ်ဆောင်ရွက်ပါလျှင် အဖျက်စိတ်နေစိတ်ထား၏ အင်အားကြီးမားမှုဘက်သို့ ရောက်ရှိလျက် အောက်ပါအကျိုးမဲ့များကို ဖြစ်ပွားစေလိမ့်မည်။ ၎င်းတို့မှာ....

ရာဇဝတ်မှု၊ မကောင်းဆိုးရွားဘေးဒုက္ခများ၊ ဝမ်းနည်းကြေကွဲရခြင်းများ၊ အပြစ်ဒဏ်ခံရခြင်းများနှင့် အသက်သေဆုံးရခြင်း စသည် စသည်တို့ ဖြစ်သည်။

ဤစာအုပ်ကို ပြုစုရေးသားကြသည့် ပုဂ္ဂိုလ် နှစ်ဦးသည် နှစ်ပေါင်းများစွာ ကြာသည်အထိ အောင်မြင်စေမှု အချက် (၁၇)ခု၏ အကြောင်းအရာများကို လူပေါင်းများစွာတို့အား ရှင်းလင်း တင်ပြပို့ချခဲ့သည့်အပြင် စာပေးစာယူ နည်းဖြင့်လည်း လူအများအား သင်ကြားပေးခဲ့ပြီး ဖြစ်ပါသည်။

ထို(၁၇)ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အပြုစိတ်နေစိတ်ထား။

၂။ တိကျသော အဓိက ရည်မှန်းချက်။
၃။ မိုင်အပိုသွားခြင်း။
၄။ တိတိကျကျ စဉ်းစား ကြံဆခြင်း။
၅။ ကိုယ်တိုင်ကိုယ်ကြပ် စည်းကမ်း သေဝပ်ခြင်း။
၆။ ကြီးမြင့်စိတ် မဟာမိတ်အဖွဲ့ ဖွဲ့စည်းခြင်း။
၇။ ဖိတ်ခေါ်ယုံကြည်မှု အသုံးပြုခြင်း။
၈။ နှစ်လိုဖွယ်ရာ ဥပဓိရုပ် ဖြစ်ပေါ်ရေး။
၉။ ကိုယ်တိုင် ဦးဆောင်လျက် တီထွင်လုပ်ကိုင်ခြင်း။
၁၀။ စိတ်အားထက်သန်ရှင်လန်းခြင်း။
၁၁။ စိတ်ကိုထိန်းချုပ်ခြင်း။
၁၂။ စုပေါင်းလုပ်ဆောင်ခြင်း။
၁၃။ ရှုံးနိမ့်ရမှုမှ ပညာရယူခြင်း။
၁၄။ ဖန်ဆင်း၍ကြည့်သောမြင်ကွင်း။
၁၅။ အချိန်နှင့် ငွေ ခွဲဝေသုံးသော ဘတ်ဂျက်စာရင်း ထားရှိလိုက်နာခြင်း။
၁၆။ ကိုယ်နှင့်စိတ် ကျန်းမာကြံ့ခိုင်ခြင်း။
၁၇။ စကြဝဠာ၏ အကျင့်အင်အား သုံးစွဲခြင်း။
(စကြဝဠာ၏ ဥပဒေသ–Universal law)

ဤအချက်(၁၇)ချက်၏အသေးစိတ်အကြောင်းအရာများကို ကျွန်တော် မြန်မာ ပြန်ဆိုပြီး "ကြွယ်ဝ ချမ်းသာ စေသော အကြောင်းတရားများ စာအုပ် အပိုင်း (၁) နှင့် (၂)" ကို ဖတ်ပါ။

အောင်မြင်မှုကို ဖြစ်စေသော ဤ(၁၇) ချက်သည် ဤစာအုပ်ကို ပြုစုရေးသားကြသူ နှစ်ဦးက တီထွင် ထုတ်ဖော် လိုက်သော လိုက်နာစရာများ မဟုတ်ပါ။ လွန်ခဲ့သော ရာစုနှစ် အတွင်းတွင် နေထိုင် ခဲ့ကြသည့် ရာပေါင်း များစွာသော အအောင်မြင်ဆုံး ပုဂ္ဂိုလ်ကျော်ကြီးများ၏ တစ်သက်တာ ဘဝ အတွေ့ အကြုံဖြစ်ရပ်မှန် ဇာတ်လမ်း များမှ အနှစ် သာရကို ညှစ်ထုတ်ရယူထားချက်များသာ ဖြစ်ပါသည်။

ယနေ့မှစ၍ နောင်ကာလ သင် အသက်ရှည်သမျှ အချိန် ကာလ တစ်လျှောက်လုံးတွင် အကယ်၍ သင်၏ မှတ်ဉာဏ်မှာ ဆိုခဲ့ပြီး အောင်မြင်စေမှု အချက်(၁၇)ခုကို ဖျက်မရအောင် စွဲထင်နေခဲ့ပါလျှင် သင်၏အောင်မြင်မှုတိုင်း၊ သို့မဟုတ်မအောင် မြင်မှုတိုင်းသည် အဘယ်ကြောင့် ဖြစ်လာရသနည်း ဆိုသည်ကို သင် ခွဲခြမ်းစိတ်ဖြာပြီး သိရှိနားလည်နိုင်ပါလိမ့်မည်။

သင်၏ နေ့စဉ် နေ့ထိုင် လှုပ်ရှား ပြောဆိုလုပ်ကိုင်သမျှတွင် အောင်မြင်စေမှုအချက် (၁၇)ခုကို ကျင့်သုံး လိုက်နာရန်သည် သင်၏တာဝန်ဖြစ်လျက် ထို(၁)ချက်ကိုသာ နေ့စဉ် အသုံး ပြုနိုင်ပါလျှင် သင်သည် အမြဲတမ်း အပြုံးစိတ်နေစိတ်ထား ဖြစ် ပွား ကြီးမားလာမည် ဖြစ်ပေသည်။

သင်၏စိတ်ကို အပြုစိတ် ဖြစ်နေစေသော ဤနည်းမှတစ်ပါး အခြားသိရပြီးသား နည်းလမ်းများဆိုသည်မှာ မရှိပါ။

ယခုပင်လျှင် သင်သည် ရဲရင့်သော စိတ်ထားနှင့် သင့်ကိုယ်သင် ဝေဖန်ပိုင်းခြား၍ ဆင်ခြင်သုံးသပ်မှုကို ပြုလျက် ဆိုခဲ့ပြီး အချက် (၁၇)ခုအနက် မည်သည့် အချက်များကို မိမိ လိုက်နာကျင့်သုံးသည်။ မည်သည့် အချက် များကိုမူ အလေးမပြု ဂရုမထား လိုက်နာ ကြင့်သုံးမှု မပြု ဆိုသည်ကို ထုတ်ဖော် ဖွင့်ဆိုနားလည်ပါလော့။

နောင်ကာလတွင် ရှေ့သို့ ဆက်လျက် သင်၏ အောင်မြင်ခြင်းများနှင့် သင်၏ မအောင်မြင်ခြင်းများ နှစ်ခုစလုံးအတွက် လိုက်နာကျင့်သုံးစရာ အချက်(၁၇)ခုကို တိုင်းထွာရန် ပေကြိုးသဖွယ်အသုံးပြုကာ တိုင်းထွာဝေဖန်၍ ကြည့်စမ်းပါ။ ထိုအခါ မည်သည့်အချက်ကို အသုံးမပြုမိခြင်းကြောင့်၊ မည်သည့်အချက်ကို အသုံးချမှားမှုကြောင့်၊ မည်သည့်အချက်ကို မိမိမှန်ကန်စွာ အသုံးပြု၍ အောင်မြင်မှု၊ သို့မဟုတ် မအောင်မြင်မှုများကို ရရှိဖြစ်ပေါ်ရပုံကို သင် သိမြင်လာပေလိမ့်မည်။

အကယ်၍သင့်မှာ အပြုစိတ်ထား ရှိပါလျက်နှင့် မအောင်မြင်ခဲ့သော် ဘာကြောင့် ဤသို့ဖြစ်ရသနည်း။

အကယ်၍ သင်သည် PMA အပြုစိတ်ထားကို အသုံးပြုပါလျက်နှင့် အောင်မြင်မှုကို မရရှိခဲ့သော် အောင်မြင်စေမှု အချက် (၁၇)ခုအနက် ပေါင်းစပ်ရန် လိုအပ်သော အချက်

များနှင့် PMA အပြုစိတ်ကို မဓပေါင်းစပ်မိခြင်းအတွက် သင်သတ်မှတ်ရည်မှန်းထားသော ပန်းတိုင်သို့ မရောက်နိုင်ခြင်းဖြစ်ပေလိမ့်မည်။

ဤတွင် သင်သည် အခန်း (၁)၌ ဖော်ပြခဲ့ပြီး ဖြစ်သည့် အက်စ်ဘီ ဖူးလား၏ ဇာတ်လမ်း၊ ဟာင်နရီဂျေ ကိုင်ဇာ၏ ဇာတ်လမ်း၊ သစ်ခုတ်သမား၏ ဇာတ်လမ်း၊ အေအလန်၏ ဇာတ်လမ်းများမှ သိမှတ် လိုက်နာစရာများကို သိမြင်ကာ လိုအပ်သလို အသုံးပြုနိုင်ပေလိမ့်မည်။ ထိုဇာတ်လမ်းများ၌ ပါသော မည်သူသည် မည်သည့်အချက်ကို လက်ကိုင်ထား၏၊ မည်သည့်အချက်ကို မလိုက်စား လက်မခံဘဲ ဂရုမပြု ဆိုသည်ကို သင်သိမြင်နိုင်ပေသည်။

ထို့အပြင် သင် သိကျွမ်းသည့် တစ်စုံ တစ်ယောက်သောသူသည် အောင်မြင်ပြီးမှ ရှုံးနိမ့်ရမှု တစ်ခုခုကို တွေ့ကြုံ ရကာ သူ့စိတ်တွင် ထိုအချက်ကို စွဲလမ်းမှု ဖြစ်လျက် ဆက်လက်ပြီး အောင်မြင်မှုမရဘဲ အမြဲတမ်း မအောင်မမြင် ဖြစ်နေရှိသည်များကိုလည်း စဉ်းစားကြည့်မြင်နိုင်ပေသည်။

ကမ္ဘာကြီးကသင့်အပေါ် ရက်စက်ထားပါသလား

"အပြုစိတ်ထားဖြင့် သိပ္ပံနည်းကျ အောင်မြင်ခြင်း အဝဝ သင်တန်း"သို့ တက်ရောက်ကြသည့် ကျောင်းသူ ကျောင်းသားများသည် ခဏခဏပင် သူတို့ကိုယ်သူတို့ တစ်နေရာရာမှာ မည်

သည့် ချွတ်ယွင်းချက်ရှိသောကြောင့်၊ ဘာကြောင့် စသည်ဖြင့် အကြောင်းပြလေ့ရှိကြသည်။ သူတို့သည်ထိုအချက်ကို၎င်းအချက်များကြောင့် သူတို့မှာ အောင်မြင်မှု မရသည့် အကြောင်းကို မှားမှား ယွင်းယွင်း ဖော်ပြ ပြောဆိုလေ့ ရှိကြသည်။

ထိုကဲ့သို့သော ကျောင်းသား များအား သင်တန်း အတွင်း ဝင်ရောက်လာသော အခါ သင်တန်းဆရာက ဤသို့ မေးခွန်း များကို မေးလေ့ရှိပါသည်။

ဤသင်တန်းကို ဘာကြောင့် တက်ရောက် လာရသနည်း။

သင်အလိုရှိသော အောင်မြင်မှုကို သင် ဘာ့ကြောင့် မရရှိသနည်း။

ထိုမေးခွန်း အတွက် သူတို့၏ မအောင်မြင်မှု အတွက် အကြောင်းပြ ပြောဆိုချက်များမှာ ဝမ်းနည်းဖွယ်ရာ များသာ ဖြစ်ပါသည်။

"အောင်မြင်စေသည့် အခွင့် အရေး တစ်ခုမျှ ကျွန်တော် မရခဲ့ဘူး။ ကျွန်တော့် အဖေဟာ အရက်သမားကြီး ဖြစ်လို့ပါပဲ"

"ကျွန်တော်ဟာ ဆင်းရဲသား မိသားစုမှ မွေးဖွားတဲ့ သား၊ ဆင်းရဲ မွဲတေ နုံချာတဲ့ ရပ်ကွက်မှာ နေရလို့ပါပဲ"

"ကျွန်တော့်မှာ မဆိုသလောက်ကျောင်းပညာကလေး သာ ရှိပါတယ်"

သူတို့အကြောင်းပြ ပြောဆိုသမျှ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ကမ္ဘာကြီးက သူတို့ အပေါ်မှာ ရက်စက် ထားခြင်း ကြောင့် ဟူ၍ဖြစ်သည်။

သူတို့သည် ဤလောက ကမ္ဘာပေါ်မှာ အပြစ်ဖို့ကြသည်။ သူတို့၏ အောင်မြင်မှု မရခြင်းကို သူတို့ ခန္ဓာကိုယ်၏ အပြင်ဘက်ရှိ အရာဝတ္ထုများ အပေါ်မှာ အပြစ်တင်ကြသည်။

သူတို့သည် သူတို့၏ မျိုးဆက်၊ သို့မဟုတ် သူတို့ နေထိုင်ရာ၏ ပတ်ဝန်းကျင်အပေါ်တွင် အပြစ်တင်ကြသည်။

သူတို့သည် သူတို့၏ဘဝကို အဖျက် စိတ်နေ စိတ် ထားဖြင့် အစပြုကြသည်။ ထိုစိတ်နေ စိတ်ထားသည်ပင်လျှင် သူတို့အား အောက်ကျ နောက်ကျ ဖြစ်စေလေသည်။

သို့ရာတွင် တကယ့် ဖြစ် ရပ် မှန် မှာ N M A အဖျက် စိတ်နေ စိတ်ထားက သူတို့အား နောက်သို့ ဆွဲချ ထားခြင်းသာ ဖြစ်သည်။

သူတို့၏ မအောင်မြင်မှုအတွက် အပြင်ဘက်ရှိ အရာဝတ္ထုများကို ညွှန်ပြ ပြောဆိုကြသော်လည်း စင်စစ် ထိုအရာများကြောင့် မဟုတ်ပေ။

ကလေးငယ် တစ်ဦးထံမှရသော သင်ခန်းစာ

အထက်တွင် ဖော်ပြခဲ့ပြီး စာပိုဒ်များနှင့် ပတ်သက်သည့် စိတ်ဝင်စားစရာ ဇာတ်လမ်းကလေး တစ်ခုရှိရာ အောက်တွင် ဖော်ပြလိုက်ရပါသည်။

တစ်ခုသော စနေနေ့ နံနက်ခင်း၌ ခရစ်ယာန် တရားဟော ဘုန်းတော်ကြီး တစ်ပါးသည် နောက်နေ့တွင် သူဟောပြော ရမည့် တရားစကားကို စဉ်းစား ရေးသားနေသည်။ သို့သော် အပြည့်အစုံ ရေးရန်မှာ ခက်ခဲမှု ရှိနေသည်။

သူ့အနီးတွင် သားငယ်ကလေးမှာ အငြိမ်မနေ ဆော့ကစား နေသည်။ ဘုန်းတော်ကြီးသည် ကြံရာ မရ သဖြင့် အနီးရှိ မဂ္ဂဇင်း စာအုပ်တစ်ကို ကောက်ကိုင်လျက် စာရွက် များကို လှန်ကြည့်ရာ ဆေးရောင်စုံ ခြယ်ထားသော ကမ္ဘာလုံး၊ မြေပုံ ကြီးကို တွေ့ရသောအခါ ထိုစာရွက်ကို ဆွဲဆုတ် လိုက်သည်။ ထို့နောက် မြေပုံစာရွက်ကို အစိတ်အပိုင်းဖြစ်အောင် ဆုတ်ပြီး ဧည့်ခန်း ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ရင်း သူ၏ သားငယ်ကို ခေါ်လိုက်၏။

"ဂျော်နီ....ကြည့်စမ်း ဒီစာရွက်စုတ်တွေကို သူ့မူရင်းကမ္ဘာ မြေပုံ ပြန်ဖြစ်အောင် ဆက်စပ် ပေးစမ်းပါ၊ ဖြစ်အောင် ဆက် စပ်ပေးနိုင်လျှင် မင်း ဝမ်း ဒေါ်လာရမယ်"

"အိုကေ" ဟု ပြောကာ သားငယ်သည် စက္ကူ စုတ်များ ကောက်ယူသွား၏။

ဘုန်းတော်ကြီး၏ အမြင်မှာ သူ့သားငယ်သည် ဤနေ့ တစ်မနက်လုံး စက္ကူစုတ်များနှင့် အလုပ်များ နေလိမ့်မည်ဟု ယူဆ၏။ ၁၀ မိနစ်ခန့် အချိန်ကြာ သွား သော အ ခါ ဘုန်းတော်ကြီး၏ အခန်းကို အပြင်ဘက်မှ တံခါး ခေါက်သံ ကြားရ၏။

တံခါး ဖွင့်ပေးလိုက်သောအခါ သားငယ်သည် ကမ္ဘာလုံး မြေပုံစာရွက် ဆက်စပ်ပြီးကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာသော မြေပုံစာရွက်ကို သူ့ဖခင်လက်ထဲသို့ ပေးအပ် လိုက်သည်။

ကမ္ဘာလုံး မြေပုံမှာ ကောင်းမွန် မှန်ကန်စွာ ဆက်စပ်ပြီး ဖြစ်နေသည်ကို သူ့ဖခင်တွေ့မြင်ရသည်။

တရားဟော ဘုန်းတော်ကြီးမှာ အံ့အား သင့်သွား၏။ ထို့ကြောင့် ဤသို့ မေးလေသည်။

"ငါ့သား ဒါလောက်မြန်မြန် မင်း ဘယ်လိုလုပ်ပြီး ကမ္ဘာ့လုံး မြေပုံကြီးကို ဆက်စပ်လိုက် နိုင်တာလဲ"

"လွယ်ပါတယ်။ မြေပုံရဲ့ကျောဘက်မှာယောကျ်ား ရုပ်ပုံတစ်ခုပါတယ်။ စက္ကူစုတ်တွေကို စက္ကူကောင်းတစ်ရွက်ပေါ်မှာတင်ပြီး ယောကျ်ားပုံကိုမှန်အောင်ဆက်စပ် လိုက်တယ်။ ယောကျ်ားပုံ မှန်လာတော့မှ အဲဒီစာရွက် ပေါ်မှာ စက္ကူကောင်း တစ်ရွက်ကို ကော်နှင့်ကပ်လိုက် တာပဲ။

PDF Creator - nyeyadhamma@gmail.com

အဲဒီ စက္ကူကို လှန်လိုက်တော့ ကမ္ဘာမြေပုံအမှန်ကို ရတာ ပေါ့။ ယောကျ်ားပုံ မှန်လျှင် ကမ္ဘာမြေပုံမှန် ရမှာပဲလို့ ကျွန်တော် တွက်ဆတယ်။

သားငယ်က ဤသို့ ပြန်ပြောပြသည်။

တရားဟော ဆရာ ဘုန်းတော်ကြီးသည် ပြုံးလာပြီး တစ်ဒေါ်လာတစ်ရွက်ကို သားငယ်အား ပေးရင်း ဤသို့ပြောလိုက်သည်။

"ငါ့သား နက်ဖြန်မှာ အဖေ ဟောပြောရမည့် တရားစကားအတွက် အကြောင်းအချက်ကို အခုရတာပဲ။ "If a man is right the world will be right = အကယ်၍ ယောကျ်ားတစ်ဦး အမှန်ဖြစ်ခဲ့လျှင် ကမ္ဘာသည်လည်း အမှန်ဖြစ်လာပေလိမ့်မည်"

ဤတွေးတော ယူဆချက်တွင် ကြီးမားသော သင်ခန်းစာ ပါရှိပါသည်။ အကယ်၍ သင်သည် သင်၏ ကမ္ဘာလောကကြီးနှင့် ပျော်ရွှင်မှုကို မရရှိသဖြင့် ပြုပြင် ပြောင်းလဲလိုခဲ့သော် စတင်ရမည့်နေရာမှာ သင်ကိုယ်တိုင်၏ နေရာပင် ဖြစ်သည်။

အကယ်၍သာ သင် အမှန်ဖြစ်ခဲ့သော် သင်၏ကမ္ဘာလောကသည်လည်း အမှန်ဖြစ်လာလိမ့်မည်သာတည်း။

ဤအချက်ကို စဉ်းစားကြည့်လျှင် PMA အပြုစိတ်နေစိတ်ထား ဆိုသည်ကား ဤအတိုင်းသာတည်းဟု သိနားလည်ရမည် ဖြစ်လေသည်။

PDF Creator - nyeyadhamma@gmail.com

အပြုစိတ်နေစိတ်ထား သင့်မှာ ဖြစ်ပွားသဖြင့် စိတ်ကား မှန်လာသောအခါ သင်၏ ကမ္ဘာလောကကြီးသည် သင့်ရှေ့သို့ လာပြီး သင့်အား ဦးညွှတ်ခြင်းအမှု ပြုမည် ဖြစ်လေသည်။

သင်သည် ချန်ပီယန်အဖြစ်နှင့် မွေးဖွားလာခဲ့သူ ဖြစ်သည်

သင် မွေးဖွားမလာမီ အချိန်တုန်းက စစ်ပွဲများကို သင် နိုင်အောင် တိုက်ခိုက်ခဲ့ရသည့် အကြောင်းများ သင် စဉ်းစား တွေးတောကြည့်ဖူးပါသလား။

"သင်သည် အလွန်ထူးခြားသောသူ ဖြစ်သည်။ ဤကမ္ဘာ၏ သမိုင်းကြောင်းတစ်လျှောက်လုံးတွင် သင်နှင့် တစ်ထေရာတည်း တူညီသောသူသည် မရှိခဲ့ဘူးပေ။ နောင်လာမည့် အချိန်ကာလ တစ်လျှောက်လုံးတွင်လည်း သင်နှင့် ထပ်တူထပ်မျှ တူညီသော အခြားသူ ဟူသည်မှာလည်း မည်သည့် အချိန်ကာလတွင်မျှ ရှိမည် မဟုတ်ပေ"

ဤသို့ လူသားတို့၏ မျိုးဆက်အကြောင်း ကောင်းကောင်း ကြီး သိနားလည်သူ ဇီဝဗေဒပါရဂူအမ်ရမ်ရှိန်ဖီး က ပြောဆို ခဲ့သည်။

သင်တည်း ဟူသော လူသားတစ်ဦး အောင်အောင်မြင်မြင် ဖြစ်ပေါ်လာရေးအတွက် များစွာသော တိုက်ပွဲများသည် ဖြစ်ပွားခဲ့ရသည်။

စဉ်းစားကြည့်စမ်းပါ။

သန်းပေါင်းများစွာသော ယောကျ်ား၏ သုက်သွေးပိုးများ = millions of sperm cells သည် ကြီးစွာသော စစ်ပွဲကို ဆင်နွှဲခဲ့ကြရာ တစ်ခုတည်းသော သုက်သွေးပိုးသည်သာ အနိုင်ရခဲ့လေသည်။

တစ်ခုတည်းသော ထိုသုက်သွေးပိုးသည် သင်တည်းဟူသော လူသားကို ဖြစ်ပေါ်စေခဲ့သည်။

ဆိုခဲ့ပြီး သန်းပေါင်းများစွာသော သုက်သွေးပိုးများသည် တစ်ခုတည်းသော အရာရှိသည့် နေရာဆီသို့ အရောက်ချီတက်ကြလေရာ ကြီးစွာသော အပြေးပြိုင်ပွဲကြီး ဖြစ်ခဲ့ရလေသည်။ ထိုအရာကား တန်ဖိုးရှိသည့် မိခင်၏မျိုးဥတစ်ဥ = a precious egg ဖြစ်သည်။

ထိုဥ သုံးမျိုးတွင် အလွန်နီသေးငယ်လှသည့် နျူကလီးယားစ် = tiny nucleus များ ပါဝင်သည်။

သုက်သွေးပိုးများ အလုအယက် ယှဉ်ပြိုင်ပြေးသွားရာ ပန်းတိုင်မှာ မိခင်၏မျိုးဥဖြစ်ရာ ထိုမျိုးဥသည် အပ်ဖျားအစက်ဆက်ပင် သေးငယ်သေးသည်။

ထိုမျိုးဥကို အဆပေါင်းများစွာ ပုံကြီးချဲ့၍ ကြည့်မှသာလျှင် လူသား၏ မျက်စိဖြင့် မြင်နိုင်သည်။ ဤမျှ သေးငယ်လှသော

နေရာတွင် သင်၏ သေရေးရှင်ရေး စစ်ပွဲကြီးသည် အနိုင်အရှုံး ဆုံးဖြတ်ရန် တိုက်ခိုက်ခဲ့ရလေသည်။

သန်းပေါင်း များစွာသော သုက်ပိုး၏ ဦးခေါင်းများ အတွင်းတွင် အဖိုးတန် ကုန်ပစ္စည်းဖြစ်သည့် ခရိုမိုဆုမ်း ၂၄ ခု = 24 chromosomes ပါရှိသည်။ အလားတူပင် မျိုးဥ၌ ပါရှိသောသေးငယ်လှသည့် နျူကလီယာ့စ်များအတွင်း၌လည်း ခရိုမိုဆုမ်း ၂၄ ခု ပါရှိသည်။

ခရိုမိုဆုမ်းတစ်ခုစီတွင် ဂျယ်လီ = Jelly ကဲ့သို့ အိပျော့သည့် အရာသည် ပုတီးစေ့များကို ပူးကပ်စွာ ကြိုးသီထည့်သကဲ့သို့ ပါရှိသည်။

ထိုပုတီးစေ့ တစ်ခုစီတွင် ရာပေါင်း များစွာသော ဂျီနီစ် = genes ခေါ် အရေအတွက်အားဖြင့် မဖော်ပြနိုင်လောက်အောင် များပြားလှသည့် မျိုးဆက်တို့၏ အရှိန်အဝါ အငွေ့အသက် အပြုအမူ အစွမ်းသတ္တိစသည့် ဗီဇနိယာမ မျိုးစေ့ အစဉ်အဆက်အရည်အချင်းများ ပါရှိနေသည်ဟု သိပ္ပံပညာရှင်များက ဖွင့်ဆိုကြသည်။

သုက်သွေးပိုးတွင်ပါရှိသော ခရိုမိုဆုမ်းတွင် သင်၏ ဖခင်နှင့်သူ၏ မျိုးရိုးအစဉ်အဆက်မှ အသွင်အပြင် အရည်အသွေး အရည်အချင်းများပါရှိသည်။ မိခင်၏ မျိုးဥတွင်မူ သင်၏ မိခင်နှင့် သူမ၏ မျိုးရိုးအစဉ်အဆက်မှ အသွင်အပြင် အရည်အသွေး အရည်အချင်းများ ပါရှိသည်။

ဆိုခဲ့ပြီး သုက်သွေးပိုး သန်းပေါင်း များစွာတို့ အနက်မှ အပြေးအမြန်ဆုံး၊ အကျန်းမာဆုံး ပြိုင်ပွဲတိုက်ပွဲ အောင်နိုင်သူ သုက်သွေးပိုး တစ်ကောင်သည် အသင့်စောင့်စားလျက် ရှိနေသော မျိုးဥနှင့် ပူးပေါင်းလိုက်ကြသောအခါ အလွန်သေး ငယ်လှသည့် တစ်ခုတည်းသော အသက်ကလာပ်စည်းခေါ် ဆဲလ် = tiny living cell တစ်ခုဖြစ်ရှိသွားရသည်။

ထိုအခါ အရေးပါအရာရောက်ဆုံးဖြစ်သည့် သက်ရှိလူသား သည် ဤတွင် စတင်ဖြစ်ပွားလေတော့သည်။

သို့ဖြစ်လေရာ သင်သည် ယိမ်းယိုင်လှုပ်ရှားရဆုံး တိုက်ပွဲတွင် အနိုင်ရရှိကာ ချန်ပီယန် ဖြစ်ခဲ့ရသည်။

ထိုမှနောက် အမိဝမ်းတွင်းမှ အပြင်သို့ ရောက်လာသော အခါ သင် တွေ့ကြုံရမည့် အတိုက်အခံအခက်အခဲဟူဟူသမျှသည် သင့်ဘဝအစတွင် တွေ့ကြုံခဲ့ရသည့် တိုက်ပွဲများနှင့် နှိုင်းစာလျှင် သင် ပဋိသန္ဓေတည်စက သင် အောင်မြင်ခဲ့ပြီး တိုက်ပွဲ၏ ဆယ်ပုံပုံ တစ်ပုံမျှလောက်ပင် ကြီးမားမှု မရှိပေ။

သို့ဖြစ်ရာ သက်ရှိလူသားတိုင်းတွင် အောင်မြင်မှုသည် ရှိနေ ပြီးသားပင် ဖြစ်လေတော့သည်။

ဤအကြောင်းအရာများနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အာ့သာဝင်ကူးပါး၏ ဇာတ်လမ်းကို ကြည့်ရှုကြပါစို့။

ကြောက်တတ်သော လူငယ်
မည်သို့ အပြုစိတ်တိုးတက်အောင် ပြုလုပ်ပုံ

ဘင်ကူးပါးသည် အမေရိကန်နိုင်ငံတွင် အလေးအမြတ်ပြုခြင်းအခံရဆုံးသော တရားသူကြီး ဖြစ်သည်။

ဘင်သည် မစ်ဆိုရီပြည်နယ်တွင် နွမ်းပါးသော ရပ်ကွက်၌ မွေးဖွားခဲ့သည်။ သူ့ဖခင်မှာ ဝင်ငွေ နည်းပါးသည့် စက်ချုပ်သမား ဖြစ်သည်။ သူတို့မှာ မရှိမဲ့ရှိမဲ့နှင့်သာ မလုံမလောက် စားသောက် နေထိုင်ကြရသည်။

သူတို့ အိမ်ငယ်ကလေးမှာ အနွေးဓာတ် ရစေရန်အတွက် ကလေးငယ် ဘင်သည် ကျောက်မီးသွေးအစအန အလေအလွင့်များကို လိုက်လံရှာဖွေ ကောက်ယူရသည်။

မီးရထားလမ်းတစ်လျှောက် ကျောက်မီးသွေး အပိုင်းအစများကို သူလိုက်လံ၍ ကောက်ယူသောအလုပ်ကို သူလုပ်ရသည်မှာ ဒုက္ခများလှသည်။ သူ ကျောက်မီးသွေး ကောက်နေဆဲတွင် ကျောင်းဆင်းလာကြသော သူ့အရွယ် လူစွာကျောင်းသားကလေးများနှင့် မတွေ့ကြုံရစေရန် အကြိမ်များစွာပင် အခြားသူများ၏ အိမ်နောက်ဖေးသို့ ပြေးဝင်ပုန်းခို၍ နေတတ်၏။

သို့သော်လည်း သူသည် ခဏခဏပင် လူစွာကျောင်းသားကလေးများနှင့် တွေ့ကြုံရ၏။ သူတို့ထဲမှ တစ်စုသော ကျောင်း

သား လူဆိုးဂိုဏ်းတစ်ခုက ဘင်အား ချောင်းမြောင်းထိုးသတ်ရခြင်းကို အပျော်သဘောထားကာ ပြုလုပ်နေကြ၏။

သူတို့သည် ဘင်ကောက်ယူ ရရှိထားသော ကျောက်မီးသွေးများကို လုယူပြီး မြေလမ်းပေါ်သို့ လွှင့်ပစ်ကြ၏။ ဝိုင်းဝန်းထိုးကြိတ်ပြီးမှ ဘင်အား မျက်ရည်စက်လက်နှင့် သူ့ အိမ်သို့ပြန်စေ၏။ ဤသို့ ဤနှယ် ခဏခဏ ကြုံတွေ့ရသောအခါ ဘင်သည် အမြဲတမ်းဆိုရလောက်အောင်ပင် ကြောက်ရွံ့ စိတ်ဝင်နေလျက် သူ့ကိုယ်သူ လူကြောက်ဟု စွပ်စွဲ အပြစ်တင် နေမိလေတော့သည်။

သို့သော် တစ်နည်းတစ်လမ်းသည် ဖြစ်ပွားရလေသည်။ ရှုံးနိမ့်ခြင်းဆိုသော အကြောက်စိတ်ကို ကျွန်ုပ်တို့ ဖြတ်တောက်ရပ်တန့်ပေးလိုက်သောအခါ ထိုတစ်စုံတစ်ခုသည် ပေါ်ပေါက်လာရသည်ချည်း ဖြစ်တော့၏။

ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအတွင်း၌ရှိနေပေသော အောင်မြင်ခြင်းသတ္တိသည် ကျွန်ုပ်တို့မှာ အရန်သင့် ဖြစ်မလာမချင်း ငုပ်လျှိုးနေမြဲ ဖြစ်သည်။

ယခုအခါ သင်သည် စိတ်ဓာတ်တက်ကြွကွန့်မြူးလျက် အပြုံစိတ်နေစိတ်ထား လှုပ်ရှားမှုကို ဖြစ်လာစေလေပြီ။ အဘယ့်ကြောင့်ဆိုသော် သူသည် စာအုပ်တစ်အုပ်ကို ဖတ်ရသောကြောင့်ပင်။

ဟော်ရေးရှိုးအယ်လ်ဂျာ ရေးသည့် "ကိုဗားဒေး၏ ကိုက်ပွဲ" အမည်ရှိ စာအုပ်ကို သူ ဖတ်မိခြင်းကြောင့် ဖြစ်သည်။

ထိုစာအုပ်တွင် သူကဲ့သို့သော လူငယ်တစ်ဦးသည် ခဏခဏ အခြားလူငယ်များနှင့် ရန်ဖြစ်ခဲ့ရသော်လည်း ရဲစွမ်းသတ္တိနှင့် သူ၏ ကိုယ်ကျင့်တရား ခိုင်လုံမှုကြောင့် ရန်ပွဲဟူသမျှတွင် ထိုလူငယ်ကချည်း အနိုင်ရသည့် ဇာတ်လမ်းဇာတ်ကွက် ပါရှိသည်။ ဘင်သည် ထိုဇာတိလမ်းကို များစွာ နှစ်ခြိုက် သဘောကျမိသည်။

ဘင်သည် ရဲစွမ်းသတ္တိနှင့် ကိုယ်ကျင့်တရား ခိုင်လုံကောင်းမွန်ရန်ကိုလည်း များစွာလိုလားသည်။

ဘင်သည် ဟောဘ်ရေးရှိုး ရေးသည့် ဝတ္ထုစာအုပ်များကို ရနိုင်သမျှ ငှားယူပြီး အေးချမ်းလှသည့် မီးဖိုခန်းထဲမှာ အချိန်ကြာမြင့်စွာ ဖတ်ရှုလေတော့သည်။ သို့နှင့် သူ၏ စိတ်တွင်းသို့ ဝတ္ထုဇာတ်လမ်းတွင် ပါဝင်သည့် သူရဲကောင်းစိတ်နေစိတ်ထားများသည် သူမသိဘဲနှင့်ပင် = Unconsciously ဝင်ရောက်၍ လာလေသည်။

ဟောဘ်ရေးရှိုး၏ သူရဲကောင်း စာအုပ်များကို ဖတ်ပြီး နောက်လ အနည်းငယ်မျှကြာသောအခါ ဘင်သည် မီးရထား လမ်းတစ်လျှောက်သို့ ကျောက်မီးသွေးအကောက် ထွက်ခဲ့သည်။

သူသည် ရှေ့သို့ လှမ်း၍ကြည့်လိုက်သောအခါ ရှေးအခါက သူ့အား အနိုင်ကျင့်ကာ နှိပ်စက်ခဲ့ဖူးသော လူငယ် သုံးဦးကို

တွေ့မြင်ရ၏။ ထိုလူငယ်သုံးဦးသည် ဘင်အား ထိုးကြိတ်ရန် ဟန်ပြင် လာကြသည်ကို တွေ့မြင်ရ၏။

ပထမတွင်ဘင်သည် နောက်သို့ ဆုတ်ပြေး သွားတော့မည်ဟု အကြံပြုမိ၏။ သို့သော် သူသည် ဟော်ရေးရှိုး၏ သူရဲကောင်း များ ဇာတ်လမ်းကို သတိရ၏။ ထိုအခါ သူသည် သူရဲကောင်း တစ်ဦး ကဲ့ သို့ ကောက် ယူ ထား သော ကျောက် မီး သွေး တစ် ခဲ ကို မြဲမြဲ ဆုပ် ကိုင် ပြီး ရှေ့ သို့ တည့်မတ်စွာ လျှောက် သွား ၏။

သူ၏ ရန်သူလူငယ် သုံးဦးသည် တစ်ပြိုင်နက် ပြေးလာကြပြီး ဘင်၏ အပေါ်သို့ ခုန်ဝင်ကာ ထိုးကြိတ်ကြသည်။ ကြမ်းကြုတ် သော တိုက်ပွဲကြီး ဖြစ်လေပြီ။

ဘင်၏ လက်ထဲမှာ ကိုင်ထားသော သံပုံးမှာလွင့်စဉ်ပြီး မြေပေါ်သို့ကျသည်။ ထိုအခါ ဘင်သည် သူ၏လက်ချုံးများကို ဝှေ့ယမ်းကာလူငယ်သုံးဦးစလုံးအား သန္နိဋ္ဌာန်စိတ်ထားနှင့်ရဲရင့်စွာ ထိုးသတ်လေသည်။ ဘင်၏ညာလက်သီးသည် တစ်ဦးသော သူ့ရန်သူ၏ ပါးစပ်နှင့်နှာခေါင်းကို ပြင်းထန်စွာ ထိုးနှက် မိသည်။ သူ၏ ဘယ်ဘက် လက်သီးက ထိုသူ၏ ရင်ဘတ် ကို ထိုး နှက် သည်။

ထိုအခါ အထိနာသွားသော ပထမလူငယ်သည် တိုက်ပွဲကိုရပ် ပြီး လှည့်ပြေး လေတော့သည်။

ကျန်နှစ်ဦးက သူ့အား ဆက်လက် ထိုးနှက် နေသေးသည်။ ဘင်သည် သတ္တိသွင်းပြီး ဒုတိယရန်သူကို ဒူးဖြင့် ထိုးဆောင့်ကာ

သူ၏ညာလက်သီးက ဒုတိယရန်သူ၏ ပါးရိုးကို ထိုးနှက် လိုက်သည်။ ဒုတိယလူငယ်သည်လည်း ဘင်၏လက်သီးဒဏ်ကို ဆက်၍မခံဝံ့ဘဲ ထွက်ပြေးသွားရာ ခေါင်းဆောင်လူ သူတတိယလူငယ်သာ ကျန်ရှိ တော့၏။

ခေါင်းဆောင်လူငယ်က ဘင်၏အပေါ်သို့ခုန်ဝင်လာရာ ဘင်က သတိမလစ်စေဘဲဘေးသို့ဖယ်ကာ ထိုနောက်ဆုံးရန်သူ၏ကိုယ်ကို လက်သီးပြင်းပြင်းနှင့် ထိုးနှက်လိုက်သည်။ ဤတွင် လူငယ်နှစ်ဦးတို့သည် မောဟိုက်နေကြပြီဖြစ်၍ ဆက်လက် မထိုးသတ်ကြတော့ဘဲ တစ်ဦး၏မျက်နှာကို တစ်ဦး စေ့စေ့ ကြည့်ကာ ရပ်တန့် နေကြသည်။ အတန်ငယ်ကြာသောအခါ ခေါင်းဆောင်ရန်သူသည် နောက်သို့တဖြည်းဖြည်းချင်းဆုတ်လျက် နောက်ဆုံးတွင် ထွက်ပြေး သွားလေတော့သည်။

ဘင်သည် ကျောက်မီးသွေးတစ်ခဲကို ကောက်ယူပြီး ထွက်ပြေးသွားသူ၏နောက်သို့ ပစ်ပေါက်လိုက်လေသည်။ ပြီးသော် အခါ ဘင်၏နှာခေါင်းမှ သွေးထွက်ပြီး ခန္ဓာမှာလည်း အညိုအမည်းကွက်များ ထင်ကျန်နေသည်ကို သူ တွေ့ရ၏။ သို့သော်လည်း သူ့အတွက် တန်ဖိုးထွက်ပါသည်။ ထိုနေ့သည်သူ့အတွက် နေ့ထူးနေ့မြတ်ပင် ဖြစ်လေတော့သည်။

ထိုအချိန်မှစ၍ ဘင်၏ကြောက်ရွံ့စိတ်ထားမှာ သူ့ဆီမှထွက်ပြေးသွားရလေတော့သည်။ သူသည်ကြောက်ရွံ့ခြင်းကိုနိုင်နင်းလေပြီ။

ဘင်ကူးပါးသည် လွန်ခဲ့သော တစ်နှစ်ကထက်ပို၍ပြီးသန်မာလာသည်ကား မဟုတ်ပါ။ သူ့အားတိုက်ခိုက်ကြသော လူငယ်များ၏ အင်အားမှာလည်းလျော့နည်းလာသည်မဟုတ်ပေ။ ကွာခြားမှုမှာ ဘင်၏စိတ်နေစိတ်ထားမှာရှေးအနှင့်မတူယခုအခါမှာ တမူထူးခြားနေခြင်းသာ ဖြစ်သည်။

သူသည်လူစွာလုပ်၍ ရန်စတိုက်ခိုက်တတ်သောသူများအား အနိုင်မခံ အရှုံးမပေးတော့။

သူသည် ကြောက်ရွံ့မှု ရှိလင့်ကစား ဘေးရန်ကို ရင်ဆိုင်ကြံ့ကြံ့ခိုင်ခိုင် တိုက်ခိုက်ရန် သန္နိဋ္ဌာန် ချမှတ်မိလေတော့သည်။

ဤသည်ကားဘင်သည် သူ၏ကမ္ဘာလောကကို ပြောင်းလဲယူလိုက်ခြင်းပင် ဖြစ်လေသည်။

အောင်မြင်သောသူ ဟူ၍ သင့်ကိုယ်သင် ထင်မြင်ယုံကြည်ပါ

ဘင်သည် လူစွာသုံးဦးအား တိုက်ခိုက်သောအခါ မဝတဝ ထမင်းစားနေရသည့် လူကြောက်ဘင်ကူးပါးအနေနှင့် တိုက်ခိုက်ခြင်းမဟုတ်ပေ။ သူသည်ဟော်ရေးရှိုး၏ ဝတ္ထုထဲမှာပါသည့် သူရဲကောင်းကိုဗာဒေး၊ သို့မဟုတ်အခြားသူရဲကောင်းများအနေမှာသူ့ကိုယ်သူထား၍ တိုက်ပွဲဝင်ခြင်းဖြစ်သည်။

ဘင်သည် သူ့ကိုယ်သူအောင်မြင်ရဲရင့်သော ဘင်ကူးမါးဟူ၍စိတ်ထဲမှာထင်မြင်သတ်မှတ်၍ထားသည်။

မိမိကိုယ်မိမိအောင်မြင့်ရဲရင့်သောသူဟူ၍ ထင်မြင်ယူဆကားပါလျှင် လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာ ကာလ အချိန်အတွင်းမှာ မိမိစိတ်တွင်းသို့ ဝင်ရောက် ကိန်းအောင်း နေသော N M A အဖျက်စိတ်နေစိတ်ထားများကြောင့် ဖြစ်ပွားရသည့် မိမိကိုယ်မိမိ စိတ်မချမယုံကြည်မှုနှင့် ရှုံးနိမ့်ရမှာပဲ ဆိုသော အစွဲအလမ်းများကို ပျက်ပြားသွားအောင် ပြုလုပ်နိုင်သည်။

သင်၏ ကမ္ဘာ လောကကြီးအား ပြောင်းလဲ သွားစေ နိုင်သည့် အခြား လုပ်နည်း လုပ်စရာများလည်း ရှိပါသည်။

ဧင်းတို့မှာ ကြွေးကြော်သံ စာတမ်း ကစ်မျိုး ရုပ်ပုံတစ်ခုသို့မဟုတ် သင့်အတွက် အဓိပ္ပာယ်ရှိသော အထိမ်း အမှတ်များကို အသုံးပြုရန်ဖြစ်သည်။

သင်ချိတ်ဆွဲထားသော ရုပ်ပုံက
သင့်အားမည်သို့ပြောပြပါမည်နည်း ·

အပြည်ပြည်ဆိုင်ရာ ကုန်စည် ဖြန့်ဖြူးရေး ကုမ္ပဏီကြီး တစ်ခု၏ ဥက္ကဋ္ဌသည် တစ်ကြိမ်သော အခါက သူ၏ စန်ဖရန်စစ္စကိုမြို့ရှိ အလုပ်ဘိုက် ရုံးခန်းသို့ လှည့်သည့် ချောက်ရှိ၏။

သူသည် ဒေါ်ရိုသီဂျုံး၏ အလုပ်ခန်း အတွင်းမှာ ချိတ်ဆွဲထားသည့် ခေတ်ပုံကြီးကို မြင်သဖြင့် သူက ဤသို့မေး၏။

"ဒေါ်ရိုသီ၊ မင်းရဲ့ အခန်းအကျယ် အဝန်းနှင့် ဆိုလျှင် ဒီခေတ်ပုံက မကြီးလွန်း ဘူးလား"

ဒေါ်ရိုသီဂျုံးသည် သူ၏အတွင်းရေးမှူးဖြစ်သည့်ဒေါ်ရိုသီက ဤသို့ ပြန်ပြော၏။

"ကျွန်မမှာ ပြဿနာ တစ်ခု ရှိလာတဲ့အခါ ကျွန်မဘာယ် လိုလုပ်တယ် ဆိုတာ ဆရာ သိပါရဲ့လား"

ဆရာ့ထံမှ စကားပြန် မလာမီမှာပင် ဒေါ်ရိုသီသည် သူမ မည်သို့ မည်ပုံ ပြုလုပ်သည့်အကြောင်း သရုပ်ပေါ် လာစေရန် စားပွဲသို့ သူမ၏ လက်နှစ်ဖက်ကို တံတောင်ဆစ်ဖြင့် ထောက်လိုက်၏။ လက်များပေါ်သို့ သူမ၏ဦးခေါင်းကို တင်လိုက်ပြီးမှ သူမဆရာ၏ ခေတ်ပုံကြီးကို စေ့စေ့ကြည့်လျက် ဤသို့မေးခွန်း ထုတ်၏။

"ဆရာ....ဤပြဿနာကိုဘယ်လို ဖြေရှင်း ပါမည်နည်း"

ဒေါ်ရိုသီ၏ ယခုလို ပြုမူ သရုပ်ဖော် ပုံမှာ ရယ်စရာတော့ ဖြစ်ဖွယ်ရာ ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ နားလည်ရမည့် ဆိုလိုချက် နှစ် အရသာမှာ အံ့သြစရာ ရှိပါသည်။

သင်၏ အလုပ်ခန်းမှာဖြစ်စေ၊ အိမ်မှာ ဖြစ်စေ၊ သို့မဟုတ် သင်၏ လက်ဆွဲအိတ်ထဲမှာ ဖြစ်စေ၊ ခေတ်ပုံဖြစ်ဖြစ်၊ ပန်းချီပုံ

တစ်မျိုးမျိုးဖြစ်ဖြစ်တားရှိခြင်းအားဖြင့် သင့်ဘဝမှာအရေးကြီး သော ပြဿနာ တစ်ခုခု ပေါ်လာသဖြင့် မှန်သော အဖြေကို အလိုရှိသော အခါ ထိုရုပ်ပုံလွှာအား မေးမြန်းနိုင်ပေသည်။

သင် ဆောင်ထားသော ရုပ်ပုံသည် သင်၏ မိခင်၊ ဖခင် သို့ ပဟုတ် သင် ကြည်ညိုလေးစားမှုဖြင့် ယုံကြည် အားထားသော ပုဂ္ဂိုလ်၊ ထင်ရှားသည့် အမေရိကန် သမ္မတများ ဖြစ်သော ဘင်ဂျမင်ဖရင်ကလင်၊ သို့မဟုတ် အီဘရာဟင်လင်ကွန်း စသည် တို့ ဖြစ်နိုင်ပါသည်။ သို့မဟုတ် သူတော်စင် တစ်ဦးဦး၏ ပုံလည်း ဖြစ်နိုင်ပေသည်။

"သင်ဆောင်ထားသော ရုပ်ပုံက သင့်အား မည်သို့ ပြော မည်နည်း" ဤသည်ကို သုံးသပ် ကြည့်ပါ။ သင့်မှာ အရေး ကြီးသော ပြဿနာနှင့် ရင်ဆိုင် နေရသော်၊ သို့မဟုတ် အရေး ကြီးသော ဆုံးဖြတ်ချက် တစ်ခုခု ပြုလုပ်ရန် ရှိခဲ့သော် သင် ဆောင်ထားသည့် ရုပ်ပုံကို မေးခွန်းထုတ်၍ မေး မြန်း ပါ။ နားထောင်ပါလော့။

(ဆိုလိုသည်မှာ အဖြေသည် အသံအားဖြင့် ထွက်ပေါ် လာမည်ကား မဟုတ်ပါ။ မေးခွန်းထုတ်သူ၏ စိတ်ထဲမှာ အလိုလို ဖြစ်ပေါ် လာမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဤသို့သော ကျွန်တော်တို့ နားလည် ရပါသည်။ မြန်မာပြန် ဆိုသူ။)

သင် မနှစ်မြို့သော သင်၏ကမ္ဘာလောကကြီးအား ပြောင်းလဲသွားစေရန် ပြုလုပ်နိုင်သည့် အခြား အချက် တစ် ခု မှာ မိမိတွင် "တိကျသော အဓိက ရည်ရွယ်ချက်" ထားရှိရန် ဖြစ်ပါသည်။

တိကျသော အဓိက ရည်ရွယ်ချက်သည် အောင်မြင် စေမှု အချက် (၁၇) ခုတွင် တစ်ခုအဖြစ် ပါဝင်ပါသည်။

အားလုံးသော အောင်မြင်ရာဆီသို့ သွားရန်လမ်း၏အစသည် တိကျသော အဓိကရည်ရွယ်ချက် ထားရှိခြင်းဖြစ်သည်

အပြုစိတ်နေ စိတ်ထား = PMA နှင့် ပေါင်း စပ် ထား သည့် တိကျသော အဓိက ရည်ရွယ်ချက်သည် အားလုံးသော တန်ဖိုးရှိသည့် အောင်မြင်မှု ဆီသို့ သွားရန် လမ်း၏ အစ ဖြစ်သည်။

တိကျသော အဓိက ရည်ရွယ်ချက်ကို ထားရှိ လိုက်သော အခါ သင်၏ ကမ္ဘာလောကကို သင် မနှစ်သက်သည့် အတွက် ပြောင်းလဲရန် သင်က ရွေးချယ် ပြုလုပ်သည် ဖြစ်စေ၊ မပြုလုပ် သည်ဖြစ်စေ ထိုရည်ရွယ်ချက် ထားရှိခြင်း အားကြောင့် သင်၏ ကမ္ဘာလောကသည် သင်ကြိုက်နှစ်သက်သလို ဖြစ်သွားစေသည့် ဘက်သို့ ပြောင်းလဲလိမ့်မည်သာ ဖြစ်သည်။

သင့်တွင် မည်သို့ မည်ပုံ လမ်းသွားရမည် ဆိုသော လမ်းစဉ်ကို ညွှန်ကြား ရွေးချယ် နိုင်သည့် တန်ခိုး အင်အားလည်း ရှိပါသည်။

သို့ဖြစ်ရာ သင်၏ ပစ်မှတ်ကို သင် ရွေးချယ် နိုင်သည်၊ တိကျသော အဓိကရည်ရွယ်ချက်ကို သင် သန္နိဋ္ဌာန် ချမှတ်လျက် ရွေးချယ်မိသောအခါ အောင်မြင်စေမှု အချက် ၇ ခု သည် အလို အလျောက်ပင် သင့်အတွက် ပေါ်ထွက် လာကာ ထိုအချက်များကို သင် အသုံးပြုနိုင် ပေလိမ့်မည်။

၎င်းတို့မှာ....

၁။ ကိုယ်တိုင်ဦးဆောင်လျက် တီထွင်လုပ်ကိုင်ခြင်း။

၂။ ကိုယ်တိုင်ကိုယ်ကျ စည်းကမ်း သေဝပ်ခြင်း။

၃။ ဖန်ဆင်း၍ကြည့်သော မြင်ကွင်း။

၄။ တိတိကျကျ စီစဉ်ကြံဆခြင်း။

၅။ စိတ်ကိုထိန်းချုပ်ခြင်း။

၆။ အချိန်နှင့် ငွေ ခွဲဝေသုံးစွဲရန် ဘက်ကျက် စာရင်းထားရှိခြင်း။

၇။ စိတ်အားထက်သန် ရှင်လန်းခြင်းများ ဖြစ်သည်။

အားလုံးသော အောင်မြင်မှုအတွက် အစပြုသော အချက်

ဤအချက်ကို ကျွန်ုပ်တို့ ယခုတစ်ဖန် ထပ်မံ၍ ပြောဆိုကြပါဦးစို့။

တိကျသော အဓိက ရည်ရွယ်ချက်ကို P M A အပြု စိတ်နေစိတ်ထားနှင့် ပေါင်းစပ်ခြင်းသည် အားလုံးသော အောင်မြင်မှုဆီသို့ သွားရာလမ်း၏ အစဖြစ်သည်။

ဤ ဖော်ပြချက်ကို သတိရှိကာ မှတ်မိ ထားပါ။ ဆက်လက်၍ သင့်ကိုယ်သင် ဤသို့မေးပါ။

"ငါ၏ ပန်းတိုင်ကား အဘယ်အရာ ဖြစ်သနည်း"

ဤ ပန်းတိုင်သို့ ငါရောက်ရှိရန် ငါ့မှာ အမှန်လိုအပ်ချက်ကား ဘာများ ဖြစ်ပါသနည်း။

ကျွန်ုပ်တို့၏ "သိပ္ပံ နည်းကျ အပြု စိတ်ထား အောင်မြင်ထင်ရှား သင်တန်း" သို့ တက်ရောက်လာကြသည့် သင်တန်းသားများအား အခံခြေခံလျက် ကျွန်ုပ်တို့၏ ခန့်မှန်းချက်မှာ လူ ၁၀၀ လျှင် ၉၈ ယောက်သော လူသားတို့သည် လောကကို မကျေမနပ် ဖြစ်နေကြပြီးလျှင် သူတို့သည် မိမိ၏ ဘဝအတွက်

မည်သည့်အရာကို ရရှိပိုင်ဆိုင်လိုသည် ဆိုသော စိတ်ကူး ရုပ်ပုံလွှာမှာ သူတို့၏ စိတ်ထဲတွင် အတိအကျ မရှိကြချေ။

ဤအချက်ကို ဆင်ခြင် စဉ်းစားကြည့်ပါ။

သူတို့၏ ဘဝ တစ်လျှောက်လုံးမှာ ရည်မှန်းချက်မရှိဘဲ လေတိုက်ရာ လိုက်ပါ လွင့်မျောနေကြသည်၊ မကျေမနပ် စိတ်ထားနှင့်သာ စခန်းသွားနေကြသည်။

ကြီးကျယ် ခမ်းနားသော အရာများနှင့် ဆန့်ကျင်ဘက် ဖြစ်နေကြသည်။ သို့နှင့်လည်း သူတို့မှာ သေချာ ရှင်းလင်းပြတ်သားသော ပန်းတိုင်ကို မထားရှိကြပေ။

ယခု သင်သည် သင်၏ ဘဝအတွက် သင် ဘာကို အလိုရှိသည် ဟူသော အချက်နှင့် အကြောင်းအရာကို သေချာတိကျ ရှင်းလင်းစွာ ပြောပြနိုင်ပါသလား။

သင် ရောက်လိုသော ပန်းတိုင်ကို ရွေးချယ်ရန်မှာ လွယ်ကူမည် မဟုတ်ပါ။ မိမိကိုယ် မိမိ အပင်ပန်းခံပြီး စမ်းသပ်ရန်မှာ လိုအပ်ပါသည်။

သို့သော် ဤကိစ္စအတွက် အပင်ပန်းခံရခြင်းသည် တန်ဖိုးရှိပါသည်။

အဘယ့်ကြောင့် တန်ဖိုးရှိသနည်း ဆိုသော် ရည်မှန်းတာဝန်တသော ပန်းတိုင်၏ အမည်ကို သင် ပြောဆိုနိုင်သည်နှင့် တစ်

ပြိုင်နက် သင်သည် များစွာသော အမြတ်ထွက်မည့် အခွင့်အရေးကောင်းများကို သင် ရရှိတော့မည်ဟု မျှော်လင့်နိုင်သောကြောင့် ဖြစ်သည်။

ထို အခွင့်အရေးများသည် အလိုအလျောက် ဆိုရမလောက်ပင် သင့်ထံမှောက်သို့ လာရောက်မည် ဖြစ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ကြီးမားသော အကျိုးခံစားခွင့်၏ ပထမ အချက်မှာ သင်၏ အတွင်းစိတ် = Subconscious Mindသည် စကြဝဠာ၏ နိယာမဥပဒေသက ချမှတ်ထားသည့် အတိုင်း သင့်ကောင်းကျိုးအတွက် အလုပ်စတင်၍ လုပ်ဆောင်ခြင်း ဖြစ်သည်။ မည်သို့ လုပ်ဆောင်သနည်း ဆိုသော် စကြဝဠာ၏နိယာမဥပဒေသ၊ Universal Law က ဤသို့ ဆိုထားသောကြောင့် ဖြစ်သည်။

> "လူသား၏ စိတ်ထားက ဘာကို ဖြစ်ဖေစရလိမ့်မည် ဖြစ်လိမ့်မည်ဟု သိမြင်ယုံကြည်ထားပါလျှင် ထိုလူသား၏ စိတ်သည် အပြုစိတ်ထားနှင့်ပေါင်း၍ အောင်မြင်အောင် လုပ်ဆောင်နိုင်သည်"

အဘယ်ကြောင့် ဆိုသော် သင် ရည်မှန်းသည့် ရောက်လိုသော ပန်းတိုင်ကို သင် သိမြင်သတ်မှတ်ထားခြင်းကြောင့် သင်၏ မိမိကိုယ်မိမိ အကြံပေးညွှန်း ဆို ပြောကြားမှု = Autosugge-

stion = အောင်တိုဆပ်ဂျက်ရှင်းသည် သင်၏ အတွင်း စိတ်ကို နှိုးအောင် နှိုးဆွသည်။

ထိုအခါ သင်၏ အတွင်းစိတ်သည် သင်အလိုရှိရာနှင့် ရောက်လိုရာ ပန်းတိုင်သို့ ရောက်ရှိရေး အကူအညီကို ပေးခဲ့လေတော့သည်။

(မိမိအတွင်းစိတ်က ကူညီလုပ်ဆောင်လျှင် အောင်မြင်သည်ချည်း ဖြစ်သည်ဟု စိတ်ပညာရှင် များက ယုံကြည်ကြသည်။ ။မြန်မာပြန်ဆိုသူ။)

(၂) သင် ဘာကို အလိုရှိသည်ဟု သင် သိမြင်ခြင်းကြောင့် သင့်အတွက် ဖြစ်ပေါ်လာမဲ့ အကြောင်း တရားမှာ မှန်ကန်သော လမ်းပေါ်သို့ သင် လျှောက်သွားရန် ကြိုးစားသည်၊ မှန်ကန်ရာသို့ ဦးတည်သည်။ ထိုအခါ သင် သည် မှန်ကန်စွာ လှုပ်ရှား လုပ်ဆောင်သည်။

(၃) ထိုအခါ လှုပ်ရှား လုပ်ဆောင်ရခြင်းသည် ပျော်ရွှင်စရာ ဖြစ်လာလေသည်။ မိမိ လိုချင်သော အရာအတွက် တန်ဖိုးတန်ကြေး ပေးလိုစိတ် ထားမှာ သင့်တွင် ဖြစ်ပွား၍ လာလေသည်။ တစ်နည်းဆိုရသော် စေ့ဆော်စိတ်ထား မြင့်မားတိုးတက်၍ လာသည်။

ထိုအခါ အောက်ပါ အရာများကို သင်လုပ်ဆောင်သည်

မြန်မာစာကြည့်တိုက်

(က) အချိန်နှင့် ငွေခွဲဝေသုံးစွဲရန် ဘတ်ဂျက် စာရင်းကို သင် ပြုလုပ်လိုက်နာသည်၊

(ခ) လေ့လာကြံဆခြင်း၊ တွေးတော စဉ်းစားခြင်းနှင့် အစီအစဉ် ပြုလုပ်ခြင်းကို သင် ဆောင်ရွက်သည်။

(ဂ) သင် ရောက် လိုသော ပန်းတိုင်ကို သင် သတိရကာ ရရှိရန် ကြံစည် စဉ်းစား တွေးတောခြင်း အမှုကို ပို၍ ပို၍ ပြုလုပ်တိုင်း သင်၏ အားတက်သရော စိတ်သည် ပို၍ပို၍ ဖြစ်ပေါ်လာသည်။

(ဃ) အားတက်သရောစိတ် = Enthusiasm သင့်မှာ ပို၍ ဖြစ်ပေါ်လာခြင်းသည် သင်၏ဆန္ဒကို ညီးညီးတောက် ဆန္ဒဖြစ်စေသည်။

(င) သင်၏ နေ့စဉ်နေ့တိုင်း အတွေ့အကြုံတွင် သင် ရည်မှန်းထားသည်များ ရရှိ ဖြစ်ပေါ်စေသည့် အခွင့်အလမ်းများ ပေါ်ပေါက်လာသည်ကို သင် မလွတ်တမ်း ဖမ်းယူဖို့ နိုးကြားတက်ကြွစိတ်များ ရှိစေသည်။

အဘယ့်ကြောင့်ဆိုသော် သင် ဘာကို လိုချင်သည် ဆိုခြင်းကို သင် သိသောကြောင့် ဖြစ်သည်။ ထိုအခါ သင့်အတွက် အခွင့်အလမ်းကောင်းများကို သင် ပိုမို၍ သိမြင်လာမည် ဖြစ်သည်။

အထက်ဖော်ပြပါ ကောင်းကျိုးထွက်စေသည့် အချက် လေး ခုသည် အောက်၌ ဖော်ပြမည့် အက်ဒဝပ်ဘောက်၏ စောစော ပိုင်း အချိန်အတွင်း၌ အဖြစ်သနစ် များကို သရုပ်ဖော်ခြင်းပင် ဖြစ်သည်။

အက်ဒဝပ်သည် နောင်တွင် "အမျိုးသမီး များ၏ ဟုမ်း ဂျာနယ်" ၏ အယ်ဒီတာ ဖြစ်၍ လာသည်။ သူသည် ဟော်လန် နိုင်ငံမှ သူ၏ ပိတာများနှင့်အတူ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ လာသူဖြစ်သည်။ သူ့တွင် တစ်နေ့သော အခါမှာ ၎င်း မဂ္ဂဇင်း တစ်စောင် ထုတ်ဝေမည် ဆိုသည့် စိတ်ထား ပြင်းပြစွာ ရှိနေ ခဲ့သည်။

သူ၏ ထိုတိကျသော အဓိက ရည်မှန်းချက်သည် သူ့အတွက် ကောင်းကျိုး ထွက်စေမည့် အသေးအဖွဲ့ အကြောင်း အချက် ကလေး တစ်ခုကိုပင် မလွတ်တမ်း အရ ဖမ်းယူ နိုင်ခဲ့သည်။ ထိုအသေးအဖွဲ့ အကြောင်းငယ် ကလေးကို ကျွန်ုပ်တို့ အားလုံး လောက်ပင် မည်သို့ ဖြစ်နိုင်မည် ဆိုကြောင်း သိမြင် တွေးတော မိမည် မဟုတ်ပေ။ ထိုအသေး အဖွဲ့ ကလေးအား သတိမမူဘဲ ကျော်လွှား သွားမည်သာ ဖြစ်သည်။ သူသိမြင်သော အသေး အဖွဲ့ကလေးမှာ အောက်ပါအတိုင်း ဖြစ်သည်။

လူတစ်ယောက် စီးကရက်ဘူးကို ဖောက်သော အခါ ဘူး အတွင်းမှ ထွက်လာသော စက္ကူချပ်တစ်ခု အောက်သို့ ကျသွား သည်ကို အက်ဒဝပ် မြင်တွေ့ရသည်။ သူသည် ထိုစက္ကူချပ်ကို

ကုန်းပြီး ကောက်သူ ကြည့်ရှုသည်။ စက္ကူချပ်ပေါ်တွင် နာမည်ကျော် ရုပ်ရှင်မင်းသမီး တစ်ဦး၏ ရုပ်ပုံပါရှိသည်။ ရုပ်ပုံ၏ အောက်ပိုင်းနေရာမှာ ဤသို့ စာရေးသားထားသည်။

"ဤရုပ်ပုံကို သိမ်းဆည်းထားပါ။ ဤရုပ်ပုံသည် နောင်တွင် ဆက်လက်ထွက်မည့် ရုပ်ပုံများ၏ အစီအစဉ် အတွက် ဘာဝ်ခုသာ ဖြစ်သည်"

ရုပ်ပုံ၏ ကျောဘက် နေရာတွင်မူ မည်သည့်စာမျှ ရေးသားထားခြင်း မရှိ။ ဗလာအတိ ဖြစ်နေသည်ကို အက်ဒဝပ်သည် သတိပြုမိ၏။ တစ်ဆက်တည်းပင် အက်ဒဝင်၏ စိတ်ထဲမှာ အတွေးအခေါ် တစ်ခုဝင်လာ၏။ သူကဤသို့ဆင်ခြင် စဉ်းစား မိ၏။

အကယ်၍သာ ထိုရုပ်ပုံ၏ ကျောဘက်မှာ ရုပ်ပုံရှင်၏ အကိုချုပ် အတ္ထုပ္ပတ္တိကို ရေးသားဖော်ပြ ထားပါလျှင် စီးကရက်ဘူး အတွင်း သွတ်သွင်း ပါရှိသော ထိုရုပ်ပုံ၏ တန်ဖိုးမှာ များစွာ မြင့်မားလာဖွယ် ရာ ရှိသည်။

အက်ဒဝပ်သည် သူ့စိတ်ကူးကို ပြောပြရန် ရုပ်ပုံကို ပုံနှိပ်သည့် ပုံနှိပ်တိုက် မန်နေဂျာ ထံသို့ သွားပြီး သူတွေ့ မြင်သည့် အစီအစဉ်ကို တင်ပြပြောဆိုသည်။

ချက်ချင်းပင် မန်နေဂျာက ဤသို့ စကားပြန်သည်။

"ကောင်းပြီ။ ငါ မင်းကို ရုပ်ပုံ တစ်ခုအတွက် ဆယ်ဒေါ်လာ ပေးမယ်။ အကယ်၍ မင်း ထိုရုပ်ပုံ တစ်ခုစီ အတွက် အတ္ထုပ္ပတ္တိ စာလုံးတစ်ရာ ရှာဖွေ ရေးသား ပြုစု ပေးနိုင်လျှင် ကျော်ကြား ထင်ရှားတဲ့ အမေရိကန် ပုဂ္ဂိုလ်ပေါင်း တစ်ရာကို မင်း ရှာဖွေစုဆောင်းပြီး နာမည် စာရင်းကို မင်းယူခဲ့ပါ၊ သမ္မတကြီးများ၊ ကျော်ကြား ထင်ရှားတဲ့ စစ်သားများ၊ ရုပ်ရှင် ဇာတ်လိုက်များ၊ စာရေးဆရာများ စသည် တို့ပေါ့"

ဤသည်ကား အက်ဒဝပ်အတွက် ပထမအနေနှင့် စာပေ လုပ်ငန်း လုပ်ဆောင်ရခြင်းပင် ဖြစ်သည်။

သူ၏ လုပ်ငန်းစား အသီးသီးအတွက် အတ္ထုပ္ပတ္တိနှင့် ရုပ်ပုံများ ပါသည့် စီးကရက်ဘူးမှာ ရောင်းအားများစွာ ကောင်း၍ လာလေရာ သူ့တွင် လုပ်အား ပို၍ ပေးရန် အကြောင်း ဖြစ်ပေါ်၍ လာလေသည်။

ဤတွင် အက်ဒ်ဝပ်သည် သူ၏ညီအား သူ၏ လုပ်ငန်းမှာ ပါဝင် ကူညီရန် ရုပ်ပုံ တစ်ခု အတွက် ငါးဒေါ်လာ ခွဲ၍ ပေးသည်။ မကြာမီ အချိန်အတွင်းမှာပင် အက်ဒဝပ်သည် သတင်း စာဆရာ ငါးဦးကို တိုးခဲ့ ခန့်ထားလျက် ရုပ်ပုံများ အတွက် အလုပ် လုပ်ရသည်။ သူကား အယ်ဒီတာ ဖြစ်၍လာသည်။

PDF Creator - nyeyadhamma@gmail.com

သင့်အတွင်းမှာ အောင်မြင်မှုနှင့် သင်မွေးဖွားလာသည်

ကျွန်ုပ်တို့ ပြောပြခဲ့သမျှ လူသားတို့၏ ဇာတ်လမ်းများတွင် သူတို့အား အောင်မြင်မှုကို လင်ပန်းပေါ်တင်ပြီး ပေးအပ်ခြင်း ခံယူ ရရှိခဲ့သူ တစ်ဦးမျှ မပါရှိသည်ကို သင် သတိပြုပါလော့။

ပထမတွင် ဤကမ္ဘာလောကကြီးသည် အက်ဒဝပ်ဘောက်ကိုသော် လည်းကောင်း၊ တရားသူကြီး ဘင်ကူးပါးကို သော်လည်းကောင်း ကြင်နာ ထောက်ထားမှု မရှိပေ။ သို့ရာတွင် သူတို့ တစ်ဦးစီ တို့သည် သူတို့၏ ပတ်ဝန်းကျင် အခြေအနေ အရာဝတ္ထု ကုန်ကြမ်းကို ကြီးမားသည့် စိတ်ကျေနပ်နှစ်သိမ့်မှု ရုပ်လုံး ဖြစ်ပေါ်လာစေရန် ထုထွင်း၍ ယူကြသည်။

ထို့အပြင် သူတို့သည် သူတို့ကိုယ်တွင်းမှာ ရှိနေသည့် ဖြစ်နိုင်စွမ်း သတ္တိထူးများ = Talents ကို တွေ့ရှိပြီး ထိုသတ္တိထူးကို ကြီးထွား မြင့်မားစေခဲ့သည်။

Myanmar Online Ebook Library

လူတိုင်းမှာ သူ၏ ခက်ခဲ နက်နဲသည့် ပြဿနာရပ်များကို ကျော်လွှားအောင်မြင်နိုင်သော သတ္တိထူးများ ရှိသည်

မိမိတို့၏ ဘဝသည် ကျွန်ုပ်တို့အား မဖြေရှင်း နိုင်သည့် အတိဒုက္ခ အတိုင်းနှင့် ဘယ်တော့မှ ပစ်ထားခဲ့ခြင်းမရှိဆိုသည် မှာ စိတ်ပါဝင်စားစရာ ကောင်းပေသည်။

အကယ်၍ မိမိဘဝက မိမိအား ပြဿနာရပ်တစ်ခုကိုပေး အပ်ခဲ့လျှင် ထိုပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်စွမ်းပကား ကိုလည်း ပေးအပ်သည်။ ကျွန်ုပ်တို့၏ စွမ်းပကားသည် တစ်ဦး နှင့်တစ်ဦး ကွာခြားမှုတော့ ရှိနိုင် ပေသည်။ မိမိ စွမ်းပကားကို မိမိအသုံးပြုရာ၌ မိမိကိုယ်မိမိ စိတ်အား တက်ကြွ လာစေသော စေ့ဆော်စိတ်၏ အကြီး အသေး အတိုင်း ကွာခြားမှု ရှိနိုင် သည်။

မကျော်လွှား နိုင်သည်အထိ မကျန်းမမာ ဖြစ်ရခြင်းသည် အကြီးဆုံး ချွတ်ယွင်းချက် ဖြစ်သဖြင့် သင် ကြောက်ရွံ့ပေ လိမ့် မည်၊ အကယ်၍ ဤသို့ဖြစ်ခဲ့လျှင် မိလိုစိဂျုံး၏ အတွေ့အကြုံ မှ သင်ခန်းစာကို ရယူပြီးလျှင် ရဲရင့်စိတ်ထား ဖြစ်ပွားနိုင်သည်။

မိလိုစိဂျုံးသည် သူကောင်းစွာကျန်းမာနေစဉ်က ကြွယ်ဝ စေရန်အတွက် ကြိုးစားမှု မပြုခဲ့ပေ။ သူ၏ ဖြစ်ရပ်မှန်ဇာတ် လမ်းမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

မိလိုစိဂျုံးသည် သူကောင်းစွာ ကျန်းမာနေစဉ်က အလုပ်ကို ပင်ပန်းစွာ ကြိုးစားလုပ်ကိုင်ခဲ့သည်။ သူသည် လယ်သမားဘဝနှင့် အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်နယ်တွင် စိုက်ပျိုးလုပ်ကိုင်သော်လည်း စားဝတ် နေရေး ပြေရှင်းနိုင်ရုံမျှသာ ရှိခဲ့ရသည်။

ဤသို့လုပ်ကိုင်ရင်းပင် သူသည် မကျန်းမမာ ဖြစ်လာသည်။ ထို့နောက် သူသည် တစ်ကိုယ်လုံး လေဖြတ်ရောဂါစွဲကပ်လာပြီး အိပ်ရာထဲမှာသာ လဲလျောင်း နေရလေတော့သည်။ သူ့ကိုယ်ခန္ဓာကို သူ အနည်းငယ်လေးမျှသာ ရွေ့လျားနိုင်တော့သည်။

သူ၏ ဆွေမျိုးများက သူသည် သူ့ဘဝ တစ်သက်တာမှာ စိတ်ပျက်စရာ မျှော်လင့်ချက် မရှိသည့် လူမမာ မစွမ်းမသန်သူ အဖြစ်နှင့်သာ နိဂုံးချုပ်ရတော့မှာ သေချာသည်ဟု မှတ်ထင်ယုံကြည်ကြသည်။ အကယ်၍သာ တစ်စုံတစ်ခုသည် မိလိုစိဂျုံးမှာ ဖြစ်ပေါ်၍ မလာခဲ့သော် သူသည် သည်အတိုင်းသာ နေရတော့မည် ဖြစ်သည်။

သို့သော် တစ်စုံတစ်ခုကို ဖြစ်ပေါ်အောင် သူ လုပ်ဆောင်ခဲ့ပါသည်။ ထိုတစ်စုံတစ်ခုသည် သူ့အား ပျော်ရွှင်စေမှုနှင့် ငွေကြေးကြွယ်ဝမှုကို ယူဆောင်၍ ပေးအပ်ပေသည်။

ဂျုံးအား သူ့ဘဝကို အပြောင်းအလဲ ဖြစ်အောင် လုပ်ဆောင်၍ ပေးသောအရာကား အဘယ်အရာ ဖြစ်ပါသနည်း။

ဟုတ်ပါသည်။ သူ့ကိုယ်ခန္ဓာမှာ လေဖြတ်ခံနေရပါသည်။ သို့သော်လည်း သူ၏စိတ်မှာ ထိခိုက်မှုမရှိ၊ အကောင်းပကတိပင် ဖြစ်သည်။

သူသည် စဉ်းစားကြံဆနိုင်သည်။ စဉ်းစားကြံဆပြီး အစီအစဉ်များကို ချမှတ်နိုင်သည်။

တစ်နေ့သ၌ သူသည် စဉ်းစားကြံဆလျက် အစီအစဉ်များကို တွေးတောနေလေရာ အရေးပါ အရာအရောက်ဆုံး လူသားသည် အဆောင်ကောင်း လက်ဖွဲ့တစ်ခု ကိုင်ဆောင်ထားသည်ကို သတိရသည်။

ထိုလက်ဖွဲ့၏ တစ်ဖက်သော မျက်နှာပြင်ပေါ်ဝယ် PMA စာလုံးများပါရှိ၍ အခြားတစ်ဖက်သော မျက်နှာပြင်ပေါ်ဝယ် NMA စာလုံးများ ရှိနေသည်။ သူသည် စိတ်နှင့်ကိုယ် ဖြစ်သည်ကို ရှင်းလင်းစွာ သိမြင်သည်။ ဤသို့ စဉ်းစားရင်း ထိုအချိန်တွင် သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လိုက်လေသည်။

အပြုစိတ်ထား PMA သည် ကြွယ်ဝမှုကို ဆွဲယူသည်

မိလိုစီဂျုံးသည် အပြုစိတ်နေစိတ်ထား ကြီးမားတိုးတက်ရန်နှင့် အလုပ်လုပ်ရန် ရွေးချယ်လိုက်သည်။

သူသည် မျှော်လင့်ချက် ထားရှိရေး၊ အကောင်းမြင်ဝါဒ ထားရှိရေး၊ ပျော်ရွှင်မှုရရှိရေးနှင့် ဖန်ဆင်းကြည့်မြင် စဉ်းစားရေး၌ တိုးတက်ရန် ရွေးချယ်ခြင်း ဖြစ်သည်။ ဤတိုးတက်မှုများ ပြုရန် ယခုအချိန်ကပင် စတင်ရန် သူ ဆုံးဖြတ်လိုက်သည်။

သူသည် လူ့အသိုင်းအဝန်းတွင် အသုံးဝင်သူ ဖြစ်လိုသည်။ ထို့အပြင် သူသည် သူ့မိသားစုကို ထောက်ပံ့အကျိုးပြုနိုင်သူ ဖြစ်လိုသည်။ သူ့ မိသားစုအား ငန်လေးအောင် ဒုက္ခပေးနေသူအစား သူသည် အားထားစရာ လူတစ်ယောက် အဖြစ်သို့ ရောက်ရှိလိုသည်။

သို့ရာတွင် သူသည် သူ၏ အကျိုးမဲ့ဖြစ်စေသော ဘဝကို အကျိုးပြုဘဝသို့ ရောက်ရှိအောင် မည်သို့ လုပ်ဆောင်နိုင်ပါမည်နည်း။

သူသည် အထက်ပါအတိုင်း သူ တွေးတောမိသည့် အခက်အခဲ ပြဿနာရပ်ကို ဖြေရှင်းရန် သူ၏ စဉ်းစားမှုကို ရပ်တန့်မသွားစေပေ။ ဆက်လက်၍ စဉ်းစားကြံဆကာ အဖြေရှာသည်။

သူအလိုရှိသော အဖြေကို သူ တွေ့ရလေပြီ။

ပထမ သူသည်။ သူ ရရှိနေသော ကောင်းခြင်းမင်္ဂလာ အဖြာဖြာကို ရေတွက်ကြည့်သည်။

ပထမ သူသည် သူ့မှာရရှိနေသော ကောင်းခြင်းမင်္ဂလာတွေ များစွာရှိနေသည်ကို တွေ့ရသည်။

ထိုကောင်းခြင်းမင်္ဂလာ အဖြာဖြာ ဆိုသည်မှာ သူ့တွင် ကြံစည်စဉ်းစား ကြံဆနိုင်သည့် စွမ်းအားများ ရှိနေခြင်းပင် ဖြစ်သည်။

ထိုအချက်မှာ ကျေးဇူးတင်စရာပင် ဖြစ်တော့သည်ဟု သူ မှတ်ယူသည်။ ထိုသို့ ကျေးဇူးတင်ခြင်းသည် သူ့အား ဆက်လက်၍ တွေးတော စဉ်းစား ကြံဆစေလျက် အဖြေမှန် ရရာဆီသို့ ခေါ်ဆောင်သွားသည်။

သူသည် အသုံးဝင်သူ တစ်ဦး ဖြစ်လာစေရန် နည်းလမ်း များကို ရှာဖွေနေသည်။ သူသည် နောင်ကာလ၌ သူခံစားရမည့် အကျိုးကျေးဇူးများ ဖြစ်ပွားစေသော အပိုဆောင်းသည့် ကောင်းခြင်းမင်္ဂလာများကို တွေ့ရလေသည်။

တွေ့သော ထိုအချက်မှာ အစီအစဉ် ပြုလုပ်ရန် ဖြစ်၍ လုပ်ရှားလုပ်ဆောင်ရန်လည်း လိုသည်။

သို့ဖြစ်ရာ ဂျုံးသည် စိတ်ဓာတ် လှုပ်ရှားမှုကို ဆက်လက် ပြုလုပ်သည်။ သူ တွေ့ရှိရသော အစီအစဉ်ကို သူ၏ အိမ်သူ အိမ်သားများအား ထုတ်ဖော်ပြောပြသည်။

"ငါ့လက်များနှင့် ငါဘာအလုပ်ကိုမျှ မလုပ်ကိုင် နိုင်တော့ဘူး။ သည်တော့ ငါ့ရဲ့စိတ်နဲ့သာ အလုပ်လုပ်ရန် ငါဆုံးဖြတ်လိုက်တယ်။

ငါတို့ အိမ်သူအိမ်သား အားလုံး ငါ့လက်နဲ့ ငါ့ခြေထောက်များ နေရာမှာဝင်ပြီး တာဝန်ယူကြရလိမ့်မယ်။ အခု ငါတို့မှာရှိတဲ့ မြေနေရာပေါ်မှာ ပြောင်း စိုက်ပျိုးကြရမယ်။ ပြီးတော့ ဝက်တွေကို တို့မွေးရမယ်။ အဲဒီ ဝက်တွေ ငယ်ရွယ် ချိန်မှာပဲ သူတို့အသား တွေကို ဝက်အူချောင်း များ ပြုလုပ် ရောင်း ချ ကြရမယ်။

"နောက်ပြီး စည်သွတ်ဘူးများပြုလုပ်ပြီး ကုန်အမှတ်တံဆိပ်အသစ်နဲ့ ရောင်းချကြရလိမ့်မယ်။ ဒီဝက်အူချောင်းများကို နိုင်ငံတစ်ဝန်းလုံးရှိ လက်လီရောင်းတဲ့စတိုးဆိုင်များမှာတင်ပြီးရောင်းရမယ်"

ဤသို့ပြောရင်း သူ့အကြံအစည်ကို သူသဘောကျပြီး ရယ်လိုက်သေး၏။ ပြီးတော့ သူက ဆက်ပြီးပြောသည်။

"အဲဒီဝက်အူချောင်းတွေဟာ မုန့်ပူပူတွေလိုအရောင်းရသွက်မှာပဲ"

ဟုတ်ပါသည်။ သူတို့ ထုတ်လုပ်သော ဝက်အူချောင်း များသည် မုန့်ပူပူများကဲ့သို့ အရောင်းရ သွက်လှပါသည်။

နှစ်အနည်းငယ်မျှသော အချိန်အတွင်းမှာပင် ကုန်အမှတ်တံဆိပ် "ဂျုံး၏ ဝက်ငယ်သား ဝက်အူချောင်း" ဆိုသည့် စာလုံးများပါသော စည်သွတ်ဘူးများမှာ တွင်ကျယ်စွာ ရောင်းချရလေသည်။ ထိုကုန်အမှတ်တံဆိပ်၏ အမည်သည် အိမ်တိုင်း သုံးသည့် စကားလုံးဖြစ်၍လာလေသည်။

စကားရှစ်လုံးပါသည့် ထိုကုန်အမှတ်တံဆိပ်သည်လူကြီး လူငယ်အားလုံးတို့အား ဝက်အူချောင်းစားချင်စိတ်ကို တိုးပွားလာစေသည်။

မီလိုစီဂျုံးသည် ဤသို့သော နည်းအားဖြင့် ဒေါ်လာသန်းကြွယ်သူ ဖြစ်၍ လာ သည်။

သူသည်P M A အပြုစိတ်ထားနှင့်ကြံစည်စဉ်းစားညွှန်ကြားခဲ့ခြင်းအားဖြင့် သူ့ခန္ဓာကိုယ်မှာ လေဖြတ်ခံနေရလင့်ကစား သူသည် စိတ်ပျော်ရွှင်ပြီး လူ့လောကမှာ အသုံးဝင်သူတစ်ဦးဖြစ်၍လာလေသည်။

သူပျော်ရွှင်ခြင်းမှာ သူအသုံးဝင်သူ ဖြစ်လာခြင်းကြောင့်ပင်တည်း။

သင်၏ကမ္ဘာကို ပြောင်းလဲစေသည့် အခြားနည်းတစ်ခု

မိလိုစီဂျူးကဲ့သို့ ကျွန်ုပ်တို့အားလုံး သူ့ဒုက္ခမျိုးနှင့် မတွေ့ကြုံရခြင်းမှာ ကံကောင်းပါသည်။ သို့သော် လူတိုင်းမှာပင်ပြဿနာ ကိုယ်စီ ရှိကြပါသည်။

ထိုပြဿနာရပ်ကို ဖြေရှင်းရန်အတွက် ကောင်းသော နည်းတစ်ခုမှာ မိမိကိုယ်မိမိ စိတ်အားတက်ကြွစေလိုသော စေ့ဆော်စိတ်ထားဖြစ်ပွားလာစေရန် မိမိကိုယ်မိမိညွှန်းဆိုပြောကြားသည့်စကား = Self suggestionဆဲလ်ဖ်ဆပ်ဂျက်ရှင်းကိုအသေအချာ ရည်ရွယ်ချက်ထားပြီး ပြောကြားရန် ဖြစ်သည်။

ထိုဆဲလ်ဖ်ဆပ်ဂျက်ရှင်း၊ သို့မဟုတ်အော်တိုဆပ်ဂျက်ရှင်းသည် လွန်စွာ ထိရောက်မှုရှိပေသည်။

ဤသို့ပြောဆိုခြင်းအားဖြင့် သင်၏အတွင်းစိတ်သည် သင်၏ အသိစိတ်သို့ နည်းပေးလမ်းပြ ညွှန်ကြားချက်များကို ပို့ပေးမည် ဖြစ်သည်။

သင်၏ကမ္ဘာလောကကို အပြောင်းအလဲ ဖြစ်စေသည့်နည်းကား အဘယ်နည်း ဖြစ်ပါသနည်း။

အောက်တွင်ဖော်ပြမည့်စကားစုကို အလွတ်မှတ်မိလျက် နံ
နက်ဆည်းဆာ သဘောပေါက်ကာ ဟစ်နေ့လုံး ကြိမ်ဖန်များစွာ ခဏခဏ
ရွတ်ဆိုရန်ဖြစ်သည်။ ထိုစကားစုမှာ ဤသို့ဖြစ်၏။

(အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုလိုသူများ အတွက် မူရင်း
အတိုင်း အောက်တွင် ကူးယူ ဖော်ပြပါသည်။ (မြန်မာ
ဆိုသူ။)

Whatever the mind of man can conceive and belive, the mind of man can achieve with PMA

လူသား၏စိတ်က ဘာမဆိုကို သိမြင်နားလည်ကြံဆ ထင်
မြင်သည်၊ ရမည်ဟု ယုံကြည်သည်ဆိုလျှင် လူသား၏ စိတ်
သည် အပြုံ စိတ်နေ စိတ်ထား နှင့် ကြိုးစားခြင်း အားဖြင့်
အောင်မြင်စွာ ရနိုင်သည်။

ဤစကားစုသည် အောင်မြင်မှုကို ရရှိစေသော မိမိကိုယ်မိမိ
စိတ်အား တက်ကြွကာ စေ့ဆော်စိတ်ထား တိုးပွားစေသော
အရာ = **self.motivator** ဖြစ်သည်။ ဤစကားစုသည် အောင်တို
ဆပ်ဂျက်ရှင်း၊ သို့မဟုတ် ဆဲလ်ဖ် ဆပ် ဂျက် ရှင်း လည်း ဖြစ်
သည်။

ကမ္ဘာလောကကို အမြစ်မတင်ပါနှင့်

သင်သည် သင်၏ မအောင်မြင်မှု အတွက် ဤ ကမ္ဘာလောကအပေါ်မှာ အပြစ် ဖို့ရန် ကြိုးစားမှု ပြုလေ့ ရှိပါသလား။

အကယ်၍ ဤသို့ပြုလေ့ရှိခဲ့သော်ရပ်တန့်ပြီး ပြန်လည်စဉ်းစားကြည့်စမ်းပါ။

သင်၏ပြဿနာသည် ကမ္ဘာလောကအပေါ်မှာ တည်ရှိနေသလော၊ သင့်အပေါ်မှာ တည်ရှိနေသလော။

ထိုအခါ သင်သည် ရဲဝံ့စိတ်ထား၍ အောက်ပါစာကြောင်းများကို ဖတ်၍ လိုက်နာပါ။

၁။ အောင်မြင်စေမှုအချက်(၁၇)ခုကို ဖတ်ရှုနားလည်လျက် လိုက်နာမှုကို ရဲဝံ့စွာပြုပါ။

၂။ မိမိစိတ်ကိုမိမိ အားတက်သရောဖြစ်စေသည့် ဆဲလ်ဖ်မိုတီဗေတာ ခေါ် မိမိကိုယ်မိမိ စိတ်အား တက်ကြွစေကာ အောင်မြင်စေသော စေ့ဆော် စိတ်ထား ဖြစ်ပွားစေသည့် စာပိုဒ်များကို မှတ်မိသည် အထိ အရကျက်လျက် ရွတ်ဆိုမှုကို ရဲဝံ့စွာ ပြုလုပ်ပါ။

၃။ ဆိုခဲ့ပြီး လိုက်နာစရာများကို ယုံကြည်မှုအပြည့်အဝထား ပြီး လိုက်နာပါလျှင် နေ့စဉ်နေ့တိုင်း ရာပေါင်းများစွာ သော အခြားသူများအား သူတို့လိုက်နာကျင့်သုံးသည့် အတွက် အကျိုးကျေးဇူးများ ရရှိခံစား နေကြရ သလို သင်သည်လည်းမလွဲမသွေ အကျိုးကျေးဇူးများကိုခံစား ရမည် ဖြစ်လေ သည်။

မည်သို့မည်ပုံ လုပ်ဆောင်ရမည် ဆိုသည်ကို သင် မရှင်းမလင်း ဖြစ်နေကောင်း ဖြစ်နေပါလိမ့်မည်။ ဤသို့ ဖြစ်နေခဲ့သော်လည်း သင်သည် ဆိုခဲ့ပြီးအကြံပေးချက်များကိုပို၍အတိအကျနားလည် ရန် ပြန်ပြီး ဖတ်လိုက်ပါဦး။

ထို့ပြင် အောက်တွင် ဖော်ပြပါရှိသော လမ်းညွှန်ချက်(၂) ကို ဖတ်ရှု သင်ခြင်ကာ နားလည်မှု နှင့် လိုက်နာ ခြင်း ပြုပါ လော့။

လမ်းညွှန်ချက်(၂)

အောက်ပါအချက်များ နားလည်မှုဖြင့်

အသုံးပြုကာ သင် ရောက်လိုရာသို့

ပဲ့ထိန်းပေးပါ

၁။ သင်၏ကမ္ဘာလောကကို သင်ပြောင်းလဲနိုင်သည်။

သင်၏ဘဝတွင် တန်ဖိုးရှိသော မည်သည့် အရာကိုဖြစ်စေ၊ အောင်မြင်စွာ ရရှိစေရန် သင်ကိုယ်တိုင် အဆင့်မြင့်ပန်းတိုင်ကို ရည်မှန်းထားရှိရန် လိုသည်။

သင် လိုလားသည့် အဆင့်မြင့်ပန်းတိုင်၏ အကြောင်းကို သင် ကြံစည် စဉ်းစားထားပြီးပါပြီလား။

၂။ အောင်မြင်စေမှု အချက် (၁၇) ခု လိုက်နာစရာ အကြောင်းအချက်များကို ဖျက်၍ မရအောင် သင်၏ မှတ်ဉာဏ်မှာ ရိုက်နှိပ်ထားပါ။ ထို အကြောင်းအချက် များကို သင် မှတ်မိနေပြီလား။

၃။ သင်သည် ကမ္ဘာလောကကို အပြစ်တင်လေ့ရှိပါသလား။ အကယ်၍ သင် အပြစ်တင်မိလျှင် ဤ စာကြောင်းကို သတိရ ရွတ်ဆိုပါ။ "အကယ်၍ လူသားယောကျ်ား မှန်ကန်မှု ရှိပါလျှင် ကမ္ဘာလောကသည် မှန်ကန်မှု ရှိလိမ့်မည်။ ယခု လောလောဆယ် အချိန်မှာ သင်၏ ကမ္ဘာ မှန်ကန်မှု ရှိပါရဲ့လား"

၄။ သင်သည် ချန်ပီယံ အနေနှင့် မွေးဖွားခဲ့ခြင်း ဖြစ်သည်။ သင့်အတွက် သင်၏ ရည်မှန်းချက် ပြည့်ဝစေနိုင်သည့် အင်အား ကောင်းသော အစွမ်းသတ္တိထူး အရည်အချင်း များသည် ရှည်လျားလှသည့် လွန်ခဲ့သော အခါကာလများက တည်ခဲ့သည့် သင်၏ မျိုး

ဆက်ပေါင်း များစွာမှ ပါလာသည့် အမွေအနှစ်ကို ကြီးစွာသော လှောင်ကန်ကြီး အတွင်းမှာ သိုလှောင်ပြီးသား ပါရှိ၍ လာသည်။ ထိုတန်ခိုး အင်အားများကို ကြီးထွားစေကာ အသုံးပြုနိုင်ရေး အတွက် သင်သည် ထိုက်တန်သော အဖိုးအခအဖြစ် ပေးဆောင်ရန် ကြံ့စည် စဉ်းစား ကြိုးစားလုပ်ကိုင်မှု ပြုလိုစိတ်ထားများ လိုလိုလားလား ရှိပါရဲ့လား။

၇။ မိမိကိုယ်မိမိ အဘဘင်ကူးပါးကဲ့သို့ အောင်မြင်သူအဖြစ်ထား၍ ကြည့်မြင်ယုံကြည် သတ်မှတ်ပါ။

၈။ အရေးကြီးသော မေးခွန်းတစ်ခုကို သင့်ကိုယ်သင် မေးပါ။ သင့်အား လမ်းညွှန်ရန် သင်ဆောင်ထားသည့် ရုပ်ပုံက သင့်အား မည်သို့ပြောသနည်း။ အဖြေအတွက် နားထောင်ပါ။

၉။ အားလုံးသော တန်ဖိုးရှိသည့် အရာဝတ္ထုများ အောင်မြင်စွာရရှိစေသည့် နည်းလမ်း၏ အစသည် P M A အပြုစိတ်ဖနစိတ်ထားနှင့် ပေါင်းစပ်ထားသော တိကျသည့် အဓိက ရည်ရွယ်ချက် ဖြစ်သည်။ လိုချင်ဖွယ်ရာသော ပန်းတိုင်အချို့ကို သင် တိကျသေချာစွာ ရွေးချယ်ပြီးသား ရှိပြီလား။ သင် အောင်မြင်လိုလားသော အရာကို နေ့စဉ် နေ့တိုင်းပင် သင်၏ စိတ်တွင်းမှာ ထားရှိပါသလား။

၈။ တိကျသော အဓိကရည်ရွယ်ချက်ကို သင် သန္နိဋ္ဌာန်နှင့် ထားရှိလိုက်သောအခါ သင့်အား အောင်မြင်စေရန် အကူအညီ ပေးမည့် အခြားသော အောင်မြင်စေမှု အချက် မာစုအဝေးတို့သည် အလိုလိုပင် သင့်မှာပေါ် လွင်လာကာ လိုက်နာမှု သင် ပြုမိမည်ဖြစ်သည်။

၉။ လူတိုင်းတွင် သူ၏ အသိပြဿနာရပ်များအား အောင် မြင်စွာ ကျော်လွှား သွားစေနိုင်သည့် အစွမ်းသတ္တိ ထူးတွေ များစွာ ရှိနေပေသည်။တိုးတက်အောင် သင် လုပ်နိုင်သော မည်သည့် အစွမ်းသတ္တိထူးများ သင့်မှာ ရှိနေသည်ဟု သင် ထင်မြင်ပါသနည်း။

၁၀။ များစွာသော သူတို့၏ ကမ္ဘာအား ပြောင်းလဲသွား အောင် ကူညီနိုင်သော နည်းလမ်း၊ သို့မဟုတ် ပေး ဖော်နည်းကား=Formula တစ်ခုရှိပါသည်။ ဤနည်း ကို သိရှိနိုင်ရန် အောက်ပါစာပိုဒ်ကိုဖတ်ပြီး နားလည်မှု ရယူပါ။

"လူသား၏စိတ်က ဘာကိုမဆို သိမြင် နားလည်ကြံသ ထင်မြင်သည်၊ ရမည်ဟု ယုံကြည်သည်ဆိုလျှင် လူသား၏

စိတ်သည် အပြုသဘောဆောင်သော စိတ်ထားနှင့် ကြိုးစားခြင်းအားဖြင့် အောင်မြင်စွာ ရနိုင်သည်"

အပြုသဘောဆောင်သော စိတ်ထားနှင့် တွဲဖက်သော အဓိကရည်ရွယ်ချက် ကြံ့ခိုင်စွာ ပေါင်းစပ်ပြီး လုပ်ကိုင် ဆောင်ရွက်ခြင်းသည် တန်ဖိုးရှိသည့် အောင်မြင်မှုဆီသို့ သွားခြင်း၏ အစဖြစ်သည်။

မိတ်ဆွေ . . .

PDF စာအုပ်များကို ရှာနေပါသလား ?
Online ပေါ်တွင် PDF အဖြစ် မရှိသေးသော
စာအုပ်များကို PDF ပြုလုပ်ပြီး

Myanmar Online Ebook Library တွင်

အဆက်မပြတ် တင်ပေးနေပါသည်၊
member ဝင်ရန် ဖိတ်ခေါ်ပါတယ်။

အခန်း ၃

သင်၏ ကြီးစည် စဉ်းစားခြင်းများ အပေါ် ပင့်ကူအိမ် အမျှင်များသဖွယ် ဖုံးကွယ်နေခြင်းများကို ရှင်းလင်းပစ်ပါ

CLEAR THE COBWEBS FROM YOUR THINKING

သင် စဉ်းစားတွေးထင်သည့်အတိုင်း သင်ဖြစ်သည်။ သို့ရာတွင် သင် ဘာကို စဉ်းစား တွေးထင်ပါသနည်း။ သင် တွေးတော ကြံဆမှုပြုရာ၌ မည်ကဲ့သို့ နေသားတကျ အစီအစဉ် တည့်မှန်အောင် ပြုလုပ်ပါသနည်း။

သင် တွေးတောကြံဆမှုကို ပြုလုပ်ရာ၌ မည်မျှအထိ ဖြောင့်တန်းခြင်း တည့်မတ်ခြင်း ရှိပါသနည်း။

ထို့အပြင် သင်၏ တွေးတော ကြံဆ စဉ်းစားခြင်းများ သည် မည်မျှအထိ ရှင်းလင်း ကြည်လင် သန့်စင်မှု ရှိပါသိ သနည်း။

တွေးတော စဉ်းစား ကြံဆမှုများအား ပင့်ကူအိမ် အမျှင် များကဲ့သို့ ငြိကပ်စေသည့် စိတ်ရှုပ်ထွေး မတည်ငြိမ်မှု တစ်စုံ တစ်ခုသည် လူတိုင်းလောက် အား ဖြစ်ပွားစေ လေသည်။ ဤကဲ့သို့ပင် စိတ်၏ ကောင်းမွန် သန့်ရှင်း တည်ငြိမ်မှု အာလွန် ဘောက်ပြောင်မှု ရှိသည့် ပုဂ္ဂိုလ်များ၌ ပင်လျှင် ဖြစ်ရှိခံစားကြ ရသည်။

ထိုရှုပ်ထွေး စေသည့် အရာများမှာ အဖျက် စိတ်နေ စိတ် ထားများ ဖြစ်သည်။ ၎င်းတို့မှာ နှလုံးသား လှုပ်ရှားစေသည့် ခံစားမှုများ၊ စိတ်၏လှုပ်ရှားမှု လွန်ကဲခြင်း၊ တပ်မက်စွဲလမ်းမှု နှင့် ဒေါသဖြစ်ခြင်းများ၊ အကျင့်ဆိုး ဖြစ်နေသည်ကို မတား ဆီးနိုင်ခြင်း၊ စွဲလမ်းယုံကြည်မှု အယူသီး နေခြင်းများနှင့် အပြစ်များကိုသာ ရှုမြင်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ စဉ်းစား တွေးတော ကြံစည်မှုများသည် ရှုံ့ ပြီး အဖျက်စိတ်ထား ပင့်ကူအိမ် အမျှင်များတွင် ဝင်ရောက် ငြိတွယ်ခြင်းများ ခံစားနေရသည်။

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့မှာ မလိုလားအပ်သော အကျင့် ား စွဲကပ်နေသည်။ ထိုအကျင့်ဆိုး၏ အချုပ် အနှောင်မှ

ကျွန်ုပ်တို့ လွတ်မြောက်လိုသည်။ ထိုအကျင့်ဆိုးကို ဖြင်ဆင်လိုသည်။

တစ်ခါတစ်ရံတွင်မူ ကျွန်ုပ်တို့၏ စိတ်မှာ ကြီးစွာသောသွေးဆောင်မှုကြောင့် အမှား အယွင်းများကို ပြုလုပ်လိုစိတ်ရှိလာသည့်အချိန်များလည်း ရှိသည်။

ထို့နောက် ပိုးကောင်ငယ် ကလေးများ ကဲ့သို့ ကျွန်ုပ်တို့သည် ပင့်ကူအိမ် အမျှင်တွင် အဖမ်းခံ ရသဖြင့် ကျွန်ုပ်တို့သည် လွတ်မြောက်ရန် ရုန်းကန်မှု ပြုကြသည်။

ထိုအခါ ကျွန်ုပ်တို့၏ အသိစိတ် တန်ခိုး Conscious will သည် ကျွန်ုပ်တို့ တွေးတော ထင်မြင်မှု = imagination နှင့် ဆန့်ကျင်မှု၊ အငြင်းပွားမှု = Conflict ကို ဖြစ်ရလေသည်။

ထို့အပြင်ကျွန်ုပ်တို့၏ အတွင်းစိတ် တန်ခိုး = Will of our subconscious နှင့်လည်း ပဋိပက္ခ ဖြစ်ရလေတော့သည်။

ထိုအခါ ကျွန်ုပ်တို့သည် လွတ်မြောက်မှုကို ရရှိရန်၊ ပဋိပက္ခ ပြေငြိမ်းရန်အတွက် ရုန်းကန်လှုပ်ရှားမှု ပြုလေသည်။

ရုန်းကန် လှုပ်ရှားမှုများ ပို၍ ပြုလုပ်လေလေ ကျွန်ုပ်တို့မှာ ပိုးကောင်ငယ် ကလေးများကဲ့သို့ ပင့်ကူအိမ် အမျှင်တွင် တိုး

ဝင်ကာ ပို၍ ပို၍ ငြီတွယ်ကာ အဖမ်းခံရ လေလေ ဖြစ်တော့သည်။

လူသား အချို့တို့သည် အရှုံးပေး လက်မြှောက် လိုက်ကြပြီးလျှင် အသက်ရှင် နေလျက်နှင့်ပင် စိတ်၏ပဥ္စပက္ခ ငရဲ အိုးတွင်း သက်ဆင်း ခံစားနေကြရသည်။

အချို့ အခြား လူများကမူ အသိစိတ်မှ တစ်ဆင့် အတွင်းစိတ်၏ တန်ခိုး အင်အား များကို မည်သို့မည်ပုံ ရရှိအောင် လုပ်ဆောင် ရယူ နည်းများကို သင်ကြားလျက် ပင့်ကူအိမ် အမျှင်မှ လွတ်ကင်းအောင် ကြံဆောင်ကြသည်။

ထိုသူတို့သည်ကား အောင်မြင်သူများ ဖြစ်ကြ လေသည်။ ယခု သင်ဖတ်ရှုနေသော "အပြုစိတ်ထား အောင်မြင်ထင်ရှား" စာအုပ်သည် သင့်အား မိမိ အသိစိတ်မှ တစ်ဆင့် မိမိအတွင်းစိတ်၏ တန်ခိုး အင်အား များကို ရရှိအောင် မည်သို့ မည်ပုံ လုပ်ဆောင်ရမည်၊ ရရှိသောအခါ မည်သို့ သုံးစွဲရမည် ဆိုသည်ကို သင့်အား သင်ကြားပေးမည် ဖြစ်သည်။

ပိုးမွှားကောင်လေး တစ်ကောင်သည် ပင့်ကူအိမ် အမျှင်များတွင် ဝင်မမိစေရန် အလွယ်တကူ ရှောင်ကွင်း နိုင်ခြင်း ရှိလိမ့်မည် မဟုတ်ပေ။ တစ်ကြိမ် တစ်ခါ ဝင်မိခဲ့ပါလျှင်လည်း သူ့ကိုယ်သူ လွတ်မြောက်ရန် လုပ်ဆောင် နိုင်ခြင်း ရှိလိမ့်မည် မဟုတ်ပေ။

ပိုးမွှား ကောင်ကလေးအတွက် မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ လူသားတစ်ဦးစီအတွက်မှာမူ မိမိကိုယ်မိမိ လုံးလုံးလျားလျား ထိန်းချုပ်နိုင်စွမ်း အင်အားကို သဘာဝတရားက ပေးအပ် ထား သည်။

ထိုပေးအပ်ထားချက်မှာ မိမိတို့တစ်ဦးစီ၏ စိတ်နေစိတ်ထား ပင် ဖြစ်သည်။ စိတ်ထား မှန်ကန် ထည့်မတ် ရန်သာ လို သည်။

ပင့်ကူအိမ်အမျှင်များကို ဖျက်ဆီးနိုင်ခြင်း

ကျွန်ုပ်တို့သည် စိတ်ပင့်ကူအိမ် အမျှင်များကို ရှောင်ရှား နိုင် ကြပါသည်။

ကျွန်ုပ်တို့သည် ထိုစိတ်ပင့်ကူအိမ် အမျှင်များကိုရှင်းလင်းပစ် နိုင်စွမ်းလည်း ရှိကြ ပါသည်။

ကျွန်ုပ်တို့သည် ထိုစိတ် ပင့်ကူအိမ်များကို သူတို့ စတင် တည် ဆောက် ရက်ကမ်းရှယ်၍ မပြီးမြောက်သေးမီမှာပင်တံမြက်စည်း ဖြင့် အပြီး ကုန် စင် အောင် လှည်းကျင်း၍ ပစ် နိုင် ပါ သည်။

သို့မဟုတ်ကျွန်ုပ်တို့သည် ပင့်ကူအိမ်အမျှင်များမှာ တစ်ကြိမ် တစ်ခါ ဝင်ရောက်ကာ ငြိတွယ်ဖမ်းမိခြင်း ခံခဲ့ရသော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်ပင် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့လွတ်မြောက် အောင် လုပ်ဆောင် နိုင်ကြပါသည်။

ကျွန်ုပ်တို့သည် လွတ်မြောက်သူ၊ လွတ်လပ်သူ အဖြစ်ဖြင့် နေ ထိုင် နိုင်စွမ်း ရှိပေသည်။

ဤသို့ဖြစ်လာစေရန်အတွက် သင်သည် P M A အပြုစိတ်နေ စိတ်ထားနှင့် တိတိကျကျ စဉ်းစားကြံဆပြီး ပြုမူခြင်း အားဖြင့် လုပ်ဆောင်နိုင် သည်။

တိတိကျကျ စဉ်းစား ကြံဆ ခြင်းသည် အောင်မြင် စေမှု အချက် ၁၇ ခုတွင် တစ်ခုအဖြစ်ပါဝင်သည်။

တိတိကျကျ မှန်ကန်စွာ ဖြစ်ရှိရအောင် စဉ်းစားခြင်း ပြုလုပ် ရန်အတွက် သင်သည် ကြောင်းကျိုး ဆက်စပ် ဆင်ခြင်သုံးသပ် မှု = ရီဇင်း = reason ကို အသုံးပြုရမည်ဖြစ်သည်။

သိပ္ပံနည်းကျ ကြောင်းကျိုးဆက်စပ် ဆင်ခြင် သုံးသပ်ခြင်း၊ the science of reasoning သို့မဟုတ် တိတိကျကျ မှန်ကန်မှု ရရှိအောင်ကြောင်းကျိုးဆက်စပ် စဉ်းစားခြင်းကို လောဂျစ် = logic တက္ကဗေဒ ပညာ၊ သို့မဟုတ် ယုတ္တိ ဗေဒ ဟု ခေါ်ဆိုလေ သည်။

ထိုပညာရပ်ကို ဤဘာသာရပ်အတွက် အထူးတလည် ရေးသားထားသည့်စာအုပ်များမှဖတ်ရှုဆင်ခြင်သင်ကြားရယူနိုင်ကြပါသည်။

လမ်းပြကြယ်
မြန်မာစာကြည့်တိုက်

ကျွန်ုပ်တို့သည်
ကြောင်းကျိုး ဆက်စပ် ဆင်ခြင် သုံးသပ်ခြင်း
ရီဇင်း = Reason ကိုချည်းသာ
အသုံးမပြုကြပါ

သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့၏ ဆင်ခြင်တုံ အသိဉာဏ်ကို အသုံးပြုလျက် လှုပ်ရှားလုပ်ဆောင်ကြသောအခါ အထက် ဖော်ပြပါ ရီဇင်းကိုချည်း အသုံးမပြုကြချေ။

ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုများသည် များသောအားဖြင့် ပြုကျင့်လေ့ရှိသည့်အတိုင်း၊ သို့မဟုတ် စိတ်ထား အလိုလိုပေါ် သည့် အတိုင်း—intuition အတွေ့အကြုံ၊ အခြား သေားဆောင်မှုများဖြစ်သည့် ပြုလေ့ပြုထ ရှိခြင်းများ နှင့် ပတ်ဝန်းကျင် အခြေ အနေ များအရ သာ ပြု လုပ် လေ့ ရှိကြပါသည်။

ကျွန်ုပ်တို့ ကြံစည် စဉ်းစား ကြရာ၌ ကြုံတွေ့ ရတတ်သော ပင့်ကူအိမ် အမျှင်ကဲ့သို့ စိတ်ရှုပ်ထွေးမှု ဖြစ်စေသည့် အကြောင်း အချက် တစ်ခု ရှိ၏။ ထိုအချက်မှာ ကျွန်ုပ် တို့ သည် မိမိ တို့၏ ရီဇင်း = ကြောင်းကျိုးဆက်စပ် ဆင်ခြင် သုံးသပ်မှု မှ ရရှိ သည့် အဖြေအတိုင်းသာ လုပ်ဆောင်ကြသည်ဟု ထင်မြင် ယူဆလေ့ ရှိ ခြင်းပင် ဖြစ် သည်။

အမှန်တရားမှာ ကျွန်ုပ်တို့၏ အသိစိတ်ထားနှင့် ပြုမူလှုပ်ရှား လုပ်ဆောင်ခြင်းများမှာ ကျွန်ုပ်တို့ စိတ်က လုပ် ဆောင် လိုသည့် အတိုင်း သာ လုပ်ဆောင်ခြင်း ဖြစ်သည်။ ရီဇင်း = ကြောင်း ကျိုးဆက်စပ် ဆင်ခြင်သုံးသပ်မှု အရ လုပ်ဆောင်ခြင်း မဟုတ် ပေ။

ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ ပြုလုပ်ကြပါသည်။ ဤသို့ ပြု လုပ်ကြရာ၌ ကြောင်းကျိုး ဆက်စပ် ဆင်ခြင် သုံး သပ် ခြင်း– **Reasoning** ကို အပြီးသတ် ဆုံးဖြတ်ချက်ရရှိရန်အတွက် အသုံး ပြု လုပ်ကြခြင်း မှန်သော်လည်း စစ်စစ် ကျွန်ုပ် တို့၏ အတွင်း စိတ်–

သို့မဟုတ် ခိုင်မာသော အတွင်းစိတ်၏ တိုက်တွန်း ချက် **Inner urges** များဘက်သို့သာ ဘက်လိုက်ပြီး ၎င်း၏ လိုအင် ဆန္ဒ အတိုင်းသာ မျက်နှာလိုက်ကာ လုပ်ဆောင်လေ့ ရှိကြပါ သည်။

ဤသို့သော အလေ့အထ မှာ လူတိုင်း၌ပင် ရှိနေကြပါ သည်၊ လူသာမန်များကို မဆိုထားဘိ ထင်ရှားသော တွေး

ခေါ်ရှင်ကြီးများနှင့်ဖီလိုဆိုဖာပညာကျော်ပုဂ္ဂိုလ်ကြီးများ၌ပင် ထိုအလေ့အထများမှာ ရှိနေကြပါသည်။

၃၁ ဘီစီနှစ်များ အတွင်းက ဂရိဖီလိုဆိုဖာ ပညာရှင်ကြီးသည် ပင်လယ်တွင်းရှိ မြို့ကြီးတစ်မြို့မှာ နေထိုင်ခဲ့ရာ တစ်နေ့သော် သူသည် ကာသေ့မြို့သို့ ခရီးသွားလိုသည်။ သူသည် ကြောင်းကျိုး ဆက်စပ် လောဂျစ် ပညာရပ်ကို သင်ကြား ပို့ချ နေသော ဆရာကြီး ဖြစ်သည်။ သို့ဖြစ်ရာ သူသည် ထိုခရီးကို သွားသင့် မသွားသင့် ချင့်ချိန်စဉ်းစားမှုပြုသည်။

သူ ထိုခရီးကို သွားသင့်သည်ဆိုသော ဘက်မှ ရရှိသည့် အချက်များထက် မသွားသင့်ဆိုသော အချက်များက ပို၍ များနေသည်ကို သူတွေ့ရသည်။

မသွားသင့် ဆိုသောဘက်တွင် သူသည် လှိုင်းမူးရောဂါ ရရှိနိုင်သည်။ သူစီးနင်း လိုက်ပါရမည့် သင်္ဘောမှာ ငယ်သည့် အတွက် ပင်လယ်တွင်းတွင် လေမုန်တိုင်း မိလျှင် သင်္ဘောမှောက်နိုင်သည်။ ပင်လယ်တွင်း ထရီပိုလီမြို့ ကမ်းလွန် ပင်လယ်ပြင်မှာ စောင့်ဆိုင်း နေသည့် ပင်လယ် ဓားပြများနှင့် တွေ့ကြုံ နိုင်သည်။ ဓားပြများက သူတို့ သင်္ဘောကို အပိုင်စီး တိုက်ခိုက်ပြီး ပစ္စည်းများကို လုယူရုံမျှ မက သူတို့ကိုဖမ်းပြီး ကျွန်ဈေးတွင် ရောင်းချ သွားနိုင်သည်။ (ထိုစဉ်ခေတ်က ကျွန်ဈေးရှိသည်)

ဘူ၏ တွေးခေါ် မြော်မြင်မှု စိတ်ကူးများသည်, ထို ပင်လယ် ခရီးကိုသူ သွားရန် တားမြစ်သည်။

သို့သော် ထိုခရီးကို သူ သွားခဲ့ပါသည်။ အဘယ့်ကြောင့် နည်း။ အဘယ့်ကြောင့် ဆိုသော် ထိုခရီးကို သူ သွားလိုစိတ် ရှိခြင်းကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်လေရာ ကျွန်ုပ်တို့သည် အိမိုးရှင်း = Emotion စိတ်လှုပ်ရှား လုပ်ဆောင်လိုမှုနှင့် ရီးဇင်း = Reason ကြောင်းကျိုး ဆက်စပ် ဆင်ခြင် သုံးသပ်မှု ဤနှစ်ခုကို မျှမျှတတ ဖြစ်အောင် လုပ်ဆောင် သင့်သည်။ ထိုနှစ်ခုအနက် တစ်ခုခုက ကျွန်ုပ်တို့အား လွှမ်းမိုးထားခြင်း မရှိသင့်ပေ။

သို့ရာတွင် တစ်ခါတစ်ရံတွင် သင်လုပ်လိုရာ လုပ်ခြင်းက သင်၏ ကျိုးကြောင်း ဆက်စပ် ဆင်ခြင်သုံးသပ်ခြင်း = ရီးဇင်း အရ ပြုလုပ်ခြင်းထက် ပိုပြီးကောင်းမွန်မှု ရှိသည်ကိုလည်း တွေ့ရတတ်သည်။

ယခုအထက်တွင် ဖော်ပြခဲ့သည့် ဖီလိုဆိုဖာ ပညာရှင်ကြီးသည် ပျော်ရွှင် နှစ်သက်ရသည့် ပင်လယ်ခရီးကို အပြီးသွားခဲ့ပြီးနောက် သူ့နေရပ်သို့ ချောမောစွာပင် ပြန်လည် ရောက်ရှိခဲ့သည်။

ဆိုကရေးတီးနှင့် စိတ်ပင့်ကူအိမ်

ထို့နောက် ကမ္ဘာကျော် ဒဿနိကဗေဒ ဖီလိုဆိုဖာပညာကျော်ကြီး ဆိုကရေးတီး၏ အကြောင်းခြင်းရာ ဇာတ်လမ်းသည်လည်း ရှိပါသေး၏။

သူသည် သမိုင်းကြောင်း တစ်လျှောက်လုံးတွင် တွေးခေါ်ပညာရှင်ကြီးများ အနက် ထင်ရှားလှသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဆိုကရေးတီးကဲ့သို့သော ပုဂ္ဂိုလ်ကြီး၌ပင်လျှင် သူ၏စဉ်းစားစိတ်ကူးမှု များတွင် ပင့်ကူအိမ် အမျှင်များ ဖုံးအုပ် ထားခြင်းကြောင့် စိတ်ရှုပ်ထွေးကာ မှုမမှန်မှုများ၏ ဖမ်းစားခြင်း ခံရသေးသည်။

လူငယ် ဘဝတွင် ဆိုကရေးတီးသည် ဆန်သီပီး အမျိုးသမီးအပေါ်တွင် မေတ္တာသက်ဝင် ချစ်ခင်ခဲ့၏။ သူမသည် အလွန်လှပချောမွေ့သည်။ သူ၏ ရုပ်အဆင်းကား လှပခြင်း မရှိပေ။ သို့ရာတွင် သူသည် သွေးဆောင်နိုင်စွမ်း သတ္တိ ရှိသူဖြစ်သည်။

သွေးဆောင်နိုင်စွမ်း ရှိသူများတွင် သူတို့အလိုရှိရာ ရအောင် လုပ်ဆောင် နိုင်သော အစွမ်းသတ္တိများ ရှိဟန် တူပါသည်။

ဆိုကရေးတီးသည် ဆန်သီပီး အမျိုးသမီးအား သူနှင့်လက်ထပ်ရန် သွေးဆောင်ရာတွင် အောင်မြင်မှုကို ရရှိခဲ့သည်။

သူတစ်ပါး၏ အပြစ်ကိုသာ သင် ကြည့်လေ့ရှိသလား

ဟန်းနီးမွန်းခေါ် လက်ထပ်ပြီးစ ချစ်မဝသည့် ပျော်ရွှင်ကြည်နူး ခရီး ပြီးသောအခါ ဆိုကရေးတီးနှင့် ဆန်သီပီးတို့၏ အိမ်ထောင်ရေးမှာ အစပြုခဲ့ ကြစဉ်က ကဲ့သို့ အဆင် မပြေဖြစ်ကာ သာယာမှုများ နည်းပါးကုန်ခန်း လာသည်။

သူ၏ ဇနီးသည် ဆိုကရေးတီး၏ အပြစ်များကို မြင်၍မြင်၍ လာသည်။ သူသည်လည်း သူမ၏ အပြစ်များကို ကြည့်မြင်မိလေတော့သည်။

ဆိုကရေးတီးသည် ငါတည်း ဟူသော မာနကြီးသည့် တစ်ကိုယ်ကောင်း စိတ်ထား ရှိသူဖြစ်သည် စသည် ဖြင့် ဆန်သီပီးက မြည်တွန်တောက်တီးမှု ပြုသည်။

ဆိုကရေးတီးကမူ ဤသို့ပြောသည်ဟု ဆို၏။

"ငါ့ရဲ့ ရည်မှန်းချက်ကတော့ ငါဟာ လူတွေနဲ့ ကောင်းမွန်စွာ အဆင် ပြေပြေ နေထိုင်ချင်တယ်။ ငါ ဆန်သီပီးကို

ရွေးချယ်ပြီး လက်ထပ်လိုက်တာကတော့ ဆန်သီပီးနဲ့ ငါ ကောင်းမွန်စွာ အဆင်ပြေပြေ နေနိုင်မယ်ဆိုလျှင် မည်သူနဲ့ မဆို ငါဟာ အဆင်ပြေပြေ နေထိုင်နိုင်လိမ့်မယ်လို့ မျှော်လင့် လို့ပဲ''

ထိုစကားလုံးများကား ဆိုကရေးတီး၏ ပြောစကားများ သာ ဖြစ်သည်။ သို့သော် သူ၏ လုပ်ဆောင်မှုများက သူ့ ပြောစကားအတိုင်း မှန်ကန်ကြောင်း သက်သေထူ၍ မပြနိုင် ခဲ့ပေ။

ဆိုကရေးတီးသည် လူအနည်းငယ်မျှထက် ပိုပြီး သူနှင့် အဆင်ပြေပြေ ဆက်ဆံနေထိုင်မှု ပြုနိုင်ပါ၏လော ဆိုသည့် မေး ခွန်းမှာ မေးစရာပင် ဖြစ်နေသည်။

သင် တွေ့ဆုံရသော လူတိုင်းတို့အား သူတို့ အမှားကို အမြဲ တမ်း ထောက်ပြရန် သင် ကြိုးစားခဲ့သော် သင်သည် ထိုသူများ အား သင့်ထံမှ ဖယ်ရှားဆန့်ကျင်သွားစေရန် ပြုမူခြင်းပင် ဖြစ်သည်။

ထိုသူများအား မိမိဆီသို့ ဆွဲယူ သိမ်းသွင်းမှု ပြုခြင်း မဟုတ်ပေ။

ဆိုကရေးတီး၏ အပြောမှာမူ သူသည် ဆန်သီပီး၏ မြည်တွန် တောက်တီးခြင်းကို သူ၏ ကိုယ်ပိုင်အကျင့် ဖြစ်လည့် ကိုယ်တိုင်

ကိုယ်ကျ စည်းကမ်းသေဝပ်မှုရှိစေရန်အတွက်လည်း ခံခဲ့ပါသည် ဟူ၍ ဖြစ်သည်။

သို့ရာတွင် ဆိုကရေးတီးသည် စစ်မှန်သော ကိုယ်တိုင် ကိုယ်ကျ စည်းကမ်းသေဝပ်မှု အကျင့်သီလ မြင့်မားကြီးထွား လာစေရန် ဆန်သီပီးအား လက်ထပ်ခွင့် ရစေရေးအတွက် သူ ကြိုးပမ်းနေစဉ်ကကဲ့သို့ပင် အပြောအဆို အပြုအမူမျိုးနှင့် ကြင်နာထောက်ထား နားလည်မှုများ သူ့မှာ ရှိရန် ကြံဆောင် ပြုလုပ်သင့်သည်။

သို့ရာတွင် ဆိုကရေးတီးသည် သူ့အပြစ်ကို သူမမြင်၊ ဆန်သီ ပီး၏ အပြစ်ကိုသာ ကြည့်မြင်နေသူ ဖြစ်ခဲ့သည်။

ဆန်သီပီးသည်လည်း အပြစ်ကင်းလွတ်သူ မဟုတ်ပေ။ ဆိုကရေးတီးနှင့် သူမတို့သည် ယနေ့ခေတ်ရှိ များစွာသော လင်နှင့် မယားတို့ကဲ့သို့သာ နေထိုင်ကြကာ စခန်းသွားခဲ့ကြ သည်။

လက်ထပ်ပြီးသောအခါ သူတို့စုံတွဲသည် တစ်ဦးနှင့် တစ်ဦး ဆက်ဆံပေါင်းသင်းကြရာ၌ ရှေးကကဲ့သို့ ဆက်လက်ပြီး သူတို့၏ စစ်မှန်သော တစ်ဦးအပေါ် တစ်ဦး ကြင်နာ ထောက်ထားမှု ရာနှင့် ချစ်ခြင်းမေတ္တာများပြသရန် သူတို့ကိုယ်သူတို့ နှစ်လိုဖွယ် ရာနှင့် ချစ်ခင်စွဲလမ်းဖွယ် ဖြစ်အောင် ကြံဆောင်ပြုပြင်မှုပြုရန်

ကို သတိမမူ အရေးမယူဘဲ ပေါ့လျော့ဖွာသာ နေထိုင်ခဲ့ကြပါသည်။

သို့ဖြစ်ရာ တစ်ဦး၏ အပြစ်ကိုသာ တစ်ဦးက ကြည့်မြင်ကာ စိတ်ထားမမှန် အပြစ်တင်သံတွေသာ ပေါ်ပေါက်ခဲ့ရသည်။

စင်စစ် သတိမမူ အရေးမယူ နေထိုင်ခြင်းသည်လည်း စိတ်၏ ပင့်ကူအိမ်အမျှင်များပင်ဖြစ်သည်။ = Negligence is cobweb too.

ဆိုကရေးတီးသည် "အပြုစိတ်ထား အောင်မြင်ထင်ရှား" စာအုပ်ကို မဖတ်ခဲ့ရပေ။ ဆန်သီပီးသည်လည်း ထိုအတိုင်းပင်ဖြစ်၏။

အကယ်၍သာ သူမသည် ထိုစာအုပ်ကို ဖတ်ခဲ့ရသော် သူမသည် ဆိုကရေးတီး၏ စိတ်ထားကို ရှင်ပြအားတက်စေလျက် သူမအား ပို၍ ချစ်ခင်စွဲလမ်းစိတ်တွေ ပေါ်ထွက်လာအောင် လုပ်ဆောင်နိုင်စရာ ရှိပါပေလိမ့်မည်။

သူတို့၏ အိမ်ထောင်ရေး ဘဝသည်လည်း အပြီးတိုင် ပိုမို ချောမွေ့မှုကို ရရှိစေပေလိမ့်မည်။

သူမသည် မိမိအပြစ်ကို ရှေးဦးစွာ ကြည့်မြင်တွေ့ရှိပြီး ဆိုကရေးတီး၏ အပြစ်ကို ခွင့်လွှတ်နိုင်စရာ ရှိလာပေလိမ့်မည်။

သူမသည် မိမိ၏ တန်ပြန် ထင်မြင်လှုပ်ရှားမှုများကို ထိန်းသိမ်းသွားနိုင်လိမ့်မည်လည်း ဖြစ်သည်။

ဆိုကရေးတီး၏ ဇာတ်လမ်းတွင် သူသည် ဆန်သိပီး၏ အပြစ်ကိုသာ ကြည့်မြင်ပြီး ပြောဆိုခြင်းဖြစ်လေရာ ယခုတစ်ဖန် ကျွန်ုပ်တို့သည် အခြားသော လူငယ်တစ်ဦး၏ ဇာတ်လမ်းကို အောက်တွင် ပြောပြရပေမည်။

ထိုသူငယ်သည် သူ၏ အပြစ်ကို သူ သိမြင်ရန် ကျွန်ုပ်တို့ထံမှ ပညာသင်ကြားသွားသူ ဖြစ်ပေသည်။

သို့ရာတွင် ထိုလူငယ်၏အကြောင်းကို မဖော်ပြမီမှာ မြည်ဟန် ကောက်တီးခြင်းအကျင့်သည် မည်သို့မည်ပုံ မလိုလားအပ်သော အရာများ ကြီးထွားလာနိုင်သည်ကို ကြည့်ကြပါဦးစို့။ သင် သိမြင်ထားရမည့် အချက်တစ်ခု ရှိ၏။

ပြဿနာ ပေါ်လာရခြင်း၏ အကြောင်းရင်းကို သင် ကောင်းကောင်းကြီးသိမြင်သောအခါ သင်သည် ထိုပြဿနာကို မဖြစ်ပွားစေရန် ရှောင်ကြဉ်မှုကို ခဏခဏပင် ပြုလုပ်နိုင်ပေလိမ့်မည်။ သို့မဟုတ် ထိုပြဿနာ သင့်မှာ ရှိနေပြီး ဖြစ်ခဲ့လျှင်လည်း ထိုပြဿနာကို ဖြေရှင်းရန် လုပ်နည်းကိုင်နည်း အဖြေကို သင် တွေ့ရှိနိုင်မည် ဖြစ်သည်။

အမြစ်ကို ထုတ်ဖော်လေလေ
ပို၍ပို၍ ဆိုးလေလေ

စာရေးဆရာ ဟာယာကာဝသည် "မနောကံနှင့် ဗောယာကံကို ဖြစ်ပွားစေသည့် ဘာသာစကား" အမည်ရှိ စာအုပ်ကို ရေးခဲ့၏။ ထိုစာအုပ်တွင်ပါရှိသည့် စာပိုဒ်တစ်ခုတွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

မယားသည် လင်ယောကျ်ား၏ အပြစ် (သူမက ယူဆခြင်းသာ)ကို ကုသ ပြင်ဆင်ပေးရန် ရည်ရွယ်ပြီး သူ့အား အပြစ်ဆိုကာ မြည်တွန်တောက်တီးသည်။ ထိုအခါ သူ၏ အပြစ်ပြုလုပ်မှုမှာ ပို၍ တိုးလာသည်။

ထို့ကြောင့် သူမသည် ထပ်မံပြီး အတိုးချကာ မြည်တွန်တောက်တီး၏။ သဘာဝအတိုင်း အပြစ်မှာ ပို၍သာ ဆိုးရွားလာသည်။ ထိုအခါ သူမသည် ရှေးကာလက နှစ်ဆတိုးပြီး မြည်တွန်တောက်တီးမှု ပြုပြန်၏။

သဘာဝတရားက အုပ်စိုးထားသည့် နိယာမ ဥပဒေသများအတိုင်းပင် သူမ လင်ယောကျ်ား၏ ပြဿနာအတွက် ပေါ်ထွက်လာမည့် တွေ့မြင်နိုင်သည့်လမ်းမှာ တစ်ခုတည်းသာ ရှိလေတော့သည်။

ထိုလမ်းမှာ အပြစ်ဆိုမှုကို အမျိုးသမီးက ဆက်လက်၍ ပြုလုပ်နေသမျှ ကာလပတ်လုံး ဆိုးရွားမှုမှာ ပို၍ ပို၍သာ ဖြစ်ပြီးလျှင် လင်မယားနှစ်ဦးစလုံးပင် ပျော်ရွှင်မှု ကင်းစေသည့် အာရုံကြော ထိခိုက်ရောဂါ = nervous wrecks စွဲကပ်လာပြီး အိမ်ထောင်ပြုခြင်း၏ သဘာဝအရသာ ရှာမတွေ့ဘဲ သူတို့ အိမ်ထောင်ရေးမှာ ပြိုကွဲသွားနိုင်လေသည်။

အထက်တွင် အစပျိုးကာ ဖော်ပြခဲ့သည်။ လူငယ်တစ်ဦး၏ အကြောင်းကား အဘယ်အရာများ ဖြစ်ပါသနည်း။

သူသည် ကျွန်ုပ်တို့၏ ''သိပ္ပံနည်းကျ အောင်မြင်မှု ရစေသည့် PMA သင်တန်း'' သို့ တက်ရောက်လာသူဖြစ်သည်။ သူ တက်ရောက်လာစ ပထမနေ့ ညနေပိုင်းတွင် ကျွန်ုပ်တို့က မေးခွန်းတစ်ခု မေး၏။

"ဤသင်တန်းသို့ မင်း ဘာကြောင့် တက်ရောက်ရသနည်း",

"ကျွန်တော်ရဲ့ မိန်းမကြောင့်" ဟု သူက ဖြေ၏။

ကျောင်းသား အတော်များများက သူ့ အဖြေစကား ကြားရသောအခါ ရယ်ကြ၏။ သင်တန်းပြ ဆရာကတော့ မရယ်ပါ။

ဆရာသည် သူ့အတွေ့အကြုံအရ လင်ဖြစ်သူ၊ သို့မဟုတ် ယားဖြစ်သူသည် သူတို့ ကိုယ်တိုင်၏ အပြစ်ကို မမြင်ဘဲ လင်၊

သို့မဟုတ် မယား၏ အပြစ်ကိုသာ ကြည့်မြင်ပြီး အဖျက်စိတ်ထား ဖြစ်ပွားကာ ပြောဆိုကြလျက် စိတ်မချမ်းမြေ့စွာ နေထိုင်ကြရသည်ကို သိရှိထားပြီးဖြစ်သည်။

သူ့အိမ်တွင်
ပျော်ရွှင်မှု ပြန်လည်ရရှိစေသည်

ရက်သတ္တ လေးပတ်ကြာမျှ အချိန်ရသောအခါ သင်တန်းပြဆရာသည် လိုလူငယ်နှင့် တစ်ဦးချင်း တွေ့ဆုံကာ ဆွေးနွေးမှုပြု၏။

"မင်းပြဿနာ ဘယ်လိုနေသလဲ" ဟု မေးသောအခါ လူငယ်က ဤသို့ အဖြေပေး၏။

"ကျွန်တော့် ပြဿနာ ပြေလည်သွားပါပြီ"

"အံ့ဩစရာပဲ၊ သို့သော်လည်း မင်းဘယ်လိုဖြေရှင်းလိုက်တာလဲ"

"ကျွန်တော် ဒီစာပိုဒ်မှ ပညာ သင်ယူလိုက်ပါတယ်၊ ကျွန်တော် အခြားသူများနှင့် နားလည်မှု လွဲမှားနေသော ပြဿနာကို ရင်ဆိုင် ရသောအခါ ကျွန်တော့်ကိုယ် ကျွန်တော် စတင် ဆင်ခြင်ရမယ်၊ကျွန်တော့်ဘက်မှာ

ရှိတဲ့ ကျွန်တော့်ရဲ့ စိတ်နေစိတ်ထားကို သင်ခြင်စဉ်းစား ကြည့်တဲ့အခါမှာ အဖျက်စိတ်နေစိတ်ထား ဖြစ်နေတာကို တွေ့ရပါတယ်၊ ကျွန်တော် ရင်ဆိုင်နေရတဲ့ ပြဿနာဟာ စင်စစ် ကျွန်တော့် မိန်းမကြောင့်မဟုတ်၊ အပြစ်ဟာ ကျွန်တော့်ဘက်မှာ ရှိတယ်ဆိုတာ တွေ့ရတယ်၊ ဒီတော့ ဒီပြဿနာဟာ ဖြေရှင်းနေစရာ မလိုဘဲ အလိုလို ပြေလည် သွားတာပါပဲ"

ကိုင်း—အခု ပြန်လည်စဉ်းစားမှု ပြုလုပ်ကြပါဦးစို့။ ဆိုခဲ့ပြီး ဆိုကရေးတီးဟာ သူ့ကိုယ်သူ အခုလို ပြောခဲ့လျှင် ဘယ်လို ဖြစ်စေနိုင်သလဲ။

"နားလည်မှု မှားယွင်းခြင်းဟာ ကျွန်ုပ်နှင့် ဆန်သိပီး ကြားမှာ ဖြစ်ပေါ်နေခဲ့သော်....ကျွန်ုပ်သည် ကျွန်ုပ်ဘက်မှ အစပြုပြီး မိမိအမှားကို မြင်ယင်ရန် ဆင်ခြင်သုံးသပ်ကြည့် ရမယ်"

အကယ်၍ သင်သည်လည်း သင့်ကိုယ်သင် ဤကဲ့သို့ ပြော ခဲ့သော် မည်သို့ဖြစ်လာနိုင်သနည်း။

"အခြားသူများနှင့် ကျွန်ုပ် နားလည်မှု မှားယွင်းနေ သောအခါ ပေါ်လာသည့် ပြဿနာကို ဖြေရှင်းရန် ကျွန်ုပ်၏ အမှားကို ဆင်ခြင်ခြင်း စတင်ရမယ်"

ထိုအခါ သင်၏ ဘဝသည် ပျော်ရွှင်စရာ ဖြစ်ရှိလာမည် မဟုတ်ပါလား။

စကားတစ်လုံးသည် တိတိကျကျဖြစ်အောင် စဉ်းစားဆင်ခြင်ခြင်းကို ပျက်ပြားစေသည်

ကျွန်ုပ်တို့၏ ပျော်ရွှင်မှုကို ပျက်စီးအောင် ဖျက်ဆီး နှောင့်ယှက်နေသည့် အခြားသော စိတ်ပင့်ကူအိမ် အမျှင်များလည်း ရှိသေး၏။

တူးဆန်းသော အရာ တစ်ခုမှာ ကျွန်ုပ်တို့ တွေးခေါ် စဉ်းစားမှုပြုရာ၌ အသုံးပြုသည့် စကားလုံးများ ဖြစ်သည်။ စကားလုံးများသည် အမှတ်လက္ခဏာများဖြစ်သည်။ ထိုအမှတ်လက္ခဏာများသည် ကျွန်ုပ်တို့အား မကြာခဏပင် အတွေးအခေါ်များကို မှားယွင်းမှု ဖြစ်ပွားစေသည်။

စကားလုံးတစ်လုံးသည် အခြား များလှစွာသော အတွေးအခေါ် ယူဆချက်၊ နားလည်မှုနှင့် အတွေ့အကြုံ စသည်များကို အမျိုးမျိုးအစားစား ဖြစ်ပွားစေသည်။

စကား တစ်လုံးသည် ပြောလိုက်ရုံမျှနှင့်ပင် သင်သည် အခြားတစ်ဦးအား စိတ်ထားမြင့်မား တက်ကြွ သွားအောင် သူ၏ စေ့ဆော်စိတ်ကို နှိုးဆွပေးနိုင်သည်။

ဥပမာ- "မင်းလုပ်နိုင်ပါတယ်" ဟု ပြောခြင်း "ငါလုပ်နိုင်တယ်" ဟု ပြောခြင်းများ ဖြစ်သည်။

သို့ရာတွင် အခြားသူ တစ်ဦးဦး၏ နှုတ်ဖျားမှဖြစ်စေ၊ သင်၏ နှုတ်ဖျားမှ ဖြစ်စေ ထွက်လာသော စကားလုံး၏ အနက် အဓိပ္ပာယ် ဆိုလိုရင်းကို ကောင်းစွာ နားလည်ရန်မှာ လိုအပ်သည်။

တိတိကျကျ စဉ်းစားဆင်ခြင်မှု ပြုရေးတွင် စကားလုံးကို ကောင်းစွာနားလည်ရန်မှာ အရေးကြီးလှပေသည်။ စကားလုံး၊ သို့မဟုတ် ဝေါဟာရကို အဓိပ္ပာယ် မှားယွင်းစွာ ယူဆထားခြင်းမှ ကျွန်ုပ်တို့၏ အတွေးအခေါ် အယူအဆ မှားယွင်းပြီး တိတိကျကျ စဉ်းစားခြင်းကို အနှောင့်အယှက် ဖြစ်စေလေသည်။ ထိုအခါ မလိုလားအပ်သော အငြင်းပွားမှုကို ဖြစ်စေလေသည်။

မိမိနှင့် အခြားသူများ အငြင်းမပွားရလေအောင်ရှေးဦးစွာ သူ့စိတ်နှင့် ကိုယ့်စိတ် တွေ့ဆုံ နှီးနှောမှုကို စတင်ပြုလုပ်သင့်သည်။ ထိုအခါ မလိုလားအပ်သော နားလည်မှုမှားယွင်းခြင်းများကို ရှောင်ရှားသွားနိုင်ပေလိမ့်မည်။

စကားတစ်လုံးအတွက်
ဦးကြီးနှင့် တူ အငြင်းပွားရခြင်း

ကိုးနှစ်သားကလေး၏ ဦးကြီးသည် သူ့တူ၏ မိဘများအိမ်သို့ အလည် ရောက်သွားသည်။ ညနေပိုင်းအချိန် သား၏အဖေ အိမ်ပြန်လာသောအခါ အောက်ပါ အမေးအဖြေ စကားများ ဖြစ်ပွားရသည်။

ဦးကြီး။ ။ မင်းသား လိမ်ပြောလျှင် မင်း ဘယ်လို ထင်သလဲ။

အဖေ။ ။ ကျွန်တော် သူ့အကြောင်းကို အများကြီး စဉ်းစားမထားမိပါဘူး၊ ကျွန်တော် သေသေချာချာ သိတာတစ်ခုကတော့ ကျွန်တော့်သား အမှန်အတိုင်းကိုပဲ ပြောတယ်။

ဦးကြီး။ ။ ဒီနေ့ သူ လိမ်ပြောတယ်။

အဖေ ။ ။ သား....မင်းရဲ့ဦးကြီးကို မင်း လိမ်ပြောသလား။

သား ။ ။ မပြောပါဘူး အဖေ။

အဖေဖြစ်သူသည် သား၏ ဦးကြီးဘက်သို့ လှည့်ပြီးပြော၏။

ဒီကိစ္စ ပြေလည်သွားအောင် သားကို မေးရဦးမယ်၊ မင်းရဲ့ဦးကြီးက မင်း လိမ်တယ်လို့ ပြောနေတယ်၊ မင်းက မလိမ်ပါဘူးလို့ ဆိုတယ်၊ ဘယ်လိုဖြစ်ခဲ့တာလဲ၊ သေသေချာချာ ပြောကြပါဦး။

ဦးကြီး။ ။ ဒီလိုကွ၊ ငါ သူ့ကိုပြောတယ်၊ မင်းရဲ့ ကစားစရာတွေကို မြေတိုက်ထဲ သွားထားခဲ့လို့၊ သူ သွားမထားဘူး၊ သူ သွားထားပါတယ်လို့ ငါ့ကို လိမ်ပြောတယ်။

အဖေ ။ ။ သား....မင်းရဲ့ ကစားစရာတွေကို မြေတိုက်ထဲ သွားထားရဲ့လား။

သား ။ ။ မြေတိုက်ထဲ သွားထားပါတယ်အဖေ။

အဖေ ။ ။ သား....အဲဒီကိစ္စကို မင်း ဘယ်လို ရှင်းလင်းပြောပြမှာလဲ၊ မင်းရဲ့ဦးကြီးက မင်းရဲ့ ကစားစရာတွေကို မင်းမြေတိုက်ထဲသွားမထားဘူးလို့ ပြောတယ်၊ မင်းက ပြောတော့ ကစားစရာတွေကို မြေတိုက်ထဲ သွားထားပါတယ်တဲ့။

သား။ ။ ကျွန်တော် ပြောပြမယ် အဖေ၊ ကျွန်တော်တို့ တိုက်မြေညီထပ် ကြမ်းပြင်မှာနေပြီး မြေတိုက်ထဲ ဆင်းတဲ့ လှေကားထစ်တွေ အတော်များများ ရှိတယ်၊ မြေတိုက်ထဲ ဆင်းတဲ့ လှေကားထစ် လေးထစ်လောက် ဆင်းလိုက်လျှင် ပြတင်းပေါက် တစ်ခု ရှိတယ်၊ ကျွန်တော် အဲဒီပြတင်းပေါက် အုတ်ခုံပေါ်မှာ ကျွန်တော်ရဲ့ ကစားစရာတွေကို တင်ထားခဲ့ပါတယ်၊ မြေတိုက်ဟာ အောက် ကြမ်းပြင်ကနေပြီး အထက်မျက်နှာကြက်အထိ ကျယ်ပါတယ်၊ ကျွန်တော်ရဲ့ ကစားစရာတွေဟာ အခု မြေတိုက်ထဲမှာ ရှိနေပါတယ်။

ဦးကြီးနှင့် သူ့တူ ယခု အငြင်းပွားရခြင်းမှာ စကားတစ်လုံးကြောင့် ဖြစ်သည်။ ထိုစကားမှာ "မြေတိုက်" ဖြစ်သည်။

တူဖြစ်သူသည် သူ့ဦးကြီး၏ဆိုလိုရင်းအဓိပ္ပာယ်ကို သိဖွယ်ရာ ရှိပါသည်။ သို့ရာတွင် သူသည် မြေတိုက်အောက်ခြေကြမ်းပြင်အထိ ပြေးဆင်းရမည်ကို ပျင်းသည်။ ယခု သူ ဒဏ်ပေးခံရမည့် နှင့် ရင်ဆိုင်ရသောအခါ သူ့မှာ အပြစ်လွတ်စေရန် အတွက် သူမှန်ကြောင်း သက်သေထူဖို့ လောဂျစ်နည်း = ယုတ္တိဗေဒကို သုံးစွဲလျက် ပြောလိုက်ခြင်းဖြစ်သည်။

၁၁-ဒုတိယအကြိမ်

ဖား၏ခြေချောင်းများက လောဂျစ်ကို သင်ပေးခြင်း

ဤစာအုပ်ကို နပိုလီယန်ဟီးလ်နှင့် အတူ ပူးတွဲရေးသားသူ ဒဗလျူကလီးမင့်စတုန်းသည့်လည်း ငယ်စဉ် အရွယ်တုန်းက "အကြီး အငယ်" ဆိုသော စကားလုံးများနှင့် ပတ်သက်၍ အယူအဆ မှားယွင်းခဲ့ဖူးသည်။

ဤသို့ မှားယွင်းမှုကြောင့် သူ၏ တိတိကျကျ ဖြစ်စေရန် စဉ်းစားနားလည်မှုတွင် စိတ်ပင့်ကူအိမ်အမျှင်များ ငြိတွယ်ခဲ့ရသည်။

သူ ဖြစ်ခဲ့ရပုံကို သူက အောက်ပါအတိုင်း ပြောပြသည်။

ကျွန်တော် ငယ်စဉ်တုန်းက ကျွန်တော် ဖား၏ ခြေချောင်း အကြော်များ စားရသည်မှာ အရသာ ရှိလှသည်။

တစ်နေ့သ၌ ကျွန်တော် စားသောက်ဆိုင် တစ်ခုမှာ ဂျပ်တို ဖားခြေချောင်းကြီးကြီးများကို စားခဲ့ရာ အရသာ မတွေ့ပေ။ ထိုအချိန်မှစ၍ ထို့နောက်တွင် ဖားခြေချောင်း အကြီးများ ငါမနှစ်ခြိုက် မစားဟု ဆုံးဖြတ်ထားလိုက်သည်။

နောင်နှစ် အနည်းငယ် ကြာသွားသောအခါ ကျွန်တော် စားသောက်ဆိုင် အကောင်းစားတစ်ခုမှာ ဝင်သွားပြီး အစားအစာ မှာကြားသောအခါ စားပွဲထိုးနှင့် အောက်ပါအတိုင်း ပြောကြရသည်။

"မင်းတို့အိမ်မှာ ဖားခြေချောင်းသား အငယ်လေးတွေ ရှိသလား"

"ရှိပါတယ် ခင်ဗျာ"

"သေချာရဲ့လား၊ ငါ အကြီးခြေချောင်းကို မကြိုက်ဘူး"

"သေချာပါတယ် ခင်ဗျာ"

"အကယ်၍ ခြေချောင်း အငယ်များဆိုလျှင် ငါ့အတွက် အကြိုက်ပဲ"

"ဟုတ်ကဲ့ ခင်ဗျာ"

စားပွဲထိုးက အစားအစာများ ယူလာသောအခါ ဖားခြေချောင်းများမှာ အကြီးကြီးတွေ ဖြစ်နေသည်ကို ကျွန်တော် မြင်ရ၏။ ထိုအခါ ကျွန်တော် စိတ်ဆိုးပြီး ဤသို့ ပြောမိ၏။

"ဒါတွေဟာ ဖားခြေချောင်း အငယ်များ မဟုတ်ပါဘူး"

"ကျွန်တော်တို့ ရှာတွေ့ရသမျှအထဲမှာ ဒါဟာ ဖားခြေချောင်း အငယ်ဆုံးတွေပဲ ခင်ဗျာ"

စားပွဲထိုးက ပြန်ပြော၏။

စိတ်မသက်မသာနှင့်ပင် စားပွဲထိုး ယူလာသော ဖားခြေချောင်းများကို ကျွန်သော် စားမိ၏။ စားမိသောအခါကျမှ အရသာ များစွာရှိသည်ကို ကျွန်တော် ခံစားရ၏။ ခြေချောင်းတွေ အခုထက်ကြီးလျှင် ပိုကောင်းမှာပဲဟုပင် ကျွန်တော် လိုလားထင်မြင်မိ၏။

ထိုအခါတွင် ကျွန်တော် လောဂျစ် = ယုတ္တိဗေဒပညာ သင်ခန်းစာကို နားလည်သင်ကြားမိသည်။

ယခုလို ဖြစ်ရခြင်းအပေါ်မှာ ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်ပိုင်းခြားလိုက်သောအခါ ဖားခြေချောင်းများ၏ ကောင်းခြင်း မကောင်းခြင်းကို သတ်မှတ် ပိုင်းခြားရာ၌ အရွယ်အကြီးသို့မဟုတ် အငယ်ပေါ်တွင် အဆုံးအဖြတ် ပေးခဲ့မိခြင်းသည် အခြေခံ အမှားအပေါ်မှာမူတည်၍ ပြုလုပ်မိခဲ့ခြင်း ဖြစ်ကြောင်း ကောင်းစွာ သိမြင်လာပါတော့သည်။

စားသောအခါ အရသာ မရှိခြင်းမှာ ဖားခြေချောင်းများ၏ အကြီး အငယ် အရွယ်နှင့် မဆိုင်ကြောင်း သိမြင်လာရ၏။ ပထမအကြိမ် ကျွန်တော် စားခဲ့ရသော ဂျမ်ဘို ဖားခြေချောင်းများမှာ မလတ်ဆတ်သော ခြေချောင်းများ ဖြစ်ခဲ့၏။

ကျွန်တော်၏ အရသာမတွေ့ခြင်းကို အရွယ်အကြီးကြောင့်ဟု ဆက်စပ်တွေးထင်မိခဲ့သည်။

အဖြစ်မှန်မှာ ထိုခြေချောင်းများ မလတ်ဆတ်ဘဲ ပျက်စီးနေခြင်းနှင့်သာ ဆက်စပ်ယူရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ တိတိကျကျဖြစ်ရန်စဉ်းစားမှုများကို ပင့်ကူအိမ်အမျှင်များ လာရောက်ငြိကပ်မှုခံရခြင်းမှာ စဉ်းစားမှုအခြေခံရာမှာ မှားယွင်းနေခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ များစွာသောသူတို့၏ တိတိကျကျ စဉ်းစားမှု မပြုနိုင်ခြင်းကြောင့် စိတ်ရှုပ်ထွေးမှု ဖြစ်ရသည်မှာ စကားလုံးများ အသုံးပြုရာတွင် မှားမှားယွင်းယွင်း မှတ်သားမိခြင်းကြောင့်ဖြစ်သည်။ ထိုအခါ အဖြေမှန်ရရန် အခြေခံစဉ်ကပင် မှားယွင်းနေပြီ ဖြစ်လေသည်။

PDF Creator - nyeyadhamma@gmail.com

စကားတစ်လုံးမှ ကောင်းကျိုး ဆိုးကျိုး နှစ်မျိုး ထွက်စေခြင်း

ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာ မပြည့်စုံ မလုံလောက်ခြင်း = necessity ဆိုသော စကားကို အခြေခံကာ စဉ်းစားကြံဆ လုပ်

ကိုင်မှုပြုကြရာမှ ကောင်းကျိုး၊ သို့မဟုတ် ဆိုးကျိုး နှစ်မျိုးထွက်ပေါ်လာနိုင်သည်ကို တွေ့ရှိရသည်။

မပြည့်စုံမလုံလောက်ခြင်း စကားလုံးကို အပြု စိတ်နေ စိတ်ထားနှင့် အသုံးပြုသောအခါ ထိုသူအားသူ၏စေ့ဆော်စိတ်ထားကို ကြီးမားနိုးကြွလာစေကာ ဂုဏ်ကျက်သရေရှိ အောင်မြင်မှုကို ရရှိစေပါသည်။

သို့ရာတွင် ထိုစကားလုံးများကို အဖျက်စိတ်ထားနှင့် အသုံးပြုသွားသူများမှာမူ လိမ်လည်ခြင်း၊ အောက်ကျစ် ခြင်း၊ အလွဲသုံးစား ပြုလုပ်ခြင်းနှင့် ဆိုးရွား ရမ်းကားမှု များကို ဖြစ်ပွားစေကာ သူ၏ ဘဝ ကို မရှု မလှ ဆုံး ပါး သွား စေ နိုင်သည်။

ဤစာအုပ်တွင်ပါရှိသည့် အောင်မြင်ခြင်း ဇာတ်လမ်းများကို သင် ဖတ်ရသောအခါ ထိုဇာတ်လမ်းများတွင်ပါရှိသောပုဂ္ဂိုလ်များသည် necessity မပြည့်စုံ မလုံလောက်ခြင်း ကြောင့် သူတို့၏ စေ့ဆော်စိတ်ထားများ တက်ကြွ အားကောင်း လာကာ အောင်မြင်ထမြောက်မှု အမျိုးမျိုး ရရှိအောင် ဆောင်ရွက်ပုံကို တွေ့မြင် ရမည် ဖြစ်သည်။

သို့ဖြစ်ရာ ထိုစကားလုံး အတွက် 'ဤသို့ ဆိုရပေဦးမည် ဖြစ်လေသည်။

Necessity is the mother of invention and the father of crime.
မပြည့်စုံ မလုံလောက်ခြင်းသည် တီထွင်မှုကို မွေးဖွား၍ ပေးသော မိခင် ဖြစ် ၍ ရာဇဝတ်မှု ၏ ဖခင် လည်း ဖြစ်သည်။

သို့ရာတွင်မပြည့်စုံမလုံလောက်ခြင်း စကားလုံးများကို အသုံးပြု၍ ကြိုးစားအားထုတ် လုပ်ကိုင်ရာတွင် P M A အပြုစိတ်ထားနှင့် ပေါင်းစပ်သုံးစွဲရမည်ဖြစ်ပေသည်။

တန်ဖိုးရှိသည့် အောင်မြင်မှု အားလုံးတို့အတွက် အခြေခံ လိုအပ်ချက်မှာ ချို့ယွင်းမှု မပြုတော့သည့် အဆင့်သို့ရောက်ရှိနေသည့် ရိုးသားဖြောင့်မတ်ခြင်းဖြစ်သည်။ ထိုအဆင့်အထိရောက်ရှိနေသော ရိုးသားဖြောင့်မတ်ခြင်းသည် အပြုစိတ်နေစိတ်ထား၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည်။

ဤစာအုပ်မှာ ပါရှိသော အောင်မြင်မှုအဝဝ ရရှိကြသည့် ဖြစ်ရပ်မှန် ဇာတ်လမ်းများ ဖတ်ရသောအခါ ချို့ယွင်းမှုမပြုတော့သည့်အဆင့်အတန်းအထိ ရောက်ရှိနေသည့်ရိုးသားဖြောင့်မတ်မှုများအား ထိပါး မကျူးလွန် မပျက်စီးစေသည့် ပုဂ္ဂိုလ်သာ ဖြစ်ကြောင်း သင် ကောင်းကောင်းကြီး တွေ့ရှိ ရပါလိမ့်မည်။

အောက်မှာဖော်ပြပါရှိသည့် လီးဘာရက္ကစ်တွန်သည်ထိုပုဂ္ဂိုလ်များ၏ အမျိုးအစားပင် ဖြစ်သည်။

အမေရိကန်နိုင်ငံ ဝှါကိဗ်မီလီမြို့တွင် လီးဘာရက္ကတ်တန် သည် ဆင်းရဲ နွမ်းပါးသော ပန်းပဲသမား၏ သား ဖြစ်သည်။ သူ့မှာ မိသားစုတွင် သားသမီး၁၂ယောက်ရှိရာ သူသည် ဆယ်ယောက် မြောက် သားဖြစ်သည်။

သို့ဖြစ်ရာ မစ္စတာ ဘာရက္ကာစ်တွန်က ဤသို့ ပြော၏။

“အဲသည်တော့ ခင်ဗျားတို့က ပြောနိုင်ပေ လိမ့်မယ်။ ကျွန်တော်ဟာ လူငယ်ဘဝတုန်းကပင် ဆင်းရဲနွမ်းပါးခြင်းနှင့် အသိမိတ်ဆွေ ဖြစ်ခဲ့ရ ပေတယ် လို့။

“သို့သော်လဲ ကျွန်တော် ကောင်းစွာ ကြိုးစားပြီး စာ သင်ယူခဲ့လို့ ခြောက်တန်းတော့ အောင်ခဲ့ ပါတယ်။

“ကျောင်းကထွက်တော့ ကျွန်တော် ရှူးဖိနပ် အရောင်တင်တဲ့ အလုပ်၊ မီးဖိုချောင်သုံး စားသုံး ပစ္စည်းများ ပို့ပေးတဲ့ အလုပ် လုပ်တယ်။ သတင်းစာလဲ ရောင်းတယ်။ ခြေအိတ် လုပ်တဲ့ စက်ရုံမှာလဲ အလုပ်သမားအဖြစ် အလုပ် လုပ် တာ ပဲ။ နောက်ပြီး မော်တော်ကားတွေ ရေဆေးတဲ့ အလုပ် ကိုလဲ လုပ် ပြီး တဲ့ နောက် ကျွန်တော် စက်ပြင် ဆရာရဲ့ အလုပ်ရုံ မှာ လက်ထောက် အကူ အညီ အလုပ်သမား အဖြစ် အလုပ် လုပ်ပါတယ်”

နောက် သူ စက်ပြင်ဆရာ ဖြစ်လာ၏။

စက်ပြင်ဆရာ ဖြစ်လာသောအခါ ဘရက်ကစ်တွန်သည် သူ့ကိုယ်သူ အတတ်နိုင်ဆုံး အမြင့်လူ့ဘဝ အဆင့်သို့ ရောက်ခြင်းပေပဲဟု မှတ်ထင်မိသည်။

စင်စစ် သူသည် သူ၏ "စိတ်မကျေနပ်မှုကို အခြေခံသည့် စိတ်အား တက်ကြွအားထုတ်လိုစိတ်" မဖြစ်သေးပေ။

သူ အရွယ်ရောက် လာသောအခါ အမျိုးသမီး တစ်ဦးနှင့် လက်ထပ်လိုက်သည်။

သူနှင့်သူ့ဇနီးတို့သည် အတူတကွ ချွေတာသုံးစွဲစားသောက်နေထိုင်ခဲ့ကြသည်။ ဆင်းရဲနွမ်းပါးမှု ဆိုသည်မှာ သူ့အတွက် ရိုးနေလေပြီ။

သူ့အား ချည်နှောင်ထားသော ဆင်းရဲနွမ်းပါးမှု သံကြိုးကို သူ ဖြတ်တောက်ပြစ်နိုင်ခြင်း မရှိတော့သည့် အသွင်အပြင်နှင့်သာ သူ နေထိုင်ရဟန် ရှိလေသည်။

သူသည် လခစား အလုပ်မှာ ဝင်ရောက် လုပ်ကိုင် ပါသော်လည်း သူ့မိသားစုအား အနိုင်နိုင် ထောက်ပံ့ လောက်သည့် နည်းပါးလှသော လစာငွေကိုသာ ရရှိသည်။

ဆင်းရဲမွဲတေ အခြေမလှသည့် ဘရက်ကစ်တွန် မိသားစုတို့၏ ဘဝမှာ ညှိမျှနှင့် မပြီးသေးပေ။ အခြေအနေမှာ ပို၍သာ ဆိုးလာစေရန် သူ့မှာ အလုပ် ပြုတ်ရလေတော့သည်။

သို့ရာတွင် သူသည် ဘရက္ကစ်တွန်အား ငှားလိုက်သည့် "ကြံ့စည်စဉ်းစားခြင်း အားဖြင့် ကြီးပွားချမ်းသာပါ" စာအုပ်ကို ဖတ်ရသည့်အတွက် သူ၏ ကြွယ်ဝ ချမ်းသာ လိုသော စေ့ဆော် စိတ်ထားများ မြင့်မား လာကာ ကြိုးစား အားထုတ် လုပ်ကိုင်ခဲ့ရာ သူ ဆုံးပါးခဲ့ရသမျှ စီးပွား ချမ်းသာ များကို ပြန်လည် ရရှိခဲ့သူ ဖြစ်သည်။

ယခုအခါ လီးဘရက္ကစ်တွန်သည် ကြီးပွား ချမ်းသာမှုများ ရရှိစေရန် အရန်သင့်ပင် ဖြစ်လာလေပြီ။

သူသည် ဆိုခဲ့ပြီး စာအုပ်ကို ထပ်ပြန်တလဲလဲ အကြိမ်ကြိမ် ဖတ်ရှု ဆင်ခြင်သည်။ သူသည် စီးပွားရေး အောင်မြင်မှုကို ရှာဖွေသည်။ သူက သူ့ကိုယ်သူ ဤသို့ပြော၏။

"ငါ တစ်စုံ တစ်ခုကို လုပ်ဖို့ရှိရမယ်လို့ ငါ ထင်တယ်၊ အခု ငါ လုပ်ခဲ့တာထက် ပိုပြီး တစ်စုံ တစ်ခုကို ထပ်တိုး ဖြည့်စွမ်းရမှာပဲ၊ ဘယ်စာအုပ်ကမှ ငါ့အတွက် လုပ်ပေးတော့မှာ မဟုတ်ဘူး၊ ပထမဦးစွာ ငါလုပ်ရမှာကတော့ ငါ့ရဲ့ အရည် အချင်းနှင့် ငါ့ရဲ့ အခွင့်အရေးများအတွက် PMA အပြုံစိတ် နေစိတ်ထား ရှိရမှာပဲ၊ နောက်ပြီးတော့ ငါ့မှာ တိကျတဲ့ အဓိက ရည်မှန်းချက် ပန်းတိုင် မြင့်မြင့် ထားရမယ်၊ သို့သော်လဲ အလုပ်ကို အခုပဲ စတင်ရမယ်၊ ငါတွေ့တဲ့ အလုပ်ကိုပဲ ငါ့အနေနဲ့ ဝင်လုပ်ရမယ်"

ထို့နှင့် သူသည် အလုပ်ကို ရှာဖွေရာ ပထမဆုံး သူရရှိသော အလုပ်ကိုပင် သူဝင်ရောက်လုပ်ကိုင်သည်။ အစတွင် ထိုအလုပ်မှ ရသော အခကြေးငွေမှာ မများလှပေ။

"စဉ်းစား ကြံဆခြင်း အားဖြင့် ကြွယ်ဝ ချမ်းသာပါ" စာအုပ်ကို ဖတ်ပြီးနောက် နှစ်ပေါင်း များစွာ မကြာမြင့်မီ အချိန်မှာပင် လီးဘရက္ကစ်တွန်သည် ဝိုက်ဗီလီး၏ ပထမ အမျိုးသား ဘဏ်တိုက်တွင် ဥက္ကဋ္ဌအဖြစ်သို့ ရောက်ရှိအောင် စည်းရုံးလုပ်ကိုင်မှုကို သူ ပြုနိုင်ခဲ့လေသည်။

ထို့နောက် သူသည် သူနေထိုင်သော မြို့၏ မြို့တော်ဝန် အဖြစ်အရွေးခံရသည်။ ထို့အပြင် စီးပွားရေး လုပ်ငန်းရပ်များ အများအပြားမှာပင် အောင်မြင်စွာ စီးပွားရေးလုပ်ငန်းများကို သူလုပ်ဆောင်နိုင် ခဲ့သည်။

လီးသည် မြင့်မြင့်ကြီး ရည်မှန်းချက် ထားခဲ့သည်။ အမှန်ဆိုရသော် အလွန်မြင့်မားလှသော ရည်ရွယ်ချက်ကို သူ ထားရှိခဲ့သည်။

သူ၏ ရည်မှန်းချက်တွင် သူအသက် ၆၀ မပြည့်မီ ၃ နှစ်အလိုမှာပင် သူ အငြိမ်းစား ယူနိုင်ခဲ့သည်။

သူ့အသက် ၄၄ နှစ်၌ သူ့တွင် စိတ်ချရသော ဝင်ငွေအပြင် ထုနှင့်ထယ်နှင့် ခိုင်လုံသည့် ကြွယ်ဝချမ်းသာ မှုကိုပါ အပြည့်အစုံ ရရှိခဲ့သည်။

ယခု ကျွန်ုပ်တို့ ပြောပြခဲ့သည့် လီးဘရက္ကစ်တွန်၏ ရှုံးနိမ့်မှု အောင်မြင်မှု ဇာတ်လမ်းတွင် သူ၏ တိုးတက် ကြွယ်ဝ ချမ်းသာလာမှုသည် ကျွန်ုပ်တို့ ပြောပြလိုသည့် အဓိကအကြောင်းအရင်း မဟုတ်ပေ။

ထိုအချက်သည် အရေးမကြီးပါ။

အရေးကြီးသော အချက်မှာ မပြည့်စုံ မလုံလောက်သော ဆင်းရဲ မွဲတေရသည့် = Necessity သည် လူသား တစ်ဦးအား သူ၏ ကြွယ်ဝ ချမ်းသာလိုသော စေ့ဆော် စိတ်ကို တိုးပွားစေကာ PMA အပြု စိတ်နေ စိတ်ထားနှင့် ရိုးသား ဖြောင့်မတ်မှုကို မပျက်ပြား မဆုံးရှုံးစေဘဲ ကြိုးစား အားထုတ်ခြင်း အားဖြင့် ကြီးပွား ချမ်းသာ လာစေနိုင်သည် ဆိုသော အကြောင်းသည်သာ ဖြစ်ပါသည်။

ရိုးသား ဖြောင့်မတ်မှု ရှိသူတစ်ဦးသည် သူ့မှာဆင်းရဲ နွမ်းပါးမှုကြောင့်ဟု အကြောင်းပြကာ လှည့်ဖြားခြင်း၊ လိမ်လည်ခြင်း၊ ခိုးခြင်း စသည်တို့ကို မပြုလုပ်ချေ။

ရိုးသား ဖြောင့်မတ်ခြင်းသည် အပြု စိတ်နေ စိတ်ထားတွင် တစ်ခုသော လိုအပ်သည့် သဘာဝ အစိတ်အပိုင်းအဖြစ် ပါဝင်သည်။

ဆင်းရဲနွမ်းပါးခြင်း၊ အဖျက်စိတ်ထားနှင့် ရာဇဝတ်မှု

အထက်မှာ ဖော်ပြပါရှိသော လီးဘရက္ကစ်တွန်နှင့် အခြား ထောင်ပေါင်း များစွာသော လူသားတို့၏ ကွာခြားမှုရှိပုံကို ယခု အောက်တွင် ဖော်ပြရပေမည်။

လီးဘရက္ကစ်တွန်သည် ဆင်းရဲနွမ်းပါးမှုကို ဖယ်ရှားနိုင်ရန် သူ၏ အပြုစိတ်ခနစိတ်ထားကို သုံးစွဲခဲ့သည်။ သို့ရာတွင် အခြား များစွာသော သူတို့သည် ဆင်းရဲ နွမ်းပါးမှုကို အဖျက်စိတ်နေ စိတ်ထားနှင့် ပူးတွဲ သုံးစွဲခဲ့ရာ သူတို့သည် သူတို့၏ စိတ်ကူးတွင် စိတ် ပင့်ကူအိမ်အမျှင်များ ငြိတွယ်ခြင်း ခံရပြီးအမြင်မမှန်တော့ သည့်အတွက် ခိုးခြင်း၊ အလွဲသုံးစား ပြုခြင်းနှင့် အခြားသော ရာဇဝတ်မှု ကျူးလွန်ခြင်းများ ပြုလုပ်မိကာ ထောင်နန်းစံကြ ရလေတော့သည်။

မင်း ခိုးမှုဘာကြောင့် ဖြစ်ရသနည်းဟု မေးသာအခါ သူ၏ မပြောင်းလွဲသည့် တစ်ခုဘည်းသော အဖြေမှာ "ကျွန်တော် ခိုးဖို့လိုလာလို့ ဟူ၍ ဖြစ်သည်။

ထိုအခါ သူတို့သည် ထောင်သွင်း အကျဉ်းချထားခြင်း ခံကြ ရလေတော့သည်။

သူတို့သည် သူတို့ကိုယ် သူတို့ မရိုးဖြောင့်သူများ ဖြစ်စေရန် ခွင့်ပြုကြသည်။ အဘယ့်ကြောင့် ဆိုသော် သူတို့၏ အမြင်တွင် စိတ်ပင့်ကူအိမ် အမျှင်များ ဝင်ရောက်ကပ်ငြိခြင်း ခံနေရသော ကြောင့် ဖြစ်သည်။

စိတ်ပင့်ကူအိမ် အမျှင်များ သူတို့၏ ကြံစည်စဉ်းစားမှုတွင် ဝင်ရောက် ကပ်ငြိသောအခါ သူတို့၏ အမြင်တွင် သူတို့၏ဆင်းရဲ နွမ်းပါးမှုများက သူတို့အား၊ မရိုးသား မဖြောင့်မတ် သူများ ဖြစ်စေရန် ခွင့်ပြုသည်ဟူ၍ မှားယွင်းစွာ ယူဆကြလေ တော့ သည်။

လူဆိုးကြီးအယ်လ်ကပုန်

တစ်ရံရောအခါတုန်းက စာရေးဆရာကြီး နပိုလီယန်ဟီးလ် သည် အက်ဘာလန်တာ အကျဉ်းထောင်ရှိ စာကြည့် ခန်းတွင် ထောင်သား များအား အကျင့်စာရိတ္တ ကောင်းမွန် လာရေး ပညာပေး ဟောပြောမှုများ ပြုလုပ်ရစဉ် လူဆိုးကြီး အယ်လ် ကပုန်နှင့် အကြိမ်တော်တော်များများ တွေ့ဆုံ စကားပြောဆို ရဖူးသည်။

ထိုအခါ စာရေးဆရာကြီးက ဤသို့မေး၏။

“ရာဇဝတ်မှုများကို မင်း အဘယ်အကြောင်းကြောင့် စတင် ပြုလုပ်မိရတာလဲ”

အယ်လ်ကပုန်က တစ်လုံးတည်းသော စကားဖြင့် အဖြေ ပေးသည်။

"Necessity = ဆင်းရဲနွမ်းပါးမှုကြောင့်"

ထိုသို့ ဖြေဆိုရင်း သူ၏ မျက်လုံးများမှ မျက်ရည်များ ကျဆင်းလာသည်။ သူဝမ်းနည်းလွန်းသဖြင့် လည်မျိုနင့်ဆို့ လာသည်။ စကားပင် ဆက်၍မပြောနိုင်တော့။

ထို့နောက် သူက ဆက်ပြောပြရာမှာ သူ့အား လူဆိုးကြီး ဟုခေါ်ဆိုထားကြသော်လည်း သူသည် ကောင်းသော အရာ များ လုပ်ခဲ့ကြောင်း။

သို့သော်လည်း ထိုကောင်းသော အချက်များကို သတင်း စာများက မည်သည့်အခါမျှ မဖော်ပြကြောင်းများ ပါဝင် သည်။

သူ့နာမည်နှင့် ဆက်စပ်ပြီး ထွက်ပေါ်လာသည့် ဆိုးသွမ်း မှုများသည် အလွန် ကြီးမားသည် ဖြစ်ရာ သူ လုပ်ခဲ့သည့် ကောင်းသော အချက်များမှာ မထင်မရှားနှင့် မှေးမှိန်၍ သွားခဲ့ရခြင်းသာ ဖြစ်စရာ ရှိပေသည်။

ကံမကောင်း အကြောင်းမလှသည့် ထိုလူသား ကပုန် သည် သူ့ဘဝ၏ အချိန်များကို အလဟဿ ဖြုန်းတီးပစ်ခဲ့

သည်။ သူသည် သူ၏ ငြိမ်းချမ်းစိတ်ကို ပျက်စီးအောင် ဖျက်ဆီး ပစ်ခဲ့သည်။

သူသည် သူ၏ ခန္ဓာကိုလည်း သေလောက်အောင် ကြောက် ဖွယ်ကောင်းသည့် ရောဂါဆိုးများ ဝင်ရောက် စွဲကပ်စေသည်။

ရှေ့သို့ဆက်၍ လျှောက်သွားသော လမ်းတစ်လျှောက်တွင် ကြောက်ရွံ့ခြင်းနှင့် ဘေးအန္တရာယ်များကို အနှံ့အပြား ဖြန့်ကျဲ ထားသည်။

အဘယ့်ကြောင့် ဤသို့ ဖြစ်ရပါသနည်း။

သူ့တွင် ဖြစ်ရပုံ အလုံးစုံသည် ဆင်းရဲနွမ်းပါးခြင်းဆိုသော စကားလုံးနှင့် ပတ်သက်၍ သူ၏ စဉ်းစား ယူဆထားချက်တွင် ဝင်ရောက် ကပ်ငြိနေသည့် စိတ်ပင့်ကူ အမျှင်များ ဖယ်ရှား နည်းကို သူ့အမြင် ကြည်လင် မှန်ကန်လာစေရန် မည်သည့် အခါတွင်မျှ သူနည်းလမ်းရှာကာ သင်ယူမှု မပြုသောကြောင့် ပါတည်း။

ထို့အပြင် ကပုန်သည် သူ၏ ကြီးမား ဆိုးရွားလှသည့် ဖြစ်မှု ကျူးလွန်ထားခြင်းများ ပပျောက်နိုင်သမျှ ပပျောက် စေရေးအတွက် ရည်စူးကာ သူလုပ်ခဲ့သော အကောင်း လုပ် ရပ်များကို ပြောဆိုခြင်းသည် သူ့တွင် အခြားသော ပင့်ကူ အမျှင်များက သူ၏ အတွေးအခေါ် စဉ်းစားမှုကို အတိအကျ

မဖြစ်စေတဲ့ မှားယွင်းအောင် ဖုံးကွယ်နေကြောင်း ထပ်မံ၍ ဖော်ပြခြင်းသာဖြစ်သည်။

လူသားတစ်ဦးသည် မကောင်းမှုများ သူပြုလုပ်ခဲ့ခြင်း အတွက်နောင်တကြီးစွာရလျက် သူ့ဘဝတွင် ကောင်းသော အလုပ်များ လုပ်ဆောင်ကာ ပြုခဲ့ပြီး အပြစ်များနှင့် ပြေလည် ညီမျှစေရန် ပြုလုပ်နိုင်သော်လည်း အယ်လ်ကာပုန်ကား ထိုကဲ့သို့ သော လူတန်းစားမျိုး မဟုတ်ပေ။

သို့ရာတွင် ထိုကဲ့သို့သော လူတန်းစားမျိုး တစ်ဦးကား ရှိခဲ့ ဖူးပါသည်။ ထိုသူကား ဆယ်ကျော်သက်ရွယ် ပြဿနာ ကောင် ကလေး ဖြစ်ခဲ့ဖူးသော သူပင်တည်း။

သို့သော်လည်း သူ၏ မိခင်သည် ဘုရားသခင်အား ရှိခိုးကာ သူမ၏ သားအား ပြုပြင်ပေးတော်မူပါဘုရားဟု ဆုတောင်းမှု ပြုခဲ့လင့်ကစား ဘုရားသခင်က အဖြေမပေးသေးသည့် အတွက် စိတ်ပျက် အားလျော့ခြင်း အလျှင်းမရှိခဲ့ပေ။

သူမ၏ သား မတော် မတရား လုပ်ဆောင်ချက်များမှာ လွန်စွာ ဆိုးရွားနေသော်လည်း သူမတွင် မျှော်လင့်သော ယုံကြည်ချက်မှာ မည်သည့်အခါတွင်မျှ ပျက်ဆုံးသွားခြင်းလည်း မရှိခဲ့ပေ။

ဆယ်ကျော်သက်ရွယ်မျ
ပြဿနာကောင်လေး

ဆယ်ကျော်သက်ရွယ် ထိုလူငယ်သည် တစ်ဖက်မှာ လွန်စွာ ဆိုးရွားသော်လည်း သူသည် ပညာတတ်လျက် ဉာဏ်ထက်မြက်သူ၊ စိတ်အားတက်ကြွသူ၊ အာရုံခံစားမှု လွန်ကဲသူ ဆယ်ကျော်သက်ရွယ် ပြဿနာကောင်လေးအမည်ကို ခံယူထားသူဖြစ်သည်။

မကောင်းဆိုးရွား ဟူသမျှတွင် သူသည် ပထမတန်းစားနေရာမှာ ရယူထားသူဖြစ် သည်ဟု သတ်မှတ်ခြင်း ခံနေရသည်ကိုပင် သူ ဂုဏ်ယူသူ ဖြစ်သည်။

သူသည် မိဘများကိုလည်း မရိုသေ၊ သူ့ဆရာများ၏ စကားကိုလည်း နားမထောင်ဟု ဆိုကြသည်။

သူသည်ိ လိမ်လည်လှည့်ဖြားသည်။ ပစ္စည်းအသေးအဖွဲ့များကို ခိုးသည်။ လောင်းကစားမှု ပြုရာ၌ လိမ်သည်။ အရက်သေစာကို လွန်ကျူးစွာ သောက်စားသည်။ ကာမ အရာမှာလည်း လွန်ကျူးသည်ဟု ပြောဆိုခြင်း ခံရသည်။

သို့ရာတွင် သူ့မိခင်က အမြဲမပြတ်ပင် စိတ်အားထက်သန်စွာနှင့် သူ၏ သား အား မှား ယွင်းနေသော သူ၏ အပြုအမူ

များကို ပြင်ဆင်ရန် ချော့မော့လျက် တောင်းပန်ခဲ့ခြင်းကြောင့် သူသည် သူ့ကိုယ်သူ အနိမ့်ဆုံး စာရိတ္တ အဆင့်သို့ လျှောမကျမိမှာ သူ့အကျင့် သူ ပြင်ဆင်ရန် ရှန်းကန်အားထုတ် ကြိုးစားမှု ပြုခဲ့လေသည်။

တစ်ခါတစ်ရံတွင် သူ့အပြစ်ကို သူ ပြန်လည် စဉ်းစားကြည့်ရင်းရှက်စိတ်တွေမှာသူ့တစ်ကိုယ်လုံးဖုံးလွှမ်းသွားစေလေသည်။

ပညာမဲ့ လူတန်းစားများပင် သေွးသား သောင်းကျန်းသည့် သွေးဆောင်မှု ရန်သူကို တွန်းလှန်နိုင်ခဲ့သေးပါလျက်နှင့် ပညာတတ် လူတန်းစား ငါက မကောင်းမှု ပြုလုပ်လိုသည့် ငါ့စိတ်၏ ရန်သူကိုငါတွန်းလှန်ရန်စွမ်းအား မရှိဖြစ်နေရဘိ၏ဟု တွေးတောဆင်ခြင်မိ၏။

ထိုအခါ သူ့ စိတ်အတွင်းမှာ နောင်တကြီးစွာ ဖြစ်ရှိ၍ လာသည်။

သူသည် ပညာတတ်လူတန်းစား ဖြစ်သည်။ သူသည် သူကိုယ်၏ အဖြစ်ကို ပြန်လည် ဆင်ခြင်စဉ်းစားသည်။

သူသည် သမ္မာကျမ်းစာကို ဖတ်ရှုသည့်အပြင် ထိုစဉ်ခေတ်က ရှိသော စိတ်အား တက်ကြွစေကာ ကောင်းရာ ကောင်း

ကျောင်းများဆီသို့ သွားရန် ညွှန်ကြားသည့် ကျမ်းစာအုပ်များကိုလည်း လေ့လာ ဖတ်ရှုသည်။

ဤသို့ ပြုလုပ်သည့်တိုင်အောင် သူသည် ရင်ဆိုင် တိုက်ပွဲဝင်နေရသည့် အကျင့်စာရိတ္တ စစ်ပွဲများကို အကြိမ် များစွာ ရှုံးနိမ့်ခဲ့ရသည်။

သို့ရာတွင် သူသည် မလျှော့တမ်း တိုက်ပွဲကို ဆက်လက် ပြုလုပ်ရင်း စာရိတ္တကောင်းရန် ဆက်လက် ကြိုးစားခဲ့ရာ တစ်နေ့ သောအခါမှာ သူသည် တိုက်ပွဲဘွင် အောင်မြင်မှုကို ရရှိခဲ့လသည်။

သူသည် တက်လာသော ဆိုးရွားမှု ဒီရေကို အချိန် ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်လေတော့သည်။

လူသားတစ်ဦး ဆက်လက် ကြိုးပမ်းမှု ပြုသောအခါ၌ ဤသို့အတိုင်းသာ ဖြစ်မြဲပါတည်း။

နောင်တ တရား ကြီးစွာရနေသော အချိန်ပိုင်း အတွင်း မိမိကိုယ်မိမိ ပြစ်ဘင်မှုပြုခြင်းများ ရပ်ဘန့်သွားအောင် စွမ်းဆောင် အောင်မြင်သော အခိုက်အတန့်တွင် သူသည် အသံ တစ်ခုကို ကြားမိ၏။

"ဤစာအုပ်ကို ကောက်ယူ၍ ဖတ်လော့"

သူသည် သူနှင့် အနီးဆုံးမှာရှိနေသော စာအုပ်တစ်အုပ်ကို ကောက်ယူပြီး ဖတ်မိသည်။ သူသည် အောက်ပါ အဓိပ္ပာယ်ရှိသော စာပိုဒ်များကို ဖတ်သည်။

"ကျွန်ုပ်တို့သည် ရိုးသားဖြောင့်မတ်စွာ နေ့ခင်းမှာ ကဲ့သို့သော လျှောက်သွားကြပါစို့။

"အဓိကရုဏ်း မဖြစ်စေဘဲ၊ မူးယစ်ရမ်းကားမှု မဖြစ်စေဘဲ၊ ဆိုးယုတ်ညစ်ညမ်းမှုမပါရှိစေဘဲ၊ ရန်ပြုခြင်း မနာလိုဝန်တိုခြင်း မရှိစေဘဲနှင့်သာ လျှောက်သွားကြပါစို့။

"သို့ရာတွင် သင်သည် လော့ဒ်ဂျီးဇက် ခရစ်တော်၏ အပေါ်မှာသာ အမှီသဟဲပြုလျက် သွေးသား သောင်းကျန်းမှု မပြုဘဲ ကာမဂုဏ်အာရုံ ခံစားမှု လွန်ကဲခြင်းမှ ကင်းလွတ်ပါစေလော့"

သူ့ကိုယ်နှင့်သူသာ တိုက်ပွဲဖြစ်ပွားရာတွင် ကြီးစွာသော ရှုံးနိမ့်ရမှုများနှင့် တွေ့ကြုံရပြီးသောအခါ တစ်ဦးသောသူသည် အထက်ပါအတိုင်းသာ ဖြစ်လာလေ့ရှိပါသည်။

ထိုအခါ သူသည် အောင်မြင်မှု ရရှိစေရန်အတွက် အရန်သင့်အခြေအနေသို့ ရောက်ရှိရလေတော့သည်။

သူ၏နောင်တ တရားသည် သူ၏စိတ်ကို ကောင်းရာဘက်သို့ ယိမ်းကာ လွန်စွာ လှုပ်ရှားမှုကို ဖြစ်စေလေသည်။

ထိုအခါ သူသည် တည့်မတ်ရိုးသားစွာ ဆင်ခြင် စဉ်းစားမှုကို ပြုလေတော့သည်။

ဤတွင် သူ့ကိုယ်သူ ကောင်းရာကောင်းကြောင်း ဖြစ်အောင် ဆောင်ရွက်လိုသည့် စေ့ဆော်စိတ်ထားသည် သူ့မှာ ဖြစ်ပွားလာရလေသည်။

ထိုအခါ သူသည် ကောင်းရာ ကောင်းကြောင်း အတွက် ဆောင်ရွက် လှုပ်ရှားမှုကို ချက်ချင်းလက်ငင်းပင် ပြုလုပ်လေသည်။

စိတ်ရှည်စွာထား၍ မိမိအမှား မိမိကိုယ်တိုင်သာ ပြင်ဆင်ပြုလုပ်ခြင်းအားဖြင့် သူသည် လုံး၀ အောင်မြင်မှုကို ရစေသည့် မှန်ကန်သောလမ်းကြောင်းပေါ်သို့ရောက်ရှိစေသည့် အပြောင်းအလဲများကို ပြုလုပ်လေသည်။

နောက်ထပ်တစ်ဖန် ပြန်လည် ရုပ်သိမ်းမှု မပြုတော့သည့် ဆုံးဖြတ်ချက်ကို သူ ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့တွင် ငြိမ်းချမ်းစိတ် ဝင်လာသည်ကို ခံစားရလေတော့၏။

ဘုရားသခင်၏ တန်ခိုးတော်သည် မိမိ ကျူးလွန်မိခဲ့သည့် အပြစ်များ ကင်းရှင်း လွတ်မြောက်ရေး အတွက် အကူအညီ ပေးလိမ့်မည်ဟု သူ ယုံကြည်သည်။

ထိုအပြစ်များ ပပျောက်ရေးအတွက် သူသည် အကြိမ်ကြိမ်ကြိုးစား၍ တိုက်ခိုက်ခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရပါသည်။

ယခုအခါတွင် သူ့ဝိညာဉ် စိတ်တန်ခိုးမှာ နက်ရှိုင်းလျက် ဘုရားသခင်အား ယုံကြည်အားထားပြီး လူသားတို့၏ ကောင်းကျိုးစီးပွားကို သယ်ပိုး ဆောင်ရွက်လေတော့သည်။

သို့ဖြစ်ရာ ကောင်းသော မျှော်လင့်ချက်များ ထားရှိလာအောင် ဆောင်ရွက်ရာတွင် ဩဇာ တန်ခိုး လွန်စွာ ပြည့်ဖြိုးကြီးမားလာသူ ဟူ၍ သတ်မှတ်ခြင်း ခံရသော ဘဝကိုပင် ထိုလူငယ် ရရှိလေသည်။

ဩဂတ်စတင်းအမည်ကား ထိုလူငယ်၏အမည် ဖြစ်သတည်း။ သူသည် သူတော်စင် စိန့်ဩဂတ်စတင်းဖြစ်၍ လာခဲ့လေသည်။

ပျက်စီးနေသော လူသားများ၏ စိတ်နေ စိတ်ထားသို့ အဖျက်စိတ်ထားမှ အပြုစိတ်ထားသို့ ပြောင်းလဲသွားအောင် သမ္မာကျမ်းစာက ကာန်ဆာပလာတစ်ခုအနေနှင့် လုပ်ဆောင်၍ ပေးနိုင်သည် ဆိုခြင်းမှာ အများတကာ ကောင်းစွာ အသိပင် ဖြစ်သည်။

သမ္မာကျမ်းစာမှာ ပါရှိသော စာလုံးများ၏ ထူးခြားသော တန်ခိုးအင်အားသည် လူသားတို့၏ စဉ်းစား၊ ရှေးဆ

ချက်များအား မှားယွင်းစေအောင် ဝင်ရောက် ကပ်ငြိနေသည့် ပင့်ကူအိမ်အမျှင်များကို ရှင်းလင်းသွားအောင် ဖယ်ရှားပေး နိုင်သည်။

ဤသို့သောအားဖြင့် သူတို့၏ စဉ်းစား ကြံဆခြင်းများနှင့် အကျင့်စာရိတ္တများသည် မှန်ကန် ကောင်းမွန် ကြည်လင် သန့် ရှင်း၍ လာစေလေသည်။

သူဖေတော်စင် စိန့်ဩဂတ်စတင်း ကဲ့သို့ပင် များစွာသော လူသားတို့သည်လည်း မိမိတို့၏ အမှား ပြုလုပ်မိခဲ့ခြင်းများ အတွက် ကြီးစွာသော နောင်တ ရကြသည်။

သူတို့သည်လည်း သမ္မာကျမ်းစာကို ဖတ်ရှု လေ့လာ ဆင်ခြင် ခြင်းအားဖြင့် သူတို့အမှားကို ကောင်းစွာ ပြင်ဆင် နိုင်ကြပြီး မိမိတို့ ဘဝ ကောင်းမွန် တိုးတက်ရေးကို ဆောင်ရွက်နိုင် ကြသည့်အပြင် ဘုရားသခင်အား ယုံကြည် အားထားလျက် လူသား အချင်းချင်း၏ ကောင်းကျိုးကို တိုးတက် မြင့်မား အောင် ရွက်ဆောင်နိုင်ကြလေပြီ။

စဉ်းစား ဆုံးဖြတ်ခြင်းများ မှားယွင်းလေအောင် ပြုလုပ် သည့် စိတ်ပင့်ကူအိမ် အမျှင်များ၏ အကြောင်းအချက် အချို့ ကို သင် ဖတ်ရှုခဲ့ရလေပြီ။

ယခု အောက်တွင် ထိုပင့်ကူအိမ်အမျှင်များ ဖြစ်ပွားစေ သည့် အခြေချက်များကို ဖော်ပြလိုက်ရပေသည်။

၁။ အဖျက် စိတ်နေ စိတ်ထား။ ၎င်းတို့မှာ အဖျက် စိတ်နေ စိတ်ထားအရ မိမိနှလုံးသား၏ ခံစားချက်များ၊ အဖျက်စိတ်နေ စိတ်ထားအရ စိတ်၏ပြင်းထန်စွာ လှုပ်ရှားမှုများ၊ အဖျက် စိတ်နေ စိတ်ထားအရ စွဲလမ်း တပ်မက်မှုများ၊ အဖျက် စိတ်နေစိတ်ထားအရ မိမိမှာ စွဲကပ်နေသောအလေ့အကျင့်များ၊ အဖျက်စိတ်နေ စိတ်ထားအရ မဆင်မခြင် အပြစ်မြင် အပြစ်တင်ခြင်းများ။

၂။ အခြား လူများ၏ မျက်လုံး အတွင်းရှိ အညစ်အကြေးကိုသာ ကြည့်မြင်ခြင်း။

၃။ စာလုံးများ၊ စကားလုံးများနှင့် ပတ်သက်၍ အဓိပ္ပာယ် အခက်အခဲများကြောင့် အယူအဆနှင့် နားလည်မှု မှားယွင်းသည့် အငြင်းအခုံ ဖြစ်ပွားခြင်းများ။

၄။ အဖြေမှန်ကိုရရှိရန် ဆက်စပ် တွေးတောမှု ပြုရာ၌ အခြေခံ တွေးတောမှု အကြောင်းအရာ မှားယွင်းနေခြင်း။

၅။ ဆင်းရဲနွမ်းပါးခြင်းကြောင့် မရိုးမသားမှု ဖြစ်ရသည်ဟူ၍ မှားယွင်းစွာ ယူဆထားခြင်း။

၆။ မသန့်ရှင်း မကြည်လင်သော စိတ်ကူး စိတ်သန်းနှင့် အလေ့အကျင့်များ။

၇။ မိမိစိတ်၏တန်ခိုးကို သုံးစွဲရန်သည် ဘုရားသခင်၏ အရာသာ ဖြစ်သဖြင့် မပြုလုပ် မသုံးစွဲသင့်ဟု ယူဆပြီး ကြောက်ရွံ့နေခြင်း။

အထက်ပါတို့ကို ဆင်ခြင်စဉ်းစား ကြည့်ခြင်းအားဖြင့် ပင့်ကူအိမ်အမျှင်များ မိမိအမြင်ကို ဖုံးကွယ်ထားနိုင်သည့် အချက်အလက်များမှာ အမျိုးမျိုး အထွေထွေ ရှိနေသည်ကို သင်သိမြင်နိုင်ပေသည်။

အချို့သော ပင့်ကူအိမ် အမျှင်များမှာ သေးငယ်သည်။ အချို့တို့မှာ ကြီးမားသည်။ အချို့တို့မှာ အားပျော့၍ အချို့တို့မှာ ခိုင်ခံ့သည်။

ထို့အပြင် သင်သည် သင်နှင့် ပတ်သက်သော အခြား ပင့်ကူအိမ် အမျှင်များလည်း ရှိနိုင်ပေသေးသည်။

ထိုပင့်ကူအိမ် အမျှင်များကို သင်ကိုယ်တိုင် နီးနီးကပ်ကပ် တပ်အပ် သေချာစွာ စစ်ဆေး ကြည့်ရှုပါလျှင် ၎င်းတို့သည် သင်၏ N M A အဖျက် စိတ်နေ စိတ်ထား သည်သာ ထိုပင့်ကူအိမ်ကို ရက်လုပ်ခြင်း ဖြစ်ကြောင်း တွေ့ရမည် ဖြစ်လေသည်။

ပင့်ကူအိမ် အမျှင်များအနက် အစိုင်မာဆုံး အမျှင်သည် အဖျက် စိတ်နေစိတ်ထား ကြောင့် ဖြစ်ပွားရသည်ကို တွေ့ရမည်ဖြစ်ပြီး ထိုအမျှင်၏ အင်အားသည် ချဲ့သို့သာ ဆက်လက်၍ တိုးတက်သွားစေသည့် အရှိန်အဟုန် ဖြစ်စေကြောင်းကိုလည်း သင် တွေ့နိုင်ပေသည်။

အရှိန်အဟုန် ဆိုသည်မှာ ဘီးတစ်ခုသည် မလည်ပတ်ဘဲ ရပ်တန့်နေလျှင် အရှိန်အဟုန် မရှိသေးဘဲ လည်ပတ်သော အခါတွင် အရှိန်အဟုန် ဖြစ်ပေါ်လာကာ ဆက်လက် လည်ပတ်စေခြင်းကို ခေါ်ဆိုသည်။

ထို့နည်းအတူပင် အဖျက် စိတ်နေ စိတ်ထားကြောင့် ဖြစ်ပွားလာရသော ပင့်ကူအိမ် အမျှင်သည် မကောင်းဆိုးရွားဘက်သို့ ဦးတည် လည်ပတ်သောအခါ အရှိန်အဟုန် = inertia ကို ဖြစ်ပွားစေလျက် ဆက်ကာ ဆက်ကာ ထပ် တ လဲ လဲ သာ လည်ပတ်မည် ဖြစ်သည်။

ဆိုလိုသည်မှာ အဖျက် စိတ်ထားကြောင့် ဖြစ်ပွားရသည့် ဆိုးရွားမှု အမျိုးမျိုး အစားစား တို့သည် အရှိန်အဟုန် ကြီးစွာ ဖြစ်ပေါ်ကာ အမှား လမ်းကြောင်း အတိုင်း လည်ပတ်ရာ၌ ရပ်တန့် ပစ်ရန်တွင် သင် မတတ်နိုင်လောက်သည်အထိ ထပ်တလဲလဲ ဆက်လက် လည်ပတ်နေမည် ဖြစ်လေသည်။

ထိုအခါ သင်သည် မှားပြီးရင်းသာ မှားယွင်းမှုဖြစ်ရလေ တော့သည်။

လမ်းပြကြယ်
မြန်မာစာကြည့်တိုက်

မိုက်မဲမှုသည်
အရှိန်အဟုန်ကို ဖြစ်စေသည်

အကြောင်းအချက်မှန်၊ သို့မဟုတ်အမှန်တရားကား မည်သို့ဟူ၍ တစ်ဦးတည်းသော သူသည် မသိမမြင် ပါဘဲ လျက် နှင့် ကြောင်းကျိုး ဆက်စပ်သည့် ယုတ္တိဗေဒအရ တစ်စုံဘစ်ခုသော အကြောင်းအရာအပေါ်မှာအမှန်ဟုထင်မြင်တတ်သည်။

သို့သော်လည်း အမှန်တရားနှင့် အကြောင်းအချက်မှန်ကိုသိမြင်ထားသူအတွက်မှာမူ ထိုသူ၏ တင်မြင်မှုမှာ ယုတ္တိဗေဒအရ မမှန်မကန် နည်းလမ်းမကျ = illogical ဟု သိမြင် မည် ဖြစ် သည်။

ဆုံးဖြတ်မှုများကို သင်ပြုလုပ်သောအခါ စိတ်သဘောထား ကြီးမားစွာ ထားရန်နှင့် အမှန်တရားကို ရှာဖွေရန် ငြင်းဆန်ခဲ့ပါလျှင် ထိုအချက်သည် မိုက်မှားသောမသိမမြင်မှု = ignorance ဟူ၍ခေါ်ဆိုသည်။

ထိုမသိမမြင်မှုတွင် အဖျက်စိတ်နေစိတ်ထားသည် အမြစ်တွယ်ကာ ရှင်သန်လျက် အဆီအသားနှင့် ကြီးထွားနေမည် ဖြစ်လေသည်။

ထိုအခြင်းအရာကို ဘင် ဖယ်ရှား ပါလော့။

ဤစာအုပ်သည် ထိုမလိုလားအပ်သော အခြင်းအရာကို သင်မည်သို့မည်ပုံဖယ်ရှားပစ်နိုင်သည့်အကြောင်းကို ကောင်းစွာညွှန်ပြမည် ဖြစ်သည်။

အပြုစိတ်နေစိတ်ထားနှင့် လူသားသည် အကြောင်းအချက်မှန်များ၊ သို့မဟုတ် မည်သို့မည်ပုံ ပြုလုပ်ရမည်ဆိုသည်ကို မသိနားမလည်ဘဲ ရှိနိုင် သည်။

သို့ဖြစ်လင့်ကစား သူသည် အခြေခံ အမှန်တရားများကိုမူ လက်ခံထားသည်ဖြစ်ရာ သူ့တွင်ဉာဏ်ပညာနှင့် နားလည်မှုများ မရှိသော်လည်း အမှန်တရားသည် အမှန်တရားဖြစ်သဖြင့်အမှားမဖြစ်နိုင်ဆိုသည့် အကြောင်းအရာကိုမူ သူ သိမြင် ယုံကြည်သည်။

သို့ဖြစ်ရာ သူသည် အစစအရာရာတို့အပေါ်၌ စိတ်သဘောထားပွင့်လင်းကျယ်ပြန့်စွာ = Open Mind ထားလျက် နားလည်မှု ရရှိရန် သင်ကြားရယူသည်။

သူ၏စိတ်သဘောထားပွင့်လင်းကျယ်ပြန့်မှုနှင့် သင်ကြားရယူထားမှုကို အခြေခံပြီးမှ သူသည်တစ်ဖုံတစ်ခုအတွက်အဆုံးအဖြတ်ပေးမှုကို ပြုလုပ် သည်။

ထို့နောက် သူသည်ရှင်းလင်းပြတ်သားစွာ သူဆင်ခြင် စဉ်းစားမှုမှရရှိသည့် ပိုမိုများပြားလာသော အသိဉာဏ်ကညွှန်ကြားသည့်အတိုင်းမဆိုင်းမတွဘဲ ပြောင်းလဲပြင်ဆင်ရန်ကိုလိုအပ်သလို ပြောင်းလဲမှု ပြုသည်။

သင်သည် သင်၏စဉ်းစားဆင်ခြင် သုံးသပ်မှုကို အမြင်မရှင်းအောင်ဖုံးလွှမ်းတွယ်ကပ်နေသည့်ပင့်ကူအိမ်အမျှင်များကို ဖယ်ရှားရှင်းလင်းပစ်ရန်သတ္တိရှိပါသလော။

အကယ်၍ သင်၏အဖြေသည်“ဟုတ်ကဲ့”ဖြစ်ပါလျှင် အောက်တွင် ဖော်ပြထားသည့် လမ်းညွှန်ဦးဆောင်ချက် အမှတ်(၃) လမ်းညွှန်မှုကိုခံယူပြီး ရှေ့အခန်း(၄)ကို ဆက်လက် ဖတ်ရှုပါလော့။

ဖတ်သောအခါ သင်သည်စိတ်သဘောထား ကြီးမားစွာနှင့် ကျယ်ကျယ် ပြန့်ပြန့် သိမြင် နားလည် မှု ကို ရရှိမည် ဖြစ်သည်။

ထိုအခါ သင်သည် သင့်စိတ်၏ တန်ခိုးအင်အား ကြီးမားပုံ အကြောင်းစုံကိုအကွင်းနှိုက်ကာ လေ့လာသုတေသနပြုဖို့အသင့် အနေအထားတွင် ရှိနေ ပေလိမ့်မည်။

သင်၏စူးစမ်းရှာဖွေသုတေသနပြုမှုသည် ကြီးမားသောတွေ့ရှိ ထုတ်ဖော်မှုဆီသို့ ဦးတည်မည်ဖြစ်ပေသည်။

သို့ရာတွင် ဤသို့ပြုလုပ်မှုကို သင်သည်သာ သင့်ကိုယ်တိုင် အတွက်လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။

လမ်းညွှန်ချက် (၃)

အောက်ပါအချက်များကို နားလည်မှုဖြင့် အသုံးပြုကာ သင်ရောက်လိုရာသို့ ပဲ့ထိန်းပေးပါ

သင် စဉ်းစား တွေးထင်သည့် အတိုင်းသာ သင် ဖြစ်မါသည်။

သင်၏ ကြံစည်စဉ်စား တွေးဆထင်မြင်မှုများအား တန်ဖိုးဖြတ်သောအခါ သင်၏စိတ်နေစိတ်ထားသည် အပြုလော၊ သို့မဟုတ် အဖျက်လောဆိုသည့်အချက်နှစ်ခုအပေါ်မှာ မူတည်ကာ ဆုံးဖြတ်ရပါသည်။

သင့်ကိုယ်ကိုယ် သင်ကြည့်မြင်ကာ အောက်ပါအတိုင်း မေးခွန်းများ မေးပါ။

သင် လူကောင်းလော။

သင် လူဆိုးလော။

သင် ကျန်းမာ သလော။

သင့်မှာ စိတ်ရောဂါ ရှိ သလော။

သင် ကြွယ်ဝချမ်းသာ သူလား။

သင် ဆင်းရဲနွမ်းပါးသူလား။

၁။ အကယ်၍ သင်လူကောင်း ဖြစ်လျှင် သင့်မှာ ကောင်းသော ကြံစည်စိတ်ကူးထင်မြင်မှုများရှိ သည်။

၂။ အကယ်၍ သင်လူဆိုးဖြစ်လျှင် သင်၏ကြံစည် ထင်မြင်မှု များ ဆိုးရွား သည်။

၃။ အကယ်၍ သင်ကျန်းမာသူဖြစ်လျှင် သင်၏ကြံစည်စိတ် ကူး ထင်မြင်မှုများသည်လည်းကောင်းသော ကျန်းမာ မှု ရှိသည်။

၄။ သင့်မှာ စိတ်ရောဂါရှိလျှင် သင်၏ကြံစည်စိတ်ကူးထင် မြင်မှုများအတိုင်းဖြစ်ရသည်။

၅။ သင်ကြွယ်ဝချမ်းသာသူဖြစ်လျှင် သင်၏ကြံစည်စိတ်ကူး ထင်မြင်မှုများလည်း ကြွယ်ဝချမ်းသာမှုကိုသာ ကြည့်မြင် တွေးထင်သည်။

၆။ သင်ဆင်းရဲနွမ်းပါးသူ ဖြစ်လျှင် သင်၏ကြံစည်စိတ်ကူး တွေးထင်မှုများမှာ လည်း ဆင်းရဲနွမ်းပါးမှုကိုသာ ကြံစည် ထင်မြင် တွေးထင်သည်။

အဖျက်စိတ်နေစိတ်ထား။ အဖျက် စိတ်နေ စိတ်ထား ဆိုသည်မှာ အဖျက်စိတ်နေ စိတ်ထားနှင့် သင့် နှလုံးသားမှာ ခံစားသည်။

အဖျက်စိတ်နေစိတ်ထားနှင့် သင်၏စိတ်က ပြင်းထန်စွာ လှုပ်ရှားသည်။

အဖျက် စိတ်နေစိတ်ထားနှင့် တပ်မက်မှုပြုသည်။

အဖျက် စိတ်နေစိတ်ထားနှင့် ဆုံးဖြတ်မှု ပြုသည်။

အဖျက်စိတ်နေစိတ်ထားနှင့်သာ သင့်မှာ အကျင့်စွဲ ပါနေသည်။

ထိုအရာများသည် စိတ်ထား မမှန်မကန် ဖြစ်ခစေရန် သင်၏ စဉ်းစားထင်မြင်မှုများအား ဖုံးကွယ်ထားသော ပင့်ကူအိမ် အမျှင်များဖြစ်သည်။

မလိုလားအပ်သော ပင့်ကူအိမ်အမျှင်များ ဖယ်ရှားနည်းကို သင် ဤစာအုပ်ကို ဖတ်ရင်း ရှင်းလင်းစွာ သိမြင်လာပါလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး နားလည်မှု မှားသဖြင့် တွေ့ရှိရသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် သင့်ဘက်မှသာ အစပြုရပါလိမ့်မည်။

သင်သည် သူတစ်ပါး၏ အပြစ်ကို အလျင်စလို မကြည့်မြင်ပါနှင့်။ သင်၏ အပြစ်ကိုသာ ရှေးဦးစွာ ရှာဖွေပါ။

စကားတစ်လုံးသည် တစ်ဖက်နှင့်တစ်ဖက် အငြင်းထွက်လာစေနိုင်သည်။ နားလည်မှုမှားသဖြင့် သဘောထား ကွဲလွဲခြင်းများလည်း ဖြစ်ပွားနိုင်သည်။ ထိုအခါ စိတ်ညစ်ပူပန်မှုဖြစ်စေသော ကံမကောင်း အခကြောင်းမလှသည့် အဖြစ်နှင့် အဆုံးသတ်ရပါလိမ့်မည်။

Necessity = ဆင်းရဲနွမ်းပါးခြင်းသည် သင်၏ စိတ်နေစိတ်ထားကို စေ့ဆော်စိတ် ဖြစ်ပွားစေကာ ရိုးသားခြင်း၊ တည်မတ်မှန်ကန်ခြင်း အကျင့် စာရိတ္တကို ဖြစ်ပွားစေလျက် အဆင့်မြင့်မားသော အောင်မြင်မှုကို သင် ရယူမလား၊ သို့မဟုတ် ဆင်းရဲနွမ်းပါးမှုကို အခြေခံကာ လိမ်လည်ခြင်းနှင့် မရိုးသားမှုများကို ဖြစ်ပွားစေပါမည်လား။

ဆယ်ကျော်သက်ရွယ် ပြဿနာ ကောင်လေးကလေးများ ရှိနိုင်သည်။ သင် ထိုကလေးများကို တွေ့ရှိခဲ့သော် သူတို့အတွက် စိတ်မပျက်ပါနှင့်၊ စိတ်မလျော့ပါနှင့်။ ထိုသူငယ်သည် စိန့်သူတော်စင် ဖြစ်မလာနိုင်သည့်တိုင်အောင် ထိုလူငယ်သည် သူ၏ ကမ္ဘာလောကနှင့် သင်၏ ကမ္ဘာလောကကို နေချင်စဖွယ် ဖြစ်အောင် လုပ်ဆောင်ပေးနိုင်သော အခြင်းအရာ သူ့မှာ ရှိနေပါသည်။

သင်၏ စိတ်ကူးကြံစည် စဉ်းစားတွေးထင်မှုများကို ကြိုးကိုင်လမ်းညွှန်ပေးပါ။ သင်၏ လှုပ်ရှားတက်ကြွလွန်းသော စိတ်ကို ထိန်းချုပ်ကွပ်ကဲပါ။ သင်၏ ကံကြမ္မာလမ်းကြောင်းကို ကောင်းရာဆီသို့ သွားအောင် အမိန့်ပေး ညွှန်ကြားပါ။

မိမိကိုယ် မိမိ စိတ်အားတက်ကြွပြီး ဉာဏ်ကွန့်မြူးမှုကို ဖြစ်စေသည့် သင်၏ စေ့ဆော်စိတ်ထား ဖြစ်ပွားရန် ရေးသား ဖော်ပြထားသော စာပိုဒ်များကို အရကျက်ပါ၊ မှတ်မိ သိရှိနားလည်သည်အထိ မှတ်မိနေပါစေ။

ထိုစာပိုဒ်များကို ထပ်တလဲလဲ ရွတ်ဆိုပါ။ ထိုစာပိုဒ်များကို သမ္မာကျမ်းစာမှ ရယူလေ့လာ ကျက်မှတ်နိုင်ကြပါသည်။

လမ်းပြကြယ်
မြန်မာစာကြည့်တိုက်

အခန်း (၄)

သင်၏စိတ်တန်ခိုးများကို
မွှေနှောက်ရှာဖွေ သုတေသနပြုလုပ်ရန်
သင့်မှာ သတ္တိ ရှိပါ၏လော

WILL YOU DARE TO EXPLORE THE POWERS OF YOUR MIND?

စိတ်နှင့် ခန္ဓာကိုယ်သည် သင် ဖြစ်သည်။

သင်သည် စိတ်ဖြစ်ခြင်းကြောင့် သင်သည် ထူးခြားနက်နဲသော တန်ခိုးကြီးများကို ပိုင်ဆိုင်သူဖြစ်သည်။

သင်၏ စိတ်တန်ခိုးများ အကြောင်း ကောင်းကောင်းကြီး သိရှိရန် မွှေနှောက်ရှာဖွေ သုတေသန ပြုလုပ်ရန်တွင် သင် သတ္တိရှိစမ်းပါလော့။

အဘယ့်ကြောင့် မွေ့နှောက် ရှာဖွေ သုတေသန ပြုရပါ
သနည်း။ မွေ့နှောက်ရှာဖွေမှု သင် ပြုလုပ်သောအခါ သင့်အား
စောင့်ဆိုင်းနေသည့် အရာသုံးခုကို သင် တွေ့ရှိရပေလိမ့်မည်။

ထိုအရာ သုံးခုသည် သင့်အား အောက်ပါတို့ကို ယူဆောင်
၍ ပေးမည်ဖြစ်သည်။

၁။ ခန္ဓာကိုယ်၊ စိတ်နှင့် လူ့ကျင့်ဝတ်များ၏ ကျန်း
မာခြင်း၊ ပျော်ရွှင်ခြင်းနှင့် ကြွယ်ဝခြင်းများ။

၂။ သင် ရွေးချယ်ထားသည့် အရာ ရရှိရန်အတွက်
သင်၏ အားထုတ်ကြိုးပမ်းမှုများ အောင်မြင်
စေရေး။

၃။ သိရှိရပြီးနှင့် မသိရှိရသေးသည့် တန်ခိုးအင်အား
များကို ထိထိရောက်ရောက် အသုံးချရေးနှင့် ထိန်း
ချုပ်ကွပ်ကဲရေး၊ သို့မဟုတ် သဟဇာတ ဖြစ်ရှိရေး
အတွက် နည်းလမ်းများ။

ကျွန်ုပ်တို့ သိရှိနားလည်ထားပြီးဖြစ်သည့် ရုပ်ဝတ္ထုပစ္စည်း
များ၏ ပြင်ပရှိ ရုပ်ဝတ္ထုမဟုတ်သည့် အင်အားစုများ = Non-
Physical Forces အားလုံး၏ အကြောင်းခြင်းရာများအား
လေ့လာ စုံစမ်း စစ်ဆေးကြည့်ခြင်းကို သင် ရဲရဲစွာ ပြုလုပ်ရ
မည် ဖြစ်သည်။

ဆိုခဲ့ပြီး အင်အားစုများအကြောင်း သင် ကောင်းကောင်း ကြီး သိရှိ နားလည်သောအခါ သင်သည် သင်၏ အကျိုးရှိရာ ရှိကြောင်းအတွက် ထိုအင်အားစုများကို အသုံးပြုနိုင်မည်ဖြစ် သည်။

ဤသို့ အသုံးပြုရန် အချက်သည် သင့်အတွက် များစွာ ခက်ခဲမှု ရှိလိမ့်မည် မဟုတ်ပါ။

ကလေးငယ်တစ်ဦးသည် သူ နှစ်သက်သော ရုပ်မြင်သံကြား မှ လွှင့်ထုတ်မည့် အစီအစဉ်ကို ရုပ်မြင်သံကြားစက်မှ ဖမ်းယူနိုင် သည်။

ထိုကလေးငယ် ဤသို့ ဖမ်းယူရန် လုပ်ဆောင်သော အခါ သူသည် ရုပ်မြင်သံကြား လွှင့်ထုတ်ပေးသည့် အဆောက်အအုံ ၏ တည်ဆောက်ထားပုံကိုလည်း မသိ။

သူ ဖမ်းယူနေသည့် ရုပ်မြင်သံကြားစက်၏ စက်ယန္တရားများ အကြောင်းကိုလည်း မသိ နားမလည်ပါ။

သို့သော်လည်း မည်သို့ဖြစ်စေ ကလေးငယ်အတွက် အခက် အခဲမရှိပါ။

ကလေးငယ် သိဖွယ်ရာအားလုံးမှာ မှန်သော ခလုတ်ကို လှည့်ရန်၊ သို့မဟုတ် မှန်သောခလုတ်ကိုနှိပ်ရန်သာ လိုသည်။

ဤအခန်းတွင် သင် သိမြင်ရမည့် အချက်အလက်များမှာ ကျွန်ုပ်တို့ သိမြင်ရသမျှတွင် အသိရောက်ဆုံး လျှပ်စစ်ပစ္စည်းများနှင့် တည်ဆောက်ထားသည့် စက်ယန္တရားကို ကိုင်တွယ်အသုံးချရာ၌ မှန်ကန်သောခလုတ်ကို လှည့်နည်းနှင့် နှိပ်နည်းကို သိရှိရန် ဖြစ်လျက်၊ ဤသို့ လှည့်ခြင်း နှိပ်ခြင်းများသာလျှင် သာ ခက်ခဲသောအလုပ်ကို လုပ်ခြင်းအားဖြင့် သင် လိုလားတမ်းတ ထားသမျှ အရာဝတ္ထုတို့ကို သင် ရရှိနိုင်မည် ဖြစ်လေသည်။

ထိုလျှပ်စစ်စက်ယန္တရားကို သဘာဝတရား ဘုရားသခင်၏ တန်ခိုးတော် အင်အားဖြင့် အလွန်ထူးဆန်း အံ့သြဖွယ်ရာ တည်ဆောက်ထားခြင်း ဖြစ်သင့်ကာဝား ထိုစက်ယန္တရားသည် သင်၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်သည်။

ထိုစက်ယန္တရားကို မည်သို့ တည်ဆောက်ထားပါသနည်း။

ထိုစက်ယန္တရားကို အခြားအခြားသော အရာဝတ္ထုများအပြင် လျှပ်စစ်ကလာပ်စည်း ဆဲလ်ခဲသားပေါင်း(၇၁)ထဲရှိ လျှမက ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည်။

(တစ်ထရီလျံတွင် တစ်ဂဏန်း၏နောက်၌ သုည ၁၂ လုံးပါသည်ဟု ပြင်သစ်နှင့် အမေရိကန်တို့က သတ်မှတ်သုံးစွဲသည်၊ အင်္ဂလန်နိုင်ငံ၌မူ တစ်ဂဏန်း၏ နောက်တွင် သုည ၁၈ လုံးပါသည်ဟု သတ်မှတ်သုံးစွဲသည်။)

ထိုစက်ယန္တရားတွင် သဘာဝတရားအရ များလှစွာသော အစိတ်အပိုင်းအမျိုးပါဝင်သည်။ ထိုအစိတ်အပိုင်း အားလုံးတို့သည် လျှပ်စစ်ယန္တရားများသာ ဖြစ်လေသည်။

ထိုစက်ယန္တရား၏ တစ်ခုသော အစိတ်အပိုင်းသည် ထူးဆန်းအံ့ဩစရာဖြစ်သည့် လျှပ်စစ် အစုအဝေးတစ်ခု ဖြစ်သည်။

သို့သော်လည်း ထိုအရာသည် ၅၀ အောင်စသာ အလေးချိန် ရှိသည်၊ ထိုအရာတွင် ၂၀ ဘီလျံကျော်သော ကလာပ်စည်း = ဆဲလ်တလေးများနှင့် ရပေါင်းဖွဲ့စည်းထားသည်။

(တစ်ဘီလျံတွင် သန်းတစ်ထောင် ပါဝင်သည်။)

ထိုအရာကား သင်၏ ဦးနှောက် ဖြစ်သည်။

သင်၏ ဦးနှောက်တွင်းရှိ ဆဲလ် = cell ကလေးများသည် လျှပ်စစ် ဆင်အားများ ဖြစ်ပေါ်ရေးကို လုပ်ဆောင်ခြင်း

အားဖြင့် သတင်းများကို ရယူခြင်း၊ မှတ်တမ်း တင်ခြင်းနှင့် သတင်းများ ထုတ်လွှင့်ခြင်းကို ဖြစ်စေသည်။

သင် ပိုင်ဆိုင်ထားသည့် ထို လျှပ်စစ် စက်ယန္တရားကြီး ဆိုသည်မှာ သင်၏ ဦးနှောက်နှင့် အာရုံကြော အစုအဝေး = your brain and nervous system ဖြစ်သည်။

ထို ထူးဆန်းသော စက်ယန္တရားသည် သင်၏ ခန္ဓာကိုယ်ကို ထိန်းချုပ် ကွပ်ကဲသည့်အပြင် သင်၏ စိတ်ကိုလည်း မူမှန် အတိုင်း အလုပ် လုပ်စေသည်။

သင်၏စိတ် ဆိုသည်ကား

သင်၏စိတ် ဆိုသည်မှာ အပိုင်းနှစ်ခု ပါဝင်သည်။

အပိုင်းတစ်ခုကို

(က) အသိစိတ် = conscious ဟု ခေါ်ဆို၍

အခြားတစ်ခုကို

(ခ) အတွင်းစိတ် = subconscious ဟု ခေါ်ဆိုထားသည်။

ထိုနှစ်ခုသည် တစ်ပြိုင်နက် တညီတညွတ်တည်း အလုပ်လုပ်သည် = they synchronize; they work together.

အသိစိတ်၏ အကြောင်းအရာ အချက်အလက် များစွာကို သိပ္ပံပညာရှင်များ တတ်သိ နားလည် ထားကြပြီး ဖြစ်ပါသည်။

သို့ရာတွင် အတွင်းစိတ် = subconscious၏ မသိရသေးသော နယ်ပယ် ဒေသ = unkown territory ၏ အကြောင်းခြင်းရာ အချက်အလက်များကိုမူ ကျွန်ုပ်တို့ စတင် လေ့လာ ရှာဖွေခဲ့ကြသည်မှာ နှစ်ပေါင်း တစ်ရာမျှပင် အချိန် မကြာ ရှိခဲ့သေးပေ။

သို့ဖြစ်သင့်ဏာစား ခေတ်ဟောင်း လူသားများ = primitive men သည် အတွင်းစိတ်၏ အံ့သြစရာ တန်ခိုးအင်အားများကို သုံးစွဲခဲ့ကြသည်မှာ လူသားတို့၏ သမိုင်းအစမှသည် ယခုအချိန် ထိပင် ဖြစ်သည်။

ယခုနေ့၌ပင် ဩစတြေးလျ ကျွန်းကြီးပေါ်ရှိ တိုင်းရင်းသား လူမျိုးများ နှင့် အခြားသော ကမ္ဘာ့ နယ်ပယ် ဒေသရှိ ခေတ်ဟောင်း လူသား များစွာတို့သည် အလွန် ကျယ်ပြန့်

စွာပင် သူတို့၏ အတွင်းစိတ် တန်ခိုးကို သုံးစွဲလျက်ပင် ရှိနေကြသည်။

ယခု ကျွန်ုပ်တို့သည် ထို ဆန်းကြယ်သော အတွင်း စိတ်၏ တန်ခိုး အကြောင်းခြင်းရာများကို လေ့လာ ရှာဖွေ သုံးသပ်မှု စတင် ပြုကြပါစို့။

PDF Creator - nyeyadhamma@gmail.com

ဘီလ်မက်ကော၏
ရှုံးနိမ့်ခြင်းမှ
ထမြောက်အောင်မြင်ခြင်းသို့

ဩစတေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နေထိုင်သူ ဘီလ် မက်ကော၏ ရှုံးနိမ့်ရာမှ ထမြောက် အောင်မြင်ခြင်းသို့ သွားရာလမ်း တစ်လျှောက်သို့ သူနှင့်အတူ ကျွန်ုပ်တို့ စတင် လိုက်ပါလျှောက်သွားကြမည် ဖြစ်သည်။

ဘီလ်မက်ကော သည် ၁၉ နှစ် သား အရွယ် တုန်းက တိရစ္ဆာန်များ၏ အရေပြားကို ရောင်းချခြင်းအားဖြင့် သူ့အသက်ကို မွေးခဲ့သည်။ ထို အလုပ်တွင် သူ မအောင်မြင်ခဲ့ပေ။

အသက် ၂၁ နှစ်အရွယ်သို့ ရောက်ရှိလာသော အခါ သူသည် ဖိဒရယ်ကွန်ဂရက် ရွေးကောက်ပွဲမှာ ပါဝင် ယှဉ်ပြိုင်အရွေးခံခဲ့သည်။

သူ အရွေးမခံရ။ အရေး ရှုံးနိမ့်ခဲ့ပြန်သည်။ ဤနေရာ၊ အခြား နေရာများတွင် သူ၏ ရှုံးနိမ့်ခဲ့ရမှုသည် သူ့အား ပြားပြားဝပ် မသွားစေနိုင်ခဲ့ပေ။

ထို သြဘောအားလျော့ ကျန်းကြီးသား လူငယ်သည် ပြားပြားဝပ်မည့်အစား သူ၏ မအောင်မြင်မှုကြောင့် စိတ်မကျေချမ်းမှုဖြစ်ရခြင်းကို အားသစ် လောင်းကာ စိတ်အား တက်ကြွစေသည့် စေ့ဆော်စိတ်ကို ဖြစ်ပွားစေလေသည်။

ဤအချက်ကို စိတ်ပညာရပ်က to develop inspiration dissatifaction = "စိတ်ရှင်မြူးတက်ကြွ လာစေသည့် မကျေနပ်ခြင်း" ဟု ခေါ်ဆိုသည်။

သို့ဖြစ်ရာ သူသည် အောင်မြင်စေခြင်း၏ ဥပဒေများကို စတင် ရှာဖွေလေတော့သည်။

ဘီလ်မက်ကောသည် သူ့ကိုယ်သူ ကြွယ်ဝ ချမ်းသာသူ ဖြစ်လိုသည်။

ကြွယ်ဝချမ်းသာသူ ဖြစ်လာစေရန် နည်းဥပဒေသများကို စိတ်အား တက်ကြွမှု ဖြစ်စေသည့် စာအုပ်များတွင် ရှာဖွေဖတ်ရှု တွေ့ရှိနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

ထို့ကြောင့် သူသည် စာကြည့်တိုက်များရှိ စာအုပ်များကို လိုက်လံစစ်ဆေး ကြည့်ရှုသည်။

သူသည် "ကြံစည် စဉ်းစားခြင်းအားဖြင့် ကြွယ်ဝချမ်းသာပါ"အမည်ရှိ စာအုပ်တစ်အုပ်ကို တွေ့မြင်ရသော အခါ သူထိုစာအုပ်၏အပေါ်မှာ များစွာစိတ်ဝင်စားသွားလေသည်။

သူ ထိုစာအုပ်ကို ငှားယူခဲ့သည်။ ထိုစာအုပ်ကို သူ တစ်ကြိမ်ဖတ်သည်။

ထို့နောက် သူ နောက်ထပ်တစ်ကြိမ် ပြန်ဖတ်သည်။

ထိုစာအုပ်ကို သူ သုံးကြိမ်မျှ ထပ်ကာ ဖတ်ပါသော်လည်း အခြားသောသူများ ကြွယ်ဝ ချမ်းသာသွားစေသည့် နည်းလမ်းများ၊ သူ့ မည်သို့မည်ပုံ စတင် အသုံးချရမည် ဆိုသည်ကို သူ နားမလည်နိုင်အောင် ဖြစ်နေရသည်။

သူ့ဆရာ ကျွန်ုပ်တို့အား ဤသို့ ပြောပြ၏။

"ကျွန်တော် ကြံစည် စဉ်းစားခြင်းအားဖြင့် ကြွယ်ဝချမ်းသာပါ" စံအောင်ကိုလေ ကြိမ်မြောက် ပြန်လည် ဖတ်ရှုရင်း ဆစ်ဒနီမြို့တွင် အေးအေးဆေးဆေးပင် လမ်းလျှောက်သွားတယ်။

"စာဖတ်ရင်း လမ်းလျှောက်သွားစဉ်မှာ ရုတ်တရက် ချက်ချင်းပဲ ကျွန်တော့်စိတ်ထဲသို့ တစ်စုံတစ်ခုဟာ ဝင်ရောက်လာတယ်။

ဈေးဆိုင်တစ်ခုရှေ့ ပြတင်းပေါက်အနီးမှာ ကျွန်တော် ရပ်တန့်ပြီး ကျွန်တော် အထက်ကောင်းကင်ဆီသို့ မော့ကြည့်လိုက်မိတယ်။ အဲဒီအခါမှာ ကျွန်တော့်စိတ်ဟာ ရှင်လန်းမြူးကြွလာတယ်"

ဤသို့ပြောရင်း ဘီလ်မက်ကောသည် ပြုံးလိုက်သေးသည်။ ပြီးမှ သူက စကားဆက်၏။

"ကျွန်တော် အော်ပြီး ကြွေးကြော်လိုက်တယ် (ဒါပဲ။ ငါတွေ့ပြီ) ကျွန်တော့်ရဲ့ ပေါက်ကွဲသွားတဲ့ အာရုံ လှုပ်

ရှားမှုနှင့်အတူ ကျွန်တော်ဟာ မိမိကိုယ် မိမိ တအံ့တသြ ဖြစ်မိတယ်၊

"ကျွန်တော့်အနီးရှိ အမျိုးသမီးကြီး တစ်ဦး လည်း ကျွန်တော့် ကြွေးကြော်သံကြားလို့ မျှောက် သွား ရင်း ကျွန်တော့်ကို ရပ်ပြီး တအံ့တသြ ကြည့်နေတော့တယ်။

"ကျွန်တော့် အိမ်သို့ အမြန် ပြန်ပြေးလာခဲ့တယ်။ ကျွန်တော် အခု တွေ့ရှိချက် အသစ်ကို ရခဲ့ပြီ ဖြစ်လို့ပါပဲ၊ 'ကြံ့ခိုင်စဉ်းစားခြင်းအားဖြင့် ကြွယ်ဝချမ်းသာပါ' စာအုပ်၏ အခန်း (၄)မှာ အောင်တိုဆပ်ဂျက်ရှင်း ဆိုတဲ့ ခေါင်းစီးပါတယ်။ အဲဒီ ခေါင်းစီးအောက်မှာကတော့ မိမိ အတွင်းစိတ်ကို သွေးဆောင် နည်းများ ရေးသား ပါရှိပါတယ်။ အဲဒီအခန်းကို ဖတ်ရပြီး ကျွန်တော် လိုချင်နေတဲ့ တွေ့ရှိချက်အသစ်ကို ရတာပါပဲ"

သူက သူ့ပြောစကား နားထောင်နေသည့် ထိုစာအုပ်ကို ရေးသူ နပိုလီယန်ဟီးလ်အား ကြည့်ရင်း ဆက်ပြော၏။

"အဲဒီ စာအုပ်ထဲမှာ ခင်ဗျား ရေးထားတာက ဆောဂါကု ဆရာကြီး အမ်မလီကွေဟာ အောင်တိုဆပ်ဂျက်ရှင်း နည်းအား ၁၄-ဒုတိယအကြိမ်

ဖြင့် ရောဂါရှင်တွေကို ရောဂါပျောက်ကင်းပြီး ကျန်းမာခြင်းကို ဖြစ်စေနိုင်ခဲ့လျှင် အခြား လိုအပ်သော အရာရာကိုလည်း ထို အော်တိုဆပ်ဂျက်ရှင်း နည်းအားဖြင့် ဘာကြောင့် မရနိုင်ရမှာလဲလို့ ပါတယ်။

"အော်တို ဆပ်ဂျက်ရှင်း နည်းအားဖြင့် ကြွယ်ဝချမ်းသာခြင်းကို ဖြစ်စေ၊ အခြား လိုချင်တမ်းတသော အရာကိုဖြစ်စေ ရနိုင်တတ်လို့ ရေးသားပါရှိတယ်။ အဲဒါဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ အသစ်တွေ့ရှိချက်ပါပဲ"

အဲဒီအချက်ဟာ ကျွန်တော့်အတွက် အတွေး အမြင်သစ်ပါပဲ"

ဘီလ်မက်ကေးသည် ထိုစာအုပ်ပါ အကြောင်းအရာများကို သူ အရကျက်ထားဟန်နှင့် သွက်လက်ရှင်းပြ ပြောပြပါလေတော့သည်။

"အသိစိတ်နှင့် ပြုလုပ်တဲ့ အော်တိုဆပ်ဂျက်ရှင်း = Conscious autosuggestion ဟာ ထိုသူ၏ အတွင်းစိတ်ကို တီထွင် ဖန်တီးစေနိုင်တဲ့ ကြံစည်

စိတ်ကူးခြင်းများ ပြုလုပ်နိုင်အောင် အားပေး အားမြှောက် ပြုလုပ်ပေးခြင်းပါပဲ။

"လူသား တစ်ဦးရဲ့ စိတ်ဆိုတာဟာ အလွန် မြေသြဇာကောင်းတဲ့ မြေကွက်တစ်ခုနဲ့ တူတယ်။ အဲဒီ မြေကွက်ထဲမှာ တီထွင် ဖန်ဆင်းပေးနိုင်တဲ့ မျိုးစေ့ကို စိုက်ပျိုးလျှင် မိမိ အလိုရှိတဲ့ ကောင်းသော သစ်သီးများ သီးပေးမည့် သစ်ပင်တွေ ပေါက်လာမှာပဲ။ သို့မဟုတ် ပေါ့ပေါ့ လျော့လျော့ စိတ်နေစိတ်ထားနဲ့ ပေါင်းပင် မျိုးစေ့တွေကို စိုက်ပျိုးမိလျှင်လဲ အသုံးမကျတဲ့ ပေါင်းပင်တွေ ပေါက်လာမှာပဲ။ ထိုနည်းအတူ အဖျက်စိတ်တွေကို အဲဒီမြေကွက်မှာ သွတ်သွင်းလျှင်လဲ အဖျက် စိတ်နေစိတ်ထားအရ မကောင်းဆိုးရွားမှုတွေ ပေါ်ထွက်လာမှာပါပဲ"

× × ×

(အောင်ဘိုဆပ်ဂျက်ရှင်း ဆိုသည်မှာ အော်တို = မိမိကိုယ်မိမိ၊ ဆပ်ဂျက်ရှင်း = အကြံပေး ညွှန်ကြားခြင်း ဆိုသော အဓိပ္ပာယ်ရှိသည်။ မိမိ ဖြစ်စေချင်သည့်အတိုင်း ဖြစ်လာစေရန်

မိမိကိုယ် မိမိ ရေလာမြောင်းပေးစကား ပြောကြားခြင်း ဟူ၍ ဆိုနိုင်သည်။ဤ အော်တိုဆပ်ဂျက်ရှင်း၏ အကြောင်းကို အပြည့် အစုံပင် အောင်ဝင်း (စိတ်ပညာ) ရေးသည့် စိတ်၏စွမ်းအင် စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။ (မြန်မာပြန်ဆိုသူ)

× × ×

အလွန် စိတ်အားထက်သန်နေသူ ဘီလ်မက်ကော သည် နပိုလီယန်ဟီးလ်အား သူ သိရှိ နား လည် သည် များကို အောက်ပါအတိုင်း ဆက်လက် ပြောပြသေးသည်။

"ကျွန်ုပ်တို့ အလိုရှိတဲ့ အရာများကို စာဖြင့် ရေးသား ထားပြီး တစ်နေ့လျှင် နှစ်ကြိမ် အသံထွက် ဖတ်တဲ့ အခါမှာ စိတ်အားတက်ကြွပြီး စူးစိုက်တဲ့စိတ် ရှိနေရမယ်။ ရွတ်ဆိုနေတဲ့ စာသားအပေါ်မှာသာ အာရုံထားရမယ်။ ကျွန်တော်တို့ အလို ရှိတဲ့ ငွေအတွက် ထိုငွေတွေကို ကျွန်တော်တို့ ရရှိထား သကဲ့သို့ စိတ်ထားပြီး ထိုငွေတွေကို မိမိကိုယ်တိုင် မြင်နေရမယ်၊

"အဲသလို ပြုလုပ်ခြင်းဟာ မိမိ အတွင်းစိတ်နှင့် တိုက်ရိုက် ဆက်သွယ်ခြင်းပေါ့ပဲ။ မိမိ လိုချင်တာကို အမည်နာမ ဖော်ပြပြီး ထပ်တလဲလဲ ရွတ်ဆိုခြင်း၊ ရွတ်ဖတ်ခြင်းဟာ ကြံ့စည် စိတ်ကူး ခြင်းအကျင့်ကို ဖြစ်စေပြီး မိမိဆန္ဒနှင့် ညီမျှတဲ့ ငွေအဖြစ်သို့ ဒြပ်ပြောင်းပေးရေးကို အကူအညီပေးမည် ဖြစ်တယ်။

"ကျွန်တော် ထပ်ပြီး ပြောပါရစေဦး။ မိမိ အလိုရှိတဲ့ အရာ စာဖြင့် ရေးသားထားတာကို ဖတ်တဲ့အခါမှာ အရေးအကြီး ဆုံး ပြုလုပ်ရမှာကတော့ အသံထွက်အောင် ဖတ်ရမယ်၊ ဖတ်နေ ဆဲမှာလဲ စိတ်အားတက်ကြွပြီး ခံစားချက် ထက်ဘက်သန်သန် ရှိရမှာ ဖြစ်ပါတယ်။ ဒါမှသာ ငွေကြေးပိုင်ဆိုင်လိုသူ၏ စိတ်နေ စိတ်ထား– Money conscious ကို ကြီးထွားလာစေလိမ့် မယ်။ ထိုစိတ်ထား ရှိနေမှပဲ မိမိ ပြုလုပ်တဲ့ အောင်တို ဆပ်ဂျက်ရှင်းဟာ အောင်မြင်မှုကို ရရှိမှာပဲ။

"အောင်တိုဆပ်ဂျက်ရှင်း ပြုလုပ်ခြင်းရဲ့ အောင်မြင်မှု ရရှိ ရေးဟာ မိမိစိတ်ကို မိမိ စူးစူးစိုက်စိုက် ရှိစေခြင်းအပေါ်မှာ

တည်နေပါတယ်၊ မိမိစိတ်ကို မိမိ စူးစူးစိုက်စိုက် ထားနိုင်မှလဲ ညီးညီးတောက် ဆန္ဒ ဖြစ်ပွားလာနိုင်ပေတယ်။ ညီးညီးတောက် ဆန္ဒရှိမှလည်းပဲ အောင်မြင်မှုကိုရရှိနိုင်မယ်။

"ကျွန်တော် ပြောခဲ့ပြီးအတိုင်းပဲ ကျွန်တော် အိမ်ပြန်ရောက်တော့ ဟောဟဲ ဟောဟဲနှင့် ကျွန်တော် မောနေတယ်၊ အပြေး ပြန်လာခဲ့တာကိုး။ ဒါနဲ့ ကျွန်တော် ထမင်းစားပွဲမှာ ထိုင်ပြီး စာရေးလိုက်တယ်။

"ငါ၏ တိကျတဲ့ အဓိက ရည်ရွယ်ချက်သည် ၁၉၆၀ ခုနှစ်သို့ ရောက်သောအခါ ငါ သန်းကြွယ်သူ ဖြစ်ရမယ်"

ကီလ်မက်ကောသည် နပိုလီယန်ဟီးလ်အား ကြည့်လျက် ဆက်ပြောၡ၏။

"ခင်ဗျား ရေးထားတာက အောင်ဟိုဆပ်ဂျက်ရှင်း လုပ်သူသည် အတိအကျ ရေးသား ရွတ်ဆိုရမယ်။ မိမိ ရရှိလိုသော ငွေအရေအတွက် အတိအကျနှင့် ထိုငွေရရှိရမည့် အချိန်ကာလ အတိအကျ ရှိရမယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျွန်တော် အတိအကျပဲ ရေးလိုက်ပါတယ်"

ယခုကျွန်တော်တို့ ပြောပြနေသောသူသည် လွန်ခဲ့သောအခါ သူ၁၉နှစ်သားအရွယ်တုန်းက အောင်မြင်မှုမရခဲ့သူလူငယ် ဘီလ် မက်ကောာ မဟုတ်တော့ ပေ။

သူသည်ဂုဏ်သရေရှိ = Honourable ဝီလျံမက်ကောဖြစ်၍ နေလေပြီ။ သူသည်သြစတေးလျ ပါလီမန်တွင် အသက်အငယ်ဆုံး မင်းဘားလူကြီးဖြစ်သည်။

သူသည် နပိုလီယန်ဟီလ် ရေးသော "ကြံစည် စဉ်းစား ခြင်းအားဖြင့် ကြွယ်ဝချမ်းသာပါ" စာအုပ်ကို ဖတ်ရှုဆင်ခြင် လိုက်နာခြင်းအားဖြင့် သူ၏တိကျသောအဓိကရည်ရွယ်ချက်များ ပြည့်ဝခဲ့သည်။

သူသည်ဆစ်ဒနီမြို့ရှိ ကိုကာကိုလာဘီလပ်ရည် ထုတ်လုပ်သည့် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ သူဆုံးဖြတ်သည့်အတိုင်း သန်းကြွယ်သူလည်းဖြစ်ခဲ့သည်။ သူဖတ်ခဲ့ရသောစာအုပ်မှာပါရှိသော ကြွယ်ဝချမ်းသာသူများကဲ့သို့ပင် သူသည်လည်း အစစ အရာရာမှာ ကြွယ်ဝချမ်းသာ၍ လာလေသည်။

အရေးမကြီးသည့် အချက်တစ်ခုကို ပြောပြရန်ကျန်ရှိနေခဲ့၏။ ထိုအချက်မှာဘီလ်မက်ကောသည် သူခန့်မှန်းသတ်မှတ်ထားသည့်

၁၉၆၀ပြည့်နှစ်မပြည့်မီ လေးနှစ်အလိုမှာပင် သူသန်းကြွယ်သူ ဖြစ်၍လာ သည်။

ဘီလ်မက်ကောသည် အော်တိုဆပ်ဂျက်ရှင်း နည်းအားဖြင့် ကြွယ်ဝချမ်းသာ၍ လာခြင်းဖြစ်ရာ သင်သည်လည်း ထိုအော်တို ဆပ်ဂျက်ရှင်းနည်းကို သုံးစွဲခြင်းအားဖြင့် ကြွယ်ဝချမ်းသာ၍လာ နိုင် ပါသည်။

အော်တိုဆပ်ဂျက်ရှင်းဆိုသည်မှာအောက်ပါစာကြောင်းမျိုး တို့ကို စိတ်အားထက်သန်စွာစူးစိုက်သောစိတ်ထားနှင့်အသံထွက် ရွတ်ဆိုခြင်းမျိုး ဖြစ် သည်။

"တစ်နေ့ပြီးတစ်နေ့ငါသည် အစစအရာရာမှာပိုမိုကောင်းမွန် ပြီး ပိုမိုကောင်းမွန်၍နေသည်"

Day by day in every way I am getting better and better.

အော်တိုဆပ်ဂျက်ရှင်းဖြင့် ရောဂါကုဆရာကြီး အမ်မလီကွေ သည် သူ၏ စိတ် နှင့် အခြားသူ များစွာတို့၏ စိတ် တန် ခိုး အကြောင်းကို ကောင်းစွာ မွှေနှောက် ရှာဖွေကာ သုတေ သန ပြုလုပ်ခဲ့သည်။ ဤသို့ပြုလုပ်ရာ၌ ကြီးစွာသောတွေ့ရှိချက် အသစ်ကို မရရှိမီက ဆိုလျှင်....သူသည် သူ့လူနာ များ အား

ကုသပေးရာတွင် အိပ်မွေ့ချခြင်း အတတ်ပညာကို အသုံးပြုခဲ့သည်။

သို့သော်လည်း စိတ်တန်ခိုး၏ အကြောင်းခြင်းရာကို သူကောင်းစွာသိရှိရပြီးသောအခါ သူသည် အိပ်မွေ့ချခြင်းကို စွန့်လွှတ်လိုက်ပြီးလျှင် အော်တိုဆပ်ဂျက်ရှင်း နည်းကိုသာ သုံးစွဲပြီး ရောဂါ ပေါင်းစုံတို့ကို ပျောက် ကင်း အောင် ကုသခဲ့သည်။

အော်တိုဆပ်ဂျက်ရှင်းဆိုသည်မှာ မိမိကိုယ်တိုင် ရွတ်ဆိုရခြင်းဖြစ်ရာ လူနာများသည် သူသိကုံး ပေးသောစကားလုံး များကို သူတို့ ကိုယ်တိုင် သီဆို ရလေသည်။

အမ်မလီကူ၏ ကြီးမားသော တွေ့ရှိချက်မှာ စင်စစ်အားဖြင့် လွယ်ကူသော သဘာဝတရားကို အခြေခံ ထား ခြင်း သာ ဖြစ်သည်။

လွယ်ကူသော ထိုသဘာဝတရားကိုသူမည်သို့မည်ပုံတွေ့ရှိကာ နားလည်မှု ရရှိခဲ့ပါသနည်း။

အမ်မလီကူသည် ပုစ္ဆာအချို့ကို သူ့ကိုယ်သူမေးမြန်းကာ အဖြေရှာသဖြင့် အဖြေကို သူရရှိသောအခါ ထိုကြီးမားသော တွေ့ရှိချက်ကို သူ ရရှိခဲ့ခြင်း ဖြစ်သည်။

သူ့ကိုယ်သူမေး၍ သူ့အမေး သူဖြေဆိုခြင်းမှာ အောက်ပါ အတိုင်း ဖြစ် သည်။

အမှတ်(၁)

အမေး။ ။လူနာတစ်ဦး ရောဂါ ပျောက်ကင်းစေခြင်း သည် ဆရာဝန်၏Suggestion = အကြံပေး ညွှန်းဆိုသည့် ဆပ်ဂျက်ရှင်းကြောင့်လော၊ သို့တည်းမဟုတ်လူနာ၏ စိတ်ထဲမှာ ဖြစ်ပွားသည့်အကြံပေးညွှန်းဆိုခြင်း ဆပ် ဂျက်ရှင်း ကြောင့် လော။

အဖြေ။ ။ရောဂါ ပျောက်ကင်းစေခြင်းမှာ လူနာသည် သူ၏ စိတ်ကို သူ၏ အတွင်းစိတ် က၊ သို့ မဟုတ် အသိ စိတ်က အကြံပေးညွှန်းဆိုခြင်း၊ ဆပ်ဂျက်ရှင်းပြုလုပ် ပေးခြင်းကြောင့် သူအကြံပေးညွှန်းဆိုသည့်အတိုင်း သူ၏ စိတ်နှင့် ခန္ဓာကိုယ်က တုံ့ပြန် လိုက်နာခြင်း ကြောင့်သာလျှင် ရောဂါ ပျောက်ကင်း ရသည်ဟု အမ်မလီကွေသည် ယတိပြတ် မှန် ကန်ကြောင်း အဆုံးအဖြတ် ပေးရန် သက်သေထူ၍ ပြနိုင် ခဲ့ပေ သည်။

လူနာသည် မိမိမသိဘဲ ပြုလုပ်သော အော်တို ဆပ်ဂျေးရှင်း—Unconscious autosuggestion သို့မဟုတ် မိမိအသိစိတ်နှင့်ပြုလုပ်သော အော်တို ဆပ်ဂျက်ရှင်း = Conscious autosuggestfon မပါရှိဘဲနှင့် အခြားသော အပြင်ဘက်မှ ပြုလုပ် သော ဆပ်ဂျက်ရှင်း = External suggestion များသည် သူ့ရောဂါ ပျောက် ကင်းရန် ထိရောက်မှု မရှိပေ။

အမှတ်(၂)

အမေး။ ။အားကိုးယ်၍သော ဆရာဝန်၏ အကြံပေး ညွှန်းဆိုမှု ဆပ်ဂျက်ရှင်းသည် လူနာ၏အတွင်းဆပ်ဂျက်ရှင်း = Internal suggestion ကို ထကြွလှုပ်ရှား အလုပ် လုပ်စေခြင်းများကို ဖြစ်ပွားစေခဲ့သော် အဘယ့် ကြောင့် လူနာသည် သူ့ကိုယ်သူ အပြုစိတ်ထား ဆပ်ဂျက်ရှင်းများကို ဖြစ်ပွားအောင် မလုပ်ဆောင် နိုင်ရမည်နည်း။

ထို့အပြင် လူနာသည် သူ့ကိုယ်သူ ဘေးဥပဒ် ဖြစ်စေသော အဖျက်စိတ်နေစိတ်ထားနှင့် ပြုလုပ်

သည့် ဆပ်ဂျက်ရှင်းများ = Harmful negative suggestion ကို မဖြစ်ပွားအောင် ကာကွယ် ဟန့်တားခြင်းအမှု မပြုနိုင်ရမည်နည်း။

အဖြေ။ ။အမှတ်(၂) မေးခွန်းအတွက် အဖြေသည် သူ၏ အသိဥာဏ်အတွင်းသို့ ချက်ချင်းဝင်ရောက်၍ လာသည်။

မည်သူမဆို ကလေးသူငယ် ဖြစ်သည့်တိုင်အောင် သူ၏ အပြုစိတ်နေစိတ်ထား မြင့်မားလာအောင် သင်ယူ ပြုလုပ်နိုင်သည်။

သင်ပေးနည်းမှာ.... အပြုစိတ်နေ စိတ်ထားကို လက်ခံ အတည်ပြုခြင်းများ = positive affirmation ကို ထိုသူ ထပ်တလဲလဲ ရွတ်ဆိုခြင်း ပြုလုပ်စေရမည် ဖြစ်သည်။

ဥပမာ အောက်ပါစာကြောင်းများကို အကြိမ် ကြိမ် ရွတ်ဆိုရမည်။

"တစ်နေ့ပြီး တစ်နေ့ ငါသည် အစစအရာရာမှာ ဘုရားသခင်၏ ကြင်နာခြင်းအားဖြင့် ပိုမိုကောင်းမွန်၍ နေသည်"

(အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုလိုသူများအတွက် အောက်တွင် မူရင်းအင်္ဂလိပ်ဘာသာစာကြောင်းကို ကူးယူ ဖော်ပြပါသည်။ မြန်မာပြန်ဆိုသူ)

"day by day, in every way, through the grace of God, I am getting better and better."

ယခု ဤစာအုပ် = "အပြုံစိတ်ထား အောင်မြင်ထင်ရှားတွင် သင့်အတွက် မိမိကိုယ်မိမိ အကြံပေး ညွှန်းဆိုပေးစကား ဆပ်ဂျင်ရှင်း = self-suggestion နှင့် မိမိကိုယ်မိမိ အကြံဉာဏ်အား ဖြစ်ပွားစေသည့် စေ့ဆော်စိတ်များ- self-motivator ဖြစ်ပေါ်စေရေးအတွက် ရေးသားဖော်ပြချက် စာတမ်းများကို ဖတ်ရှုရမည် ဖြစ်သည်။

အကယ်၍ ယခုလောလောဆယ်အချိန်တွင် သင်သည် အော်တိုဆပ်ဂျက်ရှင်း၊ သို့မဟုတ် self-suggestion = ဆဲလ်ဖ့်ဆပ်ဂျက်ရှင်း ပြုလုပ်နည်းကို မသိနားမလည်ခဲ့သော်လည်း ဤစာအုပ်ကို ကုန်ဆုံးအောင် သင် ဖတ်ရှု၍ ပြီးဆုံးမီမှာပင် သင် သိမြင်နားလည်လာပါလိမ့်မည်။

ဆယ်ကျော်သက်ရွယ် လူမိုက်ကလေးများအား အောင်တိုဆပ်ဂျက်ရှင်းဖြင့် လူကောင်းကလေးများ ဖြစ်လာစေနိုင်ခြင်း

အမေရိကန်နိုင်ငံတွင် ဆယ်ကျော်သက်ရွယ် လူငယ်ကလေး ပေါင်း တစ်သိန်း ငါးသောင်းကျော်တို့သည် ကားခိုးမှုနှင့် အခြားသောရာဇဝတ်မှုများ ကျူးလွန်ခြင်းကြောင့် အပြစ်ဒဏ် ပေးခြင်းများ နှစ်စဉ် ခံနေကြရသည်။

ထိုမနှစ်မြို့ဖွယ် ဝမ်းနည်းဖွယ်ရာများ ဖြစ်ပွားရသည့် အမှု အခင်းအတော်များများကို ကလေးငယ်များ၏ မိဘများသည် အကယ်၍သာ အောင်တိုဆပ်ဂျက်ရှင်း နည်းပညာများကို သင်ကြား ထမြောက်လျက် ကိုယ်တိုင် လုပ်ဆောင်ခဲ့သော်၊ သို့မဟုတ် ကလေးငယ်များ ကိုယ်တိုင်ကလည်း အောင်တိုဆပ် ဂျက်ရှင်း နည်းကို သင်ကြားပြီး အသုံးပြုခဲ့လျှင် ရှောင်ကွင်း နိုင်စရာ ရှိပါသည်။

ထိုဆယ်ကျော်သက်ရွယ် ကလေးများသည် ဆပ်ဂျက်ရှင်း နည်းများကို နေသားတကျ တတ်သိအသုံးပြုကြမည် ဆိုလျှင်

သူတို့သည် စောင့်ထိန်းရမည့် စည်းကမ်းများ ချိုးဖောက်မှု မပြုတော့သည့် အဆင့်အတန်းအထိ ရောက်ရှိနေသော အကျင့်စာရိတ္တ ကောင်းမွန် ခိုင်လုံမှုကိုလည်း ရရှိနိုင်ကြစရာ ရှိနေပါသည်။

ထို့အပြင် သူတို့သည် အပေါင်းအသင်းများ၏ အကြံပေး သွေးဆောင်ချက် အမှားများကိုလည်း သူတို့ကိုယ်တိုင်၏ ဆင်ဂျက်ရှင်းများအားဖြင့် ပယ်လှန်ဖယ်ရှား သွားနိုင်ကြမည် ဖြစ်ပေသည်။

လူတိုင်း လူတိုင်း တို့သည် မိမိတို့ အသိစိတ်က မသိမမြင်ဘဲ ပြုလုပ်မိသော = Unconscious autosuggestion သည် သူတို့ တစ်သက်တာ တစ်လျှောက်လုံးပင် သူတို့အသိစိတ်နှင့် ပြုလုပ်သော အော်တိုဆပ်ဂျက်ရှင်း = Conscious autosuggestion ထက် သာလွန်ထိရောက်မှု ရှိပါလိမ့်မည်။

ဆိုလိုသည်မှာ လူတိုင်းတွင် မိမိဘာသာ အကျင့်ပါနေသည့် အတိုင်း မိမိအသိစိတ်မပါဘဲ မိမိအတွင်းစိတ် = subconscious mind ၏ တိုက်တွန်း နှိုးဆော်ချက် အရသာ သူပြုမှု ဆောင်ရွက် လိုက်နာလေ့ ရှိပေသည်။ ဤသို့လိုက်နာပြုလုပ်ခြင်းသည် အသိစိတ်နှင့် ပြုလုပ်ခြင်းထက် ပိုမိုထိရောက်မှု ရှိပေသည်။

လူတစ်ယောက်သည် PMA အပြုစိတ်နေစိတ်ထားကို စွဲကိုင်ထားကာ ကျင့်သုံးနေစဉ် သူ့မှာ ခက်ခဲနက်နဲသော ပြဿနာရပ်နှင့် ရင်ဆိုင်ခဲ့ရသော် သူ့ပြဿနာအား ဖြေရှင်းပေးနိုင်မည့် စိတ်အား တက်ကြွထက်သန် လာစေသည့် စေ့ဆော် စိတ်ထား အကြံပေးခြင်းများကို သူ၏ အတွင်းစိတ်က သူ၏ အသိစိတ်သို့ လျှပ်တစ်ပြက်အတွင်း အမြန်ပို့ပေးလေ့ ရှိသည်။

အထက်ဖော်ပြပါ အချက်များမှာ လူတစ်ဦးအား အရေးပေါ်ကိစ္စများ ဖြစ်ပွားလာသောအခါတွင် သူ၏ အတွင်းစိတ်က အကူအညီပေးတတ်သည်မှာ မှန်ကန်ထင်ရှားသော အကြောင်းအရာများ ဖြစ်သည်။

အထူးသဖြင့် သေမင်းနိုင်ငံ၏ တံခါးသည် တစ်ဦး တစ်ယောက်အတွက် ဖွင့်လှစ် ပေးခါနီးသော အချိန်တွင် အထက်ဖော်ပြပါ အချက်မျိုးများ ဖြစ်ပွားလာတတ်သည်။

ထိုအကြောင်းအရာနှင့် ပတ်သက်သည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုမှာ အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ဖူးသည်။

သေမင်း တံခါး ဖွင့်ခါနီး သေလုနီးမှ
ပြန်လည် အသက်ရှင်လာသူ

ကျွန်ုပ်၏ "သိပ္ပံနည်းကျ အပြုဂိတ်ထား အောင်မြင်ထင်ရှား သင်တန်း" သို့ တက်ရောက်ခဲ့ဖူးသူ ဩစတေးလျနိုင်ငံ ကွင်စလန် ပြည်နယ်သား ရပ်ဖ်ဝက်ပနာသည် နှလုံး ရောဂါဖြင့် မေ့မြော နေသည်။

အချိန်မှာ နံနက် ၃ နာရီ မိနစ် ၃၀။ ဆေးရုံ အိပ်ခန်းငယ် အတွင်း သူနာပြုမယ် နှစ်ဦးမှာ သူ၏ ခုတင်ဘေး တစ်ဖက် တစ်ချက်မှာ ထိုင်ကာ သူ၏ လက်ကောက်ဝတ်ရှိ သွေးတို ကြောကို ဖိနှိပ်ကာ သွေးတိုးမှု ရှိမရှိ ရှာနေကြသည်။

ရပ်ဖ်ဝက်ပနာ၏ အိမ်သူအိမ်သားများထံ ဆေးရုံသို့ အမြန် လာကြရန် အရေးပေါ် အကြောင်းကြားထားရာ၊ သူတို့ရောက် လာကြပြီ။

အချိန်မှာ ညနေ ၃ နာရီ မိနစ် ၃၀ ရှိနေပြီး သူ့ဆွေမျိုး များမှာ ဆေးရုံအိပ်ခန်းငယ်မှ အပြင်ထွက်ကာ စိတ်ပူပန်လျက် သုများခင်အား စိတ်ရည်မှုန်းပြီး ဆုတောင်းနေ ကြသည်။

ရပ်ဖ်ဝက်ပနာမှာ နံနက်ပိုင်းမှညနေအထိ သတိမရ မေ့မြော လျက်သာရှိနေသည်။

သူ့အား ကုသပေးနေသူ ဆရာဝန်သည် အစွမ်းဆောင် နိုင်ဆုံး ကောင်းအောင် ဝက်ပနာအား ကုသပြီး နောက်၊ အခြားအရေးကြီးသည့် လူနာများထံသို့ ထွက်သွားသည်။

လျှပ်စစ်မီးရောင် မှိန်မှိန်သာရှိသည့် အခန်းငယ်အတွင်းတွင် သူနာပြုမယ် နှစ်ဦးတို့သည် ရပ်ဖ်ဝက်ပနာ၏ စိုးရိမ်ရသည့် အခြေအနေကိုသာ အာရုံစိုက်ကာ ကြည့်ရှုနေကြသည်။

ရပ်ဖ်ဝက်ပနာသည် လုံးဝမလှုပ်ရှားနိုင်၊ စကားမပြောဆို နိုင်ဘဲသာ ရှိနေရှာသည်။

သို့သော် သူနာပြုမယ် နှစ်ဦး၏ ပြောစကားများကိုမူ သူ ကောင်းစွာ ကြားသိနေသည်။

"သူ အသက်မရှူဘူး၊ သူ့လက်ကောက်ဝတ်မှာ သွေးတိုးတာ တွေ့ရရဲ့လား"

တစ်ဦးသော သူနာပြုမယ်က အခြားတစ်ဦးအား မေး၏။

"မတွေ့ဘူး"

သို့သော် ဝက်ပနာကမူ သူနာပြုမယ် များ၏ ပြောစကား ကိုကောင်းစွာ ကြားနေရသဖြင့်....

"ငါနေကောင်းတယ် နော်...." ဟု သူ့ စိတ်ထဲမှ ပြော နေ၏။

သို့သော်"ငါအသံထွက်အောင် ပြောနိုင်ရမယ်" စိတ်ထဲ မှ သူ ဆက် ပြော ၏။

"ဘာဘဲဖြစ်ဖြစ် ငါသူ့ကို နားကြားအောင်စကားပြောနိုင် ရမယ်"

ဤသို့လည်း ဝက်ပနာ၏စိတ်ထဲမှ စကားပြောနေသည်။ သူ သည် ဆက်ပြီး စဉ်းစားသည်။

"ငါအားလုံးနေကောင်းတယ်။ ငါမသေဘူး၊ဒါပေမယ့် ငါ ဘယ်လိုလုပ်ပြီး သူတို့ကို စကားပြောနိုင်မည်လဲ"

ထို့နောက် ကျွန်ုပ်တို့ ဖွင့်လှစ်သင်ကြားနေသောသင်တန်းကို တက်ရောက် သင်ကြားစဉ်က သူမှတ်ခဲ့ရသည့် "မိမိ ကိုယ် မိမိ "စေ့ဆော်စိတ်ဆားပွားများစေရန်" စာကြောင်းကို ပြန်လည် သတိရသည်။ ထိုစာကြောင်းကို သူ့စိတ်ထဲမှ ရွတ်ဆိုလိုက်သေး သည်။

အကယ်၍ သင်လုပ်နိုင်သည်ဟု သင်ယုံကြည်လျှင် ထို အရာ ကို သင် လုပ်နိုင်ပါသည်၊

သူသည် ကြိုးစားပြီး သူ့မျက်လုံးများကို ဖွင့်ကြည့်သည်။ သို့သော် သူကြိုးစားလေလေ သူ့မျက်လုံးများမှာ ဖွင့်မရလေလေဖြစ်နေရသည်။

သူ၏မျက်ခွံများသည် သူ၏အမိန့်ပေးစကားကို မလိုက်နာဘဲနေသည်။

သူသည်သူ့လက်ကို မြှောက်ကြည့်သည်။ သူ့ခြေထောက်နှင့် ဦးခေါင်းကို ရွှေ့လျားကြည့်သည်။ မည်သည့်အစိတ်အပိုင်းကမျှ တုံ့ပြန်မှု မပြုကြ။

သူ့မျက်လုံးများကို သူဖွင့်နိုင်ရန်အကြိမ်ကြိမ်ကြိုးစားသည်။ ဤသို့ဆက်ကာဆက်ကာကြိုးစားနေရာသူစကားပြောသံတစ်ခုကို ကြားရ၏။

"ငါသူ့မျက်ခွံ လှုပ်ရှားသွားတာကို မြင်လိုက်ရတယ်။ သူ့အသက် ရှိနေ သေး တယ်"

ဝက်ပနာသည် သူ့စိတ်ထဲမှ စကားပြောနေသည်။

"ငါ့မှာ ကြောက်စိတ် မရှိဘူး"

ကျွန်ုပ်တို့အား သူသာ သူ့အဖြစ်ကို ဤသို့ပြောပြ၏။

''ကျွန်တော်နှင့် သူနာပြုမယ်နှစ်ဦးဖြစ်နေပုံကတော့ ရယ်စရာကြီးပါပဲ။ သူနာပြုမယ်တစ်ဦးကကျွန်တော့်ကို ထပ်တလဲလဲခေါ်မေး နေပါတယ်။ မစ္စတာ ဝက်ပနာ အခု ခေါ်တာ ကြားရဲ့လား။

''ကျွန်တော်နေကောင်းတယ်။ ခေါ်တာကိုလဲ ကြားတယ်လို့ ပြန်ပြောနိုင်ဖို့ ကျွန်တော် ကြိုးစားပြီး မျက်လုံး ဖွင့်ကြည့်တယ်။ ဖွင့်လို့တော့ မရဘူး။

''ဒါပေမယ့် သူနာပြုမယ်တစ်ဦးက သူ့မျက်ခွံ လှုပ်ရှားသွားတာ ငါမြင်လိုက်ရတယ် ဆိုစကားအရ ကျွန်တော် ကြိုးစားပြီး မျက်လုံးကိုဖွင့်ကြည့်တယ်။ အချိန်အတော်ကြာသွားတော့ မျက်လုံး တစ်ဖက်ကို ကျွန်တော် ဖွင့်ကြည့်လို့ ရပါတယ်။ နောက် ပြီးတော့ မျက်လုံး နှစ်ဖက်စလုံးကို ဖွင့်နိုင်ပါတယ်။

''ထို့နောက် ကျွန်တော့်ကို ကုသပေးတဲ့ ဒေါက်တာ ပြန်လာတယ်။ ဒေါက်တာရဲ့ အလွန်ကျွမ်းကျင်မှုနှင့် သူနာပြုမယ်များရဲ့ ဂရုစိုက်မှုကြောင့် ကျွန်တော် သေလုနီးပါး ဖြစ်နေရာမှ ပြန်လည်ရှင်သန်လာရပါတော့တယ်''

မြန်မာစာကြည့်တိုက်

ငုပ်လျှိုးနေသော အင်အားစုများ

"ကျွန်တော် အသက်ရှင်သန် လာရတာဟာ တကယ်တော့ ကျွန်တော့် ကိုယ် ကျွန်တော် ပြောတဲ့ အော်တိုဆပ်ဂျက်ရှင်း ကြောင့်ပါပဲ။

"အကယ်၍သင်လုပ်နိုင်သည်ဟု သင်ယုံကြည်လျှင်ထိုအရာကို သင် လုပ်နိုင်ပါသည်"

"ထို အော်တိုဆပ်ဂျက်ရှင်း ကြောင့်ပင် ကျွန်တော် ပြန်လည် အသက်ရှင်လာရတယ် လို့ ကျွန်တော် ယုံကြည် ပါတယ်"

ဝက်ပနာသည် ကျွန်ုပ်တို့ ဖွင့်လှစ် သင်ကြား ပေးနေသည့် သင်တန်းသို့ တက်ရောက်လျက် စိတ်တန်ခိုးအကြောင်းအရာများ သင်ကြားခဲ့သည်။ သူသည် စိတ်အား ထက်သန် ကောင်းမွန်လာစေရန် အတွက် ရွတ်ဆိုရမည့် စာကြောင်း များကို မှတ်မိနေသည်။

ထိုစာကြောင်းများကို သူရွတ်ဆိုလျက် သူ့ကိုယ်သူအော်တိုဆပ်ဂျက်ရှင်းစကား ပြောကြားခြင်းအားဖြင့် သူသည် သေမင်း၏တံခါးဝသို့ ရောက်ပြီးခါမှအသက်မသေပြန်လည်ရှင်သန်လာခဲ့ခြင်း ဖြစ်သည်။

ဤတွင် ကျွန်ုပ်တို့ သိနားလည်ထားသင့်သည့် အချက်တစ်ခု ရှိသည်။

စိတ်ပညာစာအုပ်များကို ကျွန်ုပ်တို့ ဖတ်ရှုခဲ့သည်။ ဖတ်မိသဖြင့် မှတ်မိသော အကြောင်းအရာများသည် ကျွန်ုပ်တို့၏ အတွင်းစိတ် = Subconscious သို့ရောက်ပြီး ထိုအချက်ကြောင့် ကျွန်ုပ်တို့ မသိမမြင်နိုင်သည့် အင်အားစုများက ကျွန်ုပ်တို့အား ကူညီမှုကို ပေးနိုင်သည်ဆိုသော အချက်ပင် ဖြစ်သည်။

ဦးနှောက် ကွန်ပျူတာ

ကျွန်ုပ်တို့၏ ဦးနှောက်ကို လူသားကွန်ပျူတာဟု ခေါ်ဆိုနိုင်သည်။

လူသားများ ထုတ်လုပ်သည့် မည်သည့် စက်ယန္တရား၊ မည်သည့် ကွန်ပျူတာကမျှ စင်စစ်အားဖြင့် ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသည့် ဦးနှောက်ကွန်ပျူတာကဲ့သို့ အစွမ်းထက်မြက်မှု မရှိပေ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆန်းကြယ်လှသည့် ဦးနှောက်နှင့် အာရုံကြောအစုအဝေးကို ပိုင်ဆိုင်ထားကြသည်။

လူသားသည် ခန္ဓာကိုယ်နှင့် ဦးနှောက်မျှသာ မဟုတ်ပါ။

သင်လူသားသည် စိတ်နှင့်ခန္ဓာကိုယ် ဖြစ်သည်။ စိတ်သည် ကျွန်ုပ်တို့ သိရှိရပြီးနှင့် မသိရှိရသေးသည့် တန်ခိုးအင်အား များကို ပိုင်ဆိုင်ထားသည်။

စိတ်သည် နှစ်ပိုင်းရှိလေရာ ပထမပိုင်းကို အသိစိတ်ဟု ခေါ် ဆိုပြီး ဒုတိယပိုင်းကို အတွင်းစိတ်ဟု ကျွန်ုပ်တို့ သတ်မှတ်ခေါ်ဆို ကြသည်။

ယခု ဤအခန်းတွင် ကျွန်ုပ်တို့သည် အတွင်း စိတ်၏ အကြောင်းခြင်းရာများကို အသေးအနက်ထား၍ ဖော်ပြခဲ့ရ ပေသည်။

အတွင်းစိတ် = subconscious mind ၏ အကြောင်း ခြင်းရာအလုံးစုံကို ကျွန်ုပ်တို့ ကောင်းစွာ မသိရှိကြရသေးပေ။ အတွင်းစိတ်တွင် ကျွန်ုပ်တို့ သိရပြီး တန်ခိုးအင်အားများအပြင် ကျွန်ုပ်တို့ နားမလည်မရှိသိရသေးသော တန်ခိုးအင်အားများ လည်း ရှိနေပေသေးသည်။

သို့သော် အသိစိတ် = Conscious mind ၏ အကြောင်း ခြင်းရာများကား မည်သည်တို့ ဖြစ်ပါသနည်း။

အတွင်းစိတ်ကဲ့သို့ပင် အသိစိတ်သည်လည်း ညီတူညီမျှအရေးကြီးခြင်း၊ အရေးပါအရာရောက်ခြင်း ရှိနေပါသည်။

သင်သည် ထိုအကြောင်းခြင်းရာများကို ရှေ့အခန်း(၅)တွင် "တစ်စုံတစ်ခုထပ်တိုးပါဦး" ခေါင်းစီးနှင့် ဖတ်ရှုရပါမည်။

သင်သည် ဤအခန်း(၄)၏ ရေးသားအကြံပေးချက်များကို ဤနေရာအထိ ဖတ်ရှုမိခဲ့လေပြီ။

သို့ရာတွင် သင်သည် သင်ပိုင်ဆိုင်ထားသည့် လူသား ကွန်ပျူတာ စက်ယန္တရား၏ခလုတ်များကို အမှန်အတိုင်းမည်သည့်ခလုတ်ကိုလှည့်၍ မည်သည့်ခလုတ်ကို နှိပ်ရမည်ဆိုသည်များ သိရှိနားလည်အောင် သင်ဖတ်ခဲ့ရသမျှသော စာသားများက သင့်အား အလင်းရောင် အသိဉာဏ်ကို မပေးသေးပါလျှင် သင်သည် သင့်စိတ်တန်ခိုး၏ အကြောင်းခြင်းရာများအား ရဲစံ့ စိတ်ထားနှင့် မမွေနှောက်ရှာဖွေကာ သုတေသနအမှုကို ဆက်လက်၍သာပြုပါလေဦး။

ဤသို့ သုတေသနပြုနိုင်ရန်တွင် လွယ်ကူမှုနှင့်နားလည်မှုများ ရရှိစေရန်အောက်ပါလမ်းညွှန်ချက်(၄)ကိုဖတ်ရှုဆင်ခြင်သုံးသပ်မှုပြုပါလော့။

တစ်စုံတစ်ခု ထပ်တိုးလိုက်ပါဦး

လမ်းညွှန်ချက်(၅)

ဖော်ပြပါ အချက်များကို နားလည်မှုဖြင့် အသုံးပြုကာ သင်ရောက်လိုရာသို့ ပဲ့ထိန်းပေးပါ

၁။ သင့်အားစိတ်ခေတ်နှင့် ခန္ဓာကိုယ်ဖြင့် တည်ဆောက်ထား သည်။

သင်၏ ခန္ဓာကိုယ်သည် လျှပ်စစ်ယန္တရား ဖြစ်သည်။ သင်၏ ဦးနှောက်သည် ထူးခြားဆန်းကြယ်သော စက်ယန္တရား တစ်ခု ဖြစ်သည်။

၂။ သင်၏စိတ်သည် အပိုင်းနှစ်ခုရှိသည်။ အသိစိတ်နှင့်အတွင်း စိတ် ဖြစ်သည်၊ ထိုနှစ်ခုသည် အတူတကွ ပြိုင်တူအလုပ် လုပ်ကြသည်။

၃။ အသိစိတ်နှင့် အော်တိုဆပ် ဂျက်ရှင်း ပြုလုပ် ခြင်း = Conscious Autosuggestion နှင့် မိမိကိုယ် မိမိ ဆပ်ဂျက်ရှင်း ပြုလုပ်ခြင်း = Self suggestion ဆို သော စကားနှစ်မျိုး၏ အဓိပ္ပာယ်မှာ အကျတူသာ ဖြစ်သည်၊

အောက်တိုဆပ်ဂျက်ရှင်းသည် အလိုအလျောက်ပင် အတွင်းစိတ်မှ အသိစိတ်အပြင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းအသီးသီးသို့ သတင်း၊ သို့မဟုတ် အမိန့်များကို ပို့ပေးသည်။

*

(အတွင်းစိတ်၏ သဘော သဘာဝကို အလွယ်တကူ နားလည်မှု ရှိအောင် ပြောပြရမည် ဆိုလျှင် ကျွန်တော်တို့၏ ကိုယ်ခန္ဓာ အတွင်း၌ အစာခြေချက်နေခြင်း၊ သွေးလှည့်ပတ်မှုများ ရှိနေခြင်း နှင့် နှလုံးခုန်နေခြင်း များသည် အတွင်းစိတ်၏ လုပ်ဆောင်ချက်များသာ ဖြစ်သည်။

ဤသို့ လုပ်ဆောင်ပေးနေခြင်း များကို ကျွန်တော်တို့၏ အသိစိတ်ဖြင့် လုံးဝ မသိရှိရပေ။

ဤသို့ ပြုလုပ်ဖြစ်ပေါ်နေခြင်းမှာ အလိုအလျောက်သာ ဖြစ်နေပေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် စိတ် မှာ မသိ ရဘဲ နှင့် သာ ဖြစ်ရှိရ နေပါသည်။

ထို အခြင်းအရာ များ သည် အတွင်းစိတ် တန်ခိုးကြောင့် ဖြစ်ပေါ်နေရသည်ဟု နားလည် နိုင်ကြပါသည်။)

(မြန်မာပြန်သူ)

*

၄။ "တစ်နေ့ပြီးတစ်နေ့ အစစအရာရာမှာ ငါသည် ပိုမိုကောင်းမွန်၍သာ ဖြစ်ရှိနေပါသည်" စာကြောင်း မိမိကိုယ်တိုင် ရွတ်ဆိုခြင်းကို အောင်တိုဆပ်ဂျက်ရှင်းခေါ်ပိုသည်။

ရွတ်ဆိုမှုကို ခဏခဏပြုလုပ်ခြင်း၊ မြန်မြန်ထက်ထက် အသံထွက် ရွတ်ဆိုခြင်း၊ စိတ်အား တက်ကြွ ထက်သန်စွာ ရွတ်ဆိုခြင်းအမှု ပြုလုပ်သောအခါ သင်၏ အတွင်း

စိတ်အား သင်ရွှတ်ဆိုသည့်အတိုင်း ဖြစ်ပေါ် လာစေအောင် ဆောင်ရွက် စေသည်။

သင်၏ အတွင်းစိတ်တွင် ကျွန်ုပ်တို့ သိရှိရပြီး တန်ခိုးအင်အား နှင့် မသိရှိ နားမလည် ရသေးသော တန်ခိုးအင်အားများရှိသည် ဆိုချက်ကိုမမေ့ပါနှင့်။ ယုံကြည်ပါ။

ဘီလ်မက်ကောသည် သူ့ကိုယ်သူ ပြောပေး သည့် ဆဲလ်ဖ်ဆပ်ဂျက်ရှင်းအားဖြင့် ထူးခြားစွာ ကြွယ်ဝချမ်းသာ၍ လာခဲ့သည်။

၅။ အမ်မလီကွေသည် ကြီးမားသော တွေ့ရှိချက်တစ်ခုကို ပိုင်ဆိုင်ခဲ့သည်၊ ထိုအချက်မှာ သင်သည် သင့်ကိုယ်သင် အကူအညီပေးရန်အတွက် ကျန်းမာစေသောအပြုစိတ်နေစိတ်ထား ဖြစ်ရှိစေသည့် ဆပ်ဂျက်ရှင်း - အကြံပေးညွှန်းဆိုခြင်း၊ သို့မဟုတ် အော်တိုဆပ်ဂျက်ရှင်းပြုလုပ်၍ ရယူနိုင်သည်ဆိုသောအချက်ဖြစ်သည်။

သို့ဖြစ်ရာ သင်သည် မိမိကိုယ်မိမိ အော်တိုဆပ်ဂျက်ရှင်း ပြုလုပ်ခြင်းအားဖြင့် အဖျက်စိတ်နေစိတ်ထားနှင့် ဘေးဥပဒ်ရောက်စေမည့် အကြံပေး ညွှန်းဆိုခြင်း ဆပ်ဂျက်ရှင်းများကိုလည်း ရှောင်ရှား၍ သွားနိုင်ပေသည်။

၆။ အခြားသူများအား သင်က သွေးဆောင်မှု ပြုနိုင်ခြင်း၊ ဩဇာ ညောင်းစေ ခြင်းများ ရရှိနိုင်ရန်အတွက် သင့်တော်လျော်ကန်သော ဆပ်ဂျက်ရှင်းများ ပြုလုပ် တတ်ရန်နှင့် အသုံးပြုတတ်ရန် သင် လေ့လာ သင်ကြားခြင်းအားဖြင့် ပညာရယူပါ။ မှန်ကန်သော သင်၏ အသိ စိတ်နှင့် ပြုလုပ်ရသည့် အော်တိုဆပ်ဂျက်ရှင်း နည်းပညာကိုလည်း အသုံးပြုပါ။

အသုံးပြုသောအခါ သင်သည် အောက်ပါကောင်းကျိုး တရားများ ပွားများရရှိနိုင်မည် ဖြစ်ပေသည်။

၁။ ကိုယ်၏ ကျန်းမာခြင်း၊
၂။ စိတ်၏ ကျန်းမာခြင်း၊
၃။ အကျင့်စာရိတ္တ ခိုင်လုံကောင်းမွန်ခြင်း၊
၄။ ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့်
၅။ အောင်မြင်ခြင်း။

၆။ အဓာယ်၍ သင့်မှာ PMA = အပြု စိတ်နေ စိတ်ထား ရှိပါလျှင် ထိုအရာကို သင် လုပ်နိုင်သည်ဟု ယုံကြည်သည့် အတိုင်း သင် လုပ်နိုင်ပါသည်။

၇။ သွေးဆောင် စည်းရုံးနိုင်သော လျှို့ဝှက် တန်ခိုးအင်အား ဆိုသည်မှာ PMA = အပြု စိတ်နေ စိတ်ထားနှင့် ချဉ်းကပ် လုပ်ဆောင် ခြင်းများဖြစ်သည်။

၈။ သင်၏ဦးနှောက်သည် အင်နာဂျီ = energy အင်အားကို ဦးနှောက်လှိုင်းများ = brain wave အနေနှင့် ပြင်ပသို့ ထုတ်လွှင့်ပေးသည်။

ထိုအင်အားသည် တန်ခိုး ဖြစ်သည်။ တန်ခိုးသည် အခြားသူများ သို့မဟုတ် အဖွဲ့ဝင်တစ်ခုခုကို ထိရောက်မှု ရှိစေနိုင်သည်။

အခန်း ၅

ထို့အပြင်
တစ်စုံတစ်ခုထပ်တိုးလိုက်ပါဦး

သင် ရိုးသားစွာ ကြိုးစားပြီးပါပြီလား၊

သို့နှင့်လည်း ယခုတိုင် မအောင်မြင် ဖြစ်နေသလား။

အောင်မြင်မှု မရခြင်းမှာ အခုလို ဖြစ်ကောင်း ဖြစ်နိုင်စရာ ရှိနေပါ၏။

သင် ရှာဖွေနေသော အောင်မြင်မှုကို ရရှိရန်တွင် သင် တစ်စုံတစ်ခု နောက်ထပ်တိုးပေးရန် လိုအပ်နေပေလိမ့်မည်။

ယူကလစ်၏ မှန်ကန်သော သဘောတရားက ဤသို့ ဖော်ပြထားလေ၏။

၁၆–ဒုတိယအကြိမ်

"အလုံးစုံ အကုန် ပြည့်ဝသည့် အရာတစ်ခုသည် ထို အရာမှာ ပါဝင်သည့် အစိတ်အပိုင်း အားလုံး ပေါင်းနှင့် ညီမျှသည်။ ထိုအရာသည် ထို အရာမှာ ပါဝင်သည့် မည်သည့် အစိတ်အပိုင်းထက် မဆို ကြီးမားသည်"

အထက်ဖော်ပြပါ မှန်ကန်သော သဘောတရားကို ကျွန်ုပ်တို့သည် ဆက်စပ် သုံးသပ်ခြင်း၊ ကျေကျေ ညက်ညက် သဘော ပေါက်ခြင်းနှင့် အောင်မြင်မှု အသီးသီး ရရှိရေးတွင် လက်တွေ့ အသုံးပြုနိုင်သည်။

ယခုတစ်ဖန် ပြောင်းပြန် ပြောရလျှင် ထိုအရာတွင် ပါဝင်သည့် မည်သည့်အစိတ်အပိုင်း ဖြစ်စေ ထိုအစိတ် အပိုင်းသည် ထိုအရာ တစ်ခုလုံးထက် ငယ်သည်။

သို့ဖြစ်ရာ အလုံးစုံ အကုန် ပြည့်ဝသည့် အရာတစ်ခု ဖြစ်ရှိလာရေးအတွက် သင်သည် လိုအပ်သော အစိတ်အပိုင်း အားလုံးကို ပေါင်းစပ်ရန်မှာ အရေးကြီးသည်။

မအောင်မြင်စေခြင်း၏

ပထမ အကြောင်းရင်း

မအောင်မြင် စေသည့် အကြောင်းများစွာတို့အနက် ပထမ အဓိက အကြောင်းအချက် တစ်ခုမှာ NMA - အဖျက် စိတ်နေ စိတ်ထားဖြစ်သည်။

မအောင်မြင်စေခြင်းတွင် သင့်မှာ အချက်မှန်များကို မသိမမြင်ချင်း၊ စကြဝဠာ၏ ဥပဒေသများ (သဘာဝ၏ နိယာမများ)ကို နားမလည်ခြင်း၊ ထိုဥပဒေသ၏ တန်ခိုး များအား အမှုမထား၊ နားလည်မှုမရှိ၊ ပကတိမိုက်မဲမှု ရှိနေခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

သို့မဟုတ် ဆိုခဲ့ပြီး အကြောင်းအချက်များစွာကို သင်သိရှိပြီး ဖြစ်သော်လည်း ထိုအချက်အလက် များကို မည်သည့် နေရာတွင် မည်သို့မည်ပုံ သုံးစွဲရမည် ဆိုချက်အတိုင်း သုံးစွဲမှု မပြုဘဲ နေခြင်း သည်လည်း မအောင်မမြင် ဖြစ်စေမှုအတွက် ကြီးစွာသော မှားယွင်း ချက်များ ဖြစ်သည်။

၂ထို့အပြင် မအောင်မမြင် ဖြစ်စေသည့် အချက်တစ်ခုလည်း ရှိသေး၏။ ထိုအချက်မှာ ကျွန်ုပ်တို့ သိရှိရပြီးနှင့် မသိရှိရသေး

သော တန်ခိုး အင်အား များကို သင် ထိရောက်မှု ရှိအောင် သုံးစွဲနည်း ထိန်းချုပ်နည်းသို့မဟုတ် ထိုတန်ခိုးအင်အားများနှင့် သဟဇာတ ဖြစ်အောင် မည်သို့ ပြုမူ ကျင့်သုံး ရမည်ဆိုသော နည်းများကို သင် မသိမမြင်ခြင်းပင်ဖြစ်သည်။

PMA နှင့် မအောင်မြင်မှုရှာဖွေခြင်း

သင်သည် အောင်မြင်မှုကို PMA = အပြု စိတ်နေ စိတ်ထားနှင့် ရှာဖွေသောအခါ သင်သည် ကြိုးစားမှုကို အောင်မြင်မှု မရမချင်း ဆက်လက်၍ ပြုလုပ်သည်။ သင်သည် အောင်မြင်မှု ရရှိရေးအတွက် တစ်စုံ တစ်ခု ထပ်တိုးရန် လိုနေသော အချက်ကို ဆက်လက်၍ ရှာဖွေသည်။

မအောင်မြင်မှုနှင့် တွေ့ကြုံခံစားရသူများ ဆိုသည်ကား ထိုသူတို့သည် ရှုံးနိမ့်ရမှု တစ်ခုခုနှင့် တွေ့ကြုံရသည်ဆိုလျှင် တစ်စုံ တစ်ခု ထပ်တိုးရန် လိုအပ် ချက်ကို တွေ့ရှိရန် မကြိုးစား ကြတော့ဘဲ ရပ်တန့်ပစ်လိုက်ကြသူများ ဖြစ်သည်။

တစ်စုံတစ်ခု ထပ်တိုးရန် လိုအပ်မှု
သင် သိမြင်သောအခါ အောင်မြင်မှုသည်
သင့်ထံမှောက် ရောက်လာရန်
နီးစပ်မှု ရှိလေပြီ

ရှုပ်ထွေးသော ပုစ္ဆာတစ်ခုကို ဖြေရှင်းပေးရန် ကလေးငယ်တစ်ဦးအား တာဝန်ပေးလိုက်ပါ။ အစပထမတွင် ကလေးငယ်သည် ထိုပြဿနာကို အဖြေပေးနိုင်လိမ့်မည် မဟုတ်ပေ။ အကယ်၍ သူသည် ဆက်လက်၍ ကြိုးစားကာ အဖြေရှာသောအခါ ထိုပြဿနာကို သူ မည်ကဲ့သို့ ဖြေရှင်းရမည် ဆိုသည်ကို သိမြင်လာနိုင်စရာ ရှိပါသည်။ ထိုအခါ ကလေးငယ်သည် ဖြေရှင်းသော အလုပ်ကို အလျင်အမြန်ပင် ပြုလုပ်နိုင်လေသည်။

သင်သည် ကလေးငယ်မဟုတ်ပါ။

သို့ရာတွင် သင် ဖြေရှင်းလိုသော ဘဝ၏ ပြဿနာများမှာ အမျိုးမျိုး အစားစားပင် ရှိနေပေသည်။

သင်သည် သင်၏ပြဿနာရပ်များကို အပြုံ စိတ်နေ စိတ်ထားနှင့်သာ ဖြေရှင်းပါက ပိုမိုလွယ်ကူစွာနှင့်ပင် ဖြေရှင်းနိုင်မည် ဖြစ်သည်။

တစ်စုံတစ်ခုထပ်တိုးပုံ–ဥပမာ

ဥပမာ ဖြစ်ရပ်မှန်တစ်ခုကို ကြည့်ကြပါစို့။

သီချင်းရေး ဆရာတစ်ဦးသည် သီချင်း တစ်ပုဒ်ကို စပ်ဆိုသီကုံးသည်။ သို့ရာတွင် သူ၏ သီချင်းကို ထုတ်ဝေရောင်းချရန် ဝယ်ယူမည့်သူ မရှိပေ။

သို့သော် ဂျော့အမ်ကိုဟန်ဆိုသူသည် ထိုသီချင်းကို ဝယ်ယူပြီးလျှင် တစ်စုံတစ်ခုကို သူ ထပ်ဘိုးလိုက်သည်။

ထိုသီချင်းတွင် သူသည် သုံးလုံးသောစကား HIP, HIP, HOORAY ဟစ်ပ်ဟစ်ပ်ဟူးရေးကိုသာ ဖြည့်စွက် ထပ်တိုးလိုက်သဖြင့်၊ ဤ [illegible] သီချင်းမှာ မူလကထက် များစွာ ကောင်းမွန်ပြည့်စုံ၍ သွားသည်။

ထိုသို့ တစ်စုံတစ်ခု ထပ်တိုးလိုက်ခြင်းအားဖြင့် ဂျော့အပ်ကို ဟန်သည့် ထိုသီချင်းအပေါ်မှ ငွေအမြတ်အစွန်း များစွာကို ရရှိလေသည်။

သောမတ်အက်ဒီဆင် တွေ့သော တစ်စုံတစ်ခု

သောမတ်အက်ဒီဆင်သည် လျှပ်စစ်အလင်းရောင် ဖြာသည့် လျှပ်စစ်မီးကို ပြုလုပ်ရာ၌ အောင်မြင်မှုမရမီတွင် အကြိမ်ပေါင်း တစ်သောင်းမျှမက မအောင်မမြင် ဖြစ်ခဲ့ရသည်။

သို့ရာတွင် မအောင်မြင်မှုတစ်ခု တွေ့တိုင်း တွေ့တိုင်း သူသည် တစ်စုံတစ်ခု လိုနေလို့ပဲဟု တွက်ဆကာ ထိုတစ်စုံတစ်ခုကို မတွေ့တွေ့အောင် ထပ်၍ထပ်၍ ရှာဖွေခဲ့သည်။

သူသည် အောင်မြင်မှုကို မရမချင်း ကြိုးစားမှုကို ဆက်လက်ပြုလုပ်သည်။

သို့ဖြစ်ရာ နောက်ဆုံးတွင် သူလိုချင်သဖြင့် ရှာဖွေနေသော ထိုတစ်စုံတစ်ခု ထပ်တိုးရန်ကို သူ တွေ့ရှိလေသည်။ ဤတွင် မရေမတွက်နိုင်သည့် လျှပ်စစ်မီးလုံးများကို ထုတ်လုပ် နိုင်ကြလေတော့သည်။

အောင်မြင်မှု ရရှိရေးအတွက် အမြဲတမ်း တည်ရှိနေသော သဘာဝ၏ နိယာမကို အသုံးပြုရန်သာ လိုပါသည်။

တီထွင်မှု များစွာတို့တွင် တီထွင်ပြုလုပ်သူသည် မည်သည့် တီထွင်မှုအတွက် မည်သည့်နိယာမ လိုအပ်သည်၊ ထိုအချက်ကို အသုံးပြုနိုင်သည် ဆိုခြင်းကို တီထွင်မှုမပြုမီက တင်ကြို၍ အသိ အမှတ် မပြုမိခြင်း၊ သို့မဟုတ် မသိမမြင်ခြင်းသာ ဖြစ်သည်။ စင်စစ် ထိုနိယာမအရ လုပ်နည်း ကိုင်နည်းမှာကား ရှိနေပြီး သားပင် ဖြစ်သည်။

ရောဂါပေါင်းစုံအတွက် ကုသကာကွယ်နည်းများ ရှိပြီးသား

ရောဂါပေါင်းစုံအတွက် တင်ကြိုကာကွယ်နည်းနှင့် ကုသ နည်းများလည်း ရှိပြီးသားဖြစ်သည်။ သို့ရာတွင် အချိန်ကာလ အားလျော်စွာ ထိုနည်းကို နားမလည် မသိမမြင်သေးခြင်းသာ ဖြစ်သည်။

ရှေးအခါက Polio = ပေါလီယိုခေါ် ရိုးပျော့ရောဂါ ကာကွယ် နည်းကို ဒေါက်တာ ဂျွန်အက်ဒဝပ်ဆော့ သည်

သဘာဝ၏ နိယာမများ အသုံးပြု၍ မကိုသမိကဆိုလျှင် မည်သူမျှ ထိုနည်းကို မသိရှိ နားမလည်ခဲ့ကြပေ။

ထိုနည်းမှာ ရှိပြီးသား ဖြစ်သော်လည်း ကြောက်မက်ဖွယ်ကောင်းသည့် ထိုရောဂါကာကွယ်နည်းကို ဆေးကုသမှုဆိုင်ရာ ပုဂ္ဂိုလ်များက အသုံးမပြုကြ သေးခြင်း၊ အသုံးမပြု တတ်ကြသေးခြင်းသာ ဖြစ်သည်။

အောင်မြင်စေသော လုပ်နည်းကိုင်နည်း = Success Formula ကို အသုံးပြုနိုင်ခြင်းအားဖြင့် သင်သည် ဒေါ်လာသန်းကြွယ်သူဖြစ်လာနိုင်သည်။ အကယ်၍ သင်သည် ထိုငွေများ ဆုံးပါးသွားသည့်တိုင်အောင် ထိုငွေအစား၊ သို့မဟုတ် ထို့ထက်ပိုသော အခြား ဒေါ်လာများစွာကိုပင် ရရှိနိုင်ပေလိမ့်မည် ဖြစ်သည်။

ဤသို့ ဖြစ်ရန်အတွက် လုပ်နည်းကိုင်နည်းကို သင် သိမြင်ပြီး သိမြင်သည့်အတိုင်း အသုံးချရမည် ဖြစ်သည်။

သို့ရာတွင် ဆိုပါတော့ လုပ်နည်း ကိုင်နည်းကို သင် မသိ မမြင်သေးသည့်အတွက် ပထမ ဒေါ်လာတစ်သန်းကို သင် မရ

နိုင်ခဲ့သော် ဆက်လက်၍သာ အားထုတ် ကြိုးပမ်းရပေဦးမည်။ ဒုတိယ အကြိမ်တွင်လည်း သင် မအောင်မမြင် ဖြစ်နိုင်သေးလေသည်။

အဘယ့်ကြောင့် ဆိုသော် လုပ်နည်းကိုင်နည်း အမှုန်နှင့် သင် သွေဖည်လျက် လုပ်ဆောင်ချက်ကြောင့် မအောင်မမြင် ဖြစ်နိုင်သည်။

ထို ဒုတိယအကြိမ်တွင် သင်သည် သင့်တော်လျော်ကန်မှု ရှိစေသည့် အပြောင်းအလဲ ညှိနှိုင်းမှုများ လုပ်မဆောင်ရန် လိုအပ်စရာ ရှိပါလိမ့်မည်။

သို့သော်လည်း သဘာဝ တရားက ချမှတ်ထားသည့် နိယာမ၏ လုပ်နည်း ကိုင်နည်း များမှာကား သူ့ မူရင်းအတိုင်းသာ ပြောင်းလဲမှု မရှိဘဲ ရှိနေမြဲ ရှိနေသည်သာ ဖြစ်ပါသည်။

အော်လီဗိုးနှင့် စိလ်ဘာရိုက် ညီအစ်ကို အောင်မြင်ခဲ့ရခြင်း အကြောင်းရင်း

ကောင်းကင်ယံတွင် လေယာဉ် ပျံသန်းမှုကို ရှေးဦးစွာ အောင်မြင်ခဲ့ကြသူများမှာ ရိုက်ညီနောင် နှစ်ဦး ဖြစ်သည်။

သူတို့နှစ်ဦးထက် ရွေးကျပြီး အောင်မြင်လုနီးနီး အဆင့်သို့ ရောက်ရှိခဲ့ကြသူများလည်း ရှိသည်။

ရိုက်ညီနောင် တို့က အဘယ့်ကြောင့် အခြားသူ များကို ကျော်လွှားပြီး အောင်မြင်မှုကို ဦးစွာ ရရှိပါသနည်း။

ရိုက် ညီနောင်သည် အခြားသူများ ကဲ့သို့ပင် လေယာဉ် ပျံသန်းနိုင်ရေးအတွက် အလားတူ နည်းပညာများကို သုံးစွဲခဲ့ကြပါသည်။

သို့သော်လည်း သူတို့နှစ်ဦးက အခြားသူများထက် ထူးပြီး တစ်စုံတစ်ခုကို ပိုမို အသုံးပြုခဲ့သည် ဖြစ်ရာ လူများ တကာထက် စောပြီး အောင်မြင်မှုကို ရရှိခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် သူတို့ပြုလုပ်သည့် နည်းပညာရပ်တွင် အသစ်ဖြစ်သည့် အရာတစ်ခုကို လေယာဉ်မှာ ထပ်တိုးတပ်ဆင် လိုက်ကြသည်။

ဤတွင် အခြားသူများ မအောင်မြင်မီမှာ သူတို့က ဦးစွာ အောင်မြင်ကြသည်။

ထပ်တိုး လိုက်သည့် ထိုတစ်စုံ တစ်ခုမှာ လွှယ်ကူ ရှင်းလင်းပါသည်။

သူတို့သည် ရွှေ့လျားနိုင်သည့် အချပ်ပြားများကို ပုံစံထုတ်၍ လေယာဉ်ပျံ၏ တောင်ပံ အစွန်းအဖျား များတွင် တပ်ဆင်လိုက်ကြခြင်းသာ ဖြစ်ပါသည်။

ဤသို့ တပ်ဆင်လိုက်ခြင်းအားဖြင့် လေယာဉ် မောင်းနှင်သူသည် တပ်ဆင် ထားသော အပြား များကို ထိန်းချုပ်၍ လေယာဉ်အား ဟန်ချက်ညီအောင် ပြုလုပ် နိုင်လျက် ထိုလေယာဉ်သည် ကောင်းကင်ယံမှာ လိုသလို ပျံသန်း နိုင်ခြင်း ဖြစ်သည်။

ရိုက်ညီနောင်တို့ ထပ်ဝိုး တပ်ဆင် လိုက်သော အရာကို ရွှေ့လျားနိုင်သည့်အချပ်ပြားများ = Movable Flaps ဟုခေါ်တွင်သည်။ ထိုအချပ်ပြားများသည် ယခုခေတ်သစ် လေကြောင်း ပျံသန်းမှု၏ ရှေ့သွားတီထွင်မှုများ ဖြစ်သည်။

အောင်မြင်မှုဇာတ်လမ်း အသီးသီးတွင် လျှို့ဝှက်ချက် တစ်ခုစီပါရှိမည် ဖြစ်သည်၊ ထိုလျှို့ဝှက်ချက်မှာ သဘာဝတရားက ချမှတ် ထားသော အောင်မြင်စေသည့် နည်းဥပဒေသများကို လွန်ခဲ့ပြီးသောအချိန်ကာလများအတွင်းက အသုံးမပြုမိဘဲရှိခဲ့သည်ကို သိမြင်သူများက အသုံးပြု သွားကြခြင်းသာ ဖြစ်ပါသည်။

ဤအချက်သည် ကွာခြားမှုကိုဖြစ်ပွားစေသည်။

သို့ဖြစ်ရာ သင်သည် အောင်မြင်ခြင်း အခန်းတွင်းသို့ ဝင်ရောက်ရန် မတတ်သာဘဲ တံခါးခုံစေ့ပေါ်မှာ ရပ်တည်နေရပြီဖြစ်ခဲ့သော် အားထုတ်၍သာ တစ်စုံတစ်ခုကို ထပ်တိုးရန် ကြိုးစားလိုက်ပါဦး။

ဤသို့ပြုလုပ်ရန်မှာ အများကြီး ထပ်တိုးရန် မလိုပေ။

သုံးလုံးသော စကား 'ဟစ်ပ်ဟစ်ပ်ဟူး ရေး'သည် တီးလုံး၏ သံစဉ်တွင် နားဝင် ပြောင်မြောက်စေပြီး အောင်မြင်မှုကို အပြည့်အဝ ရရှိခဲ့ဖူးသည်။

သေးငယ်သော ဖလက်ပြားကလေးများ ထပ်တိုး တပ်ဆင်လိုက်ခြင်းအားဖြင့် အများတကာ မအောင်မြင်မီ လေယာဉ်သည် ကောင်းကင်ယံတွင် ကောင်းစွာ ပျံသန်း နိုင်ခဲ့လေပြီ။

တစ်စုံတစ်ခု ထပ်တိုးမှု ပြုရသောအခါ ထိုအရာသည် အရေအတွက် များခြင်း အပေါ်မှာ မတည်ပေ။ အရည်အသွေး ကောင်းမွန်မှု ရှိခြင်း အပေါ်မှာသာ မူတည်လျက် အောင်မြင်မှုကို ရရှိစေနိုင်သည်။

တယ်လီဖုန်းကို နောက်မှတီထွင်သူ ပထမဦးစွာအောင်မြင်

စကားပြောတယ်လီဖုန်း ဖြစ်မြောက် အောင်မြင်ရန်အတွက် စတင်တီထွင်သူတွေ များစွာရှိခဲ့ပေသည်။

ထိုသူများကား

(က) ဂရေး၊
(ခ) အယ်ဒီဆင်၊
(ဂ) ဒိုလ်ဘီးယား၊
(ဃ) မက်ဂဒိုနော၊
(င) ဗန်ဒါဒေဝိန္ဒင့်
(စ) ဖိလစ်ရိုးစ်တို့ ဖြစ်သည်။

သူတို့သည် ဂရေဟမ်ဘဲလ်ထက် ရှေးဦးစွာ တိထွင်မှုပြုခဲ့ပါသည်ဟု ဆိုကြသည်။

ထိုသူတို့အနက် ဖီးလစ်ရိုးစ် တစ်ဦးတည်းသာ တယ်လီဖုန်း အသုံးပြု၍ ရခါနီးအထိ အောင်မြင်မှု ရှိခဲ့သည်။

သို့သော် အမေရိကန် တရားရုံးတော်၏ အဆုံးအဖြတ်မှာ ဂရေဟင်ဘဲလ်သည်သာ တယ်လီဖုန်းကို အသုံးပြု၍ ရအောင် ဦးစွာ ကြံဆောင်နိုင်ခဲ့သူဟူ၍ ဖြစ်သည်။

ရိုက်ညီနေသော ကဲ့သို့ပင် ဂရေဟမ်ဘဲလ်သည် တယ်လီဖုန်း ဖြစ်မြောက်အောင် လုပ်ဆောင်ရာ၌ တစ်စုံတစ်ခုကို ထပ်တိုး လိုက်ခြင်းဖြစ်သည်။

ဂရေဟမ်ဘဲလ်သည် တယ်လီဖုန်းကို လုပ်ဆောင်ရာ၌ တပ်ဆင်ရသည့် ဝက်အူရစ် ငယ်ငယ်တစ်ခုကို နောက်ထပ် တစ်ရစ် လှည့်ရန်၏ လေးပုံတစ်ပုံသာ ထပ်တိုးလှည့်လိုက်ရခြင်းဖြစ်သည်။

ဤသေးငယ်သော အရာကလေး ထပ်တိုး လှည့်ပေးလိုက်ခြင်းအားဖြင့် ကြီးမားသော ကွာခြားမှုသည် ဖြစ်ပေါ်ခဲ့ရ လေသည်။

ရိုးစ်သည် ဤသို့ပြုလုပ်ရန် လိုအပ်မှု ရှိသည် မရှိသည်ကို ဆက်လက် သုံးသပ်ဆင်ခြင်မှု မပြုဘဲ ရပ်တန့် ထားလိုက် လေရာ

အောင်မြင်မှုကို မရရှိနိုင်ဘဲ ဂရေဟမ်ဘဲလ်သည်သာ ဆက်လက် သုံးသပ် ဆင်ခြင် စဉ်းစားခြင်းများကို ပြုလျက်၊ ကြိုးစားခြင်း များအထိ ပြုလျက် ကြိုးစားအားထုတ်မြဲ ကြိုးစား အားထုတ် ခဲ့ရာ အောင်မြင်မှုကို ရရှိခဲ့လေလည်း။

ဝက်အူကလေး တစ်ခု၏ အရစ်ကို နည်းနည်းသာ ရွှေတိုး လှည့်ပေး လိုက်ခြင်း အားဖြင့် လျှပ်စစ် ခေတ်အားသည် ပြတ် မသွားစေဘဲ ဆက်လက်ကာ တောက်လျှောက် သွားနိုင်ပြီး အောင်မြင်သော တယ်လီဖုန်း စကားပြောခြင်းကို ဖြစ်စေလေ သည်။

သူ၏ဟိုက်ဆိတ်သောအကြီးစား
ဖက်စပ်ပါတနာက သူ့ အား စိတ်အား
ကြည့်လင် အောင်မြင် စေခြင်း

အာရှ်ဂျီလီတော့်နေ့သည် မြေကြီး သယ်ယူ ရွှေ့ပြောင်း စက် အကြီးစားများကို တည်ဆောက် ထုတ်လုပ်သူ ဖြစ်သည်။

သူသည် ထောင်ပေါင်း များစွာသော လူသား များအား စိတ်ခေတ် တက်ကြွရှင်မြူးလာစေလျက် မိမိတို့ကိုယ်မိမိတို့ ကိုယ် တိုင်စေ့ဆော်စိတ်ထားကြီးထွားလာစေရေးအတွက် ဟောပြော ညွှန်ကြားခဲ့သူ နာမည်ကြီး ပုဂ္ဂိုလ်ဖြစ်သည်။

သူ၏ ဟောပြောပွဲတိုင်းတွင် ကြည်ညိုလေးစားစွာ ဖော်ပြလေ့ရှိသော စကားလုံးမှာ "ကျွန်ုပ်၏ အကြီးစား ဖက်စပ်ပါတနာ"ဟူ၍ ဖြစ်သည်။

ထိုဖက်စပ်ပါတနာထံမှ သူသည် စိတ်အားတက်ကြွ ကြည်ရွှင်ခြင်းနှင့် အကူအညီပေးခြင်းများကို ရရှိခဲ့သည်ဟု ပြောပြသည်။

လီတော်နေ့သည် ကျောင်းစာကို အနည်းငယ်မျှသာ သင်ကြားခဲ့သည်။ သို့သော်လည်း အင်ဂျင်နီယာအလုပ်နှင့် ပတ်သက်ပြီး အံ့သြချီးမွမ်းလောက်သည့် စက်ယန္တရားများကို သူ တီထွင်ခဲ့သည်။

အမေရိကန်နိုင်ငံ နီဗာဒါရေကာတာကြီးကို တည်ဆောက်ရာ၌ သူသည် ကန်ထရိုက်တာကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသည်။

ထိုကန်ထရိုက်တာ လုပ်ငန်းကို သူ လုပ်ဆောင်ရာ၌ သူ မမျှော်လင့်သည့် အောက်ထပ်မြေလွှာမှာ ကျောက်ပြားပြင်ကြီး ဖောက်ထွင်းတည်ရှိနေသည့်အတွက် ထိုကျောက်သားပြင်ကို ဖောက်ထွင်းသည့် ကြီးမားသော အခက်အခဲကြောင့် သူသည် ငွေကြေးရင်းမြောက်အမြား ဆုံးပါးခဲ့ရသည်။

သို့ရာတွင် သူသည် ဆုံးရှုံးခံခဲ့ရမှုအပေါ်တွင် ပူပင်သောက စိတ်ထား ပွားများနေမည့်အစား သူသည် ဘုရားသခင်အား ရှိခိုးမှုကိုသာ ပြုလေတော့သည်။

သူ မည်သို့ ဘုရားသခင်အား ရှိခိုးပါသနည်း။
သူသည် ဘုရားသခင်အား ကြီးမားနက်ရှိုင်းသော ကျေးဇူးတင်စကားကို ပြောကြားသည်။

သူ့တွင် ဆုံးပါးမှုမရှိ ပကတိ ကျန်ရစ်ခဲ့သော အရာများအတွက် သူသည် ဘုရားသခင်အား ကျေးဇူးတင်ရှိခြင်းအကြောင်းအရာကို ဖော်ပြသည်။

ထိုအရာများမှာ သူ၏ ကျန်းမာ ခိုင်ခံ့သော ခန္ဓာကိုယ်၊ သန်မာသော လက်နှစ်ဖက်၊ ကြံစည်သုံးသပ် အဆုံးအဖြတ်ပေးနိုင်သော ဦးနှောက်၊ ထို့ပြင် တစ်စုံတစ်ခု ထပ်တိုးမှုကို လိုအပ်သလို ပြုနိုင်စွမ်းရှိသော ဉာဏ်ပညာများ ဖြစ်သည်။

လီတော်နေ့က ကျွန်ုပ်အား ဤသို့ပြောပြ၏။

"အကြီးမားဆုံးသော ဒုက္ခဆင်းရဲမှုများ ကျွန်ုပ် ခံစားရသောအခါတွင် ကျွန်ုပ်သည် ကျွန်ုပ်အတွက် အကြီးဆုံးသော ပိုင်ဆိုင်မှုကို တွေ့ရှိ သိမြင်မိသည်။

ထိုအရာမှာ တိတ်ဆိတ်သော အကြီးစား ဖက်စပ်ပါတနာ ။ "A silent senior partner" ဖြစ်သည်။ (ဆိုလိုသည်မှာ သူကိုးကွယ်သော ဂေါ့ဒ် ဘုရားသခင်ဖြစ်သည်။ မြန်မာပြန်သူ)

"ကျွန်ုပ်သည် ထိုတွေ့ရှိချက်ကို သိမြင်ရပြီးသည့်အချိန်မှစ၍ ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များနှင့် အခြားသော အလုပ်ကိစ္စများစွာတို့တွင် ထိုဖက်စပ်ပါတနာကို အသိအမှတ်ပြုကာ ကိုးကွယ်ဆည်းကပ်ခဲ့ပါသည်။

ကျွန်ုပ်မှာ ရှိသမျှအရာဝတ္ထုအားလုံး ကျွန်ုပ် ပြုလုပ်ခဲ့သမျှ အလုပ်ကိစ္စ အလုံးစုံနှင့် ကျွန်ုပ်အတွက် တန်ဖိုးထွက်သည့် အရာမှန်သမျှသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြစ်သည်ဟု ကျွန်ုပ် မှတ်ယူလိုက်သည်"

စာရေးဆရာကြီး နပိုလီယန်ဟီးလ်သည် လီတော်နေဒ်နှင့် တစ်ဆယ့်ရှစ်လကြာမျှ အတူတကွပူးတွဲနေထိုင်ခဲ့ရပြီး လီတော်နေဒ်အား အနီးကပ် လေ့လာခွင့်ကို ရရှိခဲ့သည်။ ထိုအချိန်အတောအတွင်းတွင် လီတော်နေဒ်သည် လူသိများသည့် စိတ်

အားတက်ကြွရှင်မြူးစေရေး ဘာသာရပ်တွင် အဟောအပြောကောင်း တစ်ဦး ဖြစ်ခဲ့သည်။

လီတော်ဖနော့သည် သူပိုင်လေယာဉ်ပျံဖြင့် အမေရိကန်နိုင်ငံတစ်ဝန်းလုံးသို့ လှည့်လည်လျက် သူ၏ ကိုယ်ပိုင်အချိန်အများစုကို လူထုပရိသတ်အား ဟောပြောခြင်းများတွင် အသုံးပြုခဲ့သည်။

သူ၏ ဟောပြောချက်များတွင် အမြဲပါဝင်သည့် စကားရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

"ဘုရားသခင်နှင့် ဖက်စပ်ပါတနာ ပြုလုပ်ရခြင်းမှာ လွန်စွာ အံ့သြဖွယ်ရာပင် ဖြစ်သည်"

တစ်ညသ၌ သူတို့နှစ်ဦးသည် လေယာဉ်ပျံဖြင့် ကာရိုလီးနားဟောပြောပွဲမှ အိမ်သို့ ပြန်လာခဲ့ကြရာ စိတ်ဝင်စားဖွယ်ရာတစ်ခုသည် ဖြစ်ပွားခဲ့၏။

သူတို့ စီးနင်းလိုက်ပါသည့်လေယာဉ်သည် ဝေဟင်သို့တက်မပြီးသောအခါ လီတော်ဖနော့သည် အနားယူသောအနေနှင့် အိပ်စက်နေလေတော့သည်။ မိနစ် ၃၀ ခန့်မျှ အချိန်ကြာသွားသောအခါ လီတော်ဖနော့သည် သူ၏အင်္ကျီအိတ်ထောင်အတွင်းမှ မှတ်စုစာအုပ် တစ်ခုကို ဆွဲထုတ်ပြီး စာကြောင်း အနည်း

ငယ်မျှ ရေးမှတ် နေသည်ကို နပိုလီယန်ဟီးလ်က မြင်တွေ့ရ၏။

သူတို့နေထိုင်ရာဒေသရှိ လေယာဉ်ကွင်းသို့ သူတို့လေယာဉ် သက်ဆင်းမိပြီးသောအခါ နပိုလီယန်ဟီးလ်က လီတော်နောအား သူ့မှတ်စုစာအုပ်အတွင်း စာရေးသွင်းခဲ့ခြင်းကို မှတ်မိပါရဲ့လားဟု မေး၏။

"အား....မမှတ်မိဘူး"

သူသည် ပြောပြောဆိုဆို သူ့ အိတ်ထောင်အတွင်းရှိ မှတ်စုစာအုပ်ကို ယူဖွင့်ကြည့်ပြီး ဤသို့ ပြောလေသည်။

"အဲဒီ စာကြောင်းတွေထဲမှာ ကျွန်တော် လိုချင်တဲ့ အဖြေ ပါတယ်။ သုံးလေးလလောက် ရှိပြီ၊ ဒီအဖြေကို ကျွန်တော် ကြံဆရှာဖွေနေတာ မတွေ့ခဲ့ဘူး။ မကြာမီကမှ ကျွန်တော် အနားယူပြီး မှိန်းနေစဉ် စိတ်ထဲမှာ အဖြေ ပေါ်လာတယ်။ ကျွန်တော် စက်ယန္တရားတစ်ခု တည်ဆောက်နေတာ အခက်အခဲတစ်ခုနှင့် တွေ့နေရလို့ ဘယ်လို ပြုလုပ်ရမလဲဆိုတာ စဉ်းစားကြံဆရင်း အဖြေ

မရလို့ အချိန်အတော်ကြာသွားခဲ့တယ်။ ဟော....အခု တော့ စိတ်ထဲမှာ အဖြေပေါ်လာပါပြီ''

သင့်ဦးနှောက် အတွင်းသို့ စိတ်ကူးစိတ်သန်း အကြံပေး ချက် = flash of inspiration ဝင်လာသော အခါမှာ ချက်ချင်း မှတ်စုစာအုပ်မှာ ရေးသွင်းလိုက်ပါလော့။

ထိုအချက်သည် သင် ရှာဖွေနေသော တစ်စုံတစ်ခု ထပ်တိုး ရန် အကြံပေးချက်လည်း ဖြစ်နိုင်ပေသည်။

PDF Creator - nyeyadhamma@gmail.com

ဘုရားသခင်နှင့်
အတွင်းစိတ်

ကျွန်ုပ်တို့မှာ ယုံကြည်ချက်တစ်ခု ရှိနေပါသည်။

ထိုအချက်မှာ

"ကျွန်ုပ်တို့နှင့် infinite intelligence = အနန္တဉာဏ် ပညာဆက်သွယ်မှုပြုရာ၌ကျွန်ုပ်တို့ အတွင်းစိတ် = subcons cious မှတစ်ဆင့်၂ရောက်ရှိလာရခြင်း ဖြစ်သည်" ဟူ၍ ဖြစ်သည်။

(အနန္တ ဥာဏ်ပညာဆိုသည်မှာ ဂေါ့ဘုရားသခင် ဖြစ်သည်ဟု ကျွန်တော် နားလည်ထားပါသည်။ မြန်မာပြန် ဆိုသူ)

ချက်ချင်းရေးမှတ်လိုက်ပါ

လျှပ်တစ်ပြက် စိတ်ကူးစိတ်သန်း အကြံပေးချက်များ တစ်ခါတစ်ရံမှာ သင်၏ ဦးနှောက် အတွင်းသို့ ဝင်ရောက် လာတတ်သည်။

ထိုအခါ နှောင့်နှေးမနေစေဘဲ ချက်ချင်းပင် သင်၏မှတ်စုစာအုပ်တွင် ပေါ်လာသော အချက်များ ရေးသား ထားလိုက်ပါလော့။

ဤသို့ ပြုလုပ်လေ့ရှိသော အကျင့်ကို မြဲနေအောင် ကျင့်ဆောင်ထားရန်မှာ လိုအပ်သည်ဟုလည်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ဤသို့ စိတ်ကူးစိတ်သန်း အသစ် ရောက်လာရခြင်းမှာ သင်၏ အတွင်းစိတ်မှ နေ၍ သင်၏ အသိစိတ်သို့ ပို့ပေးခြင်းပင်ဖြစ်သည်။

စက္ကူနှင့် ခဲတံ အရန်သင့်ထား

သဘာဝ တရားများ = the natural laws က စကြဝဠာကြီးအား မည်သို့မည်ပုံ ထိန်းချုပ်နေသည်ဆိုခြင်းနှင့် ပတ်သက်သည့် နက်နဲ ရှုပ်ထွေးမှုကြောင့် သိရန် ခက်ခဲသော အကြောင်းအရာများကို သီဝရီ = အတွေးအခေါ် နည်းအားဖြင့် ရှင်းလင်းတင်ပြနိုင်သူမှာ အဲလ်ဘတ်အိုင်းစတိုင်း ဖြစ်သည်။

သူသည် ဤသို့ ပြုလုပ်နိုင်ရေး အတွက် သူ အသုံးပြုသော အရာဝတ္ထု နှစ်ခုမှာ အလွယ်ကူဆုံး ဖြစ်သော်လည်း လူသားများ တီထွင်သမျှ ဝတ္ထုပစ္စည်းများတွင် အလွန်အရေးပါအရာရောက်မှု ရှိနေပါသည်။

ထိုအရာနှစ်ခုမှာ စက္ကူနှင့် ခဲတံ ဖြစ်သည်။

သူသည် သူ့ကိုယ်သူ မေးသော မေးခွန်းများနှင့် သူကိုယ်တိုင် ဖြေဆိုချက်များကို ရေးမှတ်လေ့ ရှိသည်။

သင်သည် သင်၏ စိတ်ထားမှာ ဉာဏ်ပညာ ပွားစေရန်အတွက် သင့်ကိုယ်သင် မေးမြန်းသည့် ပုစ္ဆာများ ထုတ်ခြင်းအကျင့်ကို ပြုလုပ်ရမည် ဖြစ်သည်။

သင်သည် ခဲတံနှင့်စက္ကူကို အရန်သင့် ထားလျက် သင့်ကိုယ်သင် မေးမြန်းသော ပုစ္ဆာများ၊ အတွေးအမြင်များနှင့် အဖြေများကို ရေးသားပါလျှင် သင်သည် စိတ်ကူးဉာဏ် ထက်သန်၍ လာနိုင်သည်။

အိန်စတိန်းနှင့် အခြား သိပ္ပံပညာရှင် များသည် သူတို့၏ အတွေး အခေါ်များကို အပြီးသတ် မှန်သည်ဟု ဆုံးဖြတ်နိုင်သည်အထိ အောင်မြင်မှု ရရှိခဲ့သည်မှာ သူတို့ခေတ် မတိုင်မီက ရှိခဲ့သော သင်္ချာနှင့် သိပ္ပံပညာရှင် များစွာတို့၏ မှတ်တမ်းမှတ်ရာ နည်းပညာများမှ သင်ယူခဲ့ရသည့် ပညာရပ်များ မပါရှိပါက ဖြစ်နိုင်ဖွယ်ရာ မရှိပါ။

အိန်းစတိန်းသည် သူကိုယ်တိုင် ကြံစည် စိတ်ကူးရန် အချိန်နှင့် လက်တွေ့ လုပ်ရှား လုပ်ဆောင်ရန် အချိန်ဟူ၍ သတ်မှတ်ထားခြင်း အကျင့်များကို မပြုလုပ်ခဲ့သော်၊ သူသည် သူ့စိတ်ထားကို သူကိုယ်တိုင် စေ့ဆော် စိတ်ထားများအဖြစ် ပွားများလာအောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်သည့် အတွက် သူသည် စကြဝဠာ၏ နိယာမ အကြောင်းခြင်းရာများ ရှာဖွေရန် ကြိုးစား အားထုတ်မှုကို ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။

ဤလိုပုဂ္ဂိုလ်များ

သင် တွေ့ဖူးပါသလား

တွေးခေါ်ပညာရှင်ကြီးများ သို့မဟုတ် အောင်မြင်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများသည် သူတို့စိတ်မှာ ထင်ပေါ်လာသည့် အတွေး အခေါ် စိတ်ကူး စိတ်သန်း များကို မှတ်စုစာအုပ်မှာ ရေးထား မှတ်သားမှု မပြုဘဲနှင့် သူတို့မှာ ပညာရှင်ကြီးများ၊ သို့မဟုတ် အောင်မြင်မှုများ ရခဲ့ပါသည်ဟု ဆိုခဲ့သော် ထိုသူများအား သင် သိရှိ တွေ့မြင်ဖူးပါသလား။

တီထွင်ဖန်တီးနိုင်စွမ်း သတ္တိ

ကျွန်ုပ်တို့သည် တီထွင် ဖန်တီး နိုင်စွမ်း ရှိသည့် တွေးခေါ် ပညာရှင်ကြီးများ ထံမှ နည်းပညာများကို သင်ကြား ရယူနိုင် ပါသည်။

"တီထွင် ဖန်တီး နိုင်ခြင်း တန်ခိုးနှင့် စိတ်ကူးထင်မြင်မှုကို လက်တွေ့ အသုံးချခြင်း" အမည်ရှိ စာအုပ်ကို အော့စ်ဘွန်းက ရေးသား ထုတ်ဝေခဲ့သည်။

အော့စ်ဘွန်းသည် ထင်ရှားသော ကြော်ငြာဌာနကြီး တစ်ခု၏ ဦးစီးပုဂ္ဂိုလ် ဖြစ်သည်။ သူ့စာအုပ်ကိုဖတ်ရှုရသူ ရာပေါင်း ထောင်ပေါင်း များစွာသော ပုဂ္ဂိုလ်တို့သည် တီထွင် ဖန်တီး နိုင်သော တွေးခေါ် စဉ်းစား ကြံဆမှုကို ပြုလုပ် နိုင်ကြ လေသည်။

ဤသို့ ပြုလုပ်နိုင်သည်နှင့်အမျှ အခြားရရှိသော တန်ဖိုးကြီး မားသည့် ဖြစ်ရပ်တစ်ခုမှာ ထို သူတို့သည် သူတို့ကိုယ် သူတို့ စေ့ဆော်စိတ်ထား ကောင်းမွန်စွာ ကြီးထွားလာစေကာ သူတို့ စိတ်နေ စိတ်ထားကို အပြုစိတ် သို့မဟုတ် တည်ဆောက်သော စိတ်များ အဖြစ်သို့ ရောက်ရှိစေသည်။

အော့စ်ဘွန်းသည် အခြားသော တွေးခေါ် ပညာရှင်များ ကဲ့သို့ပင် “သူ့ အလုပ်ခွင်သုံး တန်ဆာပလာများ” အဖြစ် မှတ်စု စာရေးပက်နှင့် ခဲတံကို သုံးစွဲသူ ဖြစ်သည်။

သူ့ စိတ်တွင်းသို့ အတွေးအခေါ်ကောင်းများ ဝင်လာလျှင် လာချင်း သူသည် စာရေးပက်မှာ ရေးမှတ်လေတော့သည်။

သူသည် အခြားသော အောင်မြင် ထင်ရှားသည့် ပုဂ္ဂိုလ် ကြီးများကဲ့သို့ပင် ကြံစည်စိတ်ကူးခြင်း အချိန်နှင့် အစီအစဉ်များ

ရေးဆွဲ ပြုလုပ်ခြင်း အချိန် အပြင် လေ့လာ သင်ကြားသော အချိန်များလည်း ထားရှိလုပ်ဆောင်သည်။

အောစ်ဘွန်းသည် ပေါ်လွင် ထင်ရှားသည့် အမှန်တရား ပါသော ထုတ်ဖော်ချက် တစ်ခုကို ဤသို့ ပြောပြခဲ့၏။

"လူ တစ်ဦးစီတို့တွင် ဖန်တီးနိုင်စွမ်း သတ္တိ အချို့ ရှိနေပါသည်၊ သို့ရာတွင် သူတို့ အားလုံး လောက်ပင် မိမိတို့၏ အစွမ်းသတ္တိ အရည်အချင်း အားလုံးအသုံး ပြုရန်တွင် တတ်သိခြင်း မရှိကြချေ"

အောစ်ဘွန်း၏ "ဦးနှောက်သတ္တိလှုပ်ရှား နည်းလမ်းများ" အခန်းကို သူရေးသည့် "စိတ်ကူး တွေးထင်ခြင်း" စာအုပ်တွင် ကျွန်ုပ်တို့ ဖတ်ရှုရသည်။

ထိုစာအုပ်မှာ ကျောင်းသုံး စာအုပ်ဖြစ်ပြီး အလွယ်တကူပင် ဖတ်ရှု နားလည်နိုင်သည်။

ထိုစာအုပ်ကို အမေရိကန် ကောလိပ် ကျောင်းများမှာ သင်ကြားရန် ပြဋ္ဌာန်းထားသည်။

ထို စာအုပ်ကို အလုပ်ရုံများ၊ ကုမ္ပဏီရုံများ၊ ခရစ်ယာန် ဘုရားရှိခိုး ကျောင်းများ၊ ကလပ်များနှင့် နေအိမ်များတွင် ထားရှိဖတ်ရှု သုံးစွဲ နေကြပေ သေးသည်။

"ဦးနှောက် သတ္တိ လှုပ်ရှားနည်းလမ်းများကို" အောစ်ဘွန်း က တီထွင်ပြုလုပ်ခဲ့ရာ ပြုလုပ်နည်းမှာ အလွန်လွယ်ကူမှု ရှိပါသည်။

လူနှစ်ဦး သို့မဟုတ် ထို့ထက်များများ စုဝေး နေထိုင်ကြပြီးလျှင် တစ်စုံတစ်ခု သတ်မှတ် ဖော်ပြထားသည့် ပြဿနာရပ်ကို ပြေလည်အောင် ဖြေရှင်းနိုင်ရန် အတွက် စုပေါင်းပြီး ကြံစည်တွေးထင် ဆင်ခြင်သုံးသပ်ကာ အဖြေ ရှာကြရန် ဖြစ်သည်။

ထိုသို့ တိတ်ဆိတ်စွာ ထိုင်လျက် အဖြေ ကိုယ်စီ ရအောင် ကြံကြရာတွင် မိမိတို့အတွင်းစိတ်မှ ပေးပို့သည့် အဖြေများ မိမိတို့ အသိစိတ်သို့ ရောက်လျှင် ရောက်ချင်း အသင့် ရှိနေသော စာရေးပက်နှင့် ခဲတံကို အသုံးပြုကာ ရေးမှတ်ရန်သာ လိုသည်။

ဤသို့ ရေးမှတ်ခြင်း အပေါ်တွင် အပြစ် ဖော်ပြရန်ကို ခွင့်မပြုဘဲ အတွေး အခေါ်များ အားလုံးကို ရရှိနိုင်သမျှ အထိ အချိန် ပေးရမည် ဖြစ်သည်။

ထို့နောက် ရရှိနိုင်သမျှသော အဖြေများကို စုပေါင်းလျက် အချက် အလက် များကို ဆန်းစစ်ရွေးယူရမည် ဖြစ်သည်။

ထို့နောက်ကျောင်မှ ရရှိသည့် လက်တွေ့လုပ်နိုင်ခြင်းနှင့် အဖြေ၏ တန်ဖိုးကို ကြည့်ရှုကာ အဆုံးအဖြတ် ပေးရမည်ဖြစ်သည်။

ဖီလာဒဲလ်ဖီးယားမြို့ရှိ တက္ကသိုလ်နှင့် ကောလိပ် များတွင်လည်းကောင်း၊ အခြားအခြားသော ပာက္ကသိုလ် များတွင်လည်းကောင်း တီထွင်ဖန်တီးနိုင်စွမ်းသတ္တိ ပေါ်ထွက်စေသည့် သင်တန်းများကို ဖွင့်လှစ် သင်ကြား ပေးကြသည်။

အရောင်းအဝယ်နှင့် စက်မှုလုပ်ငန်း များစွာတို့နှင့် ပတ်သက်စပ်ဆိုင်သည့် တီထွင် ဖန်တီး နိုင်စွမ်း သတ္တိ ပေါ်ထွက်ရေးအတွက် တွေးခေါ်ရှင် များစွာတို့၏ နည်းပညာရပ် များကို သုံးစွဲကာ သင်ကြားပေးခြင်း ဖြစ်သည်။

ဤကဲ့သို တွေးခေါ် ထင်မြင်မှုကို ပြုလုပ်ခြင်း အားဖြင့် ဒေါက်တာ အယ်လ်မာဂိတ်သည် ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာကို ပို၍နေချင့်စဖွယ်ဖြစ်အောင် ကြံဆောင် ပေးနိုင်ခဲ့သည်။

ဒေါက်တာဂိတ်သည် ကြီးမြင့်သော အမေရိကန် ကျောင်းဆရာ၊ ဖီလိုဆိုဖာ တွေးခေါ် မြော်မြင်ရေး ပညာရှင်၊ စိတ်ပညာရှင်၊ သိပ္ပံပညာရှင်နှင့် တီထွင်ရေးပုဂ္ဂိုလ် ဖြစ်သည်။

သူ့တစ်သက်တာ တစ်လျှောက်လုံးတွင် ဒေါက်တာ ဂိတ်သည် အမျိုးအမည်အားဖြင့် ရာပေါင်း များစွာသော ဝတ္ထု

ပစ္စည်း တီထွင်မှုများနှင့် နည်းပညာအသစ် တွေ့ရှိချက် များကို အနုပညာလောကနှင့် သိပ္ပံပညာ လောကအတွက် ပေါ်ထွက် အောင် ဆောင်ရွက်ပေး နိုင်ခဲ့သည်။

နည်းပညာရရှိရေး ထိုင်လျက် စဉ်းစားပေး

ဒေါက်တာ ဂိတ်၏ ကိုယ်ပိုင်ဘဝကို ကြည့်ရှု ထောက်ချင့်ခြင်းအားဖြင့် ဦးနှောက်နှင့် ခန္ဓာကိုယ် တည်ဆောက် နည်းများအရ ခန္ဓာကိုယ်ကို ကျန်းမာ သန်စွမ်း စေလျက် စိတ်ဓာတ်၏ အရည်အချင်း အစွမ်းသတ္တိများကိုလည်း မြင့်မား တိုးတက်စေသည် ဆိုခြင်းကို သက်သေ ပြနေသကဲ့သို့ ကျွန်ုပ်တို့ တွေ့မြင်ရသည်။

ဒေါက်တာဂိတ်နှင့် နပိုလီယန်ဟီးလ် တွေ့ဆုံခြင်း

သံမဏိဘုရင်အမည်ရ အင်ဒရူး ကာနယ်ဂျီ၏ မိတ်ဆက်စာကို ကိုင်စွဲလျက် စာရေးဆရာကြီး နပိုလီယန်ဟီးလ်သည် တစ်နေ့

သောအခါက ဒေါက်တာဂိတ်ထံသို့ သွားရောက်မိတ်ဆက်သည်။

နပိုလီယန်ဟီးလ်သည် ဒေါက်တာဂိတ် ရှိနေသော ချီဗီချေ့စ် ခေတ်ခွဲခန်းသို့ ရောက်သွားသော အခါ သူ့မှာ ပါလာသည့် မိတ်ဆက်စာကို ဒေါက်တာဂိတ်၏ အတွင်းရေးမှူးဖြစ်သူ အမျိုးသမီးကို ပေးအပ်လိုက်၏။

ထိုအခါ သူမက ဤသို့ ပြော၏။

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်....ဘာဖြစ်လို့လဲ ဆိုတော့ ဒီအချိန်မှာ ဒေါက်တာဂိတ်ကို အနှောင့်အယှက် ပေးဖို့ ကျွန်မကို ခွင့်ပြုမထားလို့ပါ"

"ကျွန်ုပ် သူ့ကို တွေ့ဖို့အချိန် ဘယ်လောက်ကြာအောင် စောင့်ရပါ့မလဲ"

နပိုလီယန်ဟီးလ်က မေး၏။

"ကျွန်မ အတိ အကျတော့ ပြောမရ ပါဘူးရှင်၊ သို့သော်လဲ ခန့်မှန်းခြေ အားဖြင့် ပြောရလျှင်တော့ သုံးနာရီလောက် အချိန် ကြာတတ်ပါတယ်"

"ကျွန်ုပ်ရဲ့အမေးအတွက်စိတ်မျှားရှိလေမလား၊ ဘာဖြစ်လို့ သူ့ကို အနှောင့် အယှက် ပေးနိုင် ရတာလဲ"

အမျိုးသမီးသည် အဖြေပေးရန် တုံ့ဆိုင်း သွားသေး၏။ အတန်ကြာမှ ဤသို့ပြောသည်။

"အတွေးအခေါ် စိတ်ကူးဥာဏ်ရဖို့ သူ ထိုင်နေလို့ပါ"

"He is sitting for idea"

နပိုလီယန်ဟီးလ်သည် အမျိုးသမီး၏ စကားကို ကောင်းစွာ နားမလည်ပေ။ ထို့ကြောင့် သူက ပြုံးပြီး ဤသို့မေး၏။

"ဘာကိုဆိုလိုတာလဲ၊ အတွေးအခေါ်စိတ်ကူးဥာဏ် ရဖို့ ထိုင်နေတယ်ဆိုတာ"

အမျိုးသမီး ထံမှလည်း အပြုံးပြန်လာပြီး ဤသို့ ဆို၏။

"အဲဒီစကား၏ အဓိပ္ပာယ်ကိုတော့ ဒေါက်တာ ဂိတ် ကိုယ်တိုင် ရှင်းပြလျှင် ပိုကောင်းပါလိမ့်မယ်၊ သူထိုင်နေ မှာ ဘယ်လောက်ကြာမယ် ဆိုတာကိုတော့ ကျွန်မလဲ အမှန် ပြောမပြ တတ်ပါဘူး၊-သို့သော်လဲ လူကြီးမင်း စောင့်ဆိုင်းမယ် ဆိုလျှင်တော့ ကျွန်မ ကြိုဆိုပါတယ်။ တဆယ်လို့ နောက်တစ်ဖန် ပြန်လာမယ် ဆိုလျှင်တော့ ဒေါက်တာ ဂိတ်နှင့် တွေ့ဆုံနိုင်မည့် အချိန်ကို ကျွန်မ ပေးပါမယ်"

မစ္စတာ ဟီးလ်သည် စောင့်ဆိုင်းရန် ဆုံးဖြတ် လိုက်သည်။ သူ၏ ဆုံးဖြတ်မှုသည် တန်ဖိုး ရှိပေသည်။ ဒေါက်တာဂိတ်နှင့် သူ တွေ့ဆုံကာ စကားပြောရခြင်းမှ ရသော နည်းပညာရပ်များမှာ သူ့အား စောင့်စား နေရ သည်နှင့် နှိုင်း စာ လျှင် တန်ဖိုးများစွာ ရှိနေပါသည်။

နောက်ဆုံးတွင် ဒေါက်တာ ဂိတ်သည် နပိုလီယန်ဟီးလ်ရှိနေသော ညှိခန်း အတွင်းသို့ ဝင်လာသောအခါ သူ၏ အတွင်းရေးမှူး အမျိုးသမီးက ကျွန်ုပ်တို့အား မိတ်ဆက် ပေးသည်။ ထိုအခါ ရယ်ရယ်မောမောနှင့် သူ့ ပြောသားသည့် စကားကို ဒေါက်တာဂိတ်အား ပြောပြ၏။

ဒေါက်တာဂိတ်သည် အင်ဒရူး ကာနက်ဂျီထံမှ မိတ်ဆက်စာ ကို ဖတ်ပြီးနောက် နှစ်သက်စွာစကားဆို၏။

"အတွေးအခေါ်စိတ်ကူးဉာဏ်ရဖို့ ကျွန်ုပ်ထိုင်နေတဲ့ နေရာမှာ ကျွန်ုပ် ဘယ်လိုလုပ်သလဲဆိုတာ လိုက်ကြည့်ဖို့ စိတ်ပါဝင်စားမှုများ ရှိမလား"

သူသည် ကျွန်ုပ်တို့အား အခန်းငယ်ငယ် တစ်ခုဆီသို့ ခေါ် ဆောင်သွား၏။

ထိုအခန်းမှာ အသုံးလုံသော အခန်းဖြစ်သည်။ ထိုအခန်းတွင်းရှိ အိမ်ထောင်မှု ပရိဘောဂများမှာ စားပွဲ ရိုးရိုး တစ်လုံးနှင့် ကုလားထိုင် တစ်လုံးသာဖြစ်သည်။

စားပွဲပေါ်တွင် စာရေး စက္ကူ ပက်များနှင့် ခဲတံအချို့ ရှိသည်။ ထို့အပြင် မီးခလုတ် အပိတ်အဖွင့်များလည်းစားပွဲမှာ ပါရှိသည်။

ဒေါက်တာဂိတ်သည် ကျွန်ုပ်တို့အား ဤသို့ ရှင်းလင်း ပြောပြ၏။ ပြဿနာ တစ်ခုအတွက် အဖြေမထွက်နိုင် ရှိနေသောအခါ သူသည် ထို အခန်း တွင်းသို့ ဝင်၍ တံခါး ပိတ်လိုက်ပြီးလျှင် စားပွဲမှာ ထိုင်သည်။

သူ လက်လှမ်းမီရာမှာ ရှိသော မီးခလုတ်များကိုလည်း ပိတ်လိုက်သည်။

ပြီးလျှင် သူ၏စိတ်ကို နက်ရှိုင်းအောင် စုံရုံး စူးစိုက်မှု ပြုကာ သူ၏ တစ်စုံတစ်ခုသော ပြဿနာကို ဖော်ပြလျက် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် အဖြေပေးပါဟု သူ၏ အတွင်းစိတ်ကို တောင်းဆိုသည်။

ပြဿနာ ဆိုသည်မှာ မည်သည့် အမျိုးအစားကို မဆို သူ မဖြေရှင်း နိုင်သော ကိစ္စရပ်ကို ဆိုလိုခြင်း ဖြစ်သည်။

ဤသို့ ပြုလုပ်ခြင်းမှာ အောင်မြင်စေသောအကြောင်းတရားများ လက်တွေ့ အသုံးချခြင်းဖြစ်သည့် မိမိစိတ်ကို မိမိထိန်းသိမ်းကွပ်ကဲခြင်းဖြစ်သည်။

ဤသို့ ပြုလုပ်ရာတွင် တစ်ခါတစ်ရံတွင် သူ လိုအပ်နေသောအဖြေမှာ သူ၏အတွင်းစိတ်မှ ဖြတ်သန်းလာရန်မှာ အတန်ကြာသည်အထိ ရှိနေတတ်သည်။

သို့သော် အခြားသော အချိန်များမှာမူ လိုအပ်သောအဖြေသည် ချက်ချင်းပင် သူ၏ အသိစိတ်သို့ အတွင်းစိတ်မှ တစ်ဆင့်ပေါ်ပေါက် ရောက်ရှိလာတတ်လေသည်။

အချို့သော အခါမျိုးတွင်မူ အဖြေ ပေါ်မလာ သဖြင့်နှစ်နာရီခန့်မျှ ကြာသည်အထိ စောင့်ဆိုင်းကာ နေရသည်လည်းရှိလေသည်။

ရှင်းလင်းသောအဖြေပေါ်လာသည်နှင့်တစ်ပြိုင်နက်သူသည်အလင်းရောင် ပေါ်ထွက်စေရန် မီးခလုတ်ကို ဖွင့်ပြီး စာရေးပက်ကို ဆွဲယူကာ ရေးမှတ်စရာများကို စတင်၍ ရေးလေတော့သည်။

ဤသို့သော နည်းအားဖြင့် ဒေါက်တာ ဂိတ်သည် ဝတ္ထုပစ္စည်း အမျိုး အမည်ပေါင်း နှစ်ရာကျော်မျှကို ပေးတင့်ရုံးတွင်

မှတ်ပုံတင်လျက် တီထွင်ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။

အခြားသော တီထွင်သူများမှာမူ စတင်တီထွင်ရန် လုပ်ဆောင်ပါလျက်နှင့် အခက်အခဲတွေ့ကာ မအောင်မြင်ကြသည်လည်း ရှိသည်။

မစ္စတာဂီတ်သည် တစ်စုံတစ်ခု ထပ်တိုးမှု ပြုလုပ်နိုင်ခြင်းအားဖြင့် သူ တီထွင်သမျှသော ဝတ္ထုပစ္စည်းများကို ပြီးမြောက်သည်အထိ အောင်မြင်မှု ရရှိနိုင်ခြင်း ဖြစ်လေသည်။

သူ၏ လုပ်ကိုင်နည်းမှာ ဤသို့ဖြစ်၏။

သူသည် ရှေးဦးစွာ ပေးတင့်ရုံးသို့ မှတ်ပုံတင်ရန် လျှောက်လွှာနှင့် ပုံဆွဲထားခြင်းများကို ရှေးဦးစွာ စစ်ဆေး ကြည့်ရှုသည်။

ဤသို့ စစ်ဆေးကြည့်ရှုခြင်းအားဖြင့် ဖြစ်မြောက်ရေးအတွက် အားပျော့ချက်နှင့် ထိုနေရာမှာ တစ်စုံတစ်ခု ထပ်တိုးရန် လိုအပ်ချက်ကို သိမြင်နိုင်သည်။

သူသည် ပေးတင့်ရှဲ့ယိုးသို့ တင်သွင်းမည့် လျှောက်လွှာနှင့် ပုံဆွဲထားခြင်းများကို သူ၏ အခန်းငယ်အတွင်းသို့ ယူဆောင်လာပြီးလျှင် တစ်စုံတစ်ခု ထပ်တိုးဖြည့်စွက်ရန်အတွက် အတွေးအခေါ်စိတ်ကူးဉာဏ်များရရှိရန် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်လျက် သူ့အတွင်းစိတ်အား အဖြေပေးရန် ပြောကြားခြင်း အလုပ်ကို လုပ်လေသည်။

သူသည် ငြိမ်သက်စွာထိုင်လျက် စူးစူးစိုက်စိုက် ကြံဆခြင်းအားဖြင့် သတ်မှတ်ထားသည့် ပြဿနာအတွက် အဖြေကို သူ၏ အတွင်းစိတ်မှ သူ၏အသိစိတ်သို့ ပေးပို့ခြင်းများ ရရှိလေသည်။

နပိုလီယန်ဟီးလ်က ဒေါက်တာဂိတ်အား အတွေးအခေါ် ဉာဏ်ပညာရရှိရန် ထိုင်လျက် စဉ်းစားကြံဆခြင်းမှ အဖြေများကို မည်သို့မည်ပုံရနိုင်သည့်အကြောင်း ရှင်းပြပါရန် ပြောကြားသောအခါ သူက အောက်ပါအတိုင်း အဖြေရနိုင်သည့်နေရာဌာနများကို ပြောပြသည်။

> ၁။ မိမိ အတွင်းစိတ်တွင် သိုလှောင်ရှိနေပြီး ဉာဏ်ပညာများနှင့် မိမိတို့ တစ်ဦးစီ တစ်ဦးစီ တို့၏ အတွေ့အကြုံများ ရှုမြင် ဆင်ခြင်ထားမှုများမှ ရယူခြင်း။

၂။ အထက်ဖော်ပြပါ နည်းလမ်းများအရ အခြားသော ပုဂ္ဂိုလ်များ ရရှိထားသည့် နည်းပညာရပ်များကို တယ်လီပသီ = telepathy နည်းများအားဖြင့် မိမိကိုယ်တိုင် ထိုပုဂ္ဂိုလ်များထံမှ တစ်ဆင့် ရယူခြင်း။

၃။ အနန္တဉာဏ်ပညာဟု အသိအမှတ်ပြုရသည့် ကြီးမားသော စကြဝဠာ၏ အသိဉာဏ်ပညာများ သိုလှောင်ထားသည့် အဆောက်အအုံကြီး = the great universal store-house of infinte intelligence မှလည်း နည်းပညာပေါင်းစုံကို အကုန် ရရှိနိုင်သည်။

(အဆောက်အအုံကြီး ဆိုသည်မှာ တင်စား၍ ခေါ်ဆိုထားခြင်း ဖြစ်ရာ မည်မျှအထိ ကြီးကျယ်၍ မည်မျှအထိ နက်ရှိုင်းမှုရှိသည် ဆိုခြင်းမှာ ခန့်မှန်း၍ မရပေ။ မြန်မာပြန်သူ။)

အဆိုပါ စကြဝဠာ အဆောက်အအုံကြီးတွင် အလုံးစုံသောဉာဏ်ပညာ၊ အလုံးစုံသော အမှန်တရားများကို စုစည်းသိုလှောင်ထားရှိပြီး ဖြစ်သည်။

ထိုအလုံးစုံသော ဉာဏ်ပညာနှင့် အလုံးစုံသောအမှန်တရား များကို မိမိတို့၏ အတွင်းစိတ်မှ နေ၍ ဆက်သွယ်နိုင်သော လမ်းကြောင်းဖြင့် မိမိတို့ အလိုရှိရာ၊ မိမိတို့ သက်ဆိုင်ရာ ဉာဏ် ပညာ အမျိုးမျိုး အစားစားနှင့် အမှန်တရား အချက်အလက် များကို ရယူနိုင်သည်။

ဒေါက်တာ ဂိတ်က သူ၏ အတွေ့အကြုံကို အောက်ပါ အတိုင်း နပိုလီယန်ဟီးလ် အား ပြောပြသေးသည်။

အတွေးအခေါ် ဉာဏ်ပညာများ ရယူရန်အတွက် ကျွန်ုပ်ထိုင်လျက် ဆင်ခြင်စဉ်းစားသောအခါ ကျွန်ုပ် လိုချင်သော အသိ ဉာဏ်ပညာကို အထက်၌ ဖော်ပြ ထားသည့် ဌာနသုံးခုစလုံးမှ ပြိုင်တူဖြစ်စေ၊ သို့မဟုတ် တစ်ဌာနစီဖြစ်စေ ရယူပါသည်။

"ဉာဏ်ပညာများကို ကျွန်ုပ် ပြောပြပြီး သုံးဌာန အပြင် အခြားသော ဌာနများမှလည်း ရယူနိုင်သေး သည်ဟု တစ်စုံတစ်ဦးသောသူက ပြောခဲ့ပါလျှင် ထို ဌာနကိုတော့ ကျွန်တော် မသိပါ"

တစ်စုံတစ်ခု ထပ်တိုးရန် = something more ကို ရှာ ဖွေ ရယူရန်အတွက် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်လျက် စူးစူးစိုက်စိုက် ကြံစည်စဉ်းစားကာ ဆင်ခြင်သုံးသပ်ခြင်း အမှုကို ပြုရန်အတွက် ဒေါက်တာဂိတ်သည် အချိန်အပိုင်းအခြားကို လိုအပ်သည်အထိ ရယူ သည်။

ဤသို့ဆင်ခြင်စဉ်းစားရာ၌ ပထမအစကပင်သူသည်မည်သည့် ပြဿနာအတွက် တိကျသော မည်သည့် အဖြေကို သူလိုချင်သည် ဆိုခြင်း များကို သိရှိ ထားသည်။

ဤသို့ လုပ်ဆောင်ရာ၌ သူသည် အပြုံစိတ်နေစိတ်ထားနှင့် ကြိုးစား လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ရှေ့မှာ လာမည့်အခန်း ၄ တွင် သိမြင်ရန်မည် သို့မည်ပုံသင် ကြားနားလည်နိုင်သည်ဆိုသော အကြောင်းအရာများကို ကျွန်ုပ် တို့ ဆွေးနွေးကြရမည် ဖြစ်သည်။ ထိုအခါ သင်ရှာဖွေနေသော "တစ်စုံတစ်ခု ထပ်တိုးပေးရန်"ကိစ္စကို အလွယ်တကူနှင့် သိမြင် င်ပေ လိမ့် မည်။

(မှတ်ချက်။ ။အခန်း၇ကို ဆက်လက် ထုတ်ဝေမည့်
ဤစာအုပ်၏ အပိုင်း၂မှာဖတ်ရှုကြရပါ
မည်။ ။ မြန်မာပြန်ဆိုသူ)

သင်၏ ရှာဖွေမှုတွင် သင်သည် အကြောင်း အားလျော်စွာ မအောင်မြင်သူ ဖြစ်နိုင်သည်။ သို့ရာတွင် ဤသို့ ဖြစ်သဖြင့် သင် စိတ်မပျက်သင့်။

ယင်းသို့ အောင်မြင်မှု မရရှိခြင်းသည်ပင် သင်သည် တစ်စုံတစ်ခုကို သင်တွေ့မြင်သိရှိနိုင်လျက် သင်ရှာဖွေနေသော အရာထက် ပင် ပိုမို ကြီး မား တန်ဖိုး ထား ရ မည့် တစ်စုံတစ်ခုကို သင် ရရှိနိုင်သော အကြောင်းတရားများ ရှိနေပေသေးသည်။

သင့်ကိုယ် သင် ဤမေးခွန်း မေးပါ။

"အဘယ့်ကြောင့် နည်း"

သတိထား၍ သ်မြင်နားလည်ရန် ကြိုးစားပါ။ စိတ်ကူး ကြံစည်မှု ပြုလုပ်ပါ။ ကိုယ်ထိ လက်ရောက် လုပ်ဆောင်ပါ။

ထိုအခါ သင်လိုချင်သောအရာကို တွေ့ရန် သင်ရှာဖွေရာ၌ အကူယ်၍မအောင်မြင်သော်လည်းငင်းအစားအခြားအရာဝတ္ထု များကို သင်တွေ့မြင် ရယူနိုင်စရာရှိပါသည်။

သင့် အိမ်မှာ ရှိသင့်သော

စာအုပ် သုံး မျိုး

အထွေထွေဗဟုသုတနှင့် အသိဥာဏ်ပညာများ ပွားများနိုင်ရန်အပြင် ဆင်ခြင်တုံတရား ရရှိရေးအတွက်သင့်အိမ်မှာရှိနေသင့်သည်ဟုကျွန်ုပ်တို့ယုံကြည်သော စာအုပ်သုံးမျိုးကို ဖော်ပြ ရပေမည်။

(၁) သမ္မာ ကျမ်းစာ၊
(၂) ကောင်းမွန် ပြည့်စုံသော အဘိဓာန်၊
(၃) ကောင်းမွန် ပြည့်စုံသော စွယ်စုံကျမ်းခေါ် ဗဟုသုတ ပကာသနီ

ထိုစာအုပ်သုံးမျိုးကို သင်ဖတ်ရှုလေ့လာခြင်းသည် သင်ရှာဖွေနေသော "တစ်စုံတစ်ခု ထပ်တိုးရန်" ဆိုသည် မှာ ဘာ ဟူ၍ ဖော်ပြ ပေးနိုင် ပေလိမ့်မည်။

ခရစ်စတိုဖာ ကိုလမ်ဘတ်စ် ကဲ့သို့ မအောင်မြင်သူ ဖြစ်ရမှာ သင် ရှက်ရန် မလိုပါ

သင်၏စွယ်စုံကျမ်းတွင် စိတ်လှုပ်ရှားမှု စွဲသမ်းစရာ ကောင်းသည့် ခရစ်စကိုဖာကိုလမ်ဘတ်စ် ဖြစ်ရပ်မှန် ဇာတ်လမ်းကို ဖတ်ရှုနိုင်သည်။

သူသည် နက္ခတ္တဗေဒ၊ ဂျော်မက်ထရီ ခေါ် အဘိုင်းအတာ ပညာနှင့် လောကဓာတ်ကြီး ဖြစ်ပေါ်တည်ရှိမှု ပညာ များကို ပါဗီယာတက္ကသိုလ်တွင် လေ့လာ သင်ယူခဲ့သည်။

ထို့အပြင် သူသည် ကမ္ဘာလှည့်ခဲ့သူ မာကိုပိုလို အကြောင်း စာအုပ် ကိုလည်း ဖတ်ရှုလေ့လာ ခဲ့သည်။

ထို့နောက် သူသည် ပထဝီပညာရှင်များ၏ အတွေးအခေါ်၊ ပင်လယ် ခရီးသွားလာခြင်း၏ သတင်း များနှင့် ရှေးဟောင်း လုပ်ရိုး လုပ်စဉ် များ ကို လည်း လေ့ လာ ဖတ်ရှု ဗဟုသုတ ရယူ မှုကို လုပ်ဆောင် ခဲ့သေး သည်။

ထိုစာပေများ ဖတ်ရှုဆင်ခြင်ခြင်း အားဖြင့် သူ၏ စိတ်ကူး အိပ်မက် ထင်မြင်တွေးဆမှုများ ရုပ်လုံးဖော် ရန် အတွက် ပိုမို၍ စိတ်အား တက်ကြွ လာစေလေသည်။

ကိုလမ်ဘတ်စ်သည် သူ့အတွက် သူနှင့်ပတ်သက်သော သိစရာ မှတ်စရာများကို ဖတ်ရှုလေ့လာ ဆင်ခြင် ခဲ့သည်။ ဤသို့သော အားဖြင့် တစ်ထစ်ပြီး တစ်ထစ် အစိတ်စိတ် ဆင်ခြင်သော အခါ သူ့ အသိဉာဏ် တွင် ခိုင်မြဲသော ယုံကြည်မှု တစ်ခု ဖြစ်ပေါ်၍ လာသည်။

ထိုယုံကြည်မှုမှာ ကမ္ဘာမြေကြီးသည် လုံးဝန်းသည် ဟူ၍ ဖြစ် သ တည်း။

ဤသို့ ဆုံးဖြတ်မိသောအခါ သူသည် စပိန် နိုင်ငံမှ နေ၍ အနောက်ဘက်သို့ သင်္ဘော ရွက်လွှင့်၍ ထွက်ခွာလျှင် အာရှ တိုက်ကြီးကို ရောက်နိုင်သည်။

အဘယ့်ကြောင့်ဆိုသော် မာကိုပိုလိုသည် အရှေ့ ဘက် သို့ ခရီး ထွက်ခြင်း အားဖြင့် အနောက် ဘက်သို့ ပြန်လည် ရောက် ရသကဲ့သို့ပင် ဖြစ်သည် ဟူ၍ သူ၏အစိတ်စိတ်ခွဲကာ ဆင်ခြင် သုံးသပ်သည့် ကြောင်းကျိုးဆက်ပညာ = through deductive reasoning အရသိမြင် လေတော့သည်။

သူသည် သူ၏ အတွေး အခေါ် ယူဆချက် သီဝရီကို သက်သေထူ၍ မှန်ကန်ကြောင်း ပြသ လိုသည့် ဆန္ဒမှာ ညီး ညီး တောက် အဆင့် သို့ ရောက်ရှိ၍ လာလေ သည်။

ဤတွင် သူသည် ငွေကြေး အကူအညီများ၊ သဘော်ာများနှင့် လူများကို မသိရှိရသေးသော နေရာ ဒေသ များသို့ စူးစမ်း ရှာဖွေ တွေ့ရှိ ရေးမှာ သုံးစွဲရန် ရှာကြံ လေ တော့ သည်။

ဤအချက်မှာ သူ၏ လှုပ်ရှား လှုပ်ဆောင် မှုကို စ တင် ပြုလုပ် ခြင်းပင် ဖြစ်သည်။

ကိုလမ်ဘတ်စ်သည် သူ၏ စိတ်ကို သူ့ ရည်ရွယ်ချက် များ၏ အပေါ်မှာသာ စူးစိုက်၍ ထားရှိသည်။

သူ့ ရည်မှန်းချက် ကြီး ပြီး မြောက် အောင်မြင် စေရန် ဆယ်နှစ်ဘာ ကာလမျှ အချိန် ကြာ အောင် သူ ကြိုးစား အားထုတ် ခဲ့ရာ သူသည် လိုအပ်သော အကူအညီများ ရရှိ ဖို့ အောင်မြင်သူနိုး အခြေအနေ၏ နှင်ခမ်း၀ အ ပေါ် သို့ ခဏ ခဏ ရောက်ခဲ့ရသည်။

သို့ရာတွင်

(က) သူ့အား လှည့်ဖြားသည့် ဘုရင်တစ်ပါး၊

(ခ) အများတကာက သူ့အကြံအစည်ကို ရယ်သွမ်းသွေးခြင်း၊

(ဂ) မယုံသင်္ကာရှိခြင်း၊

(ဃ) အစိုးရ အမှုထမ်းများ၏ စိုးရိမ် ဖောက်ရှံမှု၊

(င) သူ့အား အကူအညီပေးရန် ပထမတွင်စိတ်ထားရှိသော်လည်း ထိုသူ၏ သိပ္ပံပညာရှင် အကြံပေးပုဂ္ဂိုလ်များ၏ မယုံမကြည် ဖြစ်သာမှု၊

ထိုအကြောင်းများကြောင့် နောက်ဆုံးအကြိမ်ကျမှ ကပ်ပြီးငြင်းဆိုမှု အစရှိသည် တို့သည် ကိုလမ်ဘတ်စ်၏ အစီအစဉ်များ ပျက်ပြား သွားစေရန် တစ်ခုပြီး တစ်ခု ဆက်တိုက် ဖြစ်ပွားခဲ့လေသည်။

မည်သို့ဖြစ်စေ သူသည် ကြိုးပမ်းအားထုတ် စီစဉ်မှုများကို ဆက်လက် ပြုလုပ်မြဲ ပြုလုပ်လျက်သာ ရှိနေခဲ့ပါသည်။

သူ နှဲ့ဗြဲကြီးစွာနှင့် ဘုရားရှိခိုး ဆုတောင်းကာ သူရှာဖွေခဲ့သည့် အကူအညီများကို ၁၄၉၂ ခုနှစ်တွင် သူ ရရှိခဲ့သည်။

ထိုနှစ် ဩဂုတ်လတွင် သူသည် အိန္ဒိယ၊ တရုတ်နှင့် ဂျပန်နိုင်ငံများသို့ ရောက်ရှိရန် အနောက်ဘက်သို့ သင်္ဘော ရွက်လွှင့်ကာ ထွက်ခွာခဲ့ပါသည်။

သူသည် မှန်ကန်သော လမ်းတစ်လျှောက်မှ မှန်ကန်ရာဆီသို့ ဦးတည်ခဲ့ခြင်းလည်း ဖြစ်သည်။

သူ၏ ဖြစ်ရပ်မှန် ဇာတ်လမ်းကို ဤမှ ရှေ့သို့ ဆက်ကာ သင် သိပါသည်။

ကာရေဘီယန် ပင်လယ်တွင်းရှိ ကျွန်းများပေါ်သို့ သူတို့ သင်္ဘောရောက်ရှိပြီး ကျွန်းပေါ်သို့ သူ ဆင်းသက်မိပြီး နောက်တွင် သူသည် စပိန်နိုင်ငံသို့ ပြန်လာခဲ့လေသည်။

သူသည် ထိုဒေသမှ ရွှေ၊ ဝါဂွမ်း၊ ကြက်တူရွေး များ၊ ထူးဆန်းသည့် လက်နက်များ၊ အံ့သြစရာ ထူးခြားသောသစ်ပင် ပန်းပင်များ၊ ရှေးက မသိ မမြင် မတွေ့ ရှိခဲ့ရ ဖူးသေးသော ငှက်များ၊ တိရစ္ဆာန်များနှင့် တိုင်းရင်းသား အချို့ကို ရရှိခဲ့ရာ သူ အပြန် ခရီးတွင် ထိုပစ္စည်းများမှာ သူနှင့်အတူ ပါ၍လာ လေသည်။

သူသည် ရည်မှန်းထားသည့် နေရာသို့ ရောက်ခဲ့ပြီဖြစ်၍ သူ့ ရည်ရွယ်ချက် အောင်မြင်ပြီဟု အထင်ရောက်ခဲ့၏။

သူရောက်ရှိသော ကျွန်းများမှာ အိန္ဒိယနိုင်ငံ အလွန်တွင် တည်ရှိသော ကျွန်းများဟုသာ သူမှားယွင်းစွာ မှတ်ထင်မိခဲ့ပါ လေတော့သည်။

သူ မအောင်မြင်ပါ။

သူရည်မှန်းထားသည့် အာရှတိုက်သို့ သူ မရောက်ခဲ့ပေ။

သို့ရာတွင် သူ သွားလိုရာ ဒေသသို့ မရောက်ရှိကြောင်း ချက်ချင်း သူ မသိခြားသော်လည်း သူသည် "တစ်စုံတစ်ခုထပ်တိုး" ရမည် ဆိုသည်ကိုတော့ သူတွေ့ရှိခဲ့ပေပြီ။

ထို တစ်စုံ တစ်ခု ရရှိရန်မှာ ထိုအခါတွင် တကယ့်ကိုအနည်းငယ် ကလေးမျှသာ လိုပါတော့သည်။

သည်သင် ခရစ်စတိုဖာ ကိုလမ်ဘတ်စ်ကဲ့သို့ပင် အလားတူစွာ သင် ရည်မှန်းခဲ့သည့် အဆင့်မြင့်ပန်းတိုင်၊ သို့မဟုတ် သင့်စိတ်ထဲမှာ ဖျက်မရလောက်အောင် ကြီးမားစွာ စွဲလမ်းနေမှု မျှား ရရှိသည်အထိ မရောက်ရှိဘဲ မအောင်မမြင် ဖြစ်နိုင်သည်။

သင် သူကဲ့သို့ပင် မသိမမြင်ရသေးသည့် လောကအတွင်းသို့ ခရီးဝေးဝေး ရောက်ရှိရန် ကြိုးပမ်းရာ၌ အောင်မြင်မှုမရ ဖြစ်ရတတ်သည်။

သို့ရာတွင် တစ်စုံတစ်ခု ထပ်တိုးရန် လိုအပ်ချက် ရှိသည် ဆိုသော သင်ခန်းစာကိုတော့ သင် တွေ့ရှိနိုင်ပါသည်။

ထိုတွေ့ရှိချက်သည် တစ်စုံတစ်ခုသော ချမ်းသာကြွယ်ဝမှုနှင့် တန်ဖိုးချင်း ညီမျှနိုင်စရာ အကြောင်းလည်း ရှိပါသည်။

ထို့ပြင် သင်သည် သူကဲ့သို့ပင် သင့်လမ်းစဉ်ကို လိုက်ကြသူများအား မှန်သောလမ်းစဉ်၊ မှန်သောဦးတည်ချက်နှင့် လိုက်မှါစေရန်စိတ်အားတက်ကြွ ထက်သန် လာစေမည် ဖြစ်သည်။

ထို့နောက်တွင် သင့်နောက်မှ လိုက်ပါသူ များအား သင်သိမြင်ထားသည့် တန်ဖိုးရှိသော ရည်မှန်းချက်ရှိရာ မသိ မမြင်ရသေးသည့် လောကတွင်းသို့ ဆက်လက် ချင်းနင်း ဝင်ရောက်စေလိုမ့်မည် ဖြစ်ပေသည်။

သင့်မှာ ကိုလမ်ဘတ်စ် ကဲ့သို့ပင် အသုံးပြုနိုင်ရန် အချိန်နှင့် စဉ်းစားကြံဆနိုင်သော တန်ခိုးသတ္တိများစွာ ရှိနေပါသည်။

ထို့အပြင် သင်သည် "တစ်စုံတစ်ခု ထပ်တိုးရန်"ကို တွေ့ရှိအောင် အပြုစိတ်နေစိတ်ထားနှင့် ဇွဲရှိရှိ ကြိုးစား အားထုတ်မှုကို ခရစ်စတိုဖာ ကိုလမ်ဘတ်စ်ကဲ့သို့ပင် ပြုလုပ်နိုင်ပါသည်။

သို့ဖြစ်လေရာ ခရစ်တော်ဖြစ်စေ ဘုရား ကိုလမ်းစဉ်တော်ကဲ့သို့ မအောင်မမြင် ဖြစ်ရန်ကို သင် ရှက်ကြောက်နေစရာ အကြောင်း မရှိပါ။

စာဖတ်သူသည် ဤစာအုပ်ကို ဤမျှအထိ ဖတ်ရှုမိပြီ ဖြစ်လေရာ စာအုပ်ပါ သရုပ်ပြ ဇာတ်လမ်းများ၏ အကြောင်းအရာများမှ အခြေခံမှန်ကန်ချက်၊ သို့မဟုတ် သဘာဝ၏ဥပဒေသများကို ထုတ်နုတ် ရယူနိုင်သည့် နားလည်သိမြင်မှု အဆင့်သို့ ရောက်ရှိနေသင့်ပြီဟု ကျွန်ုပ်တို့ ယူဆပါသည်။

သို့ဖြစ်လေရာ သင်သည် ထိုသဘာဝ၏ ဥပဒေသများကို တစ်ခုနှင့် တစ်ခု ပေါင်းစပ် ဆက်သွယ် ခြင်းနှင့် ကျေကျေ ညက်ညက် နားလည်ခြင်းများ အားဖြင့် သင့်အတွက် အကျိုး ထွက်အောင် သုံးစွဲနိုင်လိမ့်မည် ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်တို့သည် ရေတပ်ဗိုလ်ချုပ်ကြီး အိပ်ချ်၊ ဂျီ၊ ရစ်ကိုးဗား၏ ထုတ်ဖော် ပြောကြားချက်များနှင့် သဘော တူညီမှု ရှိနေပေသည်။

သူ၏ ထုတ်ဖော် ပြောကြားချက်တွင် အရင်းခံ လိုအပ်သည့် မှန်ကန်ချက်များ ပါရှိသည်ကို တွေ့နိုင်ပေသည်။ သူက ဤသို့ ပြောပြခဲ့၏။

အင်ဂျင်နီယာ ဖြစ်လာကြသည့် လူငယ်များသည် အရင်းခံလိုအပ်သည့် မှန်ကန်ချက်များ = fundamentals သို့မဟုတ် သဘာဝ၏ ဖြစ်မြဲ နိယာမများ = principles ကို သင်ကြားလေ့လာခဲ့ကြရသည်။

ထိုလူငယ်များနှင့် ကျွန်ုပ်တို့ တွေ့ဆုံနှီးနှော စကားပြောကြည့်သောအခါ ထိုလူငယ် အားလုံးလောက်ပင် မျက်မြင်တည်ရှိနေသည့် သေချာတိကျသော အကြောင်းအချက်များ = fact ကိုသာ အရေအတွက် အများအပြား သူတို့ အသိဉာဏ်မှာ မှတ်သား ခံယူ ထားကြ သည်ကို တွေ့ရှိရသည်။

မျက်မြင် တည်ရှိနေသော သေချာ တိကျသည့် အကြောင်းအချက်များကို သင်ကြား မှတ်သား ရခြင်းသည် သဘာဝ၏ ဖြစ်မြဲနိယာမများကို နားလည်အောင် သင်ကြား ရသည်ထက် များကြီး လွယ်ကူမှု ရှိသည်။ သို့ရာတွင် သေချာတိကျသော အကြောင်း အချက် များကို တတ်သိထားခြင်းသည် သဘာဝ၏ ဖြစ်မြဲနိယာမများ အသုံးမပြုဘဲနှင့် ဆိုလျှင် အနည်းငယ်မျှသာ အသုံးဝင်သည်။

အသစ်အသစ် ဖြစ်သော ပြဿနာများ ဖြေရှင်း နိုင်သော အသိဉာဏ်

ပရင်စီပယ် = principles ဟု ခေါ်ဆိုထားသည့် သဘာဝ၏ ဖြစ်မြဲ နိယာမများကို တတ်သိနားလည်၍ ထားပါလျှင် ထိုအသိဉာဏ်သည် သင်၏အစိတ်အပိုင်းတစ်ခုအဖြစ်သို့ ရောက်ရှိ နေပြီး လျှင်မည်သည့်အခါတွင်မျှ ထိုအသိဉာဏ်သည်ဆုံးပါးသွားသည် ဟူ၍ မရှိနိုင်တော့ချေ။

ထိုအသိဉာဏ်အသစ် ဖြစ်သော ပြဿနာရပ်များ ဖြေရှင်း၍ ပေးရာတွင် အသုံး ပြုနိုင်သည်။

မည်သည့် အခါတွင်မျှ ထိုအသိဉာဏ်သည် ရှေးဟောင်းကျ သဖြင့် ခေတ်မမီတော့ ဟူသော သဘောသို့ မ ကျ ရောက် နိုင်ပေ။

ဖက်တ်စ်–facts ဟု ခေါ်ဆိုထားသည့် သေချာ တိကျသော အကြောင်း အချက် များမှာမူ ပြောင်းလဲမှု အမြဲ ရှိနေသော ဤလူမှုဆက်ဆံရေးလောကတွင် အခြေအနေတွေ ပြောင်းလဲနေ သည်နှင့်အမျှ သေချာတိကျသော အကြောင်းအချက်များသည်

ယခင်ကမှန်သော်လည်း နောင်ကာလတွင် ပြောင်းလဲသွားကာ အမှန်ဟုမယူဆနိုင်တော့သည့်အခြေသို့ ကျရောက်ပြီး ရှေးကျ၍ အသုံးမဝင်တော့သော = obsolete အဖြစ်သို့ ရောက်သွားနိုင်လေသည်။

ပရင်စီပယ်ကို
နားလည်အောင် သင်ယူပြီး အသုံးပြုပါ

သို့ဖြစ်လေရာ ပရင်စီပယ်၏ သဘောသဘာဝတရားကို နားလည်အောင် သင်ယူ၍ ထားပါလော့။ ထိုပညာရပ်ကိုတပ်အပ်သေချာသုံးစွဲပါလေလော့။

*

ဤနေရာတွင် fact = သေချာ တိကျ သေ၁ အကြောင်းအချက်များ နှင့် principles = သဘာဝ ဖြစ်မြဲ နိယာမ များတစ်ခုနှင့်တစ်ခုကွာခြားပုံကို ရှင်းရှင်းလင်းလင်း သိနားလည်စေရန် မြန်မာပြန်ဆိုသူကျွန်တော်၏ အနေနှင့် ရှင်းလင်းတင်ပြရန် လို

သည်ဟု ယူဆပါသည်။ သို့ဖြစ်ရာထိုအချက်များအတွက် ဤသို့ ဥပမာ ပေးလိုပါသည်။

မြန်မာနိုင်ငံတွင်ရှေးအခါက ငွေတစ်ကျပ်လျှင် ၆၄ပြားထား ရှိသည်။ ထိုအရာသည် facts သေချာ တိကျသော အကြောင်း အချက် ဖြစ်သည်။

ယခုအခါတွင် ငွေတစ်ကျပ်လျှင် ၁၀၀ ထားရှိသည်။ ထိုအရာ သည် လည်း တိကျ သေချာသော အကြောင်းအချက် ဖြစ် သည်။

သို့သော် တစ်ခုနှင့်တစ်ခု ကွဲပြားကွာခြားမှု ရှိသည်။

Principle— ပရင်စီပယ် = သဘာဝ၏ ဖြစ်မြဲ နိယာမ ဆို သည်မှာ မပြောင်းလဲ ချေ။

ဥပမာရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းမြဲဖြစ်၏။ မည်မျှ အချိန်ကြာညောင်းစေကာမူ ထိုအတိုင်းသာဖြစ်၏။

ထို့ အပြင် Gravity ခေါ် ကမ္ဘာ့ ဆွဲငင်အား သည်လည်း မည်သည့်အခါမျှ ပြောင်းလဲမှု မပြုတော့ပေ။

*

အကယ်၍ သင်သည် ရည်မှန်းတမ်းတထားသည့် အရာကို ရရှိရန် ကြိုးပမ်းပါလျက်နှင့် ကျေနပ်သည်အထိ မရရှိခဲ့သော် "တစ်စိတ်တစ်ခု ထပ်တိုးမှု" ပြုရန် ဘာများကျန်ရှိနေပါသေးသနည်း ဆိုသော အရာကို ရအောင်ရှာဖွေ ကြည့်ရှုလိုက်ပါဦး။

ထိုအရာသည် သိပြီးသား၊ သို့မဟုတ် မသိရ သေးသော အကြောင်းခြင်းရာဖြစ်နိုင်ပါသည်။

မည်သို့ဖြစ်စေ ထိုအရာကို သင် ရှာဖွေလျှင် တွေ့မည် ဖြစ်သည်။

အကယ်၍ သင်သည် လိုအပ်သောအချိန်ကို အသုံးပြုလျက် လေ့လာခြင်း၊ ကြံဆခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့်ထိုအရာကို သင်ရှာဖွေလျှင် သင် ကေန် တွေ့ရမည်သာတည်း။

ယခု ဤအခန်းကို ရေးသားရာတွင် cosmic habit force = စကြဝဠာဆိုင်ရာ အကျင့်အင်အား အကြောင်းအရာများကို ဖော်ညွှန်းမပြုပါလျှင် ပြည့်စုံလိမ့်မည် မဟုတ်ပေ။

အောင်မြင်စေရေး အတွက် အကြောင်းအချက် ၁၇ခု ရှိသည်ဟု ကျွန်ုပ်တို့ ဖော်ပြခဲ့ရာ ထို၁၇ချက် တွင် စကြဝဠာဆိုင်ရာ အကျင့်အင်အား သုံးစွဲပါ ဆိုသော အခန်း ပါဝင်သည်။

စကြဝဠာဆိုင်ရာ အကျင့်အင်အား၏ သဘာဝတရား နားလည်ရန်မှာ လွယ်ကူပါသည်။ စကြဝဠာဆိုင်ရာ အကျင့်အင်အားဆိုသည်မှာ ကျွန်ုပ်တို့ ပေးထားသည့် ဝေါဟာရ စကားဖြစ်ပါသည်။

ထိုစကားနှင့် တူညီသော အခြား စကားလုံးများမှာ....

Applied power of any natural or universal, principle or law, known or unknown.

= တစ်စုံတစ်ခုသော သိပြီးနှင့် မသိရသေးသည့် သဘာဝတရား၏ တန်ခိုးအင်အား၊ သို့မဟုတ် စကြဝဠာ၊ သို့မဟုတ် သဘာဝ၏ ဖြစ်မြဲနိယာမများ၊ သို့မဟုတ် ဥပဒေသများ ဟူ၍ ဖြစ်သည်။

comic habit force ကို အဓိပ္ပာယ် ဖွင့်ပါဟု ဆိုလျှင် ဤသို့ လွယ်လွယ် ကူကူ ပြောပြနိုင်သည်။

“စကြဝဠာဆိုင်ရာ အကျင့် အင်အား (သင်သိပြီးဖြစ်စေ၊ မသိရသေးသည် ဖြစ်စေ) ဆိုသည်ကား ဖြစ်မြဲ နိယာမများပါတည်း”

ကမ္ဘာ့ဆွဲ ငင်အား၏ ဥပဒေသ

ဥပမာ။ ။ဝတ္ထုပစ္စည်းများ တစ်စုံတစ်ခု မြေကြီးပေါ်သို့ ကျရောက်ခြင်းသည် ကမ္ဘာ့ဆွဲငင်အား၏ ဥပဒေသကို လက်တွေ့ အသုံးချခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အကယ်၍ သင်သည် တစ်စုံတစ်ခုသော နေရာမှ ဝတ္ထုပစ္စည်းတစ်ခုကို အောက်သို့ ကျရောက်စေ လိုသော် ဤသို့ ကျရောက် စေရန်cosmic habit force = စကြဝဠာ ဆိုင်ရာ အကျင့် အင်အားကို အသုံးချလေသည်။

ဤအချက်ကို the law of gravity = ကမ္ဘာ့ ဆွဲငင်အား ပဒေသဟု ခေါ်ဆိုရလေသည်။

(နယူတန်သည် ပန်းသီးတစ်လုံး မြေပေါ်သို့ ကြွေကျသည်ကို ရှုမြင်စဉ်းစား ဆင်ခြင် သုံးသပ်ခြင်း အားဖြင့် ကမ္ဘာ့ဆွဲငင်အား၏ ဥပဒေသကို တွေ့ရှိခဲ့လေသည်။)

ကမ္ဘာ့ဆွဲငင်အား၏ ဥပဒေသဖြစ်စေ၊ အခြားအခြားသော ဥပဒေသဖြစ်စေ သူ့အနေအထားအရ ဆိုလျှင် ဘာမျှ တန်ခိုး အင်အား မရှိချေ။ သို့ရာတွင် ထိုနိယာမများကို သင် ကောင်းစွာ နေသားတကျ သုံးစွဲသော အခါတွင် စကြဝဠာ ဆိုင်ရာ

ဥပဒေသအရ တန်ခိုးအင်အားကို အသုံးပြုရာသို့ ရောက်ရှိသွားရလေသည်။

*　　*　　*

ဤနေရာတွင်လည်း အောင်မြင် စေရေး အတွက် အကြောင်း အချက်နှင့် စကြဝဠာဆိုင်ရာ အကျင့်အင်အား၏ အကြောင်း အရာ အပြည့်အစုံကို အောင်ဝင်း (စိတ်ပညာ)မြန်မာပြန်ဆိုထားသည့် "ကြွယ်ဝချမ်းသာ စေသော အကြောင်းတရားများ" စာအုပ်အပိုင်း(၁)နှင့် (၂)တွင် ပါရှိကြောင်း ဖော်ပြအပ်ပါသည်။

[မြန်မာပြန်သူ]

*　　*　　*

သို့ဖြစ်လေရာ the breaking of the atom = အသေးငယ်ဆုံးသော ဓာတ်သတ္တု = အကာမြူကို ခွဲစိတ်ခြင်း၊ တီထွင်ဖန်တီးမှု တစ်ခုစီတစ်ခုစီ၊ ဓာတုဗေဒဆေးစပ်မှု၊ သို့မဟုတ် ဖော်နည်းကာကိစ္စ ကားတိုင်း၊ စိတ်ဓာတ်ဆိုင်ရာ အံ့ဩဖွယ်ရာ ကောင်းသည့် ကိစ္စ

ရုပ်များ၊ လူသားတစ်ဦးစီ တစ်ဦးစီ၏တို့၏ လှုပ်ရှားမှုနှင့်တုံ့ပြန်မှု တစ်ခုစီ တစ်ခုစီ တို့ အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာတို့ အတွက် ဖြစ်ပေါ်ခြင်း အကျိုး သက်ရောက်ခြင်း အားလုံးသည် သဘာဝ တရား၏ ဥပဒေများကို အသုံးပြုခြင်းမှ ထွက်ပေါ်လာရသည်သာ ဖြစ်ပါသတည်း။

ယခုတစ်ဖန် ထပ်မံ၍ ပြောပါဦးအံ့။

လူသားဆိုသည်မှာ စိတ်နှင့်ခန္ဓာကိုယ်ဖြစ်သည်။

သူသည် စဉ်းစား ကြံဆနိုင်သည်။

စဉ်းစား ကြံဆခြင်းအားဖြင့် သူသည် စကြဝဠာ ဆိုင်ရာ အကျင့်အင်အားကို သူ မည်သို့မည်ပုံ သုံးစွဲရသည် ဆိုသည်ကို သူ တတ်သိနားလည်သည်။

စဉ်းစားကြံဆခြင်းအားဖြင့် သူသည် အမှန်ကို ရရှိအောင် ကြံဆောင်နိုင်သည် ဆိုခြင်းကို သူ၏ စဉ်းစားကြံဆခြင်းက သူ့ ထံမှောက်သို့ အရောက် ဆောင်ကြဉ်း၍ လာလေသည်။

သို့ဖြစ်လေရာ လူသားသည် စဉ်းစားကြံဆခြင်း အားဖြင့် အကျိုးမြို့အင်အားကို လူသားတို့အတွက် အကျိုးထွက်စေသည့်

အပြုလုပ်ငန်းရပ်များတွင် အသုံးပြုနိုင်ကြပြီဖြစ်ရာ မြို့တော်ကြီး တစ်ခုလုံးကို အကာမြူအင်အားကို သုံးစွဲလျက်လျှပ်စစ်မီး ထွန်းလင်းစေခြင်း၊ ပင်လယ်ကူးသင်္ဘောများအား အကာမြူလျှပ်စစ် ဓာတ်အားဖြင့် မောင်းနှင်နိုင်ခြင်းနှင့် လူသားများအတွက် နေ့စဉ်သုံးကိရိယာများစွာ၌ပင်လျှင် အကာမြူလျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ကြခြင်း ဖြစ်လေသည်။

လမ်းညွှန်ချက် (၅)

အောက်ပါအချက်များ နားလည်မှုဖြင့် အသုံးပြုကာ သင်ရောက်လိုရာသို့ လမ်းညွှန်ပေးပါ

၁။ ထို့ အပြင် ဘစ်စုံတစ်ခု ထပ်တိုးလိုက်ပါဦး ခေါင်းစီးနှင့် ဤအခန်းမှာ ပါသော အရေးပါအရာရောက်သည့် ဖြစ်မြဲသဘာဝတရားကို သင်မည်သို့ နားလည်ပါသနည်း။ ထိုဖြစ်မြဲသဘာဝတရားကို သင်မည်သို့လက်တွေ့အသုံးချပါမည်နည်း။

၂။ သင်၏ ကြိုးစားမှုတစ်ခုခုတွင် အကယ်၍ သင့်မအောင်မမြင် ဖြစ်ခဲ့သော် အဘယ့်ကြောင့်ပါနည်းဟု ဆင်ခြင် ကြည့်ရပေမည်။ အောင်မြင်ရေးအတွက် မှန်ကန်သည့် အနိုင်ရရှိစေသော ပေါင်းစပ်ပေးရမည့် လိုအပ်နေသည့် တစ်စုံ တစ်ခု ကို သင် ထပ် တိုး နိုင် ပါသလား။

၃။ အလုံးစုံ ပြည့်စုံပြီး အရာဝတ္ထု တစ်ခု သည် ထို အရာဝတ္ထု တွင် ပါဝင်သည့် အစိတ် အပိုင်း၊ အားလုံး ပေါင်းနှင့် ညီမျှ၏။ အစိတ်အပိုင်း များ အ နက် မည် သည့် အစိတ်အပိုင်းထက် မဆို ထို အလုံးစုံ ပြည့်စုံပြီး အရာဝတ္ထုက ကြီးသည်။ သို့ဖြစ်ရာ မည် သည့် အစိတ်အပိုင်း တစ်ခုသည် သင့် ,အား အောင်မြင် မှု မရရှိ အောင် မပါဝင်ဘဲ ဟာကွက် ဖြစ်ရှိ နေရ ပါ သလဲ။

၄။ အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း၏ ကြားမှာ သေးငယ်သော ကွာခြားမှုသည် တစ်စုံတစ်ခု ထပ်တိုး ပေးရန် အနေနှင့် ရှိနေသည်။ ထိုသေးငယ်သော ကွာခြားမှု

ဆိုသည်မှာ ဥပမာ ပေးခဲ့သော အခန်းများမှာ သင် ဖတ်ရှုခဲ့ရပြီး ဖြစ်သည့် အရာများ ကဲ့သို့ ဖြစ်သည်။ ထို အချက် ငယ်ကလေး များမှာ "ဟစ်ပ်၊ ဟစ်ပ်၊ ဟူးရေး" "လေယာဉ် အတောင်ပံ မှာ တပ်ဆင်လိုက်သည့် ရွှေလျား စေသော အချပ်ပြား" နှင့် "ဝက်အူငယ် ကလေး ကို အရစ် တစ်ခု လေးပုံ တစ်ပုံမျှသာ တိုး၍ လှည့်ပေး လိုက်ခြင်း" များ ဖြစ်သည်။

၇။ သင်သည် တိတ်ဆိတ် သော အကြီးစား ဖက် ဆင်ပုဂ္ဂိုလ်နှင့် ပါတနာရှင်အဖြစ် ပြုလုပ်ထားပြီး ဖြစ်ပါသလား။ (ဆိုလိုသည် မှာ သင်သည် ဘုရား သခင်နှင့် ဖက်စပ် ပူးပေါင်း ဆောင်ရွက်မှု ပြု ပြီး နေပါသလား)

၆။ လူသားများ တီထွင်ဖန်တီးမှု ပြုလုပ်ထားသမျှအနက် အရေးပါအရာရောက်ဆုံးဖြစ်သော်လည်း အလွယ်ကူဆုံး ဝတ္ထုပစ္စည်းနှစ်မျိုးရှိသည်။ထိုအရာကိုသုံးစွဲပါ၊ထိုအရာမှာ စက္ကူနှင့် ခဲတံ ဖြစ်သည်။သင်၏ စိတ်ထဲမှာ လျှပ်တစ်ပြက် ပေါ် လာသည့် စိတ်ကူးဉာဏ် အသိပညာ

များ ကို ဝတ္ထု ပစ္စည်း ဖြင့် ချက်ချင်း ရေးမှတ် လိုက်ပါ။

၇။ ဦးနှောက် လှုပ်ရှား ကြံစည် စဉ်းစား ခြင်း များ brain storming နှင့် အတွေးအခေါ် စိတ်ကူးဥာဏ် ရဖို့ ထိုင် နေခြင်း = sitting for idea နည်း ပညာ များ သည် တစ်ခုနှင့်တစ်ခု ဘာများခြားနားမှု ရှိပါသနည်း။ ထို လုပ်နည်းကိုင်နည်း တစ်ခုစီ၏ တန်ဖိုးကား မည်မျှရှိပါ သနည်း။

၈။ အောင်မြင်မှု ရရှိစေရေးအတွက် ထိန်းချုပ်ကွပ်ကဲထား သည့်မိမိသတိတရားကိုသုံးစွဲပါ။ဤအချက်သည်သဘာဝ တရား၏ နိယာမတစ်ခု ဖြစ်သည်။

၉။ ခရစ်စတိုဖာကိုလမ်ဘတ်စ်ကဲ့သို့ မအောင်မြင် ဖြစ်ရမှာ ကို သင်မကြောက်ပါနှင့်။ မရှက်ပါနှင့်။

၁၀။ အခြေခံလိုအပ်သည့် မှန်ကန်ချက်များ၊ သို့မဟုတ်ဖြစ်မြဲ နိယာမများ၏ သဘောတရားကို နားလည်အောင် သင် ယူထားရန်အကျင့်, သင့်မှာရှိပြီးပါပြီလား။ သို့မဟုတ် မျက်မြင်တည်ရှိနေသည့် တိကျသေချာသော အချက်မှန်

များကိုသာ မျှားမျှ၊စားစား စုဆောင်းသိမ်းပြီးထား ရှိ နေပါသလား။

နိဂုံး နှင့် အမှာ

အပြုံစိတ်ထားအောင်မြင်ထင်ရှား ဟု အမည် ပေး၍ ကျွန်တော်မြန်မာပြန်ဆိုရေးသားခဲ့ရာ ဤနေရာတွင်အခန်း(၅)ခု ပါဝင်သည့် အပိုင်း(၁)မှာ တစ်ခန်းရပ်ပါပြီ။

ဆက်လက်၍အပိုင်း(၂)နှင့်(၃)ကို ဖတ်ရပါဦးမည်။

ဤစာအုပ်ကို အဆုံးအထိ ဖတ်ရှုမိသူများသည် အောင်မြင်ထင်ရှားကာကြွယ်ဝချမ်းသာလိုပါလျှင် ဤစာအုပ်မှာပါရှိသော နည်းလမ်းများနှင့်အတူ အောက်ပါအချက်များကို မိမိ ရင်ဝယ် မှတ်လျက် လိုက်စားကျင့်ကြံသုံးစွဲသွားရမည်ဆိုသည်ကို သာဘော ပေါက် ယုံကြည် ကြလိမ့်မည်ဟု ကျွန်တော် မျှော်လင့် ပါသည်။

(၁) အပြုံစိတ်နေစိတ်ထား အမြဲ ပွားများ ထားရှိရန် အကျင့်ကို ကျင့်ယူမှသာ ရရှိနိုင်ပါမည်။ အကျင့်ဖြစ်ရန်မှာ ထပ်တလဲလဲ ပြုလုပ်ရခြင်းသာ ဖြစ်သည်။

၂၀-ဒုတိယအကြိမ်

ကောင်းသော အကျင့်ဖြစ်ရှိရေး ဦးစားပေး ဆောင်ရွက်ရာတွင် လိုအပ်သော အင်္ဂါရပ် များမှာ -

(က) သတိ၊

(ခ) ဝီရိယ

(ဂ) မလျှော့သောဇွဲ၊

(ဃ) ကျန်းမာရေး ကောင်းမွန်မှု၊

(င) မိမိအကျင့် ကောင်းမွန် မှန်ကန်လျှင် မိမိ အလိုရှိရာ ကေန်ရမှာပဲဟု ယုံကြည်ခြင်း နှင့် မျှော်လင့်ချက်၊

(စ) သည်းခံနိုင်စွမ်း၊

(ဆ) အကောင်းမြင် ဝါဒ လက်ကိုင် ထားခြင်း၊

(ဇ) လူသား အချင်းချင်း အပေါ် ရိုင်းပင်း ကူညီခြင်း၊

(ဈ) အတိုက်အခံ အဟန့်အတားများတွေ့လျှင် နောက်တွန့်၍ ကြောက်ရွံ့ခြင်း ဖယ်ရှားပြီး ဆက်သက်ကြိုးစား အားထုတ်ခြင်း နှင့်

(ည) ရဲစွမ်းသတ္တိ ရှိရန် ဖြစ်သည်။

ဤစာအုပ်မှာ ဖော်ပြ ပါရှိခဲ့ပြီးဖြစ်သော အကြောင်း အချက်တစ်ခုကို အမြဲ သတိရ ကျင့်ဆောင်ရန် အောက်တွင် ထပ်မံ ဖော်ပြပါသည်။

သင်လိုချင်သင့်သော အရာနှင့်
သင်လိုချင်သော အရာပေါ်မှာသာ
သင်၏ စိတ်ကို စူးစိုက်ထားရှိပါ။
သင်မလိုချင်သင့်သော အရာနှင့်
သင်မလိုချင်သော အရာပေါ်မှာ
သင့်စိတ်ထား ရောက်မသွားစေရန် စိတ်တံခါး ပိတ်
ထားပါ။

ဤအဆိုပြုချက်နှင့် ပတ်သက်၍ စိတ်ပညာ၏ သဘောနှင့် ဖြစ်လေ့ဖြစ်ထရှိသော အချက် တစ်ခုမှာ အောက်ပါအတိုင်း ဖြစ်၏။

သင် ကြွယ်ဝ ချမ်းသာလိုလျှင် ကြွယ်ဝ ချမ်းသာစေသော အကြောင်း အရာများနှင့် ကြွယ်ဝ ချမ်းသာသော စိတ်ထား ကိုသာ သင့်စိတ်ထဲမှာ သိုမှီးထားပါ။ မည်သည့်အခါမျှ ဆင်းရဲ နွမ်းပါးခြင်း စိတ်ထားမျိုးကို သင့်စိတ်တွင်းမှာ သိုမှီးမထား ပါနှင့်။

ဆိုလိုသည်မှာ ချမ်းသာကြွယ်ဝလိုစိတ်ကို ညီးညီးတောက် ဖြစ်ရှိနေပါစေ၊ သို့သော် မိမိချမ်းသာရေး ရှေးရှုသောအားဖြင့် ဘုရားသခင်၊ သို့မဟုတ် မိမိ ဘာသာတရားက တားမြစ်ထား ချက်များ မလိုက်နာဘဲ ကျူးလွန်ဖောက်ဖျက်ခြင်းနှင့် လူသား အချင်းချင်းကို အပေါ်မှာ မတော်လောဘ ကားခြင်း အမှု မပြုပါနှင့်။

၃။ ဆင်းရဲ နွမ်းပါး ရခြင်းသည် ဘုရား သခင်၏ အလိုတော် အတိုင်းသာ ဖြစ်ရခြင်းပဲဟူ၍ လည်းကောင်း၊ ငါ့အား ဆိုးရွားသောကံတရားက ပြားပြားဝပ်သွားအောင် လုပ်ဆောင်လိုက်ပြီဖြစ်ရာ ငါ့မှာ အမြဲတိုင်း ရှုံးနိမ့်နေရ တော့မည် ဟူ၍ လည်းကောင်း၊ ငါ့မှာ မွဲတေသော ဆွေမျိုးမိဘ အသိုက်အဝန်းမှာ ဖြစ်လာရလို့ ငါသည် လည်း အမြဲတစေ မွဲတေနေရမှာပဲ ဟူ၍ လည်းကောင်း၊ ငါ့မှာ ကျောင်းစာပညာက အလွန့်အလွန် နိမ့်ကျခဲ့ရသည် ဖြစ်ရာ လူ့လောကမှာ လူရာဝင်နိုင်တော့မည် မဟုတ်ပါ ဟူ၍ လည်းကောင်း အကြောင်းပြချက်နှင့်အတူ အကယ်၍ သင် အထက်ပါအတိုင်း ယူဆထားခဲ့မိလျှင် ထို ယူဆထား

ချက်များသည် အားလုံး မှားနေသည်ကို သေချာစွာပင် သင် သိမြင်ပါလော့။

ထိုအမှားကို ပယ်၍ မိမိ စိတ်ထားကို တည်ထည်ဝါဝါ ထားရန်နှင့် စကြဝဠာ၏ တက္ကသိုလ်မှာ သင် ပညာ သင်လိုပါက သင်ကြားပြီး အများတကာနှင့် တန်းတူ ဖြစ်နိုင်သည် ဆိုချက်ကို ရင်ဝယ်ပိုက်ကာ ယခုပင် စတင် ကြိုးစားပါလော့။ (စကြဝဠာ တက္ကသိုလ် ဆိုသည်မှာ မိမိ မျက်မှောက်လောက ဖြစ်သည်)။

ကြိုးစားမှုပြုသောအခါ အကျင့်မှန်ရမည်၊ အကျင့်ကောင်းရမည်။ အပြုစိတ်နေစိတ်ထားလည်း အမြဲ ရှိနေစေရပေမည်။

၄။ အပြု စိတ်နေစိတ်ထား ဆိုသည်မှာ PMA = Positive mental attitude ဟူ၍ စကားစု တစ်ခုသာ ဖြစ်သော်လည်း ထိုစိတ်ထား ဖြစ်ပွားရန် လိုအပ်သော အခြား ကျင့်ဆောင်စရာဝတ္ထု ရှိနေပေသေးသည်။

အပြု စိတ်နေ စိတ်ထား ဖြစ်ရှိရေးအတွက် လိုအပ်သော ဆက်စပ် ပတ်သက်သည့် ကျင့်ဆောင်စရာ အချက်အလက်များကို ဤစာအုပ်၏ အခန်း(၁)တွင် "အရေးပါ အရာ အရောက်ဆုံး သက်ရှိ လူသားအား တွေ့ဆုံပါ" ခေါင်းစီး၏ အောက်မှာ ပါသည့် စာပိုဒ်ကို ယခု ထပ်မံ၍ ဖော်ပြရပါမည်။

ထိုစာပိုဒ်ပါ စာသားများ မှတ်မိနေရန်မှာ အထူးပင် အရေးကြီးသဖြင့် ထပ်မံ၍ ဖော်ပြရခြင်း ဖြစ်ပါသည်။

အပြုစိတ်နေစိတ်ထား ဆိုသည်မှာ မှန်ကန်သော စိတ်နေစိတ်ထား ဖြစ်သည်။

မှန်ကန်သော စိတ်နေစိတ်ထား ဆိုသည်မှာ အောက်ပါ စာလုံးများ၏ အဓိပ္ပာယ် ပါသည့် စိတ်နေ စိတ်ထား များကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

၁။ ဖိသ် = Faith ခေါ် ယုံကြည်မှု
၂။ ရိုးသားဖြောင့်မတ်ခြင်း
၃။ မျှော်လင့်ချက်
၄။ အကောင်းမြင်ဝါဒ
၅။ ရဲရင့်စိတ်
၆။ မိမိကိုယ်မိမိ ကိုးစားလျက် စတင် ဦးဆောင် လုပ်ကိုင်ခြင်း
၇။ ရက်ရောမှု
၈။ စိတ်ရှည်သည်းခံခြင်း
၉။ လူမှု ဆက်ဆံရေးတွင် တစ်ဖက်သားအား မထိပါးစေဘဲ စည်းရုံး ပြောဆို ပြုမူမှု တတ်ကျွမ်းခြင်း

၁၀။ ကြင်နာမှု

၁၁။ ကောင်းမွန်သော အမှန်တရားနှင့် ဆုံးဖြတ်နိုင်စွမ်း

ဥာဏ်ပညာများ ဖြစ်သည်။

၅။, အောင်မြင်မှုကို တစ်ကြိမ်တည်းနှင့် တန်းပြီး ဖြောင့်ဖြောင့်ကြီး ရရှိသည် ဆိုခြင်းမှာ အလွန်အလွန် ရှားပါးလှသည်။ များသော အားဖြင့် အကြိမ်ကြိမ် ကြိုးစား အားထုတ်ပြီးမှသာ အောင်မြင်မှု ရရှိခဲ့သည် ဆိုသော ပုဂ္ဂိုလ်များသည်သာ များလှပါသည်။

သို့ဖြစ်ရာ တစ်ကြိမ် နှစ်ကြိမ် အကြိမ်ကြိမ် ဆိုသလို ကြိုးစား လုပ်ကိုင်ပါလျက်နှင့် မိမိလိုလားချက်ကို မရရှိခဲ့သော် "တစ်စုံ တစ်ခု ဘာများ ထပ်တိုးရန် လိုအပ်မှု ရှိသနည်း" ဆိုသည်ကို ဂရုထားကာ သတိတရားနှင့် ရှာဖွေရန်မှာ လိုအပ်သည်။

ဤအချက်ကို အခန်း (၅) မှာ ဖော်ပြထားရာ စိတ်ပါ လက်ပါ ဖတ်ရှုဆင်ခြင် ဝေဖန် သုံးသပ်လျက် လိုအပ်ချက် အတိုင်း လိုက်နာရမည်မှာ အောင်မြင်လိုသူတိုင်း၏ တာဝန်ပင် ဖြစ်သည်။

သို့ဖြစ်လေရာ စာဖတ်သူများသည် မိမိဘက်မှ ဝတ္တရား ကျေပွန်ရန် ဖြည့်ဆည်း ကြိုးစား အားထုတ်မှု ပြုလုပ်ပါလျှင် မိမိလိုချင်သောအရာ၊ တစ်နည်းအားဖြင့် ဆိုရသော် "လိုချင်သင့်သောအရာ"ကို သေချာစွာ ရမည်သာတည်းဟု ဤနိဂုံးတွင် အဆုံးသတ် အမှာစကား ပြောကြားလိုက်ရပါသည်။

ဆဲ့ဖ်မိုတီဗေးရှင်းဖြင့် အောင်မြင်ခြင်းသို့–

အောင်ဝင်း (စိတ်ပညာ)

PDF Creator - nyeyadhamma@gmail.com

အောင်ဝင်း စိတ်ပညာ

မြန်မာပြန်

အပြုစိတ်ထား
အောင်မြင်ထင်ရှား

108312

SUCCESS THROUGH A POSITIVE MENTAL ATTITUDE

by

NAPOLEON HILL

Myanmar Online Ebook Library